
စိတ်ကူးချိုချို mgyoe.com

# မြန်မာဝတ္ထုတို


## ( ၂၀၁၄ )

စိတ်ကူးချိုချိုစာအုပ်တိုက်မှစီစဉ်သည်။



mgyoe.com

mgyoe.com



၂၀၁၄ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်
မြန်မာမဂ္ဂဇင်းများတွင် ဖေါ်ပြခဲ့သော ဝတ္ထုတိုများမှ
ကောင်းနိုးရာရာ ရွေးချယ်စုစည်းတင်ဆက်မှု
စိတ်ကူးချိုချိုစာအုပ်တိုက်၏ အစီအစဉ်။

mgyoe.com

kls0079
3500.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးဝန်ဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးပန်းချီ - အောင်ကျော်
၂၀၁၅၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃ ၅ ၀ ၀ ကျပ်

မြန်မာဝတ္ထုတို(၂၀၁၄)
ခင်မြဇင်နှင့်အခြား ၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၅၊
စာမျက်နှာ ၃၄၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) မြန်မာဝတ္ထုတို(၂၀၁၄)

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com

# မြန်မာ၀တ္ထုတို (၂၀၁၄)

ပထမအကြိမ်

mgyoe.com

mgyoe.com

ဤစာအုပ်မှာ စိတ်ကူးချိုချို၏
မြန်မာဝတ္ထုတိုအစီအစဉ်များအနက်
၂၀၁၄ ခုနှစ်အတွက် စုစည်းထားခြင်းဖြစ်ပါသည်။
ယခုကဲ့သို့ မြန်မာဝတ္ထုတိုအစီအစဉ်များ
နှစ်စဉ်မပျက်မကွက် ယခုကဲ့သို့ ထွက်ရှိနေနိုင်ခြင်းမှာ
နှစ်တိုင်း မှတ်တမ်းပြုခဲ့သလိုပင်
ရသစာပေဝတ္ထုတိုလက်ရာကောင်းများကို စဉ်ဆက်မပြတ်
ဂရုတစိုက် ရွေးချယ်နေရာချ ဖော်ပြပေးနေကြသော
မဂ္ဂဇင်းအယ်ဒီတာကြီးများ၊ မဂ္ဂဇင်းစီစဉ်ထုတ်ဝေသူများနှင့်
ဝါသနာနှင့်စေတနာကို အခြေခံလျက်
အားထုတ်ဖန်တီးနေကြသော
ဝတ္ထုရေးဆရာများ၏ ကျေးဇူးတို့ကြောင့်သာ
အဓိကဖြစ်ပေရာ ယခုနှစ်တွင်လည်း
ဝတ္ထုတိုကောင်းများစွာကို ပိုမို၍
ဖတ်ရှုခွင့် တင်ဆက်ခွင့် ရရှိကြပါသဖြင့်
ယခုစာအုပ်တွင် အခွင့်မသင့်မပါဝင်လင့်ကစား
ရသစာပေလက်ရာမွန်များ လုံ့လထုတ် ဖန်တီးနေကြသူ
ဆရာ၊ ဆရာမ အားလုံးတို့အား
အမြဲအစဉ် ကျေးဇူးတင်လျက်ရှိပါကြောင်းကိုလည်း
လေးလေးစားစား ထပ်မံမှတ်တမ်းပြုပါသည်။

စိတ်ကူးချိုချိုစာအုပ်တိုက်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ သစ်သီးတစ်ခြမ်း | ခင်မြဇင် | ၁ |
| ၂။ ငါ့ . . . သူရဲကောင်း | မအိ | ၆ |
| ၃။ ဂျာနယ်ဖီဗာ | ဇော်ဂါလေး | ၁၁ |
| ၄။ အဆိပ်သင့် ဈာပန | ငြိမ်းမြင့်အောင်(ချောက်) | ၁၅ |
| ၅။ ပြာကြွေမော်ကွန်း | အဋ္ဌုတ္တ | ၂၅ |
| ၆။ ဒင်္ဂါးမရဲ့အိမ်ပြန်ချိန် | မွန်းငွေ | ၃၂ |
| ၇။ စားကျက်မြေ | သင်းမြစန္ဒီ | ၃၆ |
| ၈။ ကျေးလက်နှလုံးသားများ | မောင်ညိုပြာ | ၄၁ |
| ၉။ စံအိမ်တော်မှ အပြန် | စမ်းစမ်းနွဲ့ (သာယာဝတီ) | ၄၆ |
| ၁၀။ မြောက်ဖျားက ဆောင်းရာသီ | စံပယ်ဖြူနု | ၅၃ |
| ၁၁။ ဘမျိုးဘိုးတူ ချိုကလေးနဲ့ | ကျော်ပြေစိုး | ၅၉ |
| ၁၂။ အဆုံးသတ်တစ်ခုရဲ့အရွေ့များ | ဆွန်း(စက်မှုတက္ကသိုလ်) | ၆၉ |
| ၁၃။ အယူ | အဲလိုထူး | ၇၆ |
| ၁၄။ စာရင်းရှိတဲ့လူ | ညိုရင့် | ၈၃ |
| ၁၅။ ကပ်ကမ္ဘာအတွင်းမှ ရွာလေးတစ်ရွာသည် . . . | မာန် (တောင်လုံးပြန်) | ၉၁ |
| ၁၆။ အငွေ့ပျံတောလား | နှင်းဆီအောင် | ၉၆ |
| ၁၇။ ကောက်ကွေ့ကျဉ်းမြောင်းသော- | ကိုမောင်ဌေးသိန်း(ပွေးလှ) | ၁၀၀ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၈။ ဒါဒိဒီ ဒါ . . . | အောင်ဖြိုးကျော်(ပခုက္ကူ) | ၁၀၆ |
| ၁၉။ သေဆုံးနေသည့်နာရီ | မောင်ကျော်သာ(ပဲခူး) | ၁၁၆ |
| ၂၀။ ကံ့ကော်တိုင်းပြည် | ကျော်ကိုကို | ၁၁၉ |
| ၂၁။ ဆရာငြိမ်း | လှမိုးသစ်(ကျောက်ဆည်) | ၁၂၂ |
| ၂၂။ တစ်ပွင့်ကျန် ပန်းရိုင်းသစ္စာ | လမင်းမောင်မောင် | ၁၂၇ |
| ၂၃။ သူခိုးမရှိတဲ့မြို့ | ကိုသာမန် | ၁၃၃ |
| ၂၄။ တန်ကြေး | မြို့သာ-မရာထို | ၁၄၀ |
| ၂၅။ ဝါးဖောင်မျှောတဲ့ည | လူခါး | ၁၄၅ |
| ၂၈။ အဖေ သို့မဟုတ် ကျွန်တော့်ဖတ်စာ | ဇေပရယ်ဒွေ | ၁၄၈ |
| ၂၉။ ကျွန်တော်၏ ကြောင်ကလေး | တေဇာလရောင်လမ်း | ၁၅၉ |
| ၃၀။ အစိဋ္ဌာန် | ကျော်ခန့်လူ | ၁၆၄ |
| ၃၁။ လမလိုည | မြင့်သန်း | ၁၇၁ |
| ၃၂။ ပြည်ကြီးရှင်တွေ ပြည်ကြီးရှင်တွေ | လှဲ့ဝင်းကြည်(ချို) | ၁၇၉ |
| ၃၁။ ခေတ်သစ်နံရံ | ညီပုလေး | ၁၈၄ |
| ၃၂။ 'အို' | လူသာမန် | ၁၉၀ |
| ၃၃။ တောင်ပံတို့၏ခွန်အား | နတ်မှူး | ၁၉၆ |
| ၃၄။ မွေးရီပွင့်နီဝေဒနာ | ငြိမ်းဝေ(ကဗျာ့အိုးဝေ) | ၂၀၁ |
| ၃၅။ မြေမညီလမ်းမှာတဲ့ မိုးမှောင်တွေပိတ်ဆီး | သင်းအောင်ပန် | ၂၀၉ |
| ၃၆။ မြွေ | တိုးနှောင်မိုး | ၂၁၄ |
| ၃၇။ ကျွန်းပင်ညီနောင်နှင့် ထောင်ထဲက မောင်မဲ | အဏ္ဏဝါစိုးမိုး | ၂၂၀ |
| ၃၈။ ပန်းကလေးများနွမ်းကြသည် | ငြိမ်း (ရွှေလီ) | ၂၂၆ |
| ၃၉။ ဓာတ်ပုံ | အေးမင်းစော | ၂၃၆ |
| ၄၀။ ကျွဲရိုင်ကာ | ကိုလေးမြတ် | ၂၄၃ |
| ၄၁။ ပေးဆပ်လိုက်ရသော ထိုတဒင်္ဂ | ကေ (တောင်တန်းပြာ) | ၂၄၉ |
| ၄၂။ ကျူးကျော်ငှက်ဆိုး | ဆောင်းဝင်းလတ် | ၂၅၅ |
| ၄၃။ တွက်ကိန်းများနဲ့ စက္ကူလှေ | လျှံထွန်း | ၂၅၈ |
| ၄၄။ သွေးဖြင့်လိမ်းကျံ၍ မျက်ရည်ဖြင့် မွမ်းမံအပ်သော | ကြည်မွေ့အိမ် | ၂၆၂ |
| ၄၅။ ဦးနှောက် ဖောက်စားသွားတဲ့ကောင် | ခင်လွန်း | ၂၆၈ |
| ၄၆။ ရန့်ငှက်သောပန်း | ဝန်းသို-လွမ်းရဝေ | ၂၇၅ |
| ၄၇။ မတိုင်မီ | မြယာ | ၂၇၉ |


mgyoe.com

| | | |
|---|---|---|
| ၄၇။ အမှောင်နဲ့ မလွတ်တဲ့ ကြယ်တွေ | ရာဇာမျိုး (အင်းကုန်း) | ၂၉၁ |
| ၄၈။ ဆောင်းဦးပေါက်နေ့တစ်နေ့ လူတစ်ယောက်ရဲ့ ဝါကျများ | နေမျိုး | ၂၉၇ |
| ၅၀။ ကတ္တီပါနှင်းဆီ | လမင်းမောင်မောင် (ပြင်ဦးလွင်) | ၃၀၁ |
| ၅၁။ ညိုပြာညက်ကလေး | မောင်သာပို | ၃၀၇ |
| ၅၂။ ခလေ့ | အောင်ကြွေတင့် | ၃၁၃ |
| ၅၃။ အလင်းတစ်ခုရဲ့ အမှောင်ခြမ်း | ချမ်းထက်ဟန် | ၃၁၆ |
| ၅၃။ ကုထုံးသစ်ကို ရှာဖွေတွေ့ရှိခြင်း | ကိုချစ် | ၃၂၀ |
| ၅၄။ သက်တံရောင်တံလျှပ် | ဝေ (စီးပွားရေးတက္ကသိုလ်) | ၃၂၆ |
| ၅၅။ ဂိမ်း - ၅ | ရဲသျှမ်း | ၃၃၁ |
| ၅၆။ မေ့ပျောက်သူ | ဒီနိုဗို | ၃၃၅ |

mgyoe.com
mgyoe.com

mgyoe.com

# သစ်သီးတစ်ခြမ်း

ခင်မြဇင်

နေရောင်က တရှိန်ရှိန်လောင်မြိုက်နေသည်။ ချွေးစေးတဖြိုက်ဖြိုက်ကျလျက် တစ်ကိုယ်လုံး ခွန်အားတို့ ဆုတ်ယုတ်ခဲ့ရပြီ။ ကြည့်လေလေရာ တံလျှပ်ရောင် တလက်လက်ထနေသည့် သဲပြင်။

လေပူကြီးက ဝှေ့လာပြန်သည်။ သဲများ ဝှေ့ရမ်းတိုက်ခတ်သွားသည်။ မျက်လုံးများကိုမှိတ်လိုက်ပြီး လက်အစုံနှင့်ကွယ်ထားလိုက်သည့်တိုင် သဲများက မျက်လုံး၏ထောင့်များထိကပ်၍ ကျန်ရစ်ခဲ့သည်။ မျက်နှာတစ်ခုလုံး စပ်ဖျဉ်းဖျဉ်း။

ချွေးတို့သည် သဲနှင့်လူးနေ၏။ ပါးစပ်ထဲမှာလည်း သဲနှင့်ရှပ်ရှပ်။ အဝေးကို လှမ်းမျှော်ကြည့်လိုက်လျှင် နေရောင်က စူးရှလွန်းသဖြင့် မျက်စိများ ပြာဝေသွားရသည်။ သဲရောင် တပြောင်ပြောင် တလက်လက်။ တံလျှပ်ရောင် လက်လက်ထနေသည်။ မှိုင်းညို့ညို့ အရိပ်များကတော့ မျက်စိသူငယ်အိမ်ထဲက အရိပ်တွေပဲလား။ အမြင်အာရုံတွေပင် ဝေဝါးလာခဲ့ပြီ။ ခွန်အားရှိသမျှသုံးပြီး တစ်ကုန်းပြီးတစ်ကုန်း ကျော်ဖြတ်ခဲ့ရသည်။ ကျယ်ပြောလွန်းလှသည့် ကန္တာရထဲက မလွတ်နိုင်သေး။

အပူဒဏ်နှင့်အတူ ဆာလောင်ခြင်းသာမက ရေငတ်ခြင်းကပါ ဖိစီးလာခဲ့ပြီ။ ရေဘူးကိုကြည့်လိုက်တော့လည်း အာစွတ်ရုံမျှ အနိုင်နိုင်။ ရေတွေလည်း ခြောက်သွေ့ အငွေ့ပျံကုန်လေသလား။ သူ အာစွတ်ရုံ ... အာစွတ်ရုံနှင့် တစ်ငုံပြီးတစ်ငုံ သောက်ခဲ့ရင်းပဲ ကုန်ခဲ့ရသလား မမှတ်မိ။

ခြေထောက်တွေက တရွတ်ဆွဲနေခဲ့ပြီ။ နားစရာ၊ ခိုစရာ မရှိပါ။ ခန္ဓာကိုယ်တစ်ခုလုံးလည်း မီးဟုန်းဟုန်းတောက်မျှ ပူလောင်နေခဲ့ပါပြီ။

ကန်ရေ ကြည်ကြည်အေးအေးထဲမှာသာ ကျွဲတစ်ကောင်လို တစ်ကိုယ်လုံးနှစ်၍ စိမ်ပစ်လိုက်ချင်မိသည်။ ပြီးတော့ ရေတွေ တဝကြီးသောက်ပစ်လိုက်ချင်မိသည်။

သည်ခရီးကို ဘယ်လိုစခဲ့ပြီး ဘာကြောင့် သည်လိုဆက်လျှောက်နေရသလဲဆိုတာကိုပင် မသိလောက်အောင် အာရုံတို့က ထုံထိုင်းနေခဲ့ပြီ။

ခရီးဆုံးကိုရောက်ကော ရောက်နိုင်ပါဦးမလား။ သဲကုန်းတစ်ခုကိုလွန်လျှင် နောက်ထပ်တစ်ကုန်း၊ ကုန်းတွေကို ကျော် ... ကျော် ... နောက်ထပ် သဲတောင်ကုန်းများက စောင့်လျက်။

လဲပြိုကျလိုက်။ ကုန်းရုန်းထလိုက်။ ခုလည်း လဲပြိုလုလု။

ဟိုတုန်းကတော့ သည်နေရာတွေမှာ စိမ်းစိုသောတောအုပ်တွေ ရှိခဲ့ဖူးသည်ထင်သည်။ သိပ်သည်းသောမြိုင်ကြီးရဂုံဖြစ်ခဲ့ဖူး၏။ နေညိုလျှင် ဒေါင်းငှက်တို့ တွန်သံကို ကြားရတတ်သလို ဘုတ်ငှက်တို့အိုသံကိုလည်း

ကြားဖူးသည် ထင်သည်။

ခုတော့ ပကတိ သဲတောင်ကုန်းများချည်း ဆက်တိုက် ဖြတ်သန်းလာနေရသည်။ သဲတွေက ခြေကို တုံ့ဆွဲနေကြသည်။ စိမ်းသော ယာများ၊ ချောင်းများကို စွန့်ခွာခဲ့ရသည်က ကျွဲအုပ်၊ နွားအုပ်များပမာ မောင်းထုတ်ခံခဲ့ရပုံများကို ရေးရေးသာ သတိရတော့၏။

ဟိုတုန်းကတော့ ရှေ့မှာ ဘေးမှာ အဖော်တွေ ပါခဲ့ကြသေးသည်။

ပြေး ... ပြေး ...

မိုင်းခွဲသံများ ဆက်တိုက်ပေါက်ကွဲသံများအကြားမှပင် မမြင်နိုင်သော ဧရာမအင်အားကြီးတစ်ခုက သူတို့လူအုပ်စုကို အတင်းပင် ပြေးအောင် တွန်းထိုးနေလေသည်။ သူ့လိုပင် ပြေးခဲ့ကြသူတွေ။ ဘယ်ရောက်သွားပါလိမ့်။ လဲကျ၍ပဲကျန်ရစ်ခဲ့လေသလား။ သိုးအုပ်၊ ဆိတ်အုပ်တွေလို ကျွဲအုပ်၊ နွားအုပ်တွေလို တမောင်းတည်း မောင်းထုတ်ခံခဲ့ကြရသည်။ သစ်ရိပ်ကလေးမျှ နားစရာမရခဲ့။

ဘေးမှာ ရှေ့မှာ နောက်မှာ အတူပါလာကြသည့် အဖော်တွေကို မမြင်တွေ့မိတော့။ လေပူကြီးအငွေ့မှာ သဲပွင့်သဲမှုန်တွေနှင့်အတူ လွင့်ပါသွားခဲ့လေပြီလား။ ကောင်းကင်ထက်က မည်းမည်းအရိပ်များကြောင့် လက်နှင့် မျက်လုံးတွေကိုကွယ်၍ ကြည့်မိသည်။ မြေပေါ်သို့ ဝဲပျံဆင်းလာကြသည့် လင်းတများ။

"အား"

သူအော်လိုက်မိသည်။

သဲတို့က ခြေကိုတုံ့ဆွဲနေစဉ်မှာပင် ရှေ့သို့ အားသွန်၍ လျှောက်ဖို့ကြိုးစားနေရသည်။ လင်းတတွေက သဲပူထဲမှာ ခုန်ဆွခုန်ဆွနှင့် သူ့ကိုစောင့်ကြည့်နေခဲ့ကြသည်။ ခေါင်းလုံးလုံး၊ အရုပ်ဆိုးဆိုး လင်းတတွေက ဝဝဖြိုးဖြိုး။

ခုတော့ သူသည် သူ့လမ်းဆုံးဘယ်မှာဆိုတာ ရိပ်စားမိလာရသည်။ သူ့အဖော်တွေ ဘယ်မှာလဲ။ ကျွဲအုပ်၊ နွားအုပ်တွေလို မောင်းနှင်ထုတ်ခံရ၊ ပြေးလွှားခဲ့ကြရပြီး သဲတောင်ကုန်းများပေါ်မှာ အားကုန်လဲကျမယ့်အချိန်ကို စောင့်ကြည့်နေကြသည့် လင်းတများ။

အားလုံးကို သူနားလည်သွားရသည်။

ဟား ဟား ဟား ဟား

လင်းတများကိုကြည့်၍ အရူးတစ်ယောက်လို ရယ်လိုက်သည်။ အသံက ခြောက်သွေ့သွေ့ ခပ်အက်အက်။ လက်ထဲကရေဘူးနှင့် အနီးဆုံးလင်းတကို လှမ်းပေါက်လိုက်သည်။ လင်းတအုပ် ရှဲသွားပြီး တစ်ကောင်ပြီးတစ်ကောင် မိုးပေါ်သို့ပျံတက်သွားကြသည်။ သူ့မှာတော့ အားလွန်ပြီး လဲကျမလိုဖြစ်သွားရသည်။ နောက်ထပ်ငိုဖို့ဖြစ်ဖြစ်၊ ရယ်ဖို့ဖြစ်ဖြစ် အားအင်မရှိတော့။

ထိုစဉ်မှာပင် ချုံပင်တစ်ပင်၏အရိပ်ကို မျက်လုံးထောင့်မှာ မြင်တွေ့လိုက်မိသည်။ ကိုယ့်မျက်စိကိုယ် မယုံချင်။ သူ့ကိုယ်သူ ပြန်စမ်းကြည့်မိသည်။ ပါးရိုးငေါငေါ။ ဖူးရောင်နေသည့် နှုတ်ခမ်းများ။ ခပ်အန်းအန်းလက်ချောင်းများ။ ဖူးရောင်ပေါက်ပြဲလျက် တရွတ်ဆွဲနေသည့် ခြေထောက်များ။ မသေလိုသေး။ မသေချင်သေး။ သူ့အသွေးအသားတို့ကို လင်းတတို့မစားစေရ။

ရေ ... ရေ... ရေသာ ရှိမည်ဆိုလျှင် ...

* *

ရှားစောင်းပင်လို ချုံပင်စုစုကလေးများကို စ၍တွေ့ရသည်။ ဆူးဖြင့် ကြမ်းရှရှအပင်များ။ အရွက်များကို ခူး၍ဝါးမိသည်။ လက်တို့ရှလျက် သွေးဖြင့်နီရဲလျက်။ ခါးသက်သက် ချွဲကျိကျိအနှစ်သားများကို စားမိသည်။ ထွီခနဲ ထွေးလိုက်မိသည်။ အန်ချင်လာသည်။

နေရောင်က ကျဆင်းစပြုလာသည်။ လေရိုင်းတစ်ချက် ဝှေ့လာသည်။ နင်းရသည့်သဲများပင် နူးညံ့လာသည် ထင်မိသည်။ ကျောက်တုံး ကျောက်ဆောင်များကြားတွင် မြက်ပင်ရှည်များ၊ တောပန်းနွယ်ပင်များကို တွေ့လာရသည်။

ရေ ... ရေ ... ရေ ... ရေ ဘယ်မှာပါလိမ့်။

မြက်များကြား၌ လဲလျောင်း၍ပင် နားချင်မိလာသည်။ ပန်းရနံ့များကတော့ စူးရှရှ။ လျှောက်ရင်းလျှောက်ရင်း မြင့်မားတုတ်ခိုင်သော ဧရာမသစ်ပင်ကြီးများကို တွေ့လာရသည်။ နေရောင်ပြောက်တိပြောက်ကျား ကျနေသည့် သစ်ရိပ်များအောက်သို့ ရောက်လာခဲ့ရပြီ။

တချို့အပင်များပေါ်တွင် အရည်ရွှမ်းမည့်ဟန်

mgyoe.com

သစ်သီးတစ်လုံးတလေ တွေ့ရသည်။ ဘာပင်ရယ်လို့တော့ သူမသိပါ။ အပင်အောက်မှာ ကြွေကျနေမည့် အသီးတစ်လုံးတလေ တွေ့ရလေမလား ကြည့်သည်။ မတွေ့ရ။ တက်ခူးဖို့ရာလည်း မဖြစ်နိုင်။ အပင်များက မြင့်လွန်းလှသည်။ တံချူလုပ်ဖို့ရာလည်း ဘာမှမရှိပါ။ ကြွေပဲကြွေကျလာပါတော့။ အပင်ပေါ်က အနီရောင်မှည့်ဝင်းနေသည့်အသီးကို မော့၍ကြည့်ရင်း သွားရည်များပင် ကျလာမိသည်။ အစာမစားခဲ့ရသည်မှာ ဘယ်မျှကြာခဲ့ပြီလဲ။

သစ်ပင်ကိုမှီ၍ နားရင်း မျက်လုံးများကို မှိတ်ထားလိုက်မိသည်။ စိတ်ကူးထဲမှာတော့ အရည်ရွှမ်းရွှမ်း အသီးကို တဂွမ်းဂွမ်းကိုက်ဝါးနေမိသည်။ ချို၍ အေး၍လာရသည်။ ပါးစောင်မှ အချိုရည်များပင် စီးကျလာသည် ထင်နေမိသည်။

မျက်လုံးကိုဖွင့်လိုက်တော့ အသီးက အပင်ပေါ်မှာ။ တက်ဖို့လည်း အားကမရှိ။ ကြွေကျပါစေလို့ပဲ မျှော်လင့်ရမည်လား။ တုတ်တစ်ချောင်း (သို့) သစ်ကိုင်းခြောက်တစ်ခုတလေမှလည်း ရှာလို့မတွေ့။

ထိုအခိုက်မှာပင် တခြားအပင်မှ ဖျတ်ခနဲကူးလာသည့် မျောက်လိုလို၊ လူလိုလို သတ္တဝါတစ်ကောင်ကို သူတွေ့လိုက်ရသည်။ ထိုသတ္တဝါက အသီးကို ခူးယူလိုက်ပြီ။

ငါ့အသီး၊ ငါ့အသီး မခူးပါနဲ့။ အသံက ပီပီသသ မထွက်။ သတ်နိုင်ဖြတ်နိုင်သည့် ခွန်အားသာ ကျန်နေသေးလျှင် အရုပ်ဆိုးဆိုး သတ္တဝါလက်ထဲမှ သစ်သီးကို လုယူလိုက်ချင်သည်။

"ပေးပါ ... ပေးပါ၊ ငါ့ကို ပေးပါ"

လည်ချောင်းက အက်ကွဲနေသည်။ သူလဲကျသွားခဲ့သည်။ နားထဲမှာ အသံတစ်သံက နီးလိုက် ဝေးလိုက်။

ခေါင်းထဲမှာလည်း နောက်ကျိနေသည်။ မျက်လုံးတွေကို အားယူဖွင့်လိုက်တော့ ကြောက်မက်ဖွယ်ရာ မျက်နှာကြီးကို မြင်တွေ့လိုက်ရ၍ ထိတ်လန့်သွားမိသည်။ အသားတွေ တဆတ်ဆတ်တုန်လာသည်။ တစ္ဆေတစ်ကောင်၏ ဖမ်းဆီးခြင်းကို ခံရလေပြီလား။ ဒါမမဟုတ် သူသေသွားပြီလား။ တစ္ဆေကောင်၏မျက်နှာက ပွဖောင်းဖောင်းအန်းအန်း၊ အရေပြားတွေက အဖတ်အဖတ် ကွာကျနေခဲ့သည်။ ခေါင်းပေါ်မှာလည်း အမွေးအမှင်မရှိ။ ငယ်ထိပ်က ဖုဖောင်းဖောင်း။ လက်တွေက အပိန်းအပိန်း ထနေသည်။ အရေပြားက သားရေလို ပြောင်လျက် ညိုပြာပြာအရောင်သန်းနေသည်။

ထိုသတ္တဝါ၏လက်ထဲမှာ စောစောက အသီးကို စားလက်စအခြေအနေဖြင့် တွေ့ရသည်။ လက်သည်းရှည်များဖြင့် အတိုပြီးသော လက်တစ်ဖက်ဖြင့် သစ်သီးကို ဆုပ်ကိုင်ထားသည်။ သူတုန်လှုပ်သွားရသည်။ အသီးနှင့်အတူရောပြီး သူ့ကိုပါ စားပစ်လိုက်မှဖြင့်...

"ဟော့လူ ဟော့လူ"

ထိုသတ္တဝါက သူ့ပခုံးကို ပုတ်လိုက်သည်။ လူလိုစကားပြောတတ်သဖြင့် အံ့သြသွားရသည်။ လးလဲထဖို့ ကြိုးစားသည်။

"ဒီအသီးကို စားချင်သလား"

လက်ထဲကအသီးကို သူ့မျက်စိရှေ့မှာ ဝှေ့ရမ်းပြသည်။ သူက လုယူဖို့ပြင်တော့ ထိုသတ္တဝါက တွန်းဖယ်ပစ်သည်။ ထိုသူ၏သန်မာသောအင်အားကြောင့် သူမလှုပ်နိုင်ဘဲ ငေးစိုက်ကြည့်နေရသည်။

"အဲဒီအသီးကိုစားရင် မင်းလည်း ငါ့လိုပဲ အရုပ်ဆိုးဆိုးကြီး ဖြစ်သွားမယ်။ စားချင်သလား"

"အင်း စားမယ်၊ စားချင်တယ်"

သူက သွားရည်ကျလုမတတ်။ လုယူချင်လောက်အောင် တပ်မက်သောမျက်လုံးအစုံဖြင့် အသီးကိုကြည့်နေသည်။ စားချင်စိတ်ကြောင့် ကြောက်လန့်မှုကိုပင် မေ့သွားသည်။

"မစားနဲ့ ... မစားနဲ့ ... မစားချင်နဲ့"

ထိုအရုပ်ဆိုးဆိုး တစ္ဆေသရဲ၏မျက်လုံးများထဲမှ မျက်ရည်များ စီးကျလာသည်။

"ငါလည်း မင်းလိုပဲ ဟိုကသဲကုန်းတွေကို ဖြတ်ပြီး ဒီတောအုပ်ထဲရောက်စက ဘာမသိ ညာမသိ ဝမ်းသာအားရနဲ့ ခူးပြီးစားခဲ့ကြလို့ ... ခုလို"

သူ စဉ်းစားတွေးတောနိုင်စွမ်း ပျောက်လုလုဖြစ်ခဲ့ပြီမို့ ရုတ်တရက် နားမလည်လိုက်။

"အဆိပ်သီးကွ၊ အဆိပ်သီး"

ပုံပျက်ပန်းပျက်သတ္တဝါက ကုန်းအော်ပြောလိုက်သည်။ သူက စဉ်းစားမနေဘဲ ...

mgyi.com

"စားမယ်၊ ပေး ... ပေး"

ထိုသတ္တဝါက အသီးကိုလှမ်းမပေးသေးဘဲ သူ့ကို ကြင်နာစွာ တွဲထူလိုက်သည်။ ထိုသူက သန်မာလှသည်။

"အခု မင်း သိပ်ငတ်နေလို့ပါ၊ စားပြီးမှ ငါ့လို ဖြစ်သွားရင် ငါ့ကို ရန်လုပ်မှာစိုးရတယ်။ မင်းကို စမ်းချောင်းထိပ်ကို ခေါ်သွားမယ်၊ အဲဒီမှာ ခဏနား၊ ရေသောက်ပြီးရင် စားမစား ဆုံးဖြတ်ပေါ့ကွာ၊ ရေသောက်ပြီးရင် မင်းမျက်နှာလည်း ပုံမပျက်သေးခင် နောက်ဆုံး မြင်လို့ရတာပေါ့"

ထိုသူ၏ ကရုဏာသံကြောင့် ကြောက်ရွံ့စိတ်များ လျော့ပါးသွားရသည်။ သို့သော် တစ်နေရာရာကို ခေါ်သွားပြီး သူ့ကိုများ သတ်စားလိုက်လေမလား။

ငါးတစ်ကောင်လို တံစို့မှာကင်ထားမည့် သူ့ရုပ်ပုံ သူ တွေးမြင်ကြည့်လိုက်မိတော့ ထိုသတ္တဝါလက်က ရုန်းလိုက်သည်။

ရုန်း၍မရ။ သတ္တဝါက သူ့ကိုချုပ်ကိုင်ပြီး ခေါ်လာခဲ့သည်။ ကျောက်တုံးများကို ဖြတ်၍ ရေစီးသံကြားရသည်။ ရေစီးသံက သူ၏သွေးကြောများကို လှုပ်နိုးလိုက်သလိုပင်

"ရေ ... ရေ"

အသီးကိုမေ့လျက်၊ ရေရှိရာသို့ ခြေလှမ်းများက ထိုသတ္တဝါဦးဆောင်မှုနောက်မှာ အလိုက်သင့်ပါလာသည်။ စမ်းချောင်းအစပ်မှာ သူ့ကို ညင်သာစွာလွှတ်ပေးလိုက်သည်။

"ကဲ သောက်ချင်သလောက်သောက်။ ပြီးရင် မင်း မျက်နှာကိုလည်း မင်း မှတ်မိအောင် ကြည့်ထားလိုက်ဦး"

မရကို အငမ်းမရ သောက်လိုက်မိသည်။ သီးသွားသဖြင့် ခေါင်းတွေ ပူထူသွားရသည်။ ဗိုက်ထဲမှာ ရေဖြင့် ပြည့်သွားသည့်တိုင်၊ ရေ၏အေးသည့်အရာ၊ ချိုသည့်အရာကို ဖွဲလမ်းနေမိသည်။ ရေထဲမှာ သူ့မျက်နှာကို ကြည့်ဖို့တော့ သတိမရ။ သူ့ဘေးမှာ ထိုင်နေသည့် သတ္တဝါက

"စမ်းချောင်းက ဒီအပိုင်းအထိ အကောင်းကွ၊ တောအုပ်ထဲက ဖြတ်သွားတဲ့အပိုင်းကျ ရေကပါ အဆိပ်သင့်သွားပြီး အဆိပ်သီးတွေက အမြဲကြွေကျနေတာကိုး၊ ဘယ်လိုအဆိပ်ဖြစ်သွားလဲတော့ မသိဘူးပေါ့ကွာ။ ပထမတော့ လူတွေ စိုက်ထား ပျိုးထားခဲ့ကြပုံရပါတယ်။ ငါတို့ကိုတော့ သတိပေးမယ့်သူ မရှိခဲ့ဘူးပေါ့ကွာ၊ ငတ်ငတ်နဲ့ တွယ်လိုက်ကြတာ အရေပြားတွေ အလွှာလွှာကွာကျကုန်တာပဲ"

သူက ခေါင်းကိုပါ ရေထဲစိမ်ထားလိုက်မိသည်။ ရေစီးအားက သန်လှသည်။ ထိုသူသာ လက်တစ်ဖက်ဖြင့် ထိန်းထားမပေးလျှင် ရေစီးထဲသို့ ပါလုမတတ်။ ဆံပင်တွေက ရေနှင့်ရွှဲလျက်။ တခိုက်ခိုက်တုန်လာသည်။ ခေါင်းကို ရေထဲမှထုတ်လိုက်ပြီး၊ မျက်နှာမှ ရေတွေကို လက်နှင့်သပ်မိသည်။

ဘုရား ...!! ဘုရား ...!!

အရေပြားတွေ အလွှာလွှာကွာကျလျက် ဖောသွပ်နီရဲနေသည့် မျက်နှာနှင့် ခြေထောက်တိုတို၊ ပုကွကွ သတ္တဝါက သူ့ကို ဘာလို့ကရုဏာစကားတွေ ပြောနေပါလိမ့်။ သူ ဘာတွေပြောနေသလဲ။ တစ်ပိုင်းစီ၊ တစ်စစီ ဆက်စပ် စဉ်းစားနေရသည်။ ဗိုက်ထဲမှာ ရေဖြင့် ပြည့်လျက်။ ရေသောက်လိုက်ရသဖြင့် အားရှိသလို ခံစားရသည်။ မျက်လုံးများ ပြန်၍ကြည်လင်လာသည်။

"ရော့ စား"

ထိုသတ္တဝါက သူ့လက်ထဲက စားလက်စသစ်သီးကို လှမ်းပေးသည်။ ထိုသတ္တဝါ၏ တစ္ဆေသရဲပမာ ရုပ်ဆိုးလှသည့် ပုံပျက်ပန်းပျက် ပုံသဏ္ဌာန်ကိုကြည့်ရင်း သူလက်တွန့်သွားသည်။ သစ်သီးက ချိုမြိန်မည့် အရသာ၊ မှည့်ဝင်းလျက်။

"ယူလေ ... စားလေ၊ ဟား ဟား ဟား ဟား"

ထိုသတ္တဝါက သူတွန့်နေသည်ကို ကြည့်ရင်း ရယ်လေသည်။

"ရုပ်ဆိုးတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်မြင်ရတာ မှတ်လို့။ မင်းကိုယ်မင်း စမ်းချောင်းထဲမှာ ပြန်မကြည့်ဖြစ်ရင် အိုကေပါတယ်ကွ။ စားစမ်းပါ။ ငါတို့ ဘော်ဒါတိုးတာပေါ့။ ငါမပြောရင် မင်း အဆိပ်သီးမှန်းမသိဘဲ စားပြီးလောက်ပြီပဲ"

သူ မဖြေနိုင်။ စားတော့ စားချင်သည်။ သည်နေရာမှာ စားစရာက သည်အသီးတစ်မျိုးတည်းဆိုရင်

mgyoe.com

mgyoe.com

ကော၊ သူက စဉ်းစားပြီး ပြန်ဖြေသည်။

"ရွေးစရာမရှိရင်တော့ စားရမှာပေါ့ဗျာ။ ဘယ်တတ်နိုင်ပါ့မလဲ။ ခင်ဗျားတို့တောင် စားသေးတာပဲ"

ထိုတစ္ဆေသရဲလိုလူက ခွက်ထိုးခွက်လန်ရယ်တော့သည်။ ပြီးမှ

"မင်းကိုမြင်တော့ ငါမေ့လျော့နေတဲ့လူစိတ်ဆိုတာကြီး ခေါင်းထဲဝင်လာလို့ကွ၊ မစားနဲ့လို့ ပြောမိသွားတာ၊ တို့ကတော့ သေမထူး နေမထူးပါပဲကွာ၊ ဟောသစ်သီးကလည်း ချိုသကွ"

သစ်သီးကို တဂျွမ်းဂျွမ်းကိုက်ပြလိုက်သည်။ သူ့မျက်နှာကြီးက ပို၍နီရဲလာသယောင်။

"ဘယ်လိုလဲ၊ စားမလား၊ စဉ်းစားချင်လည်း စဉ်းစားဦးလေ၊ ဟိုဘက်တောစပ်မှာ သူတို့ကိုယ်သူတို့ သူတော်စင်လို့ ထင်နေတဲ့ ကောင်တွေရှိတယ်။ အဲဒီကောင်တွေက အဆိပ်သီးမစားဘဲ မြေကြီးထဲက သစ်ဥသစ်ဖုကို တူးပြီးစားသတဲ့၊ ရုပ်တော့ ဆိုးမသွားဘူးပေါ့ကွာ။ ဒါပေမဲ့ ငတ်ပြတ်ပိန်လှီနေတာပဲ၊ မင်းလည်း အဲဒီအဖော်တွေနဲ့ ပေါင်းချင်ရင် သွားပေါ့ကွာ၊ တို့နဲ့နေရင်တော့ သစ်သီးနဲ့ရေက အဆင်သင့်ရနေမှာပဲ၊ သစ်ဥသစ်ဖု တူးစားဖို့ရော မင်းမှာ အားရှိသေးရဲ့လား"

သူ ပြန်မပြောနိုင်။ စမ်းချောင်းဘေးမှာ မှောင်၍အေးနေသည်။ လေရိုင်းတိုက်သဖြင့် ဇရာမသစ်ပင်ကြီးများ၏ သစ်ကိုင်းများကို လေတိုးသံကြားရသည်။ စမ်းချောင်းထိပ်ရှိ အပင်များမှာတော့ စောစောက သူတွေ့ခဲ့သည့် တောအုပ်ထဲက အပင်မျိုးကိုမတွေ့ရ။ စိမ်းမှောင်အုံ့ဆိုင်းနေပုံ၊ လေရိုင်းတို့ထန်ပြင်းနေပုံကပင် ချောက်ချားစရာ။ ငှက်သံဆူဆူ ကြားရသည်။ လင်းတများနှင့် ရင်ဆိုင်ခဲ့ရပုံကို သတိရလာသည်။ သူ ဆက်မသွားနိုင်။ မသွားချင်တော့။ ဇရာမသစ်ပင်ကြီးများပေါ်တွင် ကန္တာရထဲမှာ သူတွေ့မြင်ခဲ့ရသည့် လင်းတငှက်တွေ အသိုက်လုပ်ပြီး နေကြလေသလား။ ချောက်ချားဖွယ် လှုပ်ရမ်းနေသည့် သစ်ကိုင်းများ။

အရေပြားတွေ အဖတ်ဖတ် အလွှာလွှာကွာကျလျက် ဖောင်းပွပွ၊ ဖောသွပ်သွပ် သတ္တဝါကတော့ သူစားလက်စသစ်သီးကို သူ့ထံသို့ လက်ကမ်းပေးနေခဲ့သည်။

[စုံနံ့သာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၄]

■

mgyoe.com

mgyoe.com

# ငါ့ ... သူရဲကောင်း

မအိ

ဖေဖေပြောပြခဲ့ဖူးသော ညဥ့်ဦးအိပ်ရာဝင် ပုံပြင်ပေါင်း များစွာအနက် ဒီပုံပြင်လေးကျပါမှ နှစ်ပေါင်းဆယ်စု ဘယ်နှချီစွန်းခဲ့သည့်တိုင် မမေ့ရက် မမေ့နိုင်အောင် ရင်ထဲခိုက်လွန်းပါဘိ။

ဘယ်လောက်များ သနားစရာကောင်းလိုက်ပါသလဲ ...

ဘယ်လောက်များ ကိုယ်ကျိုးစွန့်လွှတ်ရှာသလဲ...

ဘယ်လောက်များ သည်းခံစိတ်ကြီးမားပါသလဲ...

ဘယ်လောက်များ အကြီးအမှူးပီပီ တာဝန်ယူစိတ် အဓိကထားပါသလဲ ...

ဘယ်လောက်များ သူတော်ကောင်းတရားနှင့်အညီ သည်းခံခွင့်လွှတ် အနစ်နာခံလိုက်ပါသလဲ ...

ငယ်ငယ်တုန်းက ငယ်သည့်အလျောက် ငယ်စိတ်ဖြင့် ဤသို့စဉ်းစားခဲ့ဖူးသည်။ ပုံပြင်များပိုင်ရှင်ဖေဖေသည် အဲ့ဒီပုံပြင်ထဲက ဘယ်လိုဇာတ်ကောင်မျိုး ဖြစ်နိုင်ခြေရှိသလဲ။ ပိစိကွေးအတွေးထဲမှာပင် ဘယ်လိုအကြောင်းကြောင့်နှင့်မျှ ဖေဖေသည် ဒေဝဒတ်မျောက်ကြီးတော့ မဖြစ်နိုင်ပါချေ။ နှစ်ဖက်မိဘအား စောင့်ရှောက်လုပ်ကျွေးခဲ့သူ၊ နှစ်ဖက်ဆွေစုမျိုးစုအား ထိန်းမတ်သူ၊ သားမယားအပေါ် သစ္စာစောင့်သိ ချစ်မြတ်နိုးသူ၊ နှစ်ပေါင်းများစွာ မူလတန်းကျောင်းအုပ် တစ်သက်တာ လုပ်ခဲ့သူမို့ လက်ထောက်ဆရာ၊ ဆရာမပေါင်းများစွာနှင့်တကွ တပည့်ထောင်သောင်းအပေါ် ဦးဆောင် လမ်းပြကောင်းပီသခဲ့သူ၊ သည်တော့ ဖေဖေ့ကို ဘုရားအလောင်းမျောက်မင်းနှင့် မနှိုင်းအပ်သည့်တိုင် အရိပ်အာဝါသကောင်းလွန်းသော သစ်တစ်ပင်နှင့်တော့ နှိုင်းပါရစေလား။

ငါ့ရှငါးဆယ် ဇာတ်တော်လာ ပုံပြင်ဝတ္ထုများကို မေမေ့သားချော့တေးများနောက်ဝယ် ကိုယ်ကြားနာခဲ့ရသည်မှာ လေးငါးနှစ် သမီးခန့်ကစလို့သာပဲ။ သည်ကစလို့ ပုံပြင်များကို စွဲသည်။ သာရေး နာရေး၊ ရပ်ရေးရွာရေးကိစ္စများနှင့် ဖေဖေမအားလပ်လျှင် မေမေကကြားဂျူတီဆင်းပေးရှာပါ၏။ ရွှေယုန်နှင့်ရွှေကျား၊ မြွေမင်းသားနှင့် မယ်ထွေးလေးညီအစ်မ၊ ငှက်ကြီးဝံပိုနှင့် မယ်ထွေးလေး၊ မနှင်းဖြူနှင့် လူပုလေးခုနစ်ယောက်၊ စင်ဒရဲလား၊ မောင်ပေါက်ကျိုင်း စသည်ဖြင့် မေမေ့ပုံပြင်တွေကား ထိုးဇာတ်တွေ များလှပေသည်။ သည်ထဲတွင် တစ်နေကုန်ချက်ပြုတ်ဖွပ်လျှော် ကျွေးမွေးစီမံရသဖြင့် တစ်နေကုန်အောင် ပင်ပန်းခဲ့ရှာသော မေမေ့ပုံပြောသံသည် ရံဖန်ရံခါ ပြတ်တိပြတ်တောင်း။ သားသမီးတွေက ဇာတ်ရှိန်တက်ပြီး မေမေ့ ...ဆက်ပြောလေ ...လို့ တို့ထိတိုက်တွန်းလေလျှင် အင် ... အဲ ဖြစ်ကာ စင်ဒရဲလားနှင့်ငှက်ကြီးဝံပိုတို့ လက်ပံပင်ခွကြားတွင် ညားပါလေတော့သတည်း။

mgyoe.com

mgyoe.com

သားသမီးတစ်ကျိပ်တွင် ကိုယ်က အလတ်ပေမို့ ကြာရှည်ကြာများ ကလေးလုပ်ခွင့်မရှိပေ။ ဖေဖေ့မူလ တန်းကျောင်း စာကြည့်တိုက်လေးမှ စာအုပ်များကို ယူဖတ်ရင်း၊ ကိုယ့်ထက်အငယ် ဘုစုခရုတွေကို ထိန်းကျောင်းရင်း ကြီးမှန်းမသိ ကြီးလာချေသည်။ ဗိုလ်ယာနှင့် ရှုယာ၊ အာဇာနည်ဂျုန်း၊ ဘိုရာခံတပ်၊ အေဗရာဟင်လင်ကွန်း၊ အလယ်တန်းရောက်ခဲ့ပြီဖြစ်၍ မြန်မာ့သမိုင်း အပြင် ကမ္ဘာ့သမိုင်းသို့ လှမ်းခဲ့ရသဖြင့် ကိုယ့်အာရုံထဲတွင် သူရဲကောင်းများ တင်းကြမ်းဖြစ်လာနေလေသည်။ ပျူစောထီးကစလို့ ကျန်စစ်သား၊ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ မင်းကြီးမဟာဗန္ဓုလ၊ အနန္တသူရိယအမတ်၊ မင်းကြီးရန်နောင်၊ ဆရာစံ၊ ဂန္ဓီ၊ ဟိုချီမင်း အစရှိသဖြင့် အတိုင်းမသိ လေးစားစရာများ။ သို့သော် ကိုယ့်အာရုံတွင်း ကနဦးရှိနှင့်လေပြီးသော ဘုရားအလောင်းတော် မျောက်မင်းကြီး၏ပုံရိပ်သည် မှုန်ဝါးပျောက်ကွယ်၍မသွားပေ။ ပီပီပြင်ပြင် စွဲထင်လို့နေတုန်း။

မိသားစုထဲမှာ ကိုယ့်အထက်က လေးယောက် ကိုယ့်အောက်က ငါးယောက်တိတိ။ အစ်မအကြီးဆုံး မမကြီးက ကိုယ်တို့ ဟင်္သာတမြို့ အာရှလူငယ်အသင်း၏ အသက်အငယ်ဆုံး အသင်းသူဖြစ်သတဲ့။ ကိုယ်နှင့် အသက် ခုနစ်နှစ်ကွာသော အစ်ကိုကြီးမှာ ကိုယ်တို့ မြို့ရှိ အ.ထ.က (၁) Scout ဗိုလ်။ အခွံပါကုလားပဲကို ရေစိမ်၍ အစိမ်းစားသည်။ လက်ဖှေ့ထိုးသည်။ အလေးမသည်။ သူ့ကိုယ်သူ ကာယစိတ္တဗလ ပြည့်ဝအောင် လေ့ကျင့်နေထိုင်သည်။ ကိုကိုကြီးအား တစ်ရပ်ကွက်လုံးမှ ချစ်ခင်၏။ လူကြီးသူမတွေက ချီးမွမ်း၏။ ရွယ်တူတန်းတူတွေက ရှိန်၏။ ငယ်သူတို့ကတော့ လေးစား ခင်မင်လို့မဆုံး။ ပုံပြင်များမှတစ်ဆင့် စာအုပ်စာပေ၊ စာအုပ်များမှတစ်ဆင့် လက်ရှိ လူ့လောကဝန်းကျင်ထဲရှိ သူရဲကောင်းနဲ့များ တွေ့လေမလား ...လို့ စူးစမ်းရှာဖွေလေ့လာနေမိသူကား မမကြီးနှင့်ကိုကိုကြီးတို့၏ ညီမလေးဖြစ်သော ကိုယ်။

အစ်မသုံးယောက်နှင့် အစ်ကိုတစ်ယောက်ရှိပေသမို့ အိမ်၌ ကိုယ်သည် ထမင်းမချက်ရ၊ ရေမခပ်ရပေ။ လက်တိုလက်တောင်းနှင့် အငယ်တွေကိုရေချိုး၊ အဝတ်ဝတ်ပေး၊ ထမင်းစောင့်ကျွေးရသော တာဝန်သည်သာ ကိုယ့်အဓိကတာဝန်၊ သည်တော့ အငယ်တွေကို အိပ်ရာဝင် ပုံပြင်ပြောရသော တာဝန်သည် ကိုယ့်အပေါ်ကျလာ၏။ လိုလိုလားလား၊ နှစ်နှစ်သက်သက်။ ကိုယ့်ထက် အကြီးတွေက ကိုယ့်အပေါ် မသိဘာသာနေသလောက် ကိုယ်က အငယ်တွေနှင့် လုံးလုံးထွေးထွေး နေတတ်သူ။ မောင်လေးနှစ်ယောက်နှင့် စစ်တိုက်တမ်းကစားသည်။ ဈေးလုံးကန်သည်။ ညီမလေးသုံးယောက်နှင့် ကတမ်းခုန်တမ်း ကစားသည်။ သီချင်းဆိုသည်။ ပုံပြောရာမှာတော့ ဖေဖေ့ကို မီသည်ဟု တညီတညွတ်တည်း ထောမနာပြုကြ၏။

ကိုယ့်အနေဖြင့်လည်း အဲဒီအချိန်ကလေး၌ ကိုယ့်ဩဇာကို သူတို့တစ်သဝေမတိမ်း လိုက်နာကြရစမြဲမို့ ကျေနပ်သည်။ အာခြောက်တယ် ... သောက်ရေခပ်ပေး၊ ကျောလယ်ကို နည်းနည်းကုတ်ပေးပါဦး ...ပေါ့။ မေမေ့ ထံမှရသော ထိုးဇာတ်တွေမှာ ဇာတ်ကွက်ဇာတ်အိမ် မခိုင်လှ။ ပုံပြင်အရမ်းဆန်လွန်းလှချေ၏။ ငါးရာ့ငါးဆယ်နိပါတ်တော်လာများက ဇာတ်တော်အတိုင်း သက်ဝင်လွန်းလှချေသည်။ စံမမီနိုင်စရာ သူတော်ကောင်းစိတ်ဓာတ်ဖြင့် သူရဲကောင်းဆန်လွန်းမက ဆန်လှပါဘိတောင်း။

"အဲဒီလိုနဲ့ မျောက်တစ်မျိုးလုံး ပျက်စီး ဘေးဒုက္ခရောက်မယ့်အရေးကို ဘုရားလောင်းမျောက်မင်းက ကြိုမြင်တော့ ပြောင်းရွှေ့ပြေးကြဖို့ ပြင်တာပေါ့။ လက်ရှိနေရာကနေ တစ်ဖက်ကမ်းကို ကူးနိုင်ရင် လွတ်ရော ... တဲ့။ မျောက်က လူထက်လျင်ပေမဲ့ တစ်ဖက်ကမ်းကို ခုန်မိရုံနဲ့လည်း မမီလောက်ပါဘူး။ ဒီတော့ နီးရာမှာ နွယ်ကြိုးတွေရှာပြီး၊ ကြိုးနဲ့လွဲခုန်ကူးတာတောင် ဟိုဘက်ကမ်းရောက်ဖို့ တစ်လံနှစ်လံလိုနေသေးသတဲ့။ ဒီတော့ ဘာလုပ်သလဲ... သိလား။ အချိန်ကလည်း မရှိတော့ဘူး။ အန္တရာယ်က နီးကပ်လာနေပြီ။ နွယ်ရှည်ရှည်ထပ်ရှာဖို့ အချိန်ကမရ။ အဲဒီမှာပင် ဘုရားလောင်းမျောက်မင်းဟာ နွယ်ကြိုးအဆုံး ကမ်းစပ်မရောက်ခင်နေရာမှာ သူ့ကိုယ်သူ အလျားခင်းပေးလိုက်တယ်တဲ့"

ဖြစ်ပေါ်လာတဲ့ ပစ္စက္ခအခြေအနေဝယ် ငါးရာသော မျောက်တို့သည် တစ်ကောင်ပြီးတစ်ကောင် ဘေး

mgyoe.com

လွတ်ရာခရီးသို့ရောက်ခဲ့လေပြီ။ ကျန်သော မျောက်မျိုးငါးရာသည် တစ်ဖက်ကမ်းမှာပင် ရှိနေသေး၏။ ငါးရာတစ်ကောင်သော မျောက်သည်ကား ဒေဝဒတ်အလောင်းပေမို့ ဘဝအဆက်ဆက်က ရန်ငြိုးကြောင့်လည်းကောင်း၊ ယခု လက်ရှိဘဝတွင် သူသာ အကြီးအကဲမဖြစ်ရခြင်း အငြိုးကြောင့်လည်းကောင်း၊ သူ ခုန်ကူးရမည့်အလှည့်တွင် မျောက်မျိုးနွယ်တစ်ခုလုံး၏ အကြီးအကဲဖြစ်သော ဘုရားလောင်းမျောက်မင်း၏ ခါးနေရာမှနေ၍ ခြေထောက်တစ်ချက်အသာထောက်ခုန်ကူးရမည့်အစား၊ သူ့ပင်ကိုပကတိ စိတ်ယုတ်စိတ်ထားနှင့် တမင်ဆောင့်နင်းချလိုက်လေသည်။ မျောက်မင်းကြီးက သိလိုက်သော်လည်း တစ်မျိုးလုံး ... လွတ်မြောက်ရေးပေမို့ ခန္တီတရားလက်ကိုင်ထားကာ အလျားမှောက်မြဲမှောက်ပြီး တံတားထိုးပေးခဲ့ရှာပါသည်။ ကျန်ရှိသေးသော မျောက်အပေါင်းတို့မှာလည်း မျောက်မင်း၏ ပြင်းပြသောဝေဒနာကို မသိရှာကြ၍ ရှေးကမျောက်များအတိုင်း နွယ်ကြိုးကိုဆွဲကာ မျောက်မင်း၏ ဒဏ်ရာဒဏ်ချက်ဖြစ်သွားသော ကျောရိုးနှင့်ခါးကို နင်းထောက်ပြီးနောက် ဘေးကင်းရာသို့ အကုန်အစင် တစ်ကောင်ပြီးတစ်ကောင်မကျန် ခုန်ကူးရောက်သွားကြလေတော့၏။ မျောက်အားလုံး၏အကြီးအကဲဖြစ်သော ဘုရားအလောင်းမျောက်မင်းကြီးမှာကား ...။

"ဘာဖြစ်သွားသလဲဟင် ... မမ"

မောင်လေး၊ ညီမလေးများ၏အသံသည် တုန်ယင်လှိုက်လှဲနေသလို အဲဒီဝေဒနာနဲ့ပဲ သေသွားရှာတယ် ....လို့ ပုံပြင်ကိုနိဂုံးချုပ်လိုက်ရသည့် ကိုယ့်အသံသည်လည်း ဘယ်နကြိမ်မြောက်ပြောစေဦးတော့ ဆို့နင့်နေစမြဲပင်။ လောကကြီး၌ သည်လိုစိတ်ဓာတ်မျိုးရှိကြောင်း သိရှိစေရုံသာမက၊ မည်သို့မည်ပုံကျင့်သင့်သည်ကို တစ်ပါတည်း ညွှန်းဆိုလိုခြင်းဖြစ်ပေမည်။ သူတော်ကောင်းတရားနှင့် သူရဲကောင်းစိတ်ဓာတ်။ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံမှုများ။ ဒေါက်တာ ဆွန်ယက်ဆင်၊ မာတင်လူသာကင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ငုယင်ဗန်ထရိုင်း စသဖြင့် အသက်ကလေးရလာသည့်အလျောက် ကိုယ့်သူရဲကောင်းစာရင်းကား ပွားသထက်ပွားလာလေပြီ။ ရပ်ကွက်စာကြည့်တိုက်မှ စာအုပ်များ ငှားရမ်းဖတ်ရှုသည်။ မမ၊ ကိုကိုတို့ သူငယ်ချင်းတစ်စုတို့ စကားဝိုင်းများတွင် ဝင်ရောက်ငေးမောသည်။ ကိုယ့်ရောဂါ ရင့်သထက်ရင့်လာ၏။ ကိုယ့်မြို့မှာ ထားခဲ့ဖူးသူ ပထမဆုံးရည်းစားက ပင်လယ်မှာ သင်္ဘောကြီးတွေဆိုက်လာလျှင် တက်ထရွှန်လိုင်လိုင် ဝတ်ရတော့မည်ဖြစ်ကြောင်း အမှတ်မထင်ပြောလိုက်ရာ ကိုယ့်မသိစိတ်၌ အတော်ပင် လေးလံစွဲမြဲသွားရလေသည်။ ဒီလိုအတွေးအခေါ်ရှိသူများကို ကိုယ့်ဘဝတစ်လျှောက်လုံး လက်ချင်းခိုင်ခိုင် တွဲလျှောက်ဖို့ဆိုတာ ....

အိမ်က မဖတ်စေချင်သည့်စာများကို အရိုက်အနက်ခံပြီး ကိုယ်ဖတ်မြဲဖတ်သည်။ သူရဲကောင်းကို ကိုးကွယ်မြဲကိုးကွယ်သည်။ သည်အထဲတွင် ဆယ်တန်းနှစ်ခါဖြေပြီးနောက်ပိုင်း ရွှေမြို့တော်ကြီးဆီရောက်ပြီ။ ကံအားလျော်စွာ သူရဲကောင်းများ၏လမ်းကြောင်းကို ခြေရာခံမိတော့သလိုလို။ လမ်းအတိုင်း ကိုယ်ရရှိထားသော မြေပုံအညွှန်းအရ တောင်စဉ်၊ တောင်တန်း၊ ချိုင့်ဝှမ်း၊ တောင်ထွတ်၊ ကမ်းပါး၊ ချောက်၊ ကန္တာရ၊ ရှန်းဆူးပင်၊ မျက်ရည်၊ သွေး၊ အသက်၊ ဆင်းရဲခြင်းမျိုးစုံကို ဖြတ်သန်း၊ ဖေဖေပြောပြဖူးသော ပုံပြင်များထက်ဆန်းပြားလှျို့ဝှက်နက်နဲသော ဖြစ်ရပ်ဖြစ်စဉ်များ။ ကိုယ်သည်ကား ရှေ့သို့သာတိုး၍ ... တိုး၍ ... တရွေ့ရွေ့။ ဘယ်သို့သော နှောင်ကြိုးမျိုးကမှ ကိုယ့်ခြေအစုံကို မတုံ့စေနိုင်စွမ်းခဲ့။ ကင်းသည်။ ပြတ်သည်။ ဖြတ်သည်။ ရေမြေဆုံးစေတော့ ကိုယ်ကတော့ ရှာမြဲ ... ရှာဆဲ။ ခြေဖဝါးအသားမာတက် ... မတက် မသိသော်လည်း ဘဝခမျာ အသားမာတင်းကြမ်းတက်လို့။

* *

ဘဝက ရမ်းတယ် ...
ကံကြမ္မာက ဆန်းတယ် ...
ဒဏ်ရာက ကြမ်းတယ် ...

ကိုယ်နဲ့မခွဲမခွာရှိသောအရာကား 'ကဗျာ'။ မိဘနှင့်ခွဲသည်။ လင်နှင့်ခွဲသည်၊ သားသမီးနှင့်ခွဲသည်။ ညီအစ်ကိုမောင်နှမ ဆွေမျိုးညာတကာနှင့်ခွဲသည်။ မိတ်ဆွေရောင်းရင်းတို့နှင့်ခွဲသည်။ တောအနံ့တောင်အနံ့ရောက်ခဲ့ပါ၏။ ကိုယ့်ခရီးစဉ်ကား မပြီးဆုံးသေး။ တစ်

mgyoe.com

mgyoe.com

သွားသည်း သွားသည်ဟု ထင်ထားသော ကိုယ့်ခရီး တစ်ဝက်မှာပင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဗြုန်းခနဲ ဖူးတွေ့လိုက်ရချေသည်။ အိပ်မက်က လန့်နိုးသွားတာလား။ ဟင့်အင်း ... ကိုယ်ငြင်းတယ်။ အခိုင်အမာ ငြင်းမယ်။ တောင်ပေါ်ကပါလာသည့် ဖတဆိုးသားလေးအပြင် လူလားမြောက်ပြီးဖြစ်သော ကိုယ့်သားသမီး ငါးယောက်တို့နှင့် တစုတဝေးရိုက်ဖြစ်ခဲ့သော ရွှေတိဂုံဘုရားရှင်တော်မြတ် ခြေတော်ရင်းက ကိုယ့်သမိုင်းဝင်ဓာတ်ပုံတစ်ပုံ။ ကိုယ်ထားရစ်သော ငါးနှစ်အရွယ် အငယ်ဆုံးသားက တစ်ဆယ့်ရှစ်နှစ်ဖြစ်ပြီ။ မေမေ ...လို့သာ သူတို့နှုတ်ဖျားမှ အသံထွက်မလာလျှင် မှတ်မိစရာပင်မရှိ။

"မေမေက နည်းနည်းပြည့်လာတာကလွဲရင် မပြောင်းလဲဘူး ..." တဲ့လား။ သူတို့ ဘယ်ပုံကြီးပြင်းခဲ့သလဲ။ သူတို့ကို ဘယ်သူကျွေးမွေးသုတ်သင်ခဲ့သလဲ။ သူတို့ကို ဘယ်သူထိန်းကျောင်းယုယပိုက်ထွေးခဲ့သလဲ။

* *

"အသက် ခုနစ်နှစ်ပြည့်ပြီးပါမှ ကလေးတစ်ယောက်ဟာ အခြေအနေအရ မိဘနဲ့ခွဲနေခဲ့ရင် သူ့စိတ်ပိုင်းဆိုင်ရာကို ထိခိုက်မှုအနည်းအကျဉ်းသာဖြစ်နိုင်သည်။ အဲသည်ဆေးဘက်ဆိုင်ရာ ဗဟုသုတကို သည်အသက်အရွယ် သည်အချိန်ကျမှ သိလိုက်ရလေခြင်း။ လူ့ဘဝ၏ကြွေးသစ်ကို ယခုခဏကလေး ခေါက်ထားလိုက်ရချေဦးမည်။ မေမ့ရာဇဝင်ကြွေးကို လတ်တလော သားတို့သမီးတို့စာရင်းမှာ တို့ထားဦးပေါ့။ လောလောဆယ် အရေးတကြီးရှင်းဖို့လိုသည်မှာ ကိုယ့်အတွက် "ကြွေးဟောင်း"။ ကိုယ်ကြာတောင့်ကြာရှည် စဉ်းစားစရာမလိုပါ။ ဖေဖေ့ အုတ်ဂူကို သွားကန်တော့သည်။ မေမေက ကိုယ့်သားလေးအား ကိုရင်ဝတ်ပေးဖို့ ပရိက္ခရာဝယ်သည်။ မမကြီးက ကိုယ့်အကြိုက်ဟင်းတွေ နေ့စဉ်ချက်ပြုတ်သည်။ ညီမအငယ်ဆုံးလေးက သူဘွဲ့ယူစဉ် ဓာတ်ပုံများကို ထိုးပေးလာသည်။ ဘွဲ့ဝတ်စုံနှင့် ညီမလေး။ အသားဆွတ်ဆွတ်ဖြူ။ အနက်ရောင် ဘွဲ့ဝတ်စုံမှာ အစိမ်းရင့်ရောင်လိုင်းများ။ သူ့အစိမ်းက ကိုယ့်အစိမ်းလောက် ရင့်ပါ့မလား။

"တွေ့လား ဓာတ်ပုံထဲမှာ ငိုထားတာ ... မမကို အရမ်းသတိရလို့"

"ဩော် ..."

သူ့စကားတစ်ခွန်း၊ နှစ်ခွန်းက ကိုယ့်အရိုက်ကို ဘာလို့များ ထိသွားတော့တာလဲ။ တောင်ပေါ်ကို ပြန်ဦးမှဖြစ်မှာ ... ဆိုတော့လည်း ခါးခါးသီးသီး မတားမြစ်ပါဘဲနှင့် မျက်ရည်ဖြိုင်ဖြိုင်ကျရှာသည်။ သူငိုနေသည်ကို သမီးနှစ်ယောက်က တစ်ဖက်မှာထိုင်လျက်သား ကြောင်ငေးကြည့်နေကြသည်။ ကိုယ်က သူ့တစ်ဖက်မှာထိုင်ရင်း ပြန်လာမှာပေါ့ ... လို့ မရေမရာဆိုမိသည်။

"အကြာကြီးမနေနဲ့၊ အဲဒီနေရာကိုမုန်းတယ်၊ သိပ်မုန်းတယ်။ မမနဲ့ညီမလေးတို့ကို ရှင်ကွဲခွဲထားတဲ့နေရာ၊ စစ်တိုက်တာ မမအလုပ်လား။ နောက် မပြောကောင်းမဆိုကောင်း သေကွဲကွဲဦးမှာ ..."

ရှိုက်သံတို့ ဗလုံးဗထွေးနှင့်ပင် သူကားပေါ် ပါသွားလေသည်။ ကိုယ့်မှာ သားလေးကိုလက်ဆွဲထားရင်း ပလက်ဖောင်းနံဘေးမှာ၊ နှလုံးသားတစ်ခုလုံး လက်နှင့်ဆုပ်ခြေထားသလို နင့်နာနေမိသည်။ ကျွန်မချစ်လင် ငယ်ဇင်ဗန်ထရိုင်း၊ ကြိုးစင်ပေါ်က မှတ်တမ်းများကဲ့သို့သော စာအုပ်တွေကို ကျွန်မအတင်းဖတ်ခိုင်းခဲ့စဉ် ညီမလေးက ငယ်ငယ်နုနု ပုသိမ်ကောလိပ်ကျောင်းသူ ကောင်မလေး။ ကိုယ့်အထွေးဆုံးညီမလေး။ ဆက်မဖတ်ချင်တော့ဘူး ...၊ ကိုယ်လည်း ဘာတတ်နိုင်တာလိုက်လို့၊ စိတ်ဆင်းရဲရတယ် ... ပြောရင်း ကိုယ်လိုင်းချခဲ့သည်ကို သွေဖည်ခဲ့သော ညီမလေး။ ကိုယ့်သူရဲကောင်းများကို လေးစားသော်လည်း သူရဲကောင်းများနောက် တကောက်ကောက်ဖြင့် ကိုယ်ကဲ့သို့ အရူးအမူး မလိုက်ခဲ့ပေသော ညီမလေး။ ယင်းညီမလေးကား အမိအဖကိုလည်း လုပ်ကျွေးသမှု ပြုခဲ့ချေ၏။ ညီအစ်ကို မောင်နှမအပြင် တူ ... တူမများကိုလည်း ရင်အုပ်မကွာ၊ သူ့ဘဝတစ်လျှောက်လုံး ဝင်ငွေကြီးဝင်ငွေငယ်များ နှင့် နှစ်မြုပ်မွန်းသိပ်၊ ကိုယ့်လို စိတ်လိုက်မာန်ပါ လှုပ်ခွင့်မရှိ။ ကိုယ့်လို အချစ်ကို အကြိမ်ကြိမ်စမ်းသပ်ရှာဖွေခွင့်မရ။ စိတ်ကူးယဉ်ခွင့် ...လုံး၀။ ချစ်သူတို့သည် ညီမလေးအား အကြောင်းအမျိုးမျိုးဖြင့် လွှဲဖယ်သွား၊ သူ့

mgyoe.com

mgyoe.com

ချစ်သူက နှစ်ဦးသားလက်ထပ်ကြလျှင် ညီမလေးဘက်မှာ ကိုယ့်ရင်သွေးငါးယောက်ပါလာမည်ဆိုတော့ ...။ အပျိုစင်အဖြစ် နိဂုံးအဆုံးသတ်ရရှာတော့မည့် ဘဝ။

* *

ကိုယ်သည်ကား သူ့ဘဝ၊ သူ့အခွင့်အရေးနှင့် သူ့အချိန်အခါများကို မသိသားဆိုးဝါးစွာ အလွဲသုံးစားဖြုန်းတီးပစ်ခဲ့မိပေပြီ။ ဘယ်သူတစ်စုံတစ်ယောက်မျှ မသိလိုက်သော ကိုယ့်သူရဲကောင်းအစစ်၏ဓာတ်ပုံလေးကား ကိုယ့်အနာဂတ်ဒိုင်ယာရီ ပထမဆုံးစာမျက်နှာ၌ ရှိနေပေတော့မည်မှာ ထာဝရ။ လူမသိ သူမသိသော ကိုယ်တစ်ဦးတည်းကပေးသည့် သူရဲကောင်းဘွဲ့နှင့် သူ့ဘဝတစ်ခုလုံးကို ညီမလေး လဲခဲ့ရရှာပြီ။

[မဟေသီမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၄]

mgyoe.com

mgyoe.com

# ဂျာနယ်ဖီဗာ

ဇော်ဂါလေး

မိန်းမ ... အတော်နားလည်ရခက်တဲ့ မသတ္တဝါ၊ သူတို့နဲ့ပတ်သက်လို့ အနောက်တိုင်းဖီလိုဆိုဖာတစ်ဦးက ဒီလိုဆိုထားတယ်။ 'Women who can live with them or without them' မိန်းမ မရှိလည်းမနေနိုင်၊ ရှိလည်း အတူ မနေနိုင်တဲ့ လောကမှာရှိတဲ့ မိန်းမတွေကြားထဲက ကိုယ့်အတွက် အသင့်တော်ဆုံးမိန်းမရွေးချယ်ရတာကလည်း ပုရွက်ဆိတ်ခါးတောင်းကျိုက်ဖမ်းရသလို အခက်သား။ 'မယားယူမှားတစ်သက်၊ တောင်ယာခုတ်မှားတစ်နှစ်' လို့ ဆိုထားတာကိုး။ နောက်ဆုံးတော့ လိုတာမရ၊ ရတာမလိုဆိုတာကို နှလုံးသွင်းပြီး ယူလိုက်ရတော့တာပေါ့။ မိန်းမယူတယ်ဆိုတာက ခေတ်သစ်စီးပွားရေးအမြင်နဲ့ပြောရရင် ကံစမ်းမဲနှိုက်သလိုပေါ့ဗျာ။ နောက်တော့ 'ကော်ဇောမှတ်လို့ ဖင်ခုထိုင် ဖင်စူးခါမှ ဖျာမှန်းသိ' ဆိုသလိုဖြစ်တော့တာပါပဲ။

မိန်းမနဲ့ပတ်သက်လို့ စိတ်ညစ်ရတဲ့သူတွေကို တကယ်တမ်း စစ်တမ်းကောက်ကြည့်ရင် မိန်းမတွေပဲ ကျန်ခဲ့မှာလားဆိုတာ သံသယဖြစ်မိတယ်။ စိတ်ညစ်ပုံတွေကတော့ တစ်ဦးနဲ့တစ်ဦးမတူကြပြန်ဘူး။ တချို့ယောကျ်ားတွေက ကိုယ်ယူထားတဲ့မိန်းမ ပညာမတတ်လို့ စိတ်ညစ်နေကြရတယ်။ တချို့က တတ်လွန်းအားကြီးတော့ စိတ်ရှုပ်ရပြန်ရော။ အဲဒီပုဂ္ဂိုလ်ထူးတွေထဲမှာ ကျွန်တော်ဆိုတဲ့ ဖိုသတ္တဝါလည်း အပါအဝင်ပါလို့ ဂုဏ်ယူစွာနဲ့ ဟစ်ကြွေးလိုက်ပါတယ်။ ကိုယ့်အကြောင်းပဲပြောရတာက စိတ်အချရဆုံးပါ။

ကျွန်တော့်မိန်းမက ကျွန်တော့်ထက် အသက် နှစ်နှစ်ငယ်ပြီးတော့ အတန်းပညာက နှစ်တန်းလောက်ကြီးတယ်။ အဲဒီနှစ်တန်းလေးကြီးတာကိုပဲ အင်္ဂါဂြိုဟ်နဲ့ကမ္ဘာကြီး အလှမ်းကွာဝေးသလို၊ အသိဉာဏ်ဝေး ကွာတယ်လို့ ယူဆထားပုံရတယ်။ နေရာတကာ သူ့ ဆုံးဖြတ်ချက်ပဲ၊ သူပြီးမှပြီးတယ်၊ သူကြိုက်တာကိုမှ လုပ်ရတယ်။ ယုတ်စွအဆုံး သူဆင်တာကိုမှ ဝတ်ရတယ်။ တစ်ခါတလေ ဟစ်တလာသေလို့ ဝင်စားတာများလားလို့တောင် သံသယဝင်တဲ့အထိ၊ အများအမြင်မှာ ကောင်းတဲ့အချက်တစ်ချက်တော့ရှိတယ်။ သူက စာဖတ်အလွန်ဝါသနာပါတယ်။ ညနေ ရုံးပြန်ဆိုရင် ကုန်အပြည့်နဲ့။ ဆိုလိုတာက ဘယ်လက်မှာ ထမင်းချိုင့်၊ ညာလက်မှာ ခေါက်ထီး၊ ချိုင်းကြားထဲ ဂျာနယ်တွေညှပ်လို့၊ ဂျာနယ်ကလည်း တစ်ခုမကဘူး။ ရုံးသွားပြီး ဂျာနယ်ဖတ်တာလား၊ အလုပ်ပဲ လုပ်တာလားဆိုတာတော့ ပိုင်းခြားလို့မရဘူး။ အများအမြင်မှာ အဲ့ဒီကောင်းတယ်ဆိုတဲ့အချက်ကြီးကလည်း ကျွန်တော့်အတွက်တော့ ခွကျကျအဖြစ်လို ဖြစ်နေတယ်။

ကြည့်လေ ... တစ်ရက်က ဘယ်ဂျာနယ်တွေ ဖတ်

mgyoe.com

လာတယ် မသိဘူး ... ပြောလာတယ်။ "ရှင်လေ ... ဘာဗဟုသုတမှမရှိဘူး။ စာစောင်တို့၊ သတင်းစာတို့ ဆိုတာတွေကလည်း ရှင့်အတွက် ထပ်တစ်ရာထုပ်တဲ့ စက္ကူလောက်ပဲ အသုံးဝင်ပုံရတယ်။ ကမ္ဘာကြီးက ဘယ် အဆင့်ထိ တိုးတက်သွားပြီလဲဆိုတာ သိရဲ့လား" တဲ့။

ကျွန်တော့်ခမျာ ထုံးစံအတိုင်း ...

"အေး ... မင်းသိရင်လည်း စေ့စေ့စီးစီး ပြောပြ လိုက်ပေါ့ကွာ၊ သိရတာပေါ့"

"ကျွန်မတို့အိမ်နီးချင်း တရုတ်နိုင်ငံကတဲ့၊ နောင် လာမယ့် ၂၀၃၀ ခုနှစ်ကျရင် ကမ္ဘာကြီးကို ကုန်ထုတ် လုပ်မှုစွမ်းအားနဲ့ လွှမ်းမိုးမှာတဲ့၊ တစ်ကမ္ဘာလုံးမှာ တရုတ်ပြည်ကထုတ်တဲ့ ပစ္စည်းတွေနဲ့ လွှမ်းမိုးနိုင်ရ မယ်လို့ တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်တွေက ကြွေးကြော်ထားကြပြီရှင့်၊ ဒါကို သိရဲ့လား"

"ဟာ မသိရင်လည်း သဘောတော့ပေါက်ပါတယ် ကွ၊ ငါတို့အရင်တုန်းက ဒီထက်မွဲခဲ့တာပဲ၊ အဲ့ဒီအချိန် တုန်းကတောင် ဂျပန်ပစ္စည်းတွေ သုံးခဲ့ကြတာ၊ အခု တော့ တရုတ်ဆိုင်ကယ်၊ တရုတ် T.V ၊တရုတ်ကား၊ သူတို့တိုးတက်တာ ငါ့မျက်စိရှေ့တင်ပါကွာ။ မင်းပြော စရာမလိုပါဘူး။ ငါတို့ တစ်အိမ်လုံးလည်းကြည့် တရုတ်ပစ္စည်းတွေနဲ့ပြည့်နေပြီ၊ ပြည်တွင်းဖြစ်ပစ္စည်း ဆိုလို့ ထရံနဲ့ဝါးကပ်မိုးပဲရှိတော့တယ်"

"ဒီလိုဆိုတော့လည်း ရှင်က မြင်တတ်သားပဲ"

"အခုလို အိမ်နီးချင်းနိုင်ငံ ချမ်းသာလာတာ ကောင်းတာပေါ့ကွ၊ အချိန်မရွေး ပိုက်ဆံချေးနိုင်တာ ပေါ့၊ မင်းလည်း ခရမ်းချဉ်သီးဈေးခေါင်ခိုက်နေတဲ့ အချိန် အိမ်နီးချင်းဆီက တစ်လုံး၊ နှစ်လုံးစ ချေးနေ ကျပဲလေ၊ ပြီးတော့ ပြန်ဆပ်တာလည်း မဟုတ်ဘဲနဲ့"

"ရှင်နော် ဒီကအကောင်းပြောနေတာကို"

ဒီလိုပဲဗျ၊ သူက ... တစ်ရက်တော့ ပြောလာပြန် တယ်။

"ရှင်ဖတ်ပြီးပြီလား"

"ဘာဖတ်ရမှာတုံး"

"ကျွန်မတို့ အိမ်နီးချင်း အိန္ဒိယကလေ...၊ အာရှ ကျားဖြစ်နေပြီတဲ့၊ နျူကလီးယားဗုံးတွေတောင် စမ်းပြီးပြီ၊ ခရစ်နှစ် ၂၀၃၀ မှာ ဝန်ဆောင်မှုနဲ့ ကမ္ဘာကြီးကို လွှမ်းမိုးမှာတဲ့၊ သမ္မတပန်ချာကြီးက ကြွေးကြော်လိုက်ပြီ"

ကျွန်တော် သံသယဝင်စပြုပြီ။ သူက ကျွန်တော့် မယားလား၊ နိုင်ငံခြားရေးဝန်ကြီးလား၊ ကျွန်တော်က ပြန်ပြောလိုက်တယ် ...

"အိမ်နီးချင်း အိန္ဒိယ ချမ်းသာလာတော့ ပိုကောင်း တာပေါ့ကွာ၊ ငါတို့နိုင်ငံအတွက်ကောင်းတာပဲ၊ ဘေး နှစ်ဖက်မှာ ခနအင်အားရှင် ကျားကြီးနှစ်ကောင်၊ ဘယ် လောက်အားကိုးအားထားရှိလဲ၊ ဟိုကွာ ... ရှင်းရှင်း ဥပမာပေးရရင် ငါတို့အတွက်တော့ ချိုင်းထောက်နှစ် လက်ပေါ့ကွာ၊ ခြေကျိုးနေတဲ့ ငါတို့အတွက်တော့ ချိုင်း ကြားထဲညှပ် သူတို့အားကိုးပြီး လမ်းလျှောက်လိုက်ရုံပဲ"

"ရှင်နော် ရှင် ....၊ ဒီအသက်အရွယ်ကြီးရှိနေပြီ၊ အခုချိန်ထိ သူများအားကိုးတဲ့အကျင့်က မပျောက်နိုင် သေးဘူး။ ကိုယ့်ဦးနှောက်ကိုယ်သုံး၊ ကိုယ့်အားကိုယ် ကိုးစမ်းပါ။ အခု ကျွန်မတို့နိုင်ငံလည်း ဒီမိုကရေစီလမ်း ကြောင်းပေါ် လျှောက်လှမ်းနေပြီ။ နိုင်ငံခြားရင်းနှီးမြှုပ် နှံမှုတွေလည်း ဝင်လာမစဲ တသဲသဲပဲ။ ရှင်နဲ့ကျွန်မ လည်း ဒီအတိုင်း နေလို့မရတော့ဘူး။ တိုးတက်အောင် လုပ်ဆောင်နိုင်ရမယ်။ အရာရာတိုင်းကို ရည်ရွယ်ချက် ထားပြီး စီမံကိန်းနဲ့ စနစ်တကျဆောင်ရွက်နိုင်မှ တိုး တက်မှာရှင့် ... နားလည်လား"

"ဒီတော့ မင်းက ဘယ်လိုတိုးတက်ချင်တာလဲ၊ ဘာဖြစ်ချင်တာလဲ"

"ကျွန်မတို့လည်း နောင်လာမယ့် (၁၅) နှစ် အတွင်း ဘယ်အထိတိုးတက်ရမယ်ဆိုတဲ့ ရည်မှန်းချက် နဲ့ စီမံကိန်းတွေ စနစ်တကျချရေးရမယ်။ ပြီးတော့ အဲ့ဒီ အတိုင်း တစ်သွေမသိမ်း လုပ်ဆောင်နိုင်ရမယ် ... နား လည်လား။ ဟို ... တောင်သူလယ်သမားတွေ အကြွေး ကျေအောင် ထမင်းတစ်နပ်လျှော့စားသင့်တယ်ဆိုပြီး မှဆိုးမ ကြံရာမရဆိုသလိုတော့ မလုပ်နဲ့၊ စားလည်း စားရမယ်၊ အကြွေးလည်းကြေရမယ်၊ တိုးလည်းတိုး တက်ရမယ် ဟုတ်ပြီလား"

"ဟာကွာ မင်းကလည်း ဟုတ်မှလည်း လုပ်စမ်း ပါ"

"ဟုတ်တယ် ... ဟုတ်ကိုဟုတ်ရမယ် ကျွန်မ လည်း စီမံကိန်းချမယ်၊ ရှင်လည်း တစ်မှတ်အတွင်း

mgyoe.com

mgyoe.com

စီမံကိန်းချ၊ ဒါပဲ ..."

"ဒါပဲ ..." ဆိုတဲ့ဟာကြီးကို မလွန်ဆန်နိုင်တဲ့ အဆုံး ... တစ်အိမ်ထောင်တိုးတက်ရေး မဟာစီမံကိန်းကြီးကို ချဖို့ပြင်လိုက်ရတော့တယ်။

ကျွန်တော်တို့စီမံကိန်းကြီးက တစ်ပတ်အတွင်း မပြီးဘဲ ထုံးစံအတိုင်း သုံးပတ်မြောက်တဲ့အပတ်မှာတော့ အကောင်အထည်ပေါ်လာပြီ၊ နှစ်ဦးသား ခေါင်းချင်းဆိုင်ပြီး တစ်ဦးစီချမှတ်ထားတဲ့ စီမံကိန်းတွေကို အမြင်ချင်း ဖလှယ်ပြီပေါ့။ ကျွန်တော့်စီမံကိန်းက ဒီလို

**စားဝတ်နေရေးကဏ္ဍ –**

ထမင်းနပ်မှန်အောင် စားရမည်။ (ဆန်ပြုတ်ကို ဖျားနာတုန်းသာ မှီဝဲမည်။) အလှူမင်္ဂလာပွဲတွင် ဝတ်စုံများ မထပ်အောင် ဝတ်နိုင်ရမည်။ ကိုယ်ပိုင်သွပ်မိုးအိမ်ဖြစ်ရမည်။ မိုးဒဏ်လေဒဏ်နှင့် သဘာဝလျှော့ဒဏ်တို့ကို ကြံ့ကြံ့ခံနိုင်သော အိမ်ဖြစ်ရမည်။

**ပညာရေးကဏ္ဍ–**

သားသမီးများကို အစိုးရကျောင်းသာမက အတန်းပိုင်ဆရာမထံတွင် ကျူရှင်ထားနိုင်ရမည်။ သားသမီးတိုင်း (၁၀) တန်းအောင်မြင်၍ အဝေးသင် သို့မဟုတ် အနီးသင် 'ဒေး' ကျောင်းတက်နိုင်ရမည်။

**အလုပ်အကိုင်ကဏ္ဍ–**

သားသမီးတိုင်းကို အောင်မြင်သော ကျူရှင်ဆရာ၊ သို့မဟုတ် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် စီစဉ်ပေးရမည်။ ပွဲစားများ မဖြစ်စေရ။

**ပတ်ဝန်းကျင်ဆက်ဆံရေးကဏ္ဍ–**

ဘေးအိမ်က အကြွေးယူပြီးလျှင် ပြန်ဆပ်နိုင်သည့် ဘဏ္ဍာရေးတောင့်တင်းသော မိသားစုဖြစ်ရမည်။ အရေးကြီးလျှင် မိမိပစ္စည်းကို အပေါင်ခံထားနိုင်သည့် ခေတ်သစ်အနာထပိဏ်များ ဖြစ်ရမည်။

အင်မတန်တိကျ ထောင့်စေ့တဲ့ ကျွန်တော့်ရဲ့မဟာစီမံကိန်းကြီးကို ဖတ်ပြီး ကျွန်တော့်မိန်းမ ဝေဖန်လိုက်ပုံကတော့ "ဖြစ်ရလေ ကိုဘတင့်ရယ်၊ ရှင့်ရည်ရွယ်ချက်ကြီးက ပဲပြုတ်သည်မသန်းရဲ့ ရည်ရွယ်ချက်ထက်တောင် နိမ့်ကျနေသေးတယ် ဒီလောက်ပဲ တုံးရသလား" တဲ့။

သူ့ရည်မှန်းချက်စီမံကိန်းကြီးကို ဖတ်လိုက်ရတော့

**စားဝတ်နေရေးကဏ္ဍ–**

ရန်ကုန်မြို့ အင်းယားလမ်းတွင် ရေကူးကန်၊ ခြံဝင်း၊ ပန်းခြံပါသောအိမ်ဖြစ်ရမည်။ နိုင်ငံခြားသားများလာလျှင် ဒေါ်လာတစ်သောင်း ရရှိနိုင်ရမည်။ နိုင်ငံခြားတင်ပို့သော ပေါ်ဆန်းမွှေးရှယ်ဆန် (သီလရှင်လှူရန် သီးသန့်ဆန်) နှင့်အတူ အသားဟင်းမပြတ်မလပ် စားသုံးနိုင်ရမည်။ အလှူမင်္ဂလာတွင် ဝတ်စုံသစ်များသာမက စိန်ရွှေရတနာအထည်များကို ထည်လဲဝတ်ဆင်နိုင်ရမည်။

**ပညာရေးကဏ္ဍ–**

နိုင်ငံခြားက လာရောက်ဖွင့်လှစ်ထားသော ကျောင်းကြီးတွေမှာ အင်္ဂလိပ်ပညာသင်ပေးနိုင်ရမည်။ (မြန်မာစာကို နောင်တစ်ချိန်တွင် သီးသန့်ကျူရှင်ဆရာဖြင့် သင်ကြားပေးမည်။) နိုင်ငံခြားတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရယူနိုင်ရမည်။

**အလုပ်အကိုင်ကဏ္ဍ–**

နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် ဆက်နွှယ်၍ ကိုယ်ပိုင်ကုမ္ပဏီလုပ်ငန်း လုပ်ကိုင်ရမည်။ Multi international ကုမ္ပဏီလုပ်ငန်းဖြစ်ရမည်။ နိုင်ငံခြားဘဏ်တွင် ဒေါ်လာနှင့် Account ဖွင့်နိုင်ရမည်။

**ပတ်ဝန်းကျင်ဆက်ဆံရေးကဏ္ဍ–**

အာဆီယံနိုင်ငံများသာမက EU နိုင်ငံများထိ အလည်အပတ်သွားနိုင်ရမည်။ အာဆီယံနိုင်ငံများ လူနေမှုအဆင့်နှင့် တန်းတူ နေထိုင်နိုင်ရမည်။

ကျွန်တော့်မိန်းမရဲ့စီမံကိန်းတွေရှေ့မှာတော့ ကျွန်တော့်စီမံကိန်းတွေက နံ့သာဆီနဲ့အီးလို ကွာခြားနေပါလား။ ကျွန်တော်က မကျေမနပ်နဲ့ "ဟဲ့ ... မိန်းမ ... နင့်ဟာက မကြီးကျယ်လွန်းဘူးလား၊ ငါတို့လုပ်နိုင်ပါ့မလား"

"အို ... လုပ်နိုင်ရမှာပေါ့၊ နိုင်ငံတော်ကလည်း အလုပ်အကိုင်တွေ လုပ်ဖို့ ကူညီပံ့ပိုးမှာပဲလေ။ သူများနိုင်ငံတွေကတောင် အလုပ်လုပ်တဲ့လူတိုင်းကို အစိုးရက ကူညီပံ့ပိုးပေးတယ်။ ကျွန်မတို့လည်း လုပ်နိုင်ရမှာပေါ့။

အဲ့ဒီညက အတော်ညဉ့်နက်မှအိပ်ဖြစ်ကြတယ်။ ကျွန်တော်က စီမံကိန်းတွေစဉ်းစားရင်း အတော်နဲ့အိပ်မပျော်ဘူး။ မိန်းမကတော့ ဟောက်နေပြီ။ ရုတ်တရက်

mgyoe.com

သူ လန့်အော်တော့တယ်။

"အမလေး ... ကယ်ကြပါဦး ... ကျွန်မခြေထောက်ကို ဆွဲနေပြီ။ ကြိုးတွေနဲ့တုပ်နေပြီ ... ဟော ... ဟော ဓားမြှောင်တွေနဲ့ ထိုးနေပြီ ... အမလေး ... ကြောက်ပါပြီ၊ မလုပ်ကြပါနဲ့ ..."

ကျွန်တော်လည်း လန့်ဖျပ်ပြီး မိန်းမကို နှိုးလိုက်တယ်။ တော်တော်နဲ့ နှိုးလို့မရဘူး။ အော်နေတယ် ... ရေတစ်ခွက်ခပ်ပြီး နှပ်လိုက်တော့မှ သတိဝင်လာတယ် ထင်ပါရဲ့။ ထထိုင်ပြီး ငူငူကြီးလုပ်နေတယ်။ ဘာဖြစ်တာလဲလို့ မေးတော့ ဘာမှပြန်မပြောဘူး။ အတော်လေးကို ချော့မော့သိပ်လိုက်ရတယ်။ သုံးရက်မြောက်နေ့ ကျွန်တော်က အတင်းမေးတော့မှ သူက ပြန်ဖြေတယ်။

"အဲ့ဒီနေ့က ကျွန်မအိပ်မက်မက်တယ် ... အိပ်မက်ထဲမှာ ကျွန်မတို့ ပြည်သူတွေက စနစ်ဟောင်းကနေ စနစ်သစ် နှစ်ဆယ့်တစ်ရာစု အောင်မြင်မှုပန်းတိုင်ဆီကို ချီတက်ခဲ့ကြတယ်။ စနစ်ဟောင်းနဲ့ စနစ်သစ်ကြားမှာ တံတားကလေးတစ်ခုရှိတယ်။ ကျွန်မတို့ အဲ့ဒီတံတားပေါ်လည်းရောက်ရော စနစ်ဟောင်းဘက်က လူတစ်စုထွက်လာတယ်။ တုတ်တွေ၊ လှံတွေ၊ ဓားတွေနဲ့ပေါ့။

"ကျွန်မတို့ကို ခြေထောက်ဆွဲသူကဆွဲ၊ ကြိုးတုပ်တဲ့သူတွေကတုပ်၊ ဓားနဲ့ထိုးတဲ့သူတွေကထိုး၊ ကြောက်လိုက်တာရှင်ရယ်။ ခုချိန်ထိ ရင်တွေတုန်နေတယ်၊ ကျွန်မကို လူတစ်ယောက်က ခြေထောက်ဆွဲပြီး ရေထဲပစ်ချမယ်လုပ်တုန်း ရှင်က နှိုးလိုက်တာ"

"နေပါဦး၊ အဲ့ဒီလူတွေက ဘယ်သူတွေလဲ ... မမှတ်မိဘူးလား"

"မျက်နှာဖုံးစွပ်ထားကြတာရှင့်၊ တစ်ယောက်မှ မမှတ်မိဘူး။ အဲ ... သူတို့တစ်ဦးချင်း ဝတ်ထားတဲ့ ဂျာစီမှာ ရေးထားတဲ့ စာတန်းတွေကိုတော့ မှတ်မိတယ်"

"ဘာတဲ့လဲ"

လာဘ်ပေးလာဘ်ယူ၊ ကုန်ဈေးနှုန်း၊ ရေသာခို၊ ကော်မရှင်၊ ကန်ထရိုက်၊ အတုအပ အစုံပါပဲရှင်။ အိပ်မက် မက်ပြီးကတည်းက ကျွန်မရဲ့စိမ်ကိန်းကြီးတွေကလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တော့တာပါပဲ။ ကျွန်မလည်း မတိုးတက်ချင်တော့ပါဘူး"

"အဲဒါပြောတာပေါ့ကွ မိန်းမရ၊ မင်း ဂျာနယ်တွေကို ချိုင်းကြားမညှပ်လာပါနဲ့လို့၊ အဲ့ဒါဂျာနယ်ဖီဗာလို့ ခေါ်တယ် မှတ်ထား"

[Treasure Land မဂ္ဂဇင်း၊ ဇန်နဝါရီ ၂၀၁၄]

mgyoe.com

mgyoe.com

# အဆိပ်သင့် ဈာပန

ငြိမ်းမြင့်အောင်(ချောက်)

(၁)

ဒီကနေ့ ဆန်ကုန်သည်ကြီး ဦးကျော်ရှင်းရဲ့ ဈာပနမြေချမယ့်နေ့ဆိုတော့ ဦးကျော်ရှင်းရဲ့ အိမ်ဝိုင်းထဲမှာ အသုဘမေးသူ၊ လိုက်ပါပို့ဆောင်မယ့်သူတွေနဲ့ စည်ကားနေတာပေါ့။ သူ့တပည့်ရင်းဖြစ်တဲ့ ကိုအောင်ခင်ဆိုရင် နည်းနည်းလေးမှကို နားနားနေနေ မနေရဘူး။ အသုဘမေးသူ၊ ပို့ဆောင်မယ့်သူတွေအတွက် ရေနွေး၊ လက်ဖက်၊ဆေးလိပ်ကို လိုအပ်မှုမရှိအောင် လိုက်လံဖြည့်ဆည်းဧည့်ခံပေးနေရတာ။ ဒီကြားထဲ မျက်နှာကြီးမျိုးဆိုတော့ ဈာပနကို စည်ကားသိုက်မြိုက်အောင် ကျန်ရစ်သူ မိသားစုက အသုဘတီးဝိုင်းပါ ငှားထားသေးတော့ လေးနာရီမှ ချမယ့် အသုဘအိမ်ကို တီးဝိုင်းက နှစ်နာရီလောက်ကတည်းက ရောက်နေတာ။ တီးဝိုင်းသမားတွေအတွက် အရိပ်ကောင်းတဲ့နေရာမှာ ဖျာခင်းပေးရတာတစ်မျိုး၊ လက်ဖက်၊ ကွမ်း၊ ဆေးလိပ်၊ ရေနွေးကို ပြည့်စုံအောင် စီမံပေးရတာက တစ်မျိုးနဲ့ ကိုအောင်ခင်တစ်ယောက် ဖတ်ဖတ်ကိုမောရောပဲ။

ဒီအထဲမှာမှ အံလုပ်လုပ်ရတာထက် ပိုမောစရာကောင်းတဲ့ ကိစ္စတစ်ခုကို ကိုအောင်ခင်ကြုံတွေ့လိုက်ရတယ်။ အဲဒါက ဘာလဲဆိုတော့ အသုဘတီးဝိုင်းထဲမှာ လင်းကွင်းတီးတဲ့ ကောင်လေးတစ်ယောက်ကို ကိုအောင်ခင်တွေ့လိုက်ရလို့ပဲ။ ကိုအောင်ခင်မှာ ဘာလုပ်လို့ လုပ်ရမှန်းကို မသိဘူး။ အစပထမတော့ ကိုအောင်ခင် အဲဒီကောင်လေးကို တွေ့ဖူးမြင်ဖူးပါတယ်လို့ အမျိုးမျိုးစဉ်းစားပြီး တွေးတောနေခဲ့တာ။ လက်စသတ်တော့ အခုသေဆုံးသွားတဲ့ သူ့ဆရာရဲ့ မဟာရန်သူလေးဖြစ်နေတော့တာကိုး။ အဲဒီကောင်လေး အသုဘတီးဝိုင်းထဲ ဘယ်လိုက ဘယ်လိုရောက်နေမှန်းကို ကိုအောင်ခင်စဉ်းစားလို့မရဘူး။ ကိုအောင်ခင် စဉ်းစားလို့ရတာက သူ့ဆရာဦးကျော်ရှင်းနဲ့ အဲဒီကောင်လေးရဲ့အဖြစ်အပျက်ကိုပဲ သတိရမှတ်မိလိုက်တာပါ။ မမှတ်မိချင်လို့လည်း မဖြစ်ဘူးလေ။ အဲဒီအဖြစ်အပျက်ထဲမှာ သူကိုယ်တိုင်ကလည်း တစ်ထောင့်တစ်နေရာကနေ ကိုယ်တိုင်ကိုယ်ကျပါဝင်ပတ်သက်ခဲ့ဖူးတာကိုး။

* *

ဦးကျော်ရှင်းက ဆန်ကုန်သည်ကြီးပီပီ အင်မတန်ချမ်းသာတဲ့လူတစ်ယောက်ပါ။ ပွဲစားတန်းမှာ ကြီးမားတဲ့ ဂိုဒေါင်ကြီးဆောက်ပြီး ဆန်ကို လက်လီလက်ကားရောင်းဝယ်ဖောက်ကားတယ်။ သူ့မှာ သားသုံးယောက်။ သမီးနှစ်ယောက် ရှိတယ်။ သူ့ဇနီးကတော့ အဲဒီငါးယောက်ကို မွေးပြီး ဆုံးပါးသွားတာလေ။ တိုင်ပင်ဖော်တိုင်ပင်ဖက်ဆိုလို့ အသက် ၇၀ ကျော်နေပြီဖြစ်တဲ့ သူ့မိခင်ကိုပဲ အားကိုးအားထားပြုနေရတာ။

mgyoe.com

ကိုအောင်ခင်က နဂိုကတည်းက ဦးကျော်ရှင်းတို့ ပွဲရုံမှာ ကုန်ထမ်းနေတဲ့ အလုပ်သမားပါ။ နောက်မှ တာဝန်သိတတ်မှု၊ ရိုကျိုးမှုကို သဘောကျပြီး ဦးကျော်ရှင်းက တပည့်ရင်းအဖြစ် သီးသန့်မွေးထားလိုက်တာ။ ဒါကြောင့်လည်း ဦးကျော်ရှင်း မြို့ထဲကပွဲရုံမှာ သူ့သားသမီးတွေနဲ့ အတူ မနေဘဲ တိုးချဲ့မြို့သစ်မှာ အိမ်ဝိုင်းဝယ်ပြီး ပြောင်းနေတော့ သူ့အမေနဲ့ သူ့တပည့်ရင်း ကိုအောင်ခင်တို့ မိသားစုကိုပါ တစ်ပါတည်း ခေါ်ပြီးနေတယ်။ ကိုအောင်ခင်မှာက ဇနီးနဲ့သားသမီးသုံးယောက်ဆိုတော့ ပေါင်း မိသားစုငါးယောက်ရှိတယ်။ အဲဒီငါးယောက်စလုံးကိုပဲ ဦးကျော်ရှင်းက တာဝန်ယူကျွေးမွေးထားပြီး သူ့အိမ်ရဲ့ လိုအပ်ချက်တွေနဲ့ သူ့ရဲ့ဗာဟီရကိစ္စတွေကို ဆောင်ရွက်ခိုင်းထားတယ်။

တကယ်တော့ ဦးကျော်ရှင်း မြို့ထဲကပွဲရုံမှာ သူ့မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း မနေတာ အကြောင်းမဲ့မဟုတ်ဘူး။ ဒါကိုလည်း သူ့မိသားစုနဲ့ ကိုအောင်ခင်အပြင် အဘယ်သူတစ်ဦးတစ်ယောက်မှ မသိဘူး။ ယုတ်စွအဆုံး ကိုအောင်ခင့်မိသားစုတောင် အရိပ်အမြွက်လောက်ပဲ သိတယ်။ ကိုအောင်ခင်က အဲဒီလောက်အထိ ယုံကြည်စိတ်ချရတဲ့ လက်ရင်းတပည့်ပေါ့။ ဒါကြောင့်လည်း ဦးကျော်ရှင်းက ကိုအောင်ခင်ကို သူ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စမှန်သမျှ ဘာမှ ဖုံးကွယ်မထားဘဲ အားလုံးဖွင့်ဟပြောပြပြီး လိုအပ်မှုမှန်သမျှကို ကိုအောင်ခင်ကိုပဲ ခိုင်းစေတယ်။

လူမှာ အကြောက်တစ်မျိုးစီနဲ့ ရွံရှာမှုတစ်မျိုးစီရှိကြတာပဲ မဟုတ်လား။ တချို့က မြွေကိုကြောက်တယ်။ တချို့က တီကောင်၊ တချို့က ကင်းမလက်မည်း၊ ကင်းခြေများ အစရှိသဖြင့် ကိုယ်စီကိုယ်င ကြောက်ရွံ့မုန်းတီးတတ်တဲ့အထဲမှာ ဦးကျော်ရှင်းကတော့ တစ်မျိုးတစ်ဘာသာ ဆန်းတယ်။ သူကြောက်တာ မြွေလည်းမဟုတ်၊ ကင်းလည်းမဟုတ်၊ နောက်ဆုံး တောတောင်ထဲက ကျားတို့၊ ဆင်တို့တောင် ကြောက်ချင်မှကြောက်မယ်။ ကြောက်မယ့်ကြောက်တော့လည်း လူတွေနဲ့ လက်ပွန်းတတီးနေတတ်တဲ့ခွေးကို ကြောက်တယ်တဲ့လေ။ အထူးသဖြင့် ညအမှောင်တို့၊ သန်းခေါင်ယံတို့မှာ ခွေးအူသံကြားရင် သူ ဘယ်လိုမှ နားမခံသာဘူး။

စိတ်က ဂနာမငြိမ်ဖြစ်ပြီး ဖောက်ပြန်လာတဲ့ အရူးတစ်ယောက်လိုပဲ တစ်ယောက်တည်း ယောက်ယက်ခတ်နေတော့တာ။ ဒါကို သူ့မိသားစုပြောပြမှ ကိုအောင်ခင်သိရတာ။ သဘောကတော့ လူယုံတစ်ယောက်ကို ဖွင့်ပြောပြီး အကူအညီတောင်းတဲ့သဘောပါပဲ။

မြို့ထဲမှာနေတုန်းကဆို ညညခွေးအူသံကြားပြီဆိုရင် ကိုအောင်ခင်မှာ ကောင်းကောင်းမွန်မွန် မအိပ်ရဘူး။ သူ့ဆရာအိပ်တဲ့အပေါ်ထပ်ကို ပြေးတက်ပြီး အဖော်လုပ်စောင့်ကြပ်နေရတာပေါ့။ ဒါတောင် အပေါ်ထပ်တစ်ထပ်လုံး မှန်အလုံပိတ်ထားပြီး အဲယားကွန်းဖွင့်နေတာနော်။ ဒီကြားထဲကကို ခွေးအူသံက ဘယ်အပေါက်၊ ဘယ်ကြားက ဝင်ဝင်လာမှန်း မသိဘူး။ တိုးတိုးသဲ့သဲ့တော့ ကြားရတာပဲ။ ဦးကျော်ရှင်းမိခင်ကတော့ ပြောပါတယ်။ အဲဒီကိစ္စက သူ့သားငယ်ငယ်ကတည်းက ကြောက်ရွံ့ထိတ်လန့်တတ်တဲ့ရောဂါတစ်မျိုးတဲ့။ ဒါကြောင့်လည်း မြို့လယ်ကောင်မှာမနေဘဲ တိတ်ဆိတ်ငြိမ်သက်တဲ့ တိုးချဲ့မြို့သစ်ကို ပြောင်းရွှေ့လာတယ်လို့ ပြောရမှာပေါ့။ ဘာလို့လဲဆိုတော့ မြို့ထဲမှာက ဈေးနဲ့နီးကပ်နေတာမို့ အိမ်တိုင်းမှာ ခွေးမွေးတဲ့သူတွေရှိသလို ပိုင်ရှင်မဲ့ ဈေးခွေးတွေကလည်း ပေါဆိုတော့ ဦးကျော်ရှင်းအတွက် နေရေးထိုင်ရေးက သိပ်မှ အဆင်မပြေတာ။

ပြဿနာက အဲဒီက စတာပဲလို့ ပြောရမှာပေါ့။ ကိုအောင်ခင် ကောင်းကောင်းမှတ်မိနေတယ်။ အစပထမပိုင်းကတော့ တိုးချဲ့မြို့သစ်မှာ လူနေအိမ်ကလည်းနည်း၊ မြို့ရဲ့တောင်ထိပ်ကုန်းပေါ်ဖြစ်တာကတစ်ကြောင်းဆိုတော့ လေကောင်းလေသန့်ရပြီး သိပ်ကိုနေလို့ကောင်းတဲ့ ဆိတ်ငြိမ်ရပ်ကွက်ပါ။ နောက်တော့ အဲဒီလို မဟုတ်တော့ဘူး။ မြို့ရဲ့ စီမံကိန်းအရ အစိုးရနယ်ပယ်နဲ့ မလွတ်ကင်းတဲ့ အိမ်ထောင်စုတွေကို တိုးချဲ့မှာ မြေကွက်ချပြီး ပို့ပေးလိုက်တော့ ဟော…ချက်ချင်းကို စည်းကားလာရော။ အိမ်သေးသေးလေးတွေရော၊ ကြီးကြီးတွေရော စားသောက်ဆိုင်တွေရော၊ ကာရာအိုကေတွေရော စုံတကာစေ့အောင်ကို စည်ကားသိုက်မြိုက်လာတော့တာ။

ဒါကိုလည်း ဦးကျော်ရှင်းက သိပ်တော့ အလိုမကျမဖြစ်ပါဘူး။ သူက ချမ်းသာတဲ့ လူကြီးလူကောင်းဆို

mgyoe.com

mgyoe.com

တော့ ကိုယ့်ခြံ၊ ကိုယ့်ဝိုင်းနဲ့ သီးသီးသန့်သန့်နေပြီး ရပ်ကွက်အဖွဲ့ဝင်လူကြီးတွေနဲ့ အားလုံးကို လိုက်လျောညီထွေအောင် ပေါင်းပါတယ်။ သာရေးပဲဖြစ်ဖြစ်၊ နာရေးပဲဖြစ်ဖြစ် လူကိုယ်တိုင် လိုက်ပါမဆောင်ရွက်နိုင်ပေမဲ့ ငွေရေးကြေးရေးအရတော့ ရက်ရက်ရောရော လှူဒါန်းပါတယ်။ ဒါကြောင့်လည်း ဦးကျော်ရှင်းကို ရပ်ကွက်က လူကြီးလူကောင်းတစ်ယောက်အနေနဲ့ အလေးပေးဆက်ဆံကြပါတယ်။

ဦးကျော်ရှင်းမှာ အကျင့်တစ်ခုတော့ ရှိတယ်။ ဒါက ဘာလဲဆိုတော့ မနက် ၅ နာရီဆို ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်တဲ့အကျင့်ပဲ။ တောင်ကုန်းပေါ်က ရပ်ကွက်ကလေးဆိုတော့ မနက်စောစော လေကောင်းလေသန့်ရလို့ လမ်းလျှောက်လို့ သိပ်ကောင်းပါတယ်။ ဦးကျော်ရှင်းလမ်းလျှောက်ထွက်တဲ့အခါတိုင်းလည်း ကိုအောင်ခင်က သူ့ဆရာနဲ့အတူ အမြဲတမ်းလိုက်ရတယ်။ လမ်းလျှောက်က ပြန်လာပြီဆိုရင် နေက တော်တော်မြင့်နေပြီ။ အဲဒီမှာ ဆရာတပည့်နှစ်ယောက် မောကလည်းမော၊ ဗိုက်ကလည်းဆာနဲ့ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး စားသောက်ရင်းနဲ့ ဦးကျော်ရှင်းက ရပ်ကွက်ထဲက တွေ့လေရာ လူကြီးမင်းတွေနဲ့ စကားဖောင်ဖွဲ့တော့တာပဲ။ ပြီးမှ သူနေအိမ်ကို ပြန်တာ။ အဲဒါ နိစ္စဓူဝပဲလေ။

တစ်နေ့တော့ အဲဒီလို မနက် ၅ နာရီလောက် လမ်းထအလျှောက်မှာ ပြဿနာတစ်ခုနဲ့ ကြုံရတော့တာပဲ။ အဲဒါက ဘာလဲဆိုတော့ သူ့အိမ်နဲ့ သိပ်မလှမ်းမကမ်းနေရာမှာ ရေအိုးမရှိတဲ့ ရေအိုးစင်ပျက်တစ်ခုရှိတယ်။ အဲဒီရေအိုးစင်ထဲမှာ ကောင်လေးတစ်ယောက် ကွေးကွေးလေးအိပ်နေတယ်။ ကောင်လေးအိပ်နေတာက ဦးကျော်ရှင်းအတွက် သိပ်အရေးမကြီးပေမဲ့ အဲဒီရေအိုးစင်ရဲ့ ပတ်လည်မှာ ဝပ်နေကြတဲ့ ခွေးလေးငါးကောင်ကတော့ ဦးကျော်ရှင်းအတွက် စိတ်အနှောင့်အယှက် ဖြစ်သွားတယ်။

ဦးကျော်ရှင်းဆို မြင်လိုက်ကတည်းက ခြေလှမ်းတွေတောင် တုံ့ခနဲဖြစ်သွားတယ်။ တံတွေးတစ်လုတ်ကို ခက်ခက်ခဲခဲမျိုချပြီးတော့လည်း သူ့တပည့်ကိုအောင်ခင့်မျက်နှာကို စွေစောင်းကြည့်တယ်။ ကိုအောင်ခင်က သိတယ်၊ မြင်တယ်သဘောနဲ့ သူ့ဆရာကို အဲဒီခွေးတွေ ဝပ်နေတဲ့ ရေအိုးစင်လေးရဲ့ တစ်ဖက် ကားလမ်းဘေးကို တွဲခေါ်လို့ ဆက်ပြီးလျှောက်ကြတယ်။ ဦးကျော်ရှင်းမျက်နှာ အရင်နေ့တွေကလို မကြည်လင်တော့ဘူး။ ပါးစပ်ကလည်း "ဒီကောင် ဘယ်ကရောက်လာတာလဲ။ ဘယ်ကကောင်လဲ"ဆိုတဲ့ စကားကို တတွတ်တွတ်ရွတ်ပြီး သူ့မှာ အော့ချင်အန်ချင်တဲ့ မျက်နှာကြီးနဲ့ မနက်စောစောစီးစီး နဖူးပေါ်မှာ ချွေးတွေပြန်နေတယ်။ အဲဒီနေ့က တောင်ပေါ်ကနေ တောင်အောက်အထိ လမ်းမလျှောက်တော့ဘူး။ လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်ပြီး "ဒီအတိုင်းထားလို့တော့ မဖြစ်ဘူး။ ဖြစ်ကိုမဖြစ်ဘူး"လို့ ကိုအောင်ခင်ကို တိုင်ပင်သလို၊ အသိပေးသလို ရွတ်ဆိုနေပြန်တယ်။ အစားအသောက်လည်း အရင်နေ့တွေကလို ဟုတ်တိပတ်တိ မစားဘူး။ နောက်သိပ်မကြာခင်မှာပဲ သူ့ရဲ့စကားပြောဖော် ရ.ယ.က အဖွဲ့ဝင်တွေ ရောက်လာတော့မှ ဦးကျော်ရှင်းမျက်နှာ နည်းနည်းကြည်လင်သွားပြီး ရယ်ရယ်မောမော စကားစမြည်ပြောဆိုနိုင်တယ်။ ဒါပေမဲ့ တပည့်ရင်းဖြစ်တဲ့ ကိုအောင်ခင်ကတော့ သူ့ဆရာရဲ့အတွင်းစိတ်ကို သိထားတဲ့သူဆိုတော့ သူ့ဆရာရဲ့ ဦးနှောက်ထဲမှာ ဘယ်လိုစိတ်ကူးတွေ တွေးဆပြီး ဘယ်ခလုတ်ကို ဘယ်လိုရှင်းရမယ်ဆိုတာ အကွက်ချစီမံနေမှန်း သိပါတယ်။

ကိုအောင်ခင် ခန့်မှန်းထားသလိုပါပဲ။ ရပ်ကွက်ထဲက ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်လေး၊ ငါးဦး ဆုံလာတော့ သူ့ဆရာ ဦးကျော်ရှင်းက သူ့ရင်ထဲက ခလုတ်ကို စဖြုတ်တယ်။

"ဒါနဲ့ နေပါဦး၊ ဥက္ကဋ္ဌကြီးရဲ့၊ ကျွန်တော့်အိမ်နဲ့ မနီးမဝေး ရေအိုးစင်လေးထဲမှာ ဒီမနက် လမ်းလျှောက်ထွက်လာရင်းနဲ့ ကောင်လေးတစ်ယောက်ကို ခွေးလေးငါးကောင်လောက်နဲ့ တွေ့ခဲ့တယ်။ အဲဒီကောင်လေးနဲ့ အဲဒီခွေးတွေက ဘယ်ကလာတာတုံး"

ဦးကျော်ရှင်းစကားအဆုံးမှာ ရပ်ကွက်ဥက္ကဋ္ဌ နည်းနည်းတော့ စဉ်းစားသလို လုပ်နေသေးတယ်။ နောက်မှ သတိရမှတ်မိလိုက်တဲ့ ပုံသဏ္ဌာန်မျိုးနဲ့ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး...

"အင်း၊ ဘယ်ကရယ်လို့တော့ ကျွန်တော်တို့လည်း မသိပါဘူး ပွဲစားကြီးရယ်၊ ရောက်နေတာကတော့ လေး၊

ငါးရက်လောက်ရှိပြီ။ နာမည်မေးကြည့်တော့လည်း သူ့နာမည်တောင် သူကိုယ်တိုင် သိပုံမရဘူး။ ဒါကြောင့် ကျွန်တော်တို့က ကောင်လေးလို့ပဲ လွယ်လွယ်ခေါ်လိုက်ကြတာ။ ကောင်လေးက ညနေ ၆ နာရီလောက်ဆို အဲဒီခွေးတစ်အုပ်နဲ့ရောက်လာပြီး မနက် ၅ နာရီလောက်မြို့ထဲပြန်ဆင်းသွားတာပဲ။ ပလတ်စတစ်တို့၊ ဘူးခွံတို့ကောက်ပြီး စားသောက်နေတယ်ထင်ပါတယ်။ ကျွန်တော်တို့ကလည်း ကိုယ့်ရပ်ကွက်ထဲမှာ ဘာအနှောင့်အယှက်မှမပေးတော့ ဩော် ... သူလည်း နေစရာမရှိလို့ပါလေဆိုပြီး သနားလို့ ဒီအတိုင်း ကြည့်နေလိုက်တာ။ မနေ့ညကတောင် အိမ်မှာ ထမင်း၊ ဟင်းတွေပိုနေလို့ ကြွပ်ကြွပ်အိတ်ထဲထည့်ပြီး သွားပေးလိုက်သေးတယ်"

"ဩော်...သာဓုပါဗျာ...သာဓုပါ...သာဓုပါ"

ဥက္ကဋ္ဌ စကားပြောအပြီးမှာ ဦးကျော်ရှင်းက သာဓုခေါ်တယ်။ ဒါပေမဲ့ သူခေါ်ဆိုတဲ့ သာဓုအသံက သိပ်အသက်မပါမှန်း ကိုအောင်ခင် သိတယ်။ အသံကို သေသေချာချာ နားထောင်တတ်တဲ့သူဆိုရင် ထေ့သလိုလို ငေါ့သလိုလို အသံမျိုးမှန်းလည်း သိသာပါတယ်။ ဦးကျော်ရှင်းက ခဏတဖြုတ်စဉ်းစားသလိုလုပ်နေပြီးမှ တစ်ခုခုကို သတိရသွားတဲ့ပုံစံမျိုးနဲ့ ...

"အေးဗျာ...ဥက္ကဋ္ဌ၊ ကျွန်တော်တောင် အတော်စောစောကတည်းက အဲဒီရေအိုးစင်ပျက်ကိုပြင်ပြီး ရေအိုးရေခွက်အပြည့်အစုံနဲ့ ထားရရင်ကောင်းမှာပဲလို့ စိတ်ကူးနေတာဗျ။ အခု ဒီကောင်လေးက ဒီရေအိုးစင်ထဲမှာ အိပ်နေတော့ အခက်သားဗျာ"လို့ ရပ်ကွက်ဥက္ကဋ္ဌကို ဦးကျော်ရှင်းက စကားတောက်တယ်။ ကိုအောင်ခင်ကသိပါတယ်။ သူ့ဆရာရဲ့ စကားအသွားအလာကို။ တကယ်ဆို သူ့အိမ်နဲ့ မနီးမဝေးမှာ လာနေတဲ့ အဲဒီကောင်လေးနဲ့ ခွေးတွေကို နေရာပြောင်းပစ်ချင်လို့ တမင်လုပ်ကြံဖန်တီးနေတယ်ဆိုတာ။ ဥက္ကဋ္ဌက ပြန်ပြောတယ်။

"သိပ်ကောင်းတာပေါ့ ပွဲစားကြီးရာ၊ ရပ်ကွက်ထဲက ရေအိုးစင်လေးလည်း ပြန်လည်ကောင်းမွန်လာတော့ အများသူငါလည်း သောက်သုံးလို့ရတာပေါ့။ ရေအကျိုးဆယ်ပါးလို့တောင် ဘုရားဟော တရားမှာ အတိအလင်းဆိုထားတာပဲ။ ကောင်လေးအနေနဲ့တော့ ရေအိုးစင်လေးထဲမှာ အိပ်ခွင့်မရလည်း ပွဲစားကြီးတို့ အိမ်ဘေးနားက ရေကျော်မြောင်းအုတ်ခုံပေါ်မှာ အိပ်ရင်လည်းဖြစ်တာပါပဲ။ အင်း...မိုးလေရွာရင်တော့ တစ်မျိုးပေါ့လေ"တဲ့။

ဦးကျော်ရှင်း မျက်ခုံးတွန့်သွားတယ်။ ရင်ထဲမှာလည်း ထိတ်ခနဲ ဖြစ်သွားမှာပေါ့။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးခါမှ ဆေးအတွက်လေးဆိုတာမျိုးလို ဖြစ်နေ တော့ ဦးကျော်ရှင်းက သူ့တပည့်ကိုအောင်ခင့်မျက်နှာ ကို စောင်းငဲ့ကြည့်တယ်။ ပြီးမှ ဘာမှအမှုမထားသလို ဟန်မျိုးနဲ့...

"အေးဗျာ၊ ဒီကိစ္စ နောက်မှ စဉ်းစားကြသေးတာပေါ့"လို့ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေကို စကားဖြတ်ပြီး ဆရာတပည့်နှစ်ယောက် လက်ဖက်ရည်ဆိုင်ကနေ ထပြန်ခဲ့ကြတယ်။ သူတို့ပြန်လာတော့ ရေအိုးစင်ပျက်ထဲမှာ ကောင်လေးနဲ့ သူ့ခွေးတစ်သိုက်ကို မတွေ့ရတော့ဘူး။ ဘယ်လမ်းက ဘယ်လိုထွက်ခွာသွားသလဲတော့ မသိဘူး။ ကိုအောင်ခင်သိတာက သူ့ဆရာဦးကျော်ရှင်းက အဲဒီရေအိုးစင်ပျက်ကို ရန်သူတစ်ယောက်လို စူးစူးဝါးဝါးကြည့်နေတာပဲ။

* *

အရင်နေ့တွေက အမှုမဲ့အမှတ်မဲ့နဲ့ နေခဲ့တာ ကြောင့် ဘာမှမကြားရတာလားတော့မသိဘူး။ အဲဒီ နေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် မနက် ၁ နာရီခွဲ၊ ၂ နာရီ လောက်မှာ အဲဒီကောင်လေးရဲ့ ခွေးတွေက ထအူကြ တယ်။ အူတာမှ ပျင်းပျင်းတွဲ့တွဲ့လေးလေးပင်နဲ့ကို အသံရှည်ဆွဲပြီး အူကြတာ။ ကောင်လေးရဲ့ ခွေးတွေ အူတော့ ရပ်ကွက်ထဲမှာ မွေးထားတဲ့ ခွေးတွေကလည်း ဘာမှန်းညာမှန်းမသိဘဲ ထအူကြတယ်။ တစ်ရပ်ကွက်လုံးကို ဆူညံနေတာပဲ။

ကိုအောင်ခင်လည်း ခွေးအူသံကြားကြားချင်း ခြံထဲမှာ သူတို့မိသားစုအတွက် ဆောက်ပေးထားတဲ့ တဲအိမ်လေးထဲကနေ ပြေးထွက်လို့ သူ့ဆရာရှိတဲ့ နှစ်ထပ်တိုက်ပေါ်ကို ပြေးတက်ရတာပေါ့။ တိုက်အပေါ်ထပ်ရောက်တော့ သူ့ဆရာမှာ ချွေးပြန်နေပြီ။ ဂနာမငြိမ်

mgyoe.com

mgyoe.com

တော့ဘူး။ မြို့ထဲက ပွဲရုံမှာလို အသံလုံမှန်ခန်းတွေ တပ်မထားတော့ တံခါးချပ်တွ ဘယ်လောက်ပိတ်ထားထား ခွေးအူသံတွေကတော့ အတိုင်းသားကြားနေရတာပဲ။ ကိုအောင်ခင်မှ မဟုတ်ဘူး။ အသက် ၇၀ ကျော် သူ့အမေလည်း သူ့သားအကြောင်းသိလို့ သူ့သားအခန်းကို ထလာတာပဲ။ နောက် ကိုအောင်ခင်မသိတဲ့ ဗမာဆေးလို ဆေးမှုန့်တစ်မျိုးကို ရေနဲ့ဖျော်ပြီး သူ့သားကို တိုက်တယ်။ ပြီးမှ အသက် ၅၀ ကျော်သားကို အသက် ၇၀ ကျော်မိခင်က ရင်ခွင်ထဲ ပွေ့ဖက်ထားပြီး ချွေးသုတ်ပေး၊ ယပ်ခတ်ပေးတယ်။ အဲဒီလိုအခြေအနေမျိုးမှာ ကိုအောင်ခင်က သူ့ဆရာရဲ့လိုအပ်မှုကို လုပ်ကိုင်ပေးဖို့ ငြိမ်ငြိမ်သက်သက်နဲ့အနားမှာ စောင့်ပေးနေရတယ်။ ခွေးအူသံတွေစဲသွားမှ သူ့ဆရာလည်း ဖားဖိုထိုးနေတဲ့ ရင်ခုန်သံတွေ ငြိမ်သက်သွားပြီး အိပ်ရာပေါ်မှာ ပြန်အိပ်ရတော့တာ။ ဒီတော့မှ သူ့မိခင်ရော၊ ကိုအောင်ခင်ရော ကိုယ့်အိပ်ရာကိုယ် စိတ်ချလက်ချနဲ့ သွားအိပ်ရတော့တယ်။

အဲဒီကိစ္စဖြစ်ပြီးကတည်းက ဦးကျော်ရှင်း မနက် ၅ နာရီ လမ်းထမလျှောက်တော့ဘူး။ သူနေတဲ့ တိုက်အပေါ်ထပ်နဲ့ ခြံထဲမှာပဲ လမ်းလျှောက်တော့တယ်။ သူ့ပုံသဏ္ဌာန်ကလည်း တစ်စုခုကို အလေးအနက်စဉ်းစားတွေးခေါ်နေသလိုမျိုးနဲ့ အစီအစဉ်တစ်ခုကို ရေးဆွဲနေသလိုမျိုး။ မကြာဘူး၊ တစ်ပတ်၊ ဆယ်ရက်လောက်ရှိတော့ ဦးကျော်ရှင်းက သူ့အစီအစဉ်ကို သူ့တပည့်ကိုအောင်ခင်ကို ပြောပြပြီးတော့ တာဝန်ယူဆောင်ရွက်ခိုင်းတယ်။ ကိုအောင်ခင့်အနေနဲ့က မလုပ်ချင်ဘူး။ တစ်ဖက်ကလည်း သူ့ဆရာခံစားနေရတဲ့ ဝေဒနာကို မကြည့်ရက်ဘူး။ နောက်တော့လည်း ကိုယ့်ကျေးဇူးရှင်ရဲ့မျက်နှာကိုပဲ ကြည့်တော့မယ်ဆိုပြီး သူ့ဆရာဦးကျော်ရှင်းရဲ့အကြံဉာဏ်အတိုင်းပဲ လက်ခံဆောင်ရွက်ရတော့တာပေါ့။ အဲဒါက ဘာလဲဆိုတော့ အမဲသား ၂၅ ကျပ်သားဝယ်၊ နုပ်နုပ်စဉ်းအောင်ပေါက်၊ ပိုးသတ်ဆေးတစ်ဘူးဝယ်၊ အဲဒီနုပ်နေအောင်ပေါက်ထားတဲ့ အမဲသားထဲ ပိုးသတ်ဆေးမှုန့်ထည့်ပြီး လုံး၊ လုံးပြီးမှ အမဲလုံးလေးတွေကို နေရောင်ခဏပြလို့ ခပ်ဖန့်ဖန့်ခြောက်တော့မှ ကြွပ်ကြွပ်အိပ်ထဲထည့်ပြီး သိမ်းထားခိုင်းတယ်။

တစ်နေ့မှာပေါ့။ အဲဒီကောင်လေးနဲ့ ခွေးတစ်အုပ် ညနေ ၅ နာရီလောက်ပဲရှိသေးတယ်၊ နေမဝင်သေးဘူး၊ ရေအိုးစင်ပျက်လေးကို စောစောစီးစီး ပြန်ရောက်လာတယ်။ ဦးကျော်ရှင်းရဲ့တိုက်အပေါ်ထပ် ပြတင်းပေါက်ကနေ လှမ်းကြည့်ရင် ရှင်းရှင်းလင်းလင်းမြင်နေရတာကိုး။ ကောင်လေးကတော့ ဘာရယ်မသိဘူး။ ရလာတဲ့ အစားအသောက်တွေကို သူလည်းစား၊ သူ့ခွေးတွေကိုလည်း ပက်ကျွေးနဲ့ စိတ်အေးလက်အေး နေနေတာကိုး။ အဲဒီအချိန်မှာပဲ သူ့ဆရာဦးကျော်ရှင်းက သူ့ကို မျက်ရိပ်ပြတယ်။ ကိုအောင်ခင်လည်း ဘာမှမတတ်နိုင်တဲ့အဆုံး သူ့ဆရာရဲ့သဘောအတိုင်းပဲ အဲဒီကောင်လေးနဲ့ ခွေးတစ်အုပ်ရှိတဲ့နေရာကို ထွက်လာရတာပေါ့။

ရေအိုးစင်ရှေ့ရောက်တော့ ကောင်လေးက သူ့ကို ပေစောင်းစောင်းနဲ့ကြည့်တယ်။ ခွေးတွေက သူ့ရဲ့အခြေအနေကို စောင့်ကြည့်နေသလိုမျိုး အမြီးမလှုပ်ဘဲ မော့ကြည့်နေကြတယ်။ ကောင်လေးမျက်နှာကို ကိုအောင်ခင်လည်း အခုမှတွေ့ဖူးတာပေါ့။ မျက်နှာက ဝိုင်းဝိုင်း၊ မျက်လုံးက မျက်ရစ်မပါဘဲ တရုတ်ပေါက်တွေလို မှေးမှေး၊ နှာခေါင်းက ပြားချပ်ချပ်နဲ့ ဘယ်လိုကြည့်ကြည့် အဆင်ပြေတဲ့ မျက်နှာမျိုးတော့ မဟုတ်ဘူး။ ကိုအောင်ခင်က သူ့ခွေးတွေကို ကြောက်လို့ ခပ်ရှိန့်ရှိန့်ပဲကောင်လေး အနားတိုးကပ်လို့...

"မင်းကို အလုပ်တစ်ခုခိုင်းစရာရှိတယ်။ မုန့်ဖိုးပေးမယ် လုပ်မလား" ဆိုတော့ ကောင်လေးက ခေါင်းညိတ်တယ်။ "ဒါဆို ငါနဲ့လိုက်ခဲ့။ မင်းခွေးတွေ မခေါ်ခဲ့နဲ့"ဆိုတော့ ကောင်လေးက ကိုအောင်ခင်ကို ဘာမှပြန်မပြောဘဲ သူ့ခွေးတွေကို စုတ်သပ်ပြောဆိုပြီး နေခိုင်းခဲ့တော့ အံ့သြစရာတော့ အကောင်းသား။ သူ့ခွေးတွေက ဆောင့်ကြောင့်လေးတွေ ထိုင်ပြီး သူတို့သခင်နောက်ကို ဘယ်အကောင်မှ လိုက်မလာဘူး။ ကောင်လေးကတော့ သူ အလုပ်လုပ်ရမယ်၊ ပိုက်ဆံရမယ်ဆိုတော့ အေးဆေးပေါ့။ ကိုအောင်ခင်ခေါ်တဲ့နောက်ကို လိုလိုလားလား လိုက်လာတယ်။

တိုက်ထဲကိုရောက်တော့ သူ့ဆရာက အောက်ထပ်ဆက်တီခုံပေါ်မှာ ထိုင်နေတယ်။ ကိုအောင်ခင်က ကောင်လေးကို ခွေးခြေတစ်လုံးထိုးပေးပြီး'ထိုင်'ဆိုတော့ ကောင်လေးက ငြိမ်ငြိမ်သက်သက်ဝင်ထိုင်တယ်။ သူ့

ဆရာက ကောင်လေးမျက်နှာကို မနှစ်မြို့သလိုကြည့်ပြီး ကောင်လေးကို စကားစပြောတယ်။

"ကောင်လေး၊ ဒီရပ်ကွက်ထဲမှာ မင်းကို အနေမခံဖို့ ပြောနေကြတယ်။ ငါက မင်းကို သနားလို့ကြည့်နေတာ။ အထူးသဖြင့် မင်းခွေးတွေကိစ္စပဲ။ အဲဒီခွေးတွေ ရှိနေသရွေ့ မင်း အဲဒီရေအိုးစင်လေးမှာ နေလို့မရဘူး။ အဲဒီတော့ မင်း ဒီရပ်ကွက်ထဲက ထွက်သွားမလား။ ဒါမှမဟုတ် မင်း ငါခိုင်းတဲ့ကိစ္စကိုလုပ်၊ ငါပေးတဲ့မုန့်ဖိုးကို ယူပြီး အဲဒီရေအိုးစင်မှာပဲ ဆက်နေမလား"

ပြောပြောဆိုဆိုပဲ ဦးကျော်ရှင်းက ငွေ ၅၀၀၀ တန် တစ်ရွက်နဲ့ ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ထားတဲ့ အမဲလုံးထုပ်ကို ကောင်လေးရှေ့ ချလိုက်ပြီး...

"ကဲ...မင်းရွေး၊ ဒီပိုက်ဆံကို လိုချင်ရင် အဲဒီအိတ်ထဲက အလုံးလေးတွေကို ညကျရင် မင်းခွေးတွေကို ကျွေးလိုက်၊ ဒါမှမဟုတ်ဘဲ မင်းငြင်းနေမယ်ဆိုရင်တော့ မနက်ဖြန်ကျရင် မင်းရော မင်းခွေးတွေရော သေခြင်းဆိုးနဲ့သေပြီသာမှတ်တော့"တဲ့။

ကြားရတဲ့ ကိုအောင်ခင်တောင် သူ့ဆရာပြောတဲ့ စကားကြောင့် နောက်ကျောတွေတောင် စိမ့်တက်သွားတယ်။ ကောင်လေးအတွက်လည်း စိတ်မကောင်းဖြစ်မိတာက အမှန်။ ဒါပေမဲ့ သူ့မှာ ဝင်ရောက်စွက်ဖက်ခွင့် မရှိတော့ ကောင်လေးနဲ့ သူ့ဆရာအနားမှာပဲ ငြိမ်ငြိမ်သက်သက်ထိုင်နေခဲ့ရတာ။

ကောင်လေးက ဘာမှ မပြောဘူး။ ခပ်မှေးမှေး မျက်လုံးတွေကနေ ခေါ်လာတဲ့ သူ့ကို တစ်ချက်စောင်းငဲ့ကြည့်တယ်။ နောက် သူ့ဆရာဦးကျော်ရှင်းရဲ့ မျက်နှာကို အတန်ကြာတဲ့အထိ စူးစူးစိုက်စိုက်ကြည့်တယ်။ နောက်မှ ဖျတ်ခနဲဆို ငွေ ၅၀၀၀ ကျပ်တန်တစ်ရွက်နဲ့ အဆိပ်ထည့်ထားတဲ့ အမဲလုံးအိတ်ကို ကောက်ယူလိုက်ပြီး ကမူးရှူးထိုးပဲ တိုက်အိမ်ထဲက ပြေးထွက်သွားတယ်။

ဦးကျော်ရှင်း သက်ပြင်းမောကို 'ဟူး'ခနဲချတယ်။ စိတ်ပြေလျော့သွားတဲ့ ပုံသဏ္ဌာန်မျိုးနဲ့လည်း ဆိုဖာနောက်မှီကို မှီနွဲ့ပြီးတော့ မျက်လုံးတွေကို မှေးမှိတ်ထားတယ်။ ကိုအောင်ခင့်ရင်ထဲမှာတော့ လေးတေးတေးပါပဲ။ သူ့ဆရာကို စိတ်ချမ်းသာစေချင်တာကတစ်မျိုး၊ ကောင်လေးနဲ့ခွေးတွေကို သနားမိတာကတစ်မျိုးနဲ့ ညမှာ ကြုံတွေ့ရတော့မယ့် အဆိပ်ဝေဒနာကြောင့် မချိမဆံ့ အော်ဟစ်နေကြတဲ့ ခွေးတွေရဲ့အသံတွေကိုသာ ကြားယောင်နေတော့တာ။

* *

ည ၇ နာရီ၊ ၈ နာရီလောက်ပဲ ပြောပါတော့။ အဲဒီကတည်းက သူ့ဆရာဦးကျော်ရှင်း ဣန္ဒြေမရမှုန်းကိုအောင်ခင်သိတယ်။ အပေါ်ထပ်လသာဆောင်မှာ ခင်းထားတဲ့ ဒရင်းဘက်ပေါ်ထိုင်လိုက်၊ ကောင်လေးကို မြင်တွေ့နိုင်တဲ့ အနောက်ဘက်ပြတင်းပေါက်မှာ ရပ်ပြီး လှမ်းမျှော်ကြည့်လိုက်နဲ့ သူ့မှာ ချိန်ကိုက်ဗုံးတစ်လုံးရဲ့ ပေါက်ကွဲသံကို အာသီသပြင်းပြင်းနဲ့ မျှော်လင့်စောင့်စားနေသလိုမျိုးပါပဲ။ ကိုအောင်ခင်ကတော့ သူ့ဆရာရဲ့ အရိပ်အခြည်ကို အကဲခတ်ရင်းနဲ့ စောင့်ကြည့်နေရဟာပေါ့။

ည ၉ နာရီထိုးလို့လည်း ဘာသံမှ မကြားရသေး။ ၁၀ နာရီထိုးသွားလည်း ဒီအတိုင်းပဲ။ နောက် ၁၁ နာရီ၊ ၁၂ နာရီကနေ ၁ နာရီသာ ထိုးပြီးသွားရော ပြင်ပလောကမှာ ငြိမ်ငြိမ်သက်သက်ပဲ။ အဲဒီမှာ သူ့ဆရာ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။ ဒီကောင်လေး ငါတို့ကို ပတ်သွားတာ။ ဒီကောင် ငါ့ကို လူလည်လုပ်သွားတာ"ဆိုပြီး ကြိတ်မနိုင်ခဲမရနဲ့ တတွတ်တွတ်ရွတ်ဆိုနေတယ်။ ကိုအောင်ခင်က...

"ဆရာရယ်၊ စိတ်လျှော့ပြီး အိပ်လိုက်ပါ။ ဒီကောင်လေး သူ့အလုပ် သူလုပ်ပါလိမ့်မယ်။ အခုလည်း ကျွန်တော်တို့ အနောက်ဘက်ပြတင်းပေါက်ကနေ ကောင်လေးနဲ့သူ့ခွေးတွေကို မြင်နေရသားပဲ။ ကောင်လေး အလွမ်းသယ်နေတုန်းရှိမှာပါ။ သူ့အပေါင်းအဖော်တွေနဲ့ ခွဲရတော့မှာဆိုတော့ ကောင်လေးအနေနဲ့လည်း လုပ်ရကိုင်ရမှာ ခက်နေလို့ဖြစ်ပါလိမ့်မယ်။ ဆရာဆေးသောက်ပြီး ပျော်အောင်သာ အိပ်လိုက်။ မနက်လင်းရင် ဆရာဖြစ်ချင်တဲ့ပုံစံအတိုင်း ဖြစ်နေမှာပါ"လို့ ပြောပြီး သူ့ဆရာကို ဆေးတစ်ခွက်တိုက်လို့ မနည်းအိပ်ခိုင်းရတယ်။ သူ့ဆရာအိပ်ပျော်သွားပြီဆိုမှ ကိုအောင်ခင် သူ့ဆရာအခန်းထဲက ထွက်လာပြီး ကောင်လေးရှိတဲ့ ရေအိုးစင်ဆီကို လှမ်းမျှော်ကြည့်လိုက်တော့ ကောင်လေးနဲ့ သူ့ခွေးတွေ

လုံးထွေးသတ်ပုတ်ပြီး ကစားနေတာကို မြင်နေရတယ်။ ဒါဟာ ဒီကောင်လေးနဲ့ သူ့အပေါင်းအဖော်တွေရဲ့ နောက်ဆုံးပျော်ရွှင်မှုလားလို့တောင် စိတ်မကောင်းတဲ့ကြားက ကိုအောင်ခင် စဉ်းစားမိပါသေးတယ်။

ညက ညဉ့်နက်မှ အိပ်ရာဝင်လို့လား၊ စိတ်ပင်ပန်းထားလို့လားတော့ မသိဘူး။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလိုက်တာ မနက် ၅ နာရီခွဲမှကို ကိုအောင်ခင်အိပ်ရာက နိုးတော့တယ်။ ကပျာကယာမျက်နှာသစ်ပြီး သူ့ဆရာဦးကျော်ရှင်းဆီ ထွက်လာတော့ ဦးကျော်ရှင်းက ခြံထဲမှာ စိတ်အေးလက်အေးနဲ့ လမ်းလျှောက်နေတယ်။ ဦးကျော်ရှင်းမျက်နှာက လန်းလန်းဆန်းဆန်းနဲ့ ကျေနပ်နှစ်သက်နေသလိုမျိုး။ ဦးအောင်ခင် အမှတ်တမဲ့ စဉ်းစားမိလိုက်တယ်။ သူအိပ်မောကျပြီး မသိလိုက်တဲ့ အချိန်မှာ သူ့ဆရာရဲ့ စီမံကိန်းကြီး ထမြောက်အောင် မြင်သွားပြီလားလို့။

သူ့ဆရာက သူ့ကိုမြင်တော့ "လာ…အောင်ခင် ထိုင်ဦး"ဆိုပြီး ပိတောက်ပင်အောက်က ခုံတန်းလျားမှာ သူကိုယ်တိုင်ဝင်ထိုင်လို့ ကိုအောင်ခင်ကို နေရာပေးတယ်။ နောက်မှ "အောင်ခင်၊ ငါတို့ ဒီကနေ့ လမ်းလျှောက်ထွက်ကြရအောင်။ လမ်းမလျှောက်ရတာ လည်း နည်းနည်းကြာသွားပြီ။ ညက ငါလည်း ကောင်းကောင်းမွန်မွန် အိပ်ပျော်တယ်။ ဟိုကောင်လေး သူ့ကိစ္စ သူ ရှင်းပြီးသွားပုံပဲ။ ဒါပေမဲ့ မင်းကို ငါကြိုပြောထားမယ်။ လက်ဖက်ရည်ဆိုင်ရောက်ရင် ငါတို့က လူမှုရေး၊ နိုင်ငံရေးကအစ စုံတကာစေ့အောင် ဆွေးနွေးကြတာ၊ ဒီနေ့ အဲဒီရေအိုးစင်ထဲက ကောင်လေးအကြောင်းကို ငါပြောရင် မင်းကိုယ့်ဘာသာကိုယ် တိတ်တိတ်နေနော်။ ဒါနဲ့နေပါဦး၊ ခေါင်းစဉ်၊ ခေါင်းစဉ်တော့ ပေးရဦးမှာကွ။ အဲ…ဟုတ်ပြီ၊ ဟုတ်ပြီ၊ 'ရက်စက်တတ်တဲ့ ကောင်လေး တစ်ယောက်အကြောင်း'ပေါ့ကွာ။ မကောင်းဘူးလား၊ ဟား ဟား ဟား ဟား"လို့ ကိုအောင်ခင်ကို စိတ်လိုလက်ရရယ်ပြီး ပြောတယ်။ နောက်ပြောပြီးပြီးချင်းမှာပဲ လက်စွဲတော် တောင်ဝှေးကို ထောက်ပြီး ထိုင်ရာကထလို့ လမ်းလျှောက်ထွက်မယ်ဆိုတဲ့ ပုံသဏ္ဌာန်နဲ့ ခြံအပြင်ဘက်ကို မေးထိုးပြတယ်။

ကိုအောင်ခင်လည်း သူ့ဆရာ စိတ်ပေါ့ပါးနေတော့ သူလည်း စိတ်သက်သာရာရနေသလို ပုံစံမျိုးနဲ့ သူ့ဆရာနဲ့အတူ ခြံအပြင်ကို လမ်းလျှောက်လိုက်လာခဲ့တယ်။ လမ်းလျှောက်သာ ထွက်လာခဲ့ရတာ။ ကိုအောင်ခင့်ရင်ထဲမှာ တထိတ်ထိတ်ပဲ။ သူ့ဆရာ ထင်မှတ်ထားသလို မဖြစ်ဘဲ တစ်စုံတစ်ရာ ချို့ယွင်းမှုတစ်ခုခုကို တွေ့ရလေမလားဆိုတဲ့ သံသယစိတ်နဲ့လည်း စိတ်ထဲမှာ လေးလံနေတာကလည်း အမှန်။

လျှောက်ရင်း လျှောက်ရင်းနဲ့ ကောင်လေးနေတဲ့ ရေအိုးစင်နားကို ရောက်လာတော့ ဘာတစ်ခုမှ ထူးခြားချက်တစ်စုံတစ်ရာကို မတွေ့ရဘူး။ သူ့ဆရာကလည်း ဟိုဟိုဒီဒီတော့ မျက်လုံးတွေကို ပြူးပြဲပြီး ကြည့်နေတာပဲ။ ရေအိုးစင်ရှေ့ရဲ့ ပတ်ဝန်းကျင်မှာ အခြေပျက်အနေပျက်တဲ့ ပုံသဏ္ဌာန်မျိုး မမြင်ရတော့ သူ့ဆရာဦးကျော်ရှင်းက ရေအိုးစင်ရှေ့ ရောက်အောင်သွားပြီး အကဲခတ်ကြည့်မှ ဦးကျော်ရှင်း ရင်ဘတ်မတ်ခနဲဖြစ်သွားတယ်။ ဘာလို့လဲဆိုတော့ ရေအိုးစင်ပျက်ရဲ့ အောက်နံရံ အင်္ဂတေအဖြူပေါ်မှာ မီးသွေးခဲနဲ့ရေးထားတဲ့စာတန်းတစ်ခုကြောင့်ပဲ။ အဲဒီစာတန်းကို ကိုအောင်ခင်လည်း မှတ်မှတ်ထင်ထင် ဖတ်လိုက်ရတယ်။ ဘာတဲ့။

"ခွေးက လိန်မာသယ်
လူက မိုက်သယ်"တဲ့။

ဘာပြောကောင်းမလဲ။ သူ့ဆရာဦးကျော်ရှင်းဆိုတာ ဒေါသထွက်လွန်းလို့ ခန္ဓာကိုယ်တဆတ်ဆတ်တုန်ပြီး သူ ထောက်နေကျ တောင်ဝှေးနဲ့ ရေအိုးစင်ကို ပစ်ပေါက်လိုက်တာ တန်ပြန်ကန်ထွက်လာလို့ ကိုယ့်ကိုယ်ကိုယ် မမှန်အောင် မနည်းရှောင်လိုက်ရတယ်။

အဲဒီကတည်းကပဲ ပြောပါတော့။ ကောင်လေးနဲ့ သူ့ခွေးတွေ ပျောက်သွားလိုက်တာ လေး၊ ငါးနှစ်လောက်တောင်ရှိပေါ့။ အခု သူ့ဆရာ ရွာပနကျမှ အသုဘဆိုင်း ဝိုင်းနဲ့ ပါလာတော့တာ။

* *

တီးဝိုင်းက မြမန်းဂီရိတေးသွားကို ဧည့်ခံတီးလုံးအဖြစ် တီးနေတယ်။ အသုဘချဖို့က သိပ်မလိုတော့ဘူး။ ညနေ ၃ နာရီတောင် ခွဲပြီးနေပြီ။ လူချမ်းသာတွေဆိုတော့ ဓာချဲ့တာလား၊ ဘာလားတော့ မသိဘူး။ အသုဘ

mgyoe.com

ကို လူမှုကူညီရေးကားနဲ့ မချဘူး။ ပွဲရုံက သူ့တပည့် အလုပ်သမားတွေ ပခုံးထမ်းချမှာမို့ အသုဘစင်ကို အိမ် ခြံဝင်းထဲမှာပဲ လှလှပပ ပြင်ဆင်ထားတယ်။ အသုဘ ပို့ဖို့လာလိုက်ကြတဲ့သူတွေကတော့ ကားကြီးကားငယ် အသွယ်သွယ်နဲ့ သောက်သောက်လဲပါပဲ။

တီးဝိုင်းဆရာ ဦးသော်တာက မြမန်းဂီရိတေးသွား ကို ဧည့်ခံတီးလုံးအဖြစ် တီးနေရင်းက လင်းကွင်းတီးတဲ့ ကောင်လေးကို ကြည့်ပြီး စဉ်းစားနေတယ်။ မစဉ်းစား လို့လည်း မဖြစ်ဘူး။ ကောင်လေးရဲ့ ပုံသဏ္ဌာန်က ဒီပြင်အသုဘတွေမှာ မထုံတက်သေးနဲ့ လိုက်ပါခဲ့ပေမဲ့ အခု အသုဘကျတော့ ကောင်လေးပုံစံ ပြောင်းနေတယ်။ သိပ်တက်ကြွနေတယ်။ မျက်နှာလည်း လန်းလန်း ဆန်းဆန်းနဲ့ စိတ်ရောကိုယ်ပါ မြှုပ်ပြီး အားတက်သရော ပံ့ပိုးနေသလိုမျိုး။ ဒါ ဘယ်လိုအကြောင်းကြောင့်လဲ ဦးသော်တာ ခေါင်းခြောက်မတတ် စဉ်းစားနေတာ။ စဉ်း စားရင်း စဉ်းစားရင်းနဲ့ လွန်ခဲ့တဲ့ လေး၊ ငါးနှစ်က ကောင် လေးနဲ့ တွေ့ခဲ့တဲ့ ညနေခင်းတစ်ခုကို မှတ်မှတ်ထင်ထင် သတိရနေတယ်။

အဲဒီနေ့က ကလေးအသုဘကငှားလို့ ဦးသော်တာ တို့အဖွဲ့ တီးဝိုင်းတီးရင်း လိုက်ပို့ခဲ့ရတယ်။ တီးဝိုင်းဆို လို့ ကြီးကြီးမားမားတီးဝိုင်းမဟုတ်ပါဘူး။ ဝါသနာပါတဲ့ သူတွေစုပြီး မတောက်တခေါက်ပညာလေးနဲ့ ဦးသော် တာကိုယ်တိုင် ဦးဆောင်ထားတဲ့ဝိုင်းပါ။ ပစ္စည်းပစ္စယက ဘာရှိမှာလဲ။ ဗုံရှည်တစ်လုံး၊ နဲ့တစ်လက်၊ တယော တစ်လက်၊ ဝါးလက်ခုပ်၊ စည်းဝါးနဲ့လင်းကွင်းတစ်ခု။ ဒါလောက်နဲ့တင် ဖွဲ့စည်းထားတဲ့ ဝိုင်းပါ။ အရေးကြီးတဲ့ ရှာပနတွေဆိုရင်တော့ ဘင်ဂျိုတစ်လက်လောက်တော့ ငှားသုံးတာပေါ့လေ။

ဒါက ထားပါတော့။ အဲဒီနေ့က ကလေးအသုဘ မှာ တီးမှုတ်ရင်းနဲ့ ဦးသော်တာတို့အဖွဲ့ လိုက်ပါလာ တယ်။ သုသာန်ရဲ့ သရဏဂုံတင်တဲ့ဇရပ်မှာ အဲဒီကောင် လေးကို စတွေ့တာပဲ။ မှတ်မိနေတာက အလောင်းမြေ မြှုပ်တာနဲ့ အသုဘစင် ဖျက်တာအဆုံး ကောင်လေးက အားလုံးကို ဘယ်သူမှ မခိုင်းရဘဲ လိုက်ပြီး ကူညီပေး တယ်။ ဒီထက်ထူးခြားတာက ကောင်လေးနဲ့အတူ ခွေး လေးငါးကောင်ပါတယ်။

အစကတော့ ကောင်လေး ဘယ်မှာနေတယ်။ ဘယ်ကလာတယ်ဆိုတာ ဦးသော်တာမသိဘူး။ ဦးသော် တာနေတာက သုသာန်အဝင်လမ်းရဲ့ ထောင့်စွန်းအိမ် ကလေးမှာ နေတာ။ ဦးသော်တာအိမ်နဲ့ မျက်စောင်း ထိုးခေါ်မလား။ လည်တစ်ပြန်ခေါ်မလားတော့ မသိဘူး။ သုသာန်အဝင်လမ်းရဲ့ အလယ်လောက်မှာ အရင်က အသုဘလှည်းထားတဲ့ မော်တော်ယာဉ်တိုက် ဆိုတာ ရှိတယ်။ ကြိုးနဲ့ဆွဲရတဲ့ ဆွဲလှည်းထားတဲ့ နေရာပါ။ အခုတော့ လူမှုကူညီရေးအသင်းတွေက မော်တော်ယာဉ် တွေ အသုံးပြုလာလို့ အဲဒီကြိုးဆွဲလှည်းတွေလည်း ပျောက်ကုန်ပါပြီ။ ဘယ်လှည်းမှလည်း မရှိတော့ပါဘူး။

ဆိုလိုချင်တာက ညကျတော့ အဲဒီကောင်လေးကို အဲဒီမော်တော်ယာဉ်တိုက်ထဲမှာ သူ့ခွေးတစ်အုပ်နဲ့ ထပ်ပြီး တွေ့လိုက်ရတာပဲ။ ညအိပ်ညနေနေမယ့်ပုံစံ မျိုးပေါ့။ ဦးသော်တာလည်း ကောင်လေးကို နည်းနည်း စိတ်ဝင်စားသွားတယ်။ နောက်နေ့မှာ ခေါ်ပြီး မေးမြန်းစုံ စမ်းဦးမယ်လို့ တေးမှတ်ထားတာပေါ့။

ကောင်လေးနဲ့ ခွေးတစ်အုပ်က မနက် ၅ နာရီ လောက်ဆို ထွက်သွားတယ်။ ညနေ ၅ နာရီခွဲ၊ ၆ နာရီ လောက်ဆိုပြန်ရောက်လာတယ်။ ဦးသော်တာလည်း ကောင်လေးကို စိတ်ဝင်စားလို့ ကောင်လေးညအိပ်တဲ့ မော်တော်ယာဉ်တိုက်ကို သွားတွေ့ပြီး မေးမြန်းစုံစမ်း ကြည့်တော့ အောင်မယ်လေး... ဦးသော်တာတောင် ရင် တဆတ်ဆတ်တုန်တယ်။ ဦးသော်တာမေးသမျှကို တစ်ခွန်းတစ်ပါဒမျှ ပြန်မဖြေဘဲ မှေးမှေးစင်းစင်းမျက်လုံး တွေနဲ့ စူးစူးရဲရဲ ကြည့်နေလိုက်တာ။ ဦးသော်တာက "မင်းကို ငါဘာမှ မလုပ်ပါဘူး။ မင်း ဘယ်ကလာတာ လဲ။ မင်းနာမည်ဘယ်သူလဲ သိချင်လို့ပါ"လို့ ချော့မော့ ဖျောင်းဖျမှ သူ့နှုတ်က စကားတစ်လုံးပဲ ထွက်လာတယ်။

"ကောင်လေး"တဲ့

အဲဒီကစလို့ပဲ ပြောပါတော့။ ကောင်လေးနဲ့ ဦးသော်တာ သိကျွမ်းရင်းနှီးလာခဲ့တာ။ ကောင်လေးက ဦးသော်တာ ဘာခိုင်းခိုင်း ဖင်ပေါ့ပေါ့နဲ့လုပ်ကိုင်ပေး တယ်။ ဦးသော်တာကလည်း ကောင်လေးအတွက် ထမင်းကျန်၊ ဟင်းကျန်နဲ့စားစရာတစ်ခုခုကို အမြဲတမ်း ချန်ထားပေးတယ်။ နောက်တော့ တစ်စစနဲ့ ဦးသော်တာ

mgyoe.com

ကောင်လေးကို သံယောဇဉ်ဖြစ်ပြီး အိမ်မှာပဲ ခေါ်ထားလိုက်တော့တာ။ အသုဘတီးဝိုင်းငှားတဲ့နေ့ဆိုရင် လိုအပ်တဲ့ ဝေယျာဝစ္စတွေကို ကောင်လေးတစ်ယောက်တည်း ဒိုင်ခံဆောင်ရွက်ပေးတာပဲ။ နောက်တော့ ဦးသော်တာက ကောင်လေးကို လင်းကွင်းပညာသင်ပေးတယ်။ ကောင်လေးကလည်း လိုလိုလားလားနည်းခံသင်ယူတော့ ကောင်းကောင်းမွန်မွန် တီးနိုင်လာတော့တာပဲလေ။ ဦးသော်တာရဲ့ သားတပည့်လိုပြောရင်လည်း ရမှာပေါ့။

"နှောင်...ဝေ...ဝေ...ဝေ...ဝေ..."

ကြေးစည်ထုသံကြားတော့ ဦးသော်တာအတွေးရပ်သွားတယ်။ မြမန်းဂီရိတေးသွားကို အလျင်အမြန်ပဲ ရပ်လိုက်ပြီးတော့ သူတို့တစ်တွေ အသီးသီးထိုင်ရာကထလို့ ကိုယ့်တူရိယာ ကိုယ်လွယ်ပိုးကြတယ်။ အသုဘက ချတော့မယ်လေ။ ဦးကျော်ရှင်းရဲ့ အလောင်းကို ထုတ်ပြီး အလောင်းစင်ပေါ်ကို တင်ကြတယ်။ သားသမီးတွေနဲ့ဆွေမျိုးစုတွေက အော်ကြီးဟစ်ကျယ်ငိုကြပေါ့။

အလောင်းစင်ပေါ်တင်ပြီးတော့ အလောင်းစင်ကို သူ့တပည့်တွေက ပခုံးပေါ်ထမ်းတင်တယ်။ မရဏနုဿတိကားက ရှေ့ကထွက်၊ အသုဘစင်က နောက်ကလိုက်၊ အသုဘစင်ရဲ့နောက်ကမှ ဦးသော်တာဦးစီးတဲ့ အသုဘတီးဝိုင်းကလိုက်။ တီးဝိုင်းရဲ့နောက်မှာမှ အသုဘပို့ဆောင်တဲ့လူထုနဲ့ မော်တော်ယာဉ်တန်းတွေပေါ့။

ဦးသော်တာက သူအမြဲတမ်းတီးပြီး ပို့နေကျဖြစ်တဲ့ စုံတောမြိုင်တေးသွားကိုပဲ တီးမှုတ်ရင်း လိုက်ပါပို့ဆောင်တယ်။ သူ့မျက်လုံးတွေကလည်း သူ့တပည့်ကောင်လေးရဲ့အခြေအနေကို အကဲခတ်နေရသေးတယ်။ နှဲမှုတ်နေရတာတောင် သူ့မှာ စိတ်မဖြောင့်ဘူး။

အဲဒီအထဲမှာမှ ဖြစ်ချင်တော့ စုံတောမြိုင်တေးသွားကို လှည့်ပတ်တီးမှုတ်လာရင်းနဲ့ သုသာန်တစပြင်အဝင်လည်းရောက်ရော သီတာ...ဖီလာ...မြောင်ကာဆီးပါလို့ဆိုတဲ့ အမြိုင်အတီးပိုဒ်နဲ့ ကြုံနေတယ်။

ဦးသော်တာနှဲမှုတ်နေရင်းကနေ မျက်လုံးတောင်ပြူးတယ်။ ပြူးရတဲ့အကြောင်းကလည်း သူ့တပည့်ကောင်လေးလေ။ အဲဒီအမြိုင်စုံတီးအပိုဒ်မှာ လင်းကွင်းကို ချမ်း...ချမ်း...ချမ်းချမ်းချမ်း...ချမ်း...ချမ်း...ချမ်း...ချမ်းဆိုပြီး အားရပါးရ ကခုန်ပြီး တီးနေလိုက်တာ အသုဘပို့သူတွေက တချို့ကတော့ ရယ်တယ်။ တချို့ကလည်း မနှစ်သက်ဘူးပေါ့။ ဒါပေမဲ့ ကောင်လေးက ဘာမှ တတ်သိနားလည်ပုံမပေါ်ပါဘူး။ စိတ်လွတ်လက်လွတ်ကခုန်ပြီးတော့ အသုဘကို သုသာန်ထဲအထိ ရောက်အောင် ပို့တော့တာ။

သုသာန်ထဲရောက်လို့ တီးဝိုင်းရပ်နားလိုက်တော့ ကောင်လေးမှာ တော်တော်မောနေပြီ။ ဒါပေမဲ့ ကောင်လေးကမနားဘူး။ သူတီးတဲ့ လင်းကွင်းကို ဝါးတီးတဲ့သူဆီမှာအပ်ပြီး အလောင်းမြေမြှုပ်မယ့် တောင်ထိပ်ပေါ်က တွင်းဆီကို ပြေးတက်သွားတယ်။ ဦးသော်တာက အဲဒါကို မြင်တယ်။ ဒါကြောင့်လည်း သူမှုတ်တဲ့နှဲကို သူ့တပည့်အတိုင်းပဲ သူ့အဖွဲ့ဆီအပ်နှံလို့ ကောင်လေးနောက်ကို အလျင်စလို တက်လိုက်ခဲ့တယ်။

မြေမြှုပ်မယ့်အသုဘကျင်းရောက်တော့ ဦးသော်တာ သူ့ရင်ထဲမှာ ထိတ်ခနဲတုန်လှုပ်သွားတယ်။ ဘာလို့လဲဆိုတော့ သူ့တပည့်ကောင်လေးက အသုဘကျင်းထဲဆင်းပြီး အလောင်းကို ကြိုဆိုနေတာကိုး။ ဦးသော်တာမှာ သူ့တပည့်ပုံသဏ္ဌာန်ထူးခြားနေတာက လွဲပြီး ဘာတစ်ခုမှ ရေရေရာရာမသိတတ်တော့ မြေပုံဘေးက နေပြီးတော့ပဲ သူ့တပည့်အခြေအနေကို စောင့်ကြည့်အကဲခတ်နေရတယ်။

ဦးကျော်ရှင်းအလောင်းရောက်လာတော့ မြေကျင်းကို သုံးကြိမ်ဦးတိုက်ပြီးပြီဆိုရင်ပဲ မြေကျင်းထဲက ကောင်လေးက အလောင်းကို·လက်နှစ်ဖက်ကမ်းပြီး ဆီးကြိုတယ်။ ဦးကျော်ရှင်းတပည့်တွေက အလောင်းကို ကြိုးနဲ့သိုင်းပြီး မြေကျင်းထဲ ခပ်ဖြည်းဖြည်းချအပေးမှာ ကောင်လေးက မြေကျင်းထဲကနေ ဦးကျော်ရှင်းအလောင်းကို ယုယုယယပွေ့ချီပြီး သက်သောင့်သက်သာချပေးတယ်။ နောက် ဦးကျော်ရှင်းရဲ့မျက်နှာကိုအုပ်ဖို့ တဘက်ပဝါကို ဖြန့်လိုက်ပြီး သူ့ခါးပုံစထဲက ကြွပ်ကြွပ်အိတ်ကလေးနဲ့ ထုပ်ထားတဲ့ အထုပ်တစ်ထုပ်ကို တဘက်စောင်အောက် ထိုးထည့်လိုက်တာကို ဦးသော်တာ တွေ့လိုက်ရတယ်။ ကောင်လေး ဘာလုပ်တာလဲ။ ဘာတွေဖြစ်နေတာလဲ ဆိုတာ ဦးသော်တာ နည်းနည်းမှကို မစဉ်းစားတတ်ဘူး။

mgyoe.com

ကောင်လေး မြေကျင်းထဲကပြန်ထွက်ပြီး အပေါ်ကို ရောက်လာတော့ လိုက်ပို့ကြတဲ့ သူ့မိသားစုတွေက မြေကျင်းကို ကိုယ်စီကိုယ်င ဖို့ကြတယ်။ ကောင်လေးက လည်း မြေသုံးဆုပ် ဆုပ်လို့ ဦးကျော်ရှင်းရဲ့မြေကျင်းကို ဖို့တယ်။ ပြီးတော့ ဘယ်သူ့ကိုမှ ဘာမှ မပြောတော့ဘဲ ဦးကျော်ရှင်းရဲ့ မြေပုံကနေ ထွက်ခွာ သွားတယ်။ အဲဒီ တော့မှ သူ့ဆရာလည်း သူ့တပည့်နောက်ကို ဒရော သောပါး ပြေးလိုက်ခဲ့ရတာ။ ဒါပေမဲ့ ဦးသော်တာက စိတ်ထဲမှာတော့ ဒီကနေ့ သူနားမလည်တဲ့ကိစ္စတွေကို ဒီည သူ့တပည့်ကို ရှင်းရှင်းလင်းလင်းသိရအောင် မေးဖို့တော့ တေးမှတ်ထားလေရဲ့။

* *

သုသာန်မှာ သုံး၊ လေးယောက်လောက်ပဲ ရှိတော့တယ်။ အဲဒီအထဲမှာ မြေပုံမှတ်တိုင်စိုက်ထူဖို့နဲ့ မြေပုံကို လှလှပပဖြစ်ဖို့ ကျန်ရစ်ခဲ့တဲ့ ဦးကျော်ရှင်းရဲ့တပည့် ကိုအောင်ခင်တစ်ယောက်လည်း ရှိတယ်။ ကိုအောင်ခင် စိတ်မကောင်းဘူး။ သူ့ဆရာ ဦးကျော်ရှင်းအတွက်လား၊ ကောင်လေးအတွက်လားဆိုတာ သူကိုယ်တိုင်တောင် တိတိကျကျမသိပါဘူး။ သူသိတာက သူ့ဆရာ ဦးကျော်ရှင်းအလောင်းကို ကောင်လေး မြေကျင်းထဲပွေ့ချီချက တည်းက တစ်ခုခုတော့ တစ်ခုခုပဲလို့သိတယ်။ သူ ထင်မှတ်ထားတဲ့အတိုင်းပါပဲ။ ကောင်လေးက သူ့ဆရာရဲ့ မျက်နှာကို တဘက်စောင်ဖြန့်ပြီး အအုပ်မှာ သူ့ခါးပုံစထဲက ကြွပ်ကြွပ်အိတ်အထုပ်ကို တဘက်စောင်အောက် သူ့ဆရာရဲ့ရင်ဘတ်ပေါ်တင်ပေးလိုက်တာ ကိုအောင်ခင် ရှင်းရှင်းလင်းလင်းမြင်လိုက်ရတယ်။

ကြွပ်ကြွပ်အိတ်လေးထဲမှာ ခြောက်သွေ့နေပြီဖြစ်တဲ့ အဆိပ်ထည့်ထားတဲ့ အမဲလုံးဆယ်လုံးလောက်နဲ့ ငွေ ၅၀၀၀ တန်တစ်ရွက်ကို ကိုအောင်ခင် အသေအချာ မြင်လိုက်ရတယ်။ ကိုအောင်ခင် စိတ်မကောင်းဘူး။ ဘယ်သူကမှားလို့၊ ဘယ်သူကမှန်တယ်လို့ မပြောချင်ပေမဲ့ ဒီလိုပြဿနာမျိုး ကြုံတွေ့ခဲ့ရတဲ့အခိုက်အတန့်မှာတော့ ကိုယ်နဲ့တန်ရာတန်ရာတော့ တွေးကြည့်တာပေါ့လေ။ အခုအချိန်ဆို ငါ့ဆရာ အဆိပ်မိနေပြီလား။ ငွေ ၅၀၀၀ ကို စွန့်လွှတ်ရဲတဲ့ ကောင်လေးစိတ်ဓာတ်ကရော ဘယ်လိုစိတ်ဓာတ်မျိုးလဲ။ ကိုအောင်ခင်စဉ်းစားရင်း စဉ်းစားရင်းနဲ့ နောက်မှ အဖြေတစ်ခုကို တွေ့လိုက်ရသလိုမျိုး ခေါင်းကို ဆတ်ခနဲညိတ်လိုက်လို့ ကိုအောင်ခင့်နှုတ်က စကားတစ်ခွန်း တိုးတိုးလေးထွက်ကျလာတယ်။

"ဒါ ရဲဘော်ရဲဘက်စိတ်"တဲ့။

[စရဏဗဟုဇင်း။ ဇန်နဝါရီ၊ ၂၀၁၄]

mgyoe.com

mgyoe.com

# ပြာကြွေမော်ကွန်း

အရှုတ္တ

မြင်နေကြားနေရတာတွေက ချမ်းသာကြီး အတွက် တစ်ကွက်ကလေးမှ ရင်အေးစရာမရှိ။ (၄-၅) ရက်ခြားပြီးရောက်လာတဲ့သတင်းစာထဲက သတင်း တွေကလည်း သွေးပျက်တုန်လှုပ်စရာတွေ။ အရေးအခင်း ကြီးက တစ်တိုင်းပြည်လုံးဆီ ပျံ့နှံ့လို့သွားလေပြီ။ ခေါင်း ဖြတ်သတ်သည်။ လူသားစားပြသည်... တဲ့။ အကြား နဲ့တင် ချမ်းသာကြီး ကြက်သီးဖြန်းဖြန်းထမိသည်။ အစိုးရ က ဒါကို မနှိမ်နင်းတော့ဘူးလား။ သာမန်ရန်ပွဲလေးက နေစတဲ့ ပြဿနာ၊ ရက်ပိုင်းအတွင်းထဲ ဘာကြောင့် ဒီလောက်ထိ ကြီးထွားလာရတာလဲ။ အစိုးရမင်းတွေ၊ စစ်တပ်တွေ၊ ရဲတွေကရော ဘာကြောင့် ဒီလိုပြဿနာ ကြီးထွားလာရတာကို မနှိမ်နင်းနိုင်ဖြစ်ရတာလဲ။ အခုဆို လေတပ်ရော၊ ရဲတွေရော၊ အကောက်ခွန်ဝန်ထမ်းတွေ ရော ပါလာတော့ ရဟန်းရှင်လူ အလွှာစုံအရေးအခင်း ကြီးဖြစ်လာပြီး ခက်ကုန်ပြီ။

ဒီပြဿနာကြီး ကြီးထွားလာလေ ချမ်းသာကြီး ရင်ထဲ မီးပိုတောက်လောင်လာလေလေ..။ ဒီအတိုင်းဆို သူ့သားသူ လိုက်ခေါ်မှရတော့မည်။ လွန်ခဲ့တဲ့ (၃) ပတ် လောက်ကတင် လူသားဆီက စာလာသည်။ အဆောင် မှာပဲ အေးအေးဆေးဆေးရှိနေကြောင်း၊ အခြေအနေတွေ နည်းနည်းငြိမ်သက်သွားတာနဲ့ အမြန်ဆုံးပြန်လာမည် ဖြစ်၍ စိတ်မပူစေလိုကြောင်း ရေးထားသည်။ တစ်ရက် ပြန်လာနိုး၊ တစ်ရက်ပြန်လာနိုးနဲ့ တစ်ရက်လေးမှ စိတ် မအေးခဲ့ရ။ သူ့သား အင်ဂျင်နီယာကြီးဖြစ်စေဖို့ လက် တစ်လုံးအလိုကျမှ ဖြစ်လာတဲ့ဒီအရေးအခင်းဆိုတာ ကြီးကို ချမ်းသာကြီး လုံးလုံးဘဝင်မကျ။ ဟုတ်သည် လေ။ ကိုယ်တွေက ပညာမဲ့လို့ ဖွတ်ကျောပြာစု ရုန်း ကန်နေရတာ။ စာပို့လုလင်လုပ်လိုက်၊ မြို့ပတ်သတင်း စာပို့လိုက်နဲ့ ဖနောင့်တွေပင် အသားမာအထပ်ထပ် တက်နေပြီ။ ဇနီးသည် ခင်မေဆိုရင်လည်း စက်သူဌေး ကြီး ဦးတင်လှိုင်တို့အိမ်မှာ တစ်နေကုန် အိမ်အကူသွား လုပ်နေရတာ ညညဆို ညောင်းညာကိုက်ခဲလွန်းလို့ ကိုယ့်သူနင်း၊ သူ့ကိုယ်နင်း ..။

သားလေးသုခကိုတော့ ပညာတတ်အောင် ပျိုးထောင်ပေးခဲ့သည်။ ပညာကြိုးစားတဲ့သားကြောင့် ဘဝမှာ မောရပန်းရမှန်းမသိခဲ့။ ခေတ်ပညာတတ် အင် ဂျင်နီယာကြီးရဲ့ မိဘတွေဆိုပြီး စိန်နားကပ်ရောင်နဲ့ ပါး ပြောင်ရမယ့်အရေး တွေးတွေးပြီး စာပို့လုလင်၊ သတင်း စာပို့သမားကြီး ချမ်းသာ ဖွဲ့ရောင်းလိုက်တဲ့အိမ်မြေကွက် တစ်ခြမ်းအတွက် ဘယ်တော့မှ မနှမြောခဲ့။ ဘယ်တော့မှ နောင်တမရခဲ့။ တစ်ဦးတည်းသော မြေးအတွက်မို့ သွား လေသူ မိဘတွေလည်း ဘဝခြားကနေ ကျေနပ်နေပါ လိမ့်မည်။ ဟုတ်တယ်လေ .. လေးဆယ် ခြောက်ဆယ် ကြီး တစ်ခြမ်းပြုတ်သွားလည်း နှစ်ဆယ် ခြောက်ဆယ်

ကျန်သေးသည်။ ဒီတစ်သက်နေပါလေ့။ လမ်းလျှောက်တိုင်း လှုပ်ခါနေတဲ့ အိမ်စုတ်လေးကိုတော့ သူ့သားလက်ထက်ကျမှ ရောမတိုက်အိမ်ကြီး ကိုယ်တိုင်ဆောက်ပေးလိမ့်မည်။ ခင်မေလည်း ဆေးလေးဖွာလိုက်၊ လက်ဖက်လေးစားလိုက်၊ ရေနွေးကြမ်းလေးသောက်လိုက်နဲ့ အတိုးချဖိမ်ခံပေတော့။

"ချမ်းသာကြီး .. စက်သူဌေးက သတင်းစာပို့ပြီးရင် သူ့အိမ်လာခဲ့ဦးတဲ့ဟ"

"ဩော်... ဟုတ်ကဲ့ မမသိန်း၊ ဘာများ အရေးကြီးလဲ မသိဘူး"

"ဒါတော့ ငါလည်း မသိဘူးဟ၊ နင့်သားကို သူ့ သမီးအိမ်တွင်းပုန်းနဲ့ ပေးစားမလို့နေမှာဟဲ့"

"ဟာ .. မမသိန်းကလည်း ကျုပ်သားက ကလေးရှိသေးတာ။ အဲဒါတွေ စဉ်းစားမှာ မဟုတ်သေးပါဘူး။ မိဘကို လုပ်ကျွေးမယ့်သားဗျ။ ဟဲ ဟဲ .. ကဲ အဲဒါဆို အဲဒီပဲ အရင်သွားလိုက်ပါဦးမယ်၊ ဒီသတင်းစာကျန်တာလေးတော့ မမသိန်းပဲယူသွားပေး။ ဦးလန်ဘားဆိုင်သာ ထားခဲ့။ သူတို့ဟာ သူတို့ လာယူလိမ့်မယ်"

"အမလေးဟဲ့ .. ချမ်းသာတို့များ ငါ့တောင်ပြန်ခိုင်းနေပြီဟဲ့ ပေးပေး"

ရောက်သွားတော့ ဦးတင်လှိုင်က ရန်ကုန်အခြေအနေ၊ မန္တလေးအခြေအနေတွေကို ပြောသည်။ ကိုယ်တိုင် သတင်းစာပို့သမားဆိုပေမဲ့ ဒီအကြောင်းတွေကို ချမ်းသာကြီး သိပ်နားမလည်။ အင်းလေ ဦးတင်လှိုင်တို့ဆိုတာက မြို့ကမျက်နှာဖုံး၊ မျက်စိကြီး၊ နားကြီးတွေ။ ကိုယ်တွေက ကိုယ့်ထမင်းကိုယ်တောင် မနည်းရှာစားနေရသူတွေဆိုတော့ နည်းနည်းတော့ကွာမှာပေ့ါ။ အခု ပြောနေတာတွေကိုလည်း တကယ်တမ်းကျ ချမ်းသာကြီး အလွန်အမင်း မသိချင်။ တစ်ခုပဲ အဲဒါက ကိုယ့်သား ...။

"ကျုပ်ကတော့ နိုင်ငံရေးတွေ ဘာတွေ မသိဘူး ဆရာရေ့။ ကိုယ့်ထမင်းကိုယ်၀၀လင်လင်ရှာစားနိုင်ရင်တော်ပြီ။ အဲ .. စိတ်ပူတာ တစ်ခုပဲ။ ကျုပ်သားက ပြန်လာမယ် စာရေးပြီး၊ အခုထိ ရောက်မလာသေးဘူး။ လမ်းစရိတ်တွေ ဘာတွေများမရှိရှာလို့လားမသိ။ အဲဒါ ကျုပ်လိုက်တောင်ခေါ်ရမလားလို့။

"အေး မင်းကို အဓိက ပြောချင်တာက အဲဒါပဲ။ သုခက ရိုးရိုးအေးအေးရယ်။ အခုဖြစ်နေတာက ကျောင်းသားဟန်ပြပြီး ဆူပူသောင်းကျန်းချင်တဲ့ လူရမ်းကားတွေ၊ ဒုစရိုက်သမားတွေက ထင်တိုင်းကျဲနေတာ။ အဲဒီ ဆန္ဒပြတဲ့ဝန်ထမ်းတွေ၊ ရဲတွေ ဆိုတာအတုတွေကွ။ ဘယ့်နှယ်ကွာ .. အစိုးရဝန်ထမ်းက အစိုးရကိုဆန္ဒပြန်ပြမလား။ အဲဒါ နိုင်ငံရေးသမားတွေရဲ့ လှည့်ကွက်တွေ။ ကလေးတွေ ကြားညပ်ကုန်လိမ့်မယ်။ ဒီတော့ မင်းသားမင်းအမြန်ဆုံး လိုက်သာခေါ်ပေတော့။ လမ်းစရိတ်မရှိရင်ပြော၊ အခုတစ်ခါတည်းယူသွားချင်ရင်လည်း ယူသွား .. အားမနာနဲ့"

"အေးဗျာ .. ကျုပ်ကို လိုလိုမယ်မယ် တစ်ထောင်ပေးစမ်းဗျာ။ မက်ဖြန် ကိုဝင်းစိန်တို့ ဂျစ်ကားထွက်မယ်ပြောတယ်။ ကျုပ်လိုက်သွားမယ်။ သုံးလေးရက်ကြာရင်လည်း ကြာမယ်။ ဒါနဲ့ ခင်မေရော ဆရာ .. အကျိုးအကြောင်းတိုင်ပင်ဦးမှဗျ"

"အလတ်မနဲ့ ဈေးသွားတယ် ပြန်လာတော့မှာကွ၊ ဒီကပဲ စောင့်လေကွာ"

"လမ်းမှာတွေ့မှာပဲလေ။ ကဲ ... ကျုပ်ကို ပိုက်ဆံပေးဦး သွားတော့မယ်"

ဦးတင်လှိုင်က လိုလိုပိုပိုဆိုပြီး ငွေနှစ်ထောင်ပေးသည်။ ပြန်မပေးနဲ့တဲ့။ ဘာကြောင့် ဒီလောက်သဘောကောင်းနေတယ်ဆိုတာလောက်တော့ ချမ်းသာကြီးသိတာပ။ သားမျက်နှာကြောင့် ကိုယ့်အဆင့်နဲ့ မိုးနဲ့မြေလိုကွာတဲ့ ကျိကျိတက်စက်သူဌေးကြီးနဲ့ တန်းတူဆက်ဆံခွင့်ရလို့ ချမ်းသာကြီးရင်ထဲ ဘဝင်လေဟပ်လို့မဆုံးတော့။ ရုပ်ရှင်ရုံနားမရောက်ခင်မှာပဲ ဇနီးသည်ခင်မေနဲ့ အလတ်မမိကြူကို သွားတွေ့သည်။ ခင်မေ့လက်မောင်းလေးကို မိကြူကတွဲထားတော့ ချမ်းသာ ကြီးသဘောအကျကြီးကျသွားမိသည်။ ဒါပေမဲ့ သူတို့ကြည့်ရတာ ထိတ်ထိတ်ပျာပျာ နိုင်နေသလိုလို။ ဟောသူတို့ကပင် အလောတကြီး စကားဆိုသည်။

"ကိုချမ်းသာရေ ရုပ်ရှင်ရုံရှေ့မှာ ဆန္ဒပြဖို့လူစုနေပြီ။ ကျောင်းဆရာ ဦးချစ်အောင်က ဂျစ်ကားရှေ့ဖုံးတက်ပြီး ဟောပြောနေတယ်တော့။ ဘယ်လို

mgyoe.com

ကျောင်းဆရာလဲ မသိဘူး။ ကလေးတွေ လမ်းမှားရင်တောင် သူက တားရဦးမယ့်ဥစ္စာ။ အခု သူက စလှူ့ဆော်နေတယ်။ ရှင်မသွားနဲ့နော်။ အိမ်ပြန်ရင်ပြန် မပြန်ရင် စာတိုက်မှာ သွားနေ"

"အေးပါဟာ၊ ဒါနဲ့ ဆရာဦးတင်လှိုင်က သားကို လိုက်ခေါ်ခိုင်းတယ်။ ငါ မနက်ဖြန် ကိုဝင်းစိန်ကားနဲ့ လိုက်သွားမလားလို့"

"အေး မနက်တုန်းက ကျုပ်ကိုပြောပြီးပြီပဲ၊ ကဲ .. အဲဒါဆို အလုပ်မရှိရင် အိမ်စောစောပြန်၊ သွား ဖို့လာဖို့ အထုပ်အပိုးလေးဘာလေး ပြင်ထားဦး"

"အောင်မလေးကွာ ဘေးလူကြားရင် ရယ်စရာဖြစ်နေဦးမယ်။ တကယ်ချမ်းသာနေပြီ ထင်ဦး မယ်။ ငါ့ ဘာများထူးထူးခြားခြား ပြင်ရဦးမှာလဲ။ ပုဆိုး အင်္ကျီက လက်ငါးချောင်းတောင် မပြည့်တဲ့ဥစ္စာ .. ဟား ဟား ဟား ဟား ..။ ကဲ ကဲ .. သွားကြတော့။ မိကြူ .. ဦးလေးသွားတော့မယ်"

"ဦးလေး နေပါဦး၊ ကိုသုခဆီသွားဖို့ လမ်းစရိတ်တွေဘာတွေ ..."

မပူပါနဲ့သမီး .. ဟဲ ဟဲ .. နင့်အဖေဆီက တောင်းခဲ့ပြီ .. သုခတို့များကွာ ငါတောင်မနာလိုတော့ဘူး .. ဟား ဟား ဟား .."

ကောင်မလေး မျက်နှာလေး ရဲကာ ခေါင်းငုံ့သွားသည်။ ခင်မေက "ရှင်ကလည်း" ဆိုသည့်သဘောမျိုး မျက်စောင်းထိုးကာ ကောင်မလေးကို ဆွဲခေါ်သွားသည်။ ချမ်းသာကြီး သဘောကျလို့ မဆုံးတော့။ တပြုံးပြုံးနဲ့ လမ်းလျှောက်လာရင်း အိမ်ပြန်ရမလား။ စာတိုက်သွားရမလား စဉ်းစားမိသည်။ နှစ်နေရာစလုံးကို မသွားချင်။ ဘာကြောင့်မှန်းမသိ .. ဦးချစ်အောင် ဘာတွေဟောနေလဲ ကြားချင်မိသည်။ သွားနားထောင် တုန်းဖမ်းဟယ်ဆီးဟယ်ဆို မဆီမဆိုင် ကိုယ်ပါသွားမှာလည်း ချမ်းသာကြီးကြောက်သည်။ အို .. ဘာပဲပြောပြော လမ်းသွားလမ်းလာပုံစံမျိုးနဲ့ အခြေအနေလေးတော့ သွားကြည့်ဦးမှ ..။ ခပ်ဝေးဝေးကပင် လူတွေ အဲဒီဘက်ကို သွားတဲ့လူတွေကသွား။ ထိတ်ထိတ်ပျာပျာနဲ့ အဲဒီဘက်ကနေ ပြန်တဲ့လူပြန်နေတာကို တွေ့နေရသည်။ ချမ်းသာကြီးရဲ့နားထဲမှာ ဆရာဦးချစ်အောင်ရဲ့အသံက တဖြည်းဖြည်းပီပြင်လာသည်။

"ကျုပ်တို့က အကြမ်းဖက်ရမ်းကားဖို့၊ ဖျက်လိုဖျက်ဆီးလုပ်ဖို့ လှုံ့ဆော်နေတာ မဟုတ်ဘူး။ မင်းမဲ့စရိုက်မျိုးကို စစ်မှန်တဲ့ ဒီမိုကရေစီလိုလားသူတိုင်း ရှောင်ကြဉ်ရမယ်၊ ဆန့်ကျင်ရမယ်၊ မဆလကြောင့် ကျုပ်တို့တိုင်းပြည်၊ ကျုပ်တို့မြန်မာပြည်သူတွေ ဆင်းရဲတွင်းနက်နေတာ။ အဲဒါ နေဝင်းနဲ့ မဆလကြောင့်ဆိုတာ အားလုံးအသိပဲ။ စောမောင်တို့၊ စိန်လွင်တို့ဆိုတာ နေဝင်းရဲ့လက်ပါးစေ ပါးကွက်သားတွေပဲ။ အခု ကျုပ်တို့ ပြည်သူ့အင်အားနဲ့ နေဝင်းအစိုးရကို ဖြုတ်ချရမယ်။ ရန်ကုန်က ကျုပ်တို့ ခင်ဗျားတို့ရဲ့ဘော်တွေနဲ့ ကျုပ်တို့ ချိတ်ဆက်မိပြီ။ သူတို့တစ်ရက်နှစ်ရက် အတွင်း ရောက်လာကြတော့မယ်။ ဒီဆန္ဒပြပွဲကြီးဟာ ရန်ကုန်နဲ့ မန္တလေးတင် ကွက်ပြတဲ့ဆန္ဒပြပွဲ မဟုတ် ဘူး။ တစ်ပြည်လုံးပါဝင်တဲ့ ပြည်လုံးကျွတ် ဆန္ဒပြပွဲ ကြီးလို့ ကျုပ်ပြောချင်တယ်။ နေဝင်းအစိုးရကို ဖြုတ်ချ မယ်။ ဒီမိုကရေစီလိုလားသူတိုင်း၊ တိုင်းပြည်ကို ချစ် တဲ့သူတိုင်း ဝင်ရောက်ဆင်နွှဲကြပါလို့ ကျုပ်ပြောချင် တယ်။ ဒီတော့ ကျုပ်ရှေ့ကတိုင်ပေးမယ်။ ဒီမိုကရေစီ လိုလားတဲ့ ခင်ဗျားတို့က နောက်က လိုက်ဆို။ ကဲ .. စမယ် နေဝင်းအစိုးရ အလိုမရှိ"

"နေဝင်းအစိုးရ အလိုမရှိ .. နေဝင်းအစိုးရ အလိုမရှိ"

"ဒီမိုကရေစီ ချက်ချင်းပေး"

"ဒီမိုကရေစီ ချက်ချင်းပေး၊ ဒီမိုကရေစီ ချက်ချင်းပေး"

လက်သီးလက်မောင်းတန်း ကြွေးကြော်သံကြီးကြောင့် ချမ်းသာကြီး ကြက်သီးဖြန်းဖြန်းထသွားသည်။ လူအုပ်ကလည်း များသထက်များလာကာ သူကိုယ်တိုင် လူအုပ်ကြားထဲ ရောက်နေပြီမို့ ချမ်းသာ ကြီး မသိမသာ နောက်ပြန်ဆုတ်ကာ ကွမ်းယာဆိုင်ဘေးသွားကပ်လိုက်သည်။ ယူနီဖောင်းဝတ် ရဲတစ်ချို့နဲ့ ကောင်စီလူကြီးအချို့ကို လှမ်းတွေ့လိုက်သမို့ ချမ်းသာကြီး ဦးထုပ်ကို ငိုက်အောင်ဆွဲချ။ ခေါင်းငုံ့ကာ ခပ်သုတ်သုတ်လစ်ထွက်ခဲ့တော့သည်။ ဒီလူတွေ စာရင်းလာတို့တာ နေမှာ။ မတော် .. စာရင်းတို့တဲ့အထဲ ပါ

သွားမှဖြင့် သူ့သားဆောက်မယ့်တိုက်ထဲ မရောက်ဘဲ အကျဉ်းတိုက်ထဲ ရောက်သွားမှ ဒုက္ခ။ သူ့အနာဂတ် အိပ်မက်တွေ ပြိုကွဲသွားမှာကို ချမ်းသာကြီး ကြောက်သည်။ ခြိုးခြိုးခြံမ့်ခြံမ့် ကြွေးကြော်သံတွေကတော့ သူ့အိမ်ပြန်လမ်းအထိ လိုက်ပါလာဆဲ..။

ညရောက်တော့ တော်တော်နဲ့ အိပ်မပျော်။ မနက်ခရီးစဉ်ကို စဉ်းစားကာ လူးလိမ့်နေစဉ်မှာပဲ "အဖေကြီး"ဆိုတဲ့ အသံကို နားထဲကြားလိုက်မိသလိုလို။ ဟော.. ထပ်ခေါ်ပြန်ပြီ။

"ဟဲ့ ခင်မေ .. ထစမ်း။ သား ပြန်လာသလား မသိဘူး"

"အင်း .. အဲ့ အဲ့ .. ဟုတ်လား၊ မီးခွက် ထွန်းစမ်းပါဦးဟ" အိမ်ရှေ့ထွက်ကြည့်တော့ ဘယ်သူ့ကို မှ မတွေ့ ...။

"မနက်သွားဖို့ကို ရှင်စိတ်စွဲပြီးနေလို့ ဖြစ်မှာပါ။ ကဲ .. ဘုရားလေးဘာလေးရှိခိုးပြီး ပျော်အောင် အိပ်။ မနက်ကျ အစောကြီးသွားရဦးမှာ။ သားရဲ့ အဆောင်ကိုတော့ ရှင်သွားတတ်ပါတယ်နော်"

"မှတ်မိပါတယ်ဟာ .. ကဲ ကဲ နင်လည်း အိပ်တော့"

အိပ်ရာပေါ် လှဲချလိုက်ပေမဲ့ လူက အိပ်မပျော်။ အတွေးတွေ ယောက်ယက်ခတ်နေသည်။ မစဉ်းစားမိအောင် လှည့်ပတ်တွေးနေတဲ့ကြားထဲကပဲ တုန်လှုပ်ဖွယ်ရာ အတွေးကြီးတစ်ခုဆီပဲ စိတ်တွေက ပြန်ပြန်လည်သွားသည်။ ဘုရား .. ဘုရား ... ငါ့သားလေးများ တစ်ခုခုဖြစ်သွားရော့လား။ သံရည်ပူတွေ လောင်းချခံနေရသလို အတွေးက ပူလောင်လွန်းလှသည်။ ကြိုးစားအိပ်လည်းအိပ်မပျော်။ ခင်မေက ဘာမှမပြောပေမဲ့ တစ်ချက်တစ်ချက် ရှိုက်သံက ချမ်းသာကြီး နှလုံး ကို မီးလိုလာလာမြိုက်သည်။ ဒီလိုနဲ့ မိုးစင်စင်လင်းခဲ့လေ၏။

ကြွေးကြော်သံတွေ ပွက်ပွက်ညံတဲ့ ခရီးရှည်ကြီးကို တစ်နေကုန် ခက်ခက်ခဲခဲဖြတ်ပြီး အင်းစိန်ရွာမ က ကိုဝင်းစိန်ညီမတွေအိမ်ရောက်သွားသည်။ အခြေအနေတွေက ကြားသတင်းတွေထက် များစွာ ဆိုးရွားလွန်းနေသည်။ သေနတ်သံတွေကို ဟိုမှဒီမှ သဲ့သဲ့ကြား ရသည်။ ညနေစောင်းမှ ရောက်တာဆိုတော့ ဘာမှ မလုပ်နိုင်။ နောက်နေ့ကျမှ ကိုဝင်းစိန်ယောက်ဖကား နဲ့ သားပျောက်ရှာရတော့သည်။ အဆောင်ကိုလိုက် သည်။ မတွေ့။ ကျောင်းထဲကိုလိုက်သည်။ မတွေ့။ ဒါပေမဲ့ ဆရာဖြစ်ပုံရတဲ့ လူတစ်ယောက်ဆီက သတင်းတော့ရလိုက်သည်။ ကိုယ့်သားကိုယ် ဒေါသအလိပ်လိုက်ထွက်မိသည်။ ဘယ့်နှယ် .. ကိုယ်နဲ့မဆိုင်တဲ့ အလုပ် ဒင်းလုပ်စရာလား။ သပိတ်မှောက်တာတဲ့ .. အလကား...။ ဒါနဲ့ ဆူးလေဘက်ဆက်လိုက်သည်။ တွေ့မြင်နေသမျှက အရာရာ ကျိုးလန့်စာစား။ တစ်နေရာမှာ လမ်းပိတ်နေတုန်း လူငယ် (၄/၅) ယောက်ကား နား မယောင်မလည် ကပ်လာကာ စာရွက်သုံးလေးရွက် ထိုးပေးသွားသည်။ ကြည့်လိုက်တော့ ခွပ်ဒေါင်းတံဆိပ်နဲ့ ဝါဒဖြန့်စာတွေ။ နည်းနည်းဖတ်ကြည့်ပြီးတာနဲ့ သုံးယောက်သား စာတွေကို လုံးချေပြီး ခပ်မြန်မြန်ပဲ လွှင့်ပစ်လိုက်သည်။ လမ်းကြောပွင့်တဲ့နေရာတွေကနေ လှည့်ပတ်မောင်းရင်း နောက်ဆုံးရန်ကုန်ဆေးရုံကြီးနဲ့ မနီးမဝေးဆီရောက်သွားသည်။ ကားဆက်တိုးလို့ မရတော့။ တကယ်တော့ အခုရောက်နေတာ ဘယ်နားဆိုတာ ချမ်းသာကြီး ကောင်းကောင်းမသိ။

ယောက်ဖရေ မင်းကားတော့ ဟိုးက အပင်အောက်အထိပြန်ဆုတ်ထား။ အဲဒီကပဲစောင့် ... ဒီအထဲမှာ ဝင်စုံစမ်းကြည့်ဦးမယ်။ စက်မှုကျောင်းသားတစ်ယောက်ယောက်တော့ တွေ့မယ်ထင်တာပဲ"

"အေးဗျာ ကိုဝင်းစိန်ရော၊ ကိုတင်ရော ကျုပ်အားနာလှပါပြီ။ ခက်တယ်ဗျာ .. ဒီကလေး။ ကျုပ်က ပညာတတ်စေချင်လွန်းလို့ အငတ်ခံ ကျောင်းထားပေးတာဗျ။ ဒီလိုမဟုတ်တရုတ်တွေ ကျုပ်မကြိုက်မှန်း ဒီကောင် သိသိကြီးဗျာ။ တောက် ... ကျုပ်သားက လူရိုးလူကောင်းပါဗျာ ... အပေါင်းအသင်းဖျက်လို့ ဒီလိုဖြစ်သွားတာနေမှာ"

"ထားပါဗျာ ကဲ ... သွားရှာကြ၊ အန္တရာယ်လည်း ကြည့်ရှောင်ကြနော်။ ပစ်တာ ခတ်တာက နည်းနည်းစိပ်လာတယ်ဗျ"

လမ်းပေါ်မှာ လူတွေ ... လူတွေ ...။

ဆေးရုံကြီးဝန်းကျင်မှာလည်း လူတွေ ...။

mgyoe.com

mgyoe.com

ပြီးတော့ မိုးပြိုသလို အုံ့အုံ့ကျက်ကျက် ကြွေးကြော်သံတွေ။ လူအုပ်ထဲ တိုးဝင်ရင်း နဖူးစည်းပါတဲ့ ကလေးတိုင်းကို စက်မှုကျောင်းကလား မေးရတာလည်း အမောပဲ။ တစ်ယောက်ကို မေးလိုက်ချိန်မှာတော့ ကောင်လေးက သူတို့ကို အမေးနဲ့တုံ့ပြန်လာသည်။

"ဦးလေးတို့က ဘာကြောင့် မေးတာလဲ။ ထောက်လှမ်းရေးဆိုလည်း မှတ်ဗျာ။ ကျုပ်နာမည် ကျော်ဦး၊ ဒုတိယနှစ်မြန်မာစာ၊ အင်းစိန်မှာနေတယ်"

"အို ... အို မဟုတ်ပါဘူး သားရယ်။ ဦးလေးက တောကပါ။ ဦးသားက စက်မှုကျောင်းတက်နေတာ။ သုခတဲ့။ သားတို့ သိမလားမသိဘူး။ ဦး တွေ့ချင်လွန်းလို့ တောကနေတက်လာတာပါ သားရယ်။ ဒီနေရာတွေတောင် ဦးလေးတို့ မလာတတ်ပါဘူးကွယ်။ ဒီဦးလေးရဲ့ ယောက်ဖလိုက်ပို့လို့ ရောက်လာတာ။ သားရယ်.. ဦးလေးကို ဘယ်မှာမေးရမလဲ လမ်းညွှန်စမ်းပါ"

နောက်ထပ်ကောင်လေး (၃-၄) ယောက်ရောက်လာသည်။ သူတို့ချင်းအကျိုးအကြောင်း ညှိပြီးမှ ကောင်လေးတစ်ယောက်က ဦးဆောင်ကာ သူတို့ကို တစ်နေရာခေါ်ထုတ်သည်။ ချောင်ကျကျရေစက်ခန်းလေးဆီ ရောက်သွားသည်။

"ဦးလေးတို့ ဒီမှာ ခဏစောင့်၊ ကျွန်တော်အာအိုင်တီက တစ်ယောက်ယောက် သွားခေါ်လိုက်ဦးမယ်။ တစ်ခုခုဆို နီးစပ်ရာမှာ ဝင်ပုန်းနော်။ ကျွန်တော် အမြန်ဆုံးလာခဲ့မယ်"

"အေးပါ သားရယ်၊ မင်းကို ထိုင်တောင်ရှိခိုးချင်လိုက်တာကွယ်"

"ဟာ ... မဟုတ်တာဗျာ၊ ကဲ သွားပြီ"

တထိတ်ထိတ်နဲ့ နာရီဝက်ကျော်ကြာမှ ခုနက လူငယ်လေးဦးဆောင်တဲ့ လူငယ် (၃-၄) ယောက်ပြန်ရောက်လာသည်။ သူတို့မျက်နှာ သိပ်မကောင်းကြ။ ဘုရား ... ဘုရား ... သူ မတွေးရဲခဲ့သလိုများ .. ။

"ဦးလေးသုခဆိုတာ စီဗယ်ကလား"

"ဟေး .. အဲဒါမျိုးခေါ်တတ်ပါဘူးကွယ်။ နောက်ဆုံးနှစ်ကကွဲ့။ အသားဖြူဖြူ မေးစေ့မှာ မှဲ့နဲ့လေကွာ"

"သုခချမ်းသာ .. အင်း .. ဦးလေးနာမည်က ဦးချမ်းသာလား"

"အေး ဦးက ချမ်းသာပဲ"

"ဟူး ... စိတ်တော့ အရမ်းမပူနဲ့ဦးလေးရာ။ လွန်ခဲ့တဲ့ (၄) ရက်လောက်တုန်းက ဒီကောင်တွေ အဆွဲခံလိုက်ရတယ်။ အခုထိတော့ သူတို့သတင်း ဘာမှ အတည်မပြုနိုင်သေးဘူး"

"ဟာ ... ဒုက္ခရောက်ပြီ သားရယ် ပြောစမ်းပါဦး။ ဦးလေးတို့ ဘယ်သွားစုံစမ်းရမှာလဲဟင်"

"ဟူး ... အမှန်အတိုင်းပြောရရင် ကျွန်တော်တို့လည်း မသိဘူး။ ကျွန်တော်တို့လည်း စုံစမ်းနေပါတယ်။ ဒါပေမဲ့ဗျာ.."

"လုပ် .. လုပ်ပါဦးကိုဝင်းစိန်ရယ် ... ကျုပ်သားလေး ... ကျုပ်သား"

ငိုသံဗလုံးဗထွေးနဲ့ စကားပြောဖို့ ကြိုးစားနေတဲ့ ဦးချမ်းသာကိုကြည့်ပြီး ကောင်လေးတွေလည်း မျက်ရည်ဝဲနေသည်။ ချမ်းသာကြီးကို ထွေးပွေ့ရင်း ကိုဝင်းစိန်လည်း စကားမဆိုနိုင်.....။ အသက်နည်းနည်းကြီးပုံရတဲ့ ကောင်လေးတစ်ယောက်က ချမ်းသာကြီး လက်ကို ဖျစ်ညှစ်ကိုင်ရင်း စကားဆိုသည်။

"ဟင်း ... ကျွန်တော်က ကိုသုခ သူငယ်ချင်းတော့မဟုတ်ဘူး။ ကျွန်တော့်ညီက သုခနဲ့သူငယ်ချင်းလေ။ သူတို့ အတူတူအဆွဲခံလိုက်ရတာ။ ဒီတော့ သတင်းကြားတာနဲ့ ဦးလေးဆီ ချက်ချင်းအကြောင်းကြားမယ်။ အခုတော့ ဦးလေးစိတ်တင်းထား။ ကျွန်တော်မသေခင်တော့ ကိုသုခသတင်းကို ပြန်ပြောပြနိုင်မှာပါ .. ကျွန်တော် ကတိပေးပါတယ်"

"× × × × × ×"

"ကဲ ဦးလေး ဦးလေးက နယ်ကဆိုတော့ မြန်မြန်ပြန်တာကောင်းတယ်။ ဒီကောင်တွေတစ်နေ့ထက်တစ်နေ့ ပိုသွေးဆာလာတယ်။ အခြေအနေက အဆုံးဆုံးအဆင့်ရောက်တော့မယ်။ ကဲ ဦးလေး ... ကျွန်တော့်နာမည် အောင်ကိုသက်တဲ့ မှတ်ထားနော်။ သွားတော့ ဦးလေး ကိုယ့်အိမ်ကိုအမြန်ဆုံးသာပြန်။ ကျွန်တော်လည်း သတင်းကြားတာနဲ့ ချက်ချင်းဆက်သွယ်မယ်။ ဦးလေးလည်းသွားတော့ .. ကျွန်တော်တို့လည်း သွားတော့မယ်။ လုပ်စရာလေးတွေ ရှိသေးလို့။"
mgyoe.com

mgyoe.com

ကျောခိုင်းထွက်သွားတဲ့ သားအရွယ်ကောင်လေးတွေကို မျက်ရည်တွေကြားက ငေးကြည့်နေမိသည်။ သူတို့မိဘတွေကိုယ်စား ရင်နာမိပြန်ပေါ့။ မင်းတို့ကိုယ် မင်းတို့မှ မသနားမိုက်မိုက်မဲမဲနဲ့ အစိုးရကိုမှ ပြန်အန်တုရသလား ကလေးတို့ရယ်။ ကိုဝင်းစိန်ဆွဲခေါ်တဲ့နောက် ခေါင်းငိုက်စိုက်ချလိုက်ရင်း စောင့်နေတဲ့ကားဆီ ပြန်ရောက်သွားသည်။

"ဟာ ... စိတ်ပူလိုက်ရတာဗျာ .. လွန်ခဲ့တဲ့ နာရီဝက်လောက်က စစ်သားတွေ၊ လုံထိန်းတွေ ကားကြီး၊ ကားငယ်နဲ့ဗျာ ဒီနားကဖြတ်သွားတာ။ ကျုပ်တို့တောင် မသက်သာလို ကြည့်သွားသေးတယ်။ ပြောလို့ရတာမဟုတ်ဘူး ... အခုအချိန် ဒီကောင်တွေ မသက်ာရင် မလွယ်ဘူးဗျ"

"ကလေးတွေကလည်းဗျာ မိုက်ရူးရဲလေးတွေနဲ့။ အပ်တစ်ချောင်းတောင်မပါဘဲ ကျည်ဆန်ကိုသွားအန်တုလို့ကတော့ကွာ ခွေးသေဝက်သေ သေရုံရှိမပေါ့"

အင်းစိန်ဘက်ပြန်လှည့်မောင်းဖို့ ပြင်ချိန်မှာပဲ ကျယ်လောင်တဲ့ ပစ်ခတ်ပေါက်ကွဲသံတွေ၊ ဝေါခနဲ ဟိန်းထွက်လာတဲ့ ဟစ်အော်သံတွေကို ကြားလိုက်ရသည်။ တံခါးပေါက်တွေကနေ အလုအယက်နောက်ပြန်ကြည့်မိတော့ သူတို့ရှိရာဘက်ဆီရေကာတာကျိုးပေါက်သလို လူအုပ်ကြီး လိမ့်ဆင်းလာတာကိုတွေ့ရသည်။ ဒီအချိန်မှာပဲ လမ်းပြတ်တစ်ခုထဲကနေ စစ်ကား (၄) စီးမောင်းထွက်လာကာ လူအုပ်ကြီးကို ပိတ်ဆို့လိုက်သည်။ လူတွေကို မမြင်ရတော့။ ပိုကျယ်လောင်တဲ့ သေနတ်သံတွေက ကားစက်သံကိုပင် ဖုံးအုပ်လို့သွားလေပြီ။

* *

သူပို့ရမယ့်စာတွေထဲမှာ သူ့အမည်များပါလေမလား ရှာခဲ့စောင့်ခဲ့ရတာ။ ဘယ်နှနေ့၊ ဘယ်နှရက်ကြာပြီဆိုတာ သူမမှတ်မိတော့။ ဒီလို ပြန်ရှာမိတိုင်း အတိတ်က အရိပ်တွေ ထင်းထင်းကြီးပေါ်လာမြဲ။ အဲဒီတုန်းက ချမ်းသာကြီးတို့ မြို့မှာလည်း ဆန္ဒတွေပြကြသည်။ ဦးတင်လှိုင်က ဆန္ဒပြသူတွေ စားဖို့ ထမင်းထုပ်တွေ လှူသည်။ ဆန်လှူသည်။ ငွေလှူသည်။ ဘာတစ်ခွန်းမှ မပြောမပြော။ ဘာတစ်ခုမှ ဦးဆောင်ဦးရွက်မလုပ်ဘဲ သပိတ်နာယကကာ စာရင်းဝင်ကာ ခုံမြင့်မြင့် တစ်နေရာရသည်။ စာပို့လုလင်ကြီး ချမ်းသာကိုပင် အိမ်ခေါ်ပြီး ဆန္ဒပြပွဲတွေမှာ ပါဝင်ဖို့ ဆွယ်တရားဟောခဲ့ဖူးသည်။ ချမ်းသာကြီးက မပါတော့ ဒီမိုကရေစီတာဝန်မကျေတဲ့လူ .... တဲ့။

စစ်တပ်အာဏာသိမ်းတော့ မြို့လေးထဲ အဖမ်းခံရသူ။ ထွက်ပြေးသူတွေနဲ့ ရုတ်ရုတ်သဲသဲဖြစ်သွားသေးသည်။ ဦးတင်လှိုင်အပါအဝင် မြို့မျက်နှာဖုံးတစ်ချို့ အတော်ကြာအောင် ပျောက်သွားသည်။ အဖမ်းခံရခြင်းမဟုတ်။ သူတို့ ဘယ်နေရာမှာ ရှောင်နေတယ်ဆိုတာ ချမ်းသာကြီးသိသည်။ နောက်တော့ ဘာညာအသင်းကြီးရဲ့ဆောက်လုပ်မယ့် ရုံးသစ်အတွက် ငွေအလုံးအရင်းလှူကာ ပြန်ရောက်လာသည်။ ဟော ... အော်တိုမစ်တစ်ပဲ အသင်းကြီးရဲ့မျက်နှာဖုံး ခုံမြင့်မြင့်တစ်နေရာ ရသွားပြန်သည်။ အခုတော့ ဦးတင်လှိုင်လည်း ထာဝရအိပ်စက်သွားပြီ။ ချမ်းသာကြီးတို့ကတော့ သတင်းစာပို့ဆဲ....။ စာတွေ မြို့ပတ်ပို့ဆဲ။ ခင်မေသည်လည်း အဝတ်လျှော်၊ တံမြက်လှည်း၊ သူများစားဖို့ ထမင်းဟင်းတွေ ချက်ပြုတ်နေရဆဲ...။ မိကြူသည်လည်း သုခရောက်အလာကို စောင့်ရင်းတစ်ကိုယ်တည်း အထီးကျန်ဆဲ.....။

ဒီလိုနဲ့ တစ်နေ့ သူအမျှော်ကြီးမျှော်နေသော သူ့နာမည်လိပ်စာတပ်ထားသည့် စာတစ်စောင်ရောက်လာသည်။ တုန်ယင်နေသော လက်ဖြင့် ကမန်းကတန်းဖောက်ဖတ်မိသည်။ စာက စာတိုလေး.....။

**ဦးလေးချမ်းသာ ...**

*ကျွန်တော် ထောင်က လွတ်လွတ်ချင်း ဒီစာကို ရေးလိုက်တာ။ ကိုသုခရော၊ ကျွန်တော့်ညီရော အဖမ်းခံရတဲ့နေ့မှာပဲ ဒီကောင်တွေ နှိပ်စက်တာနဲ့ ကျဆုံးခဲ့ရတယ်။ လွန်ခဲ့တဲ့ (၄)နှစ်လောက်ကတည်းက ဒီသတင်းရထားပေမဲ့ ပြောခွင့်မသာခဲ့ဘူး။ ကျွန်တော်တို့ရင်ထဲက ကိုသုခကို ဒီကောင်တွေ ဘယ်တော့မှ မသတ်နိုင်ဘူးဆိုတာ ကျွန်တော်တို့ သစ္စာဆိုလိုက်ပါတယ်။*

လေးစားဦးညွှတ်လျက်
အောင်ကိုသက်

ခံပေါ်မျက်နှာအပ်ကာ ချမ်းသာကြီး တအီအီ

mgyoe.com

mgyoe.com

ရှိုက်ငိုမိသည်။ စက်ဘီးဘဲလ်တီးသံကြားသည်။ မုန့်စားသွားသည့် တာဝန်ခံစာရေးမလေး ပြန်ရောက်လာပြီ။ ချမ်းသာကြီး စာတိုက်နောက်ပေါက်က ထွက်ပြီး အိမ်သာထဲဝင်ကာ ဆက်ငိုသည်။ ငိုလို့ဝမှ စာလေးကို အိတ်ထဲက မီးခြစ်ထုတ်ကာ မီးစရှို့သည်။ တငွေ့ငွေ့ လောင်ကျွမ်းနေသည့် စာလေးကို ကြည့်ပြီးရင်ထဲမှာ တဆစ်ဆစ်နာလာပြန်သည်။ တစ်မြို့လုံးအတွက် စာတွေ ကိုယ်တိုင်လိုက်ပို့ရပေမဲ့ သူနဲ့ ခင်မေတို့ တစ်ဘဝလုံး ကိုယ့်ဆီစာပို့ခဲ့ဖူးသူဆိုလို့ သားသုခတစ်ယောက်သာ ရှိခဲ့ဖူးသည်။ ကျန်တာက ဆွေမရှိ မျိုး မရှိသူတို့ဆီ လိပ်မူပြီး စာပို့မယ့်သူနတ္ထိ...။

ပြောစမှတ်တွင်လောက်အောင် နှစ်ပေါင်းများစွာအတွင်း ရောက်လာသည့် တစ်စောင်တည်းသောစာကို မီးရှို့ပစ်ရသည့်အတွက်လည်း ချမ်းသာကြီးထပ်ဆင့် ရင်အနာကြီး နာသည်။ ဒါပေမဲ့ ... မရှို့လို့လည်းမဖြစ်။ ဒီစာအကြောင်း သူက လွဲပြီး ဘယ်သူ့ကိုမှ ပေးမသိနိုင်....။ သူ့ရင်ထဲက သားလေး သုခက အခု တကယ်ဆုံးပါးသွားရှာပြီ။

သို့သော် ခင်မေ့ရင်ထဲက သားလေး သုခကို သူ သတ်မပစ်ရက်...။

မိကြိုရင်ထဲ သားလေးသုခကို သူသတ်မပစ်ရက်....။

စာရွက်ကလေးကား ပြာကျလို့ သွားလေပြီ။

[Treasure Land မဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၄]

mgyoe.com

mgyoe.com

# ဒင်္ဂါးမရဲ့ အိမ်ပြန်ချိန်

**မွန်းဇူး**

ဒင်္ဂါးမက သာမန်မိန်းမသားတစ်ယောက်ဆိုရင် လင်ကောင်းသားကောင်းရနိုင်တဲ့ အလှပိုင်ရှင်ပါ။ မျက်နှာကျက မြန်မာပီသတယ်။ သူ့မျက်နှာမှာ အထင်ရှားဆုံးအလှက နက်မှောင်တဲ့ မျက်ခုံးတစ်စုံနဲ့ ထူထူထဲထဲ အချိုးကျတဲ့နှုတ်ခမ်းတစ်စုံပဲ။ မျက်နှာလေးကသာ အကြည့်ခံတာမဟုတ်ဘူး။ သူမရဲ့ ခန္ဓာကိုယ်ကလည်း အဖုအဖောင်း အကွေ့အဝိုက်တွေနဲ့ မျက်နှာသာပေးထားသေးတယ်။

ဒါပေမဲ့ သူမက တန်းဝင်လမ်းဝင် နာမည်ကြီးမိန်းမပျက်။ ကြေးကောင်းမှ လိုက်မယ်။ အဖော်သုံးမှ လိုက်မယ်။ One Hour Session, One Man Session တွေ သတ်မှတ်မယ်ဆိုတဲ့ စည်းကမ်းတွေကလည်း အများသား။ (ဒါတွေလည်း နောင်နောင်တို့အဖွဲ့ကို သူမအဝင်အထွက်များလာတဲ့အခါ တစ်လုံးစ နှစ်လုံးစ မေးရင်း သိခဲ့ရတာတွေပါ) အဲဒီလိုမေးရင်တော့ ဆရာရှေ့ရောက်နေတဲ့ မူလတန်းတပည့်မလေးတစ်ယောက်လို သိမ်သိမ်မွေ့မွေ့ မှန်မှန်ကန်ကန် ဖြေရှာတယ်။

နောင်နောင်တို့ "ချမ်းမြေ့" နာရေးကူညီမှုအဖွဲ့ကို သူမ ရောက်လာတာလည်း တကယ်အားကိုးရပါတယ်။ ကိစ္စတစ်ခုကို ဘာမှအထူးမှာစရာမလို။ ပြန်ကြည့်စရာမလိုအောင် ဆောင်ရွက်နိုင်တယ်။ ကာယကံရှင်က မျက်နှာကြီး၊ မျက်နှာငယ်ကွဲပြားလို့ သူမရဲ့ ဝန်ဆောင်မှု လျော့သွားတယ်။ ပိုသွားတယ်မရှိဘူး။ နောက်ဆုံး ကာယကံရှင်က သူတို့အဖွဲ့ကို အသိအမှတ် ပြုတဲ့အနေနဲ့ ဆိုင်ကယ်ဆီဖိုး (နောက်ပိုင်း သွားရေး လာရေး အစစ အရာရာအဆင်ပြေအောင် ဆိုင်ကယ်လေးတစ်စီး ဒင်္ဂါးမ ဝယ်စီးတယ်) ထုတ်ပေးရင်တောင် သူမက အကြောက်အကန်ငြင်းပြီး စေတနာကို ဝေဒနာအစွက်မခံခဲ့ဘူး။

သူမရဲ့စေတနာကို အရပ်ကသိတယ်။ လောကကြီးက သိတယ်။ ဒါပေမဲ့ စားသုံးသူ (ကွမ်းမိတ်ဆွေတွေ)က မသတိကြတော့ဘူး။ လက်မခံချင်ကြတော့ဘူး။ အင်မတန်ချစ်ခင်ကြသူချင်း သေတော့ "မသာ"တဲ့။ အစက ဘယ်လိုပဲ ပလူးပလဲနေခဲ့ကြလင့်ကစား သေတော့ "အသုဘ"တဲ့။ မကြည့်ချင် မမြင်ချင် မထိချင်၊ မကိုင်ချင်ကြတော့ဘူး။ သူတို့စိတ်က အဲဒီမှာတင်မရပ် အဲဒီလူသေကို ကိုင်ခဲ့တဲ့ လက်ပိုင်ရှင်ယာတဲ့ ကွမ်းကိုပင် မျက်နှာလွှဲလာကြတော့ချေ။

အဲဒီလို စီးပွားရေး ခြေလှမ်းပျက်စပြုလာနေပေမဲ့ ဒင်္ဂါးမ တွေဝေနောင်တရဟန်မရှိ။ သူမရဲ့စရိုက်နဲ့ ဇီဇက ဘယ်လိုမှဆက်စပ်မရဘူး။ ဒါတွေကြောင့်လည်း နောင်နောင် သူမရဲ့အကြောင်းကို မရေးချင်ဘဲ ရေးမိပြန်တယ်။ လူတစ်ယောက်အကြောင်းဆိုတာ ဆိုးဆိုးကောင်းကောင်း နှစ်ခါမရေးမိတာ အကောင်းဆုံးပဲ။ ရေးရင်းနဲ့ စေတနာသည်းတာဖြစ်ဖြစ် စေတနာနည်းတာဖြစ်ဖြစ်

mgyoe.com

mgyoe.com

တစ်ခုခုဘက် ယိုင်သွားမိရင် ကလောင် အာပတ်သင့်မှာ စိုးရတယ်။

အခုတော့ နောင်နောင်တစ်ယောက် ဒဂ်ါးမဆိုင်ကို ကွမ်းယာသွားအားပေးပေမဲ့ အရင်လို ကွမ်းပရိသတ် မြိုင်မြိုင်ဆိုင်ဆိုင် မတွေ့ရတော့ချေ။ သူမက အပြုံးမပျက် "ဆရာ စားသွားပါ" လို့ အမြဲတမ်းပြောပေမဲ့ နောင် နောင်ကလည်း အမြဲတမ်း ကွမ်းဖိုးကို ချပေးခဲ့တယ်။ ဒဂ်ါးမရဲ့ ဇီဇက သံပရာသီးလိုပဲနဲ့တူပါရဲ့။ သံပရာသီးကို ကိုက်ရင်း တော်တော်ကောင်းတဲ့အသီးကွာလို့ မျက်နှာရှုံ့မဲ့ ပြောရသလို သင်းလည်း အခု အဲဒီပုံစံ ဝင်သွားပြီ။ ဒဂ်ါးမက 'ညဥ့်ဇကေရီ' အမည် မှေးမှိန်စပြုရာက 'သုဘဇကေရီ' နာမည်က ကြီးလာတယ်။ သူမကလည်း သူမပါပဲ။ အက်ဆီးဒင့်တစ်ခုခုဖြစ်လို့ မိန်းမနဲ့ ကလေးတွေ အဝေးက ရှောင်ကွင်းသွားကြချိန်၊ တော်ရုံ တန်ရုံ ယောကျ်ားသားကြီးတွေ လက်ကလေးနောက်ပစ်ပြီး မရဲတရဲ ဝိုင်းကြည့်နေချိန် သူမက အပြေးအလွှား ရောက်လာတာပဲ။ နောက်တော့ ရဲအရေးပိုင်တဲ့ သေမှု သေခင်းကိစ္စ မှန်သမျှ ကုန်ကုန်ပြောရရင် ရဲတောင်မကိုင်ချင်တဲ့ ဘော်ဒီတွေဆိုရင် သူ့သွားခေါ်ခိုင်းလိုက်ရတာပဲ။ ဒဂ်ါးမကတော့ ပုပ်ပွနေတဲ့ ရေမျောကမ်းတင် အလောင်းကိုလည်း ရအောင်ဆယ်ပြီး အိတ်ထဲထည့်ပေးမယ်။ အပိုင်းပိုင်း အတစ်တစ်ပြတ်နေတဲ့ လမ်းပေါ်က အလောင်းကိုလည်း တစ်စစီကောက်ပြီး တောင်းထဲထည့်ပေးမယ်။ အာဂသတ္တိခဲ ထူးကဲပါရမီရှင်ပါပဲ။ အဲဒီလိုနဲ့ ဒဂ်ါးမကိုလည်း အပြစ်ပြောမရ။ စားသုံးသူကိုလည်း အပြစ်ဆိုမရဘဲ သူမရဲ့ ကွမ်းယာဆိုင်လေး ဓာတ်သိမ်းသွားရှာတယ်။

* *

ကွမ်းယာဆိုင်လေး ပြုတ်သွားပြီဆိုတော့ ဒဂ်ါးမ စားဝတ်နေရေးအတွက် ရုန်းကန်ရပြန်တယ်။ ရှိတဲ့ လက်ဝတ် လက်စားလေးတွေ ရောင်းချပြီး သူမရဲ့ ရပ်ကွက်ထဲမှာပဲ တစ်ဖက်က အိမ်ဆိုင်လေးဖွင့်၊ တစ်ဖက်က ငွေတိုးလေးပေးစားနေတယ်။ သူမရဲ့ရပ်ကွက်ဆိုတာကလည်း ကန္တာရမြိုင်လေ။ လွင်တီးခေါင်က ဒုက္ခသည်စခန်းရဲ့ ပြယုဂ်ပါပဲ။ အဲဒီမှာ ပလတ်စတစ်ကောက်တဲ့ မိသားစုတွေ၊ ထီးပြင် ဖိနပ်ပြင်တဲ့ အိမ်ထောင်စုတွေ၊ ရေစည်လှည်းတွန်း၊ ဆိုက္ကားနင်း၊ မြင်းလှည်းမောင်းကြတဲ့ အုပ်စုလေးတွေနဲ့ ကျန်တာကတော့ ဒဂ်ါးမတို့လို ညမှာထွက်ကြတဲ့ ညဥ့်ငှက်မလေးတွေပါပဲ။

လူ့စရိုက်ဆိုတာကလည်း သိကြတဲ့အတိုင်း၊ ချေးမယ်၊ ငှားမယ်၊ အကြွေးရမယ်ဆိုရင် ရှင်ဘုရင်ဆီကလည်း ယူမှာပဲ။ သူတောင်းစားနဲ့ ကိုယ်မကောင်းတဲ့ လူဆီကလည်း ယူမှာပဲ။ ပြန်တောင်းတဲ့အချိန်ရောက်မှသာ မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖြစ်ကုန်ကြတာ။ ဒီကြားမှာတော့ သူတို့ ပျော်ပျော်ပဲ။ ငွေချေးတဲ့သူ ရာခိုင်နှုန်း တော်တော်များများက ရေရှည်စီမံချက် မျှော်မှန်းချက်ရှိကြတာမဟုတ်ဘူး။ နှစ်လုံး၊ သုံးလုံးထိုးဖို့ အရင်းရတာလို့ပဲ မြင်ကြတာများတယ်။ တစ်ကွက်မိလိုက်ရင်တော့ဆိုတဲ့ အိပ်မက်တွေပဲရှိတယ်။ အိပ်မက်က နိုးရင်တော့ မျက်တွင်းဟောက်ပက်နဲ့ အကြွေးတောင်းသူကို "အသားကိုလှီးယူတော့" "လက်ကိုသာ ဖြတ်ယူပါတော့" ဆိုတာတွေနဲ့ အမနာပ ပြောရဲကြတယ်။

အဲဒီလိုနဲ့ ဒဂ်ါးမရဲ့ဘဝဟာ ဖွပ်သထက်ညစ်လာတယ်။ ဆုပ်စုး၊ စားရူးဖြစ်လာတယ်။ လွင်တီးခေါင်မှာ မျိုးစေ့ချမိတဲ့ သူ့အမှားလို့ပဲ မြင်လာတယ်။ သူမနဲ့အတူနေ အဒေါ်ကြီးကလည်း ဒဂ်ါးမရဲ့ပါရမီအမျိုးမျိုး ဖြည့်ဆည်းပေးခဲ့ပြီပဲ။ အခုတော့ စိတ်ကုန်ပြီထင်ပါရဲ့။ ရွာကိုပြန်မလိုလို တရားစခန်းတစ်ခုခု ဝင်မလိုလိုနဲ့ သူမရဲ့ အပါးက ခွာသွားပြန်ချေပြီ။ မှန်တိုင်းရဲ့အောက်မှာ အလှူးလူးအလဲလဲဖြစ်နေပေမဲ့ ဒဂ်ါးမက လူမှုရေး တာဝန်တွေကိုတော့ လုံးဝလစ်ဟင်းမခံ။ ဒီလုပ်ငန်းတွေဟာ သူ့ဘဝဆိုးတွေကို ဆေးကြောပေးတဲ့ ရေစင်ရေသန့်လို့ ခံယူတယ်။ ဒီလုပ်ငန်းတွေဟာ သူ့ဘဝကြည်လင်သန့်ရှင်းဖို့ အရေပြားအသစ်တွေလဲတာလို့ ခံယူတယ်။

ဘယ်လိုပဲ ခံယူချက်တွေ ပြင်းထန်ပေမဲ့ ဆက်လက်ရှင်သန်ဖို့အရေးကျတော့ သူ့လုပ်ငန်းက တကယ့်ပရဟိတ၊ ကုသိုလ်ဖြစ်သက်သက်လုပ်ငန်း ဖြစ်နေပြန်တယ်။ ဒါကြောင့် ကိုယ့်ဘဝကိုယ် ဖြူစင်စေချင်လို့ တစ်ဆင့်မြင့်မယ်ထင်တဲ့ နေရာကို လှမ်းထားမိတဲ့ သူမရဲ့ ခြေတစ်လှမ်းကို အခု သူမကိုယ်တိုင်ပဲ ပြန်ဆုတ်ရတော့မယ်။ သူမရဲ့အနားမှာကလည်း ကယ်တင်ရှင်လိုလို ဓိကုပ်နတ်ပြည်တင်တော့မလိုလို "ကိုင်း၊ အစက ငါ

မပြောဘူးလား" ဆိုတဲ့ စကားတွေ ကုလားဖန်ထိုးနေကြတဲ့ ပုရိသတွေကအများသား။ နောက်ဆုံးတော့လည်း "ဒီနေ့အမြတ်ဟာ မနက်ဖြန်အတွက် စားစရာဖြစ်ရမယ်" ထုံး နှလုံးမူပြီး ဒင်္ဂါးမတစ်ယောက် မချိုပြုံးလေးနဲ့ ဆောင်ကြာမြိုင်အရိပ်ထဲ ပြန်လည်ခိုဝင်သွားရှာပြီ။

* *

အဲဒီညက ဆောင်းတွင်းပီပီ ညခုနစ်နာရီဝန်းကျင်မှာပဲ နှင်းတွေမြူတွေ သိပ်သိပ်သည်းသည်းနဲ့ အတော်ကြီးအမှောင်က စိုးမိုးထားသည်။ ဒင်္ဂါးမကို လာခေါ်ကြတဲ့လူတွေက သုံးဦးပါ။ သူတို့က ဂျစ်ကားလေးပါလာပြီး သူတို့မြို့ရဲ့တောင်ဘက် တစ်နေရာပြောပြတယ်။ နေရာဒေသက ဒင်္ဂါးမတို့အဖို့ အဆန်းမဟုတ်ပါဘူး။ သင်းတို့က တောင်ဆို မြောက်ရောက်ချင်ရောက်တတ်ကြတာကလား။ အဓိက ကတော့ ငွေပဲ။ ဒါကြောင့် "ဝမ်းအာဝါ ဆက်ရှင်" ဖိုး ကြိုတင်ငွေတောင်းပြီး ရင်ဘတ်ကြားထိုးထည့်ထားလိုက်တယ်။ ပြီးကရော။ ကြိုက်တဲ့ဆီ မောင်းပေရော့။ ခရိုင်ကျော်ပြီး ခေါ်မသွားရေးနဲ့ ညတွင်းချင်း ပြန်ပို့ပေးရေးလေးတွေကိုတော့ နှစ်ဦးနှစ်ဖက်ညှိရတာလေး ရှိတာပေါ့လေ။

မြို့ထဲဖြတ်နေစဉ်က အလင်းရောင်တွေ ဖြာဖြာဝေနေလို့ပေလား။ နှင်းတွေဝေနေတာ မသိသာပေမဲ့ မြို့ပြင်ရောက်လို့ အမှောင်ထဲ တိုးဝင်လိုက်တော့ နှင်းထုအားပျစ်ပျစ်နှစ်နှစ်ဖြစ်နေတာက သိသာနေတယ်။ ဒင်္ဂါးမခေါင်းစည်းပဝါလေးကို တင်းနေအောင် ပြင်စည်းပြီး ဆွယ်တာအင်္ကျီကို ကြယ်သီးစုံ တပ်ထားလိုက်တယ်။

မြို့ပြင်ရောက်လေ လမ်းမကြီးက ကျယ်ပြန့်လေကောင်းလေပါပဲ။ ဂျစ်ကားလေးကလည်း ရှေ့မီးနှစ်လုံးအားကိုးနဲ့ နှင်းထုကို ဖြိုခွဲရင်း ရဲရဲတင်းတင်းထိုးခွဲပြေးဝင်နေတယ်။ ကားမောင်းသမားက ခပ်ငယ်ငယ်ပါပဲ။ သူ့ဘေးက လူကတော့ အသက်လေးဆယ်လောက်ရှိမလားပဲ။ နောက်ခန်းမှာ ဒင်္ဂါးမနဲ့ တွဲထိုင်တဲ့လူကတော့ အသက်ငါးဆယ်ကျော်ကျော်ထင်ပါရဲ့။ ဘီယာနံ့လည်း ခပ်စူးစူးရတယ်။ သူ့လက်တွေကလည်း ဒင်္ဂါးမကိုယ်ပေါ်က မခွာဘူး။ ဒင်္ဂါးမတို့ကတော့ အလိုလို သိလိုက်ပါပြီ။ သင်းက အဖွဲ့ရဲ့ မာစတာကြီးပေါ့။ အင်း ... အင်း အလိုလိုက်ရပေမပေါ့။ အကြိုက်ဆောင်ရပေမပေါ့။

အဲဒီလိုနဲ့ မြို့လေးရဲ့တောင်ဘက် တစ်လမ်းမောင်းလမ်းခွဲရောက်ခါနီးမှာ တောင်ဘက်က ကားကြီး မီးရောင်စူးစူးက ဖြတ်ဝင်လာတယ်။ ဒါကြောင့်ထင်ပါရဲ့။ ဂျစ်ကား ဆရာလေးလည်း လမ်းခွဲမြန်မြန်ရောက်အောင် အရှိန်တင်လိုက်တယ်။ ကားကြီးကို အလွတ်ရှောင်ပြီး လမ်းခွဲထဲကို ဆွဲအဝင်မှာ ရှေ့မှာ မြင်းလှည်းတစ်စီးပါလား။ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတယ်။ ဒင်္ဂါးမလည်း ကားလက်ရန်းကိုင်ကာ ခေါင်းထောင်အကြည့်မှာ ကားမီးရောင်နဲ့ မထင်မှတ်ဘဲ မြင်လိုက်ရတာက မြင်းလှည်းထဲက သူမရဲ့ ရပ်ကွက်က ပရိသတ်တွေ။ ညနေကတော့ ရွာအလှူက ဆိုင်းပွဲသွားကြမယ်လို့ သူတို့ ပြောနေကြသံ ကြားမိသား။

ဒင်္ဂါးမရဲ့ စိတ်တွေ တဖျပ်ဖျပ်ပြေးနေကြပေမဲ့ ဂျစ်ကားကတော့ မြင်းလှည်းလေးရဲ့ ဘယ်ဘက်ဘီးကို အားရပါးရ တိုက်ခွဲချလိုက်တယ်။

"ဝုန်း"

"မိငယ်"

မြင်းလှည်းလေးက ငရဲလိုပွက်ကျန်ခဲ့တယ်။ ဂျစ်ကားကတော့ အရှိန်နိုင်အောင် ပြန်ထိန်းရင်း လမ်းကြောပေါ်မှာ ပုံမှန်ပြန်ဖြစ်သွားတယ်။ ဂျစ်ကားနဲ့မြင်းလှည်းတိုက်မိပြီး ဒင်္ဂါးမ အော်လိုက်မိတဲ့ မိငယ်ဆိုတာ မြင်းလှည်းပေါ်မှာ လှမ်းမြင်လိုက်ရတဲ့ သူမရဲ့ သူငယ်ချင်းအမည်ပါ။ အဲဒီလို အမှတ်တမဲ့ အလန့်တကြား လှမ်းအော်လိုက်မိတာဟာ ဒင်္ဂါးမအဖို့ ကြမ္မာဆိုးဝင် သွားတာပါပဲ။ အခင်းဖြစ်တဲ့နေရာနဲ့ အဝေးကြီးဝေးခဲ့ပြီးဖြစ်တဲ့ သစ်ပင်ရိပ်ကောင်းကောင်း မှောင်ရိပ်ကျကျအောက်မှာ မာစတာကြီးက ဂျစ်ကားလေးကို ရပ်ခိုင်းလိုက်တယ်။ ပြီးတော့ ကားပေါ်က အားလုံးဆင်းခိုင်းတယ်။ ဒင်္ဂါးမကိုလည်း ခပ်ကြမ်းကြမ်းဆွဲချပြီး ...

"မိငယ်ဆိုတာ မြင်းလှည်းပေါ်က နင့်အသိလား" လို့ မေးတယ်။ ဒင်္ဂါးမ သဘောပေါက်တယ်။ ဒါဟာ သူ့ဘဝရဲ့ သေရေးရှင်ရေးပဲ။ ဘယ်လိုပဲတွေးတွေး လွယ်လွယ်လေးပါ။ ဟုတ်တယ်ဆိုရင် သင်းတို့က သူမကို နှုတ်ပိတ်ကြတော့မယ်။ သူ့ဘဝကတော့ အလင်းကိုရှာ

.com

ရင်း မှောင်ဆဲ။ အခုလည်း ပိန်းပိတ်လု အမှောင်ထဲမှာပါပဲ။ ဒင်္ဂါးမ ဘဝမှာ သန်းခေါင်ထက် ညဥ့်နက်စရာ မရှိတော့တဲ့အတူတူ အမှန်တရားကို တန်ဖိုးထားခြင်းဖြင့် ဘဝကို ပေးဆပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် လုံးဝညာဖို့ စိတ်မကူး။ ပလီဖို့ မတွေးမိတော့ချေ။ အခုကိုပဲ မြင်းလှည်းပေါ်က သူ့သူငယ်ချင်း မိတ်ဆွေတွေရဲ့အဖြစ်ဆိုးတွေကို မြင်ယောင်ရင်း ရင်တွေ ပူလောင်တာနဲ့အမျှ...

"အေး .... ဟုတ်တယ်" လို့ ဒင်္ဂါးမလည်း ခပ်ရင့်ရင့် ခပ်ပြတ်ပြတ် ပြန်ဖြေလိုက်တယ်။

"ဟာ .... ဒါဆို တို့ ကိုယ်ကျိုးနည်းတော့မှာပေါ့" မာစတာကီးက ဗလုံးဗထွေး ရေရွတ်တာကို ....

"ဟုတ်တယ် အစ်ကိုကြီး ကျွန်တော်တို့ ဒုက္ခရောက်မယ့် အပေါက်ပဲ"

ရှေ့ခန်းကပါလာတဲ့ လူကလည်း ဝင်ထောက်ခံတယ်။

"အေးလေကွာ ... ဒီဒုက္ခက တိုင်ပတ်ရုံမကဘူး။ တို့လည်ပင်းကို ညှစ်မှာဟ၊ ကြာတယ်ကွာ ဟိတ်ကောင် မင်းဒင် အပြတ်ရှင်းကွာ အသေကိုင်စမ်း"

မာစတာကီးက ဒရိုင်ဘာကို အမိန့်တွေပေးပြီး သူတို့ညီအစ်ကိုနှစ်ယောက်က ကားပေါ်က ဘီယာလက်ကျန်ဘူးတွေ ဖောက်သောက်နေကြပုံပါပဲ။ မင်းဒင်ဆိုတဲ့ကောင်ကလည်း ကားခွေကိုသာ ကိုင်ဖူးတာ။ လူသတ်ဖူးတာမှ မဟုတ်ဘဲ။ အခုလည်း သူ့ဆရာက အမိန့်ပေးလို့သာ လုပ်ရမှာ။ ဒင်္ဂါးမကို ဆွဲခေါ်သွားတဲ့ သူ့လက်တွေ မတရားတုန်နေတာ သူမလည်း သိတာပေါ့။ ကားနဲ့ နည်းနည်းလှမ်းတဲ့ သစ်ပင်အခြေရောက်တော့ ဒင်္ဂါးမကို တစ်ချက်ဖြတ်ရိုက်လိုက်တယ်။ နောက်တော့ ချွန်ထက်တဲ့အရာနဲ့ ထိုးတယ်။

"အား"

ဒင်္ဂါးမရဲ့အော်သံက နှင်းထုထဲမှာ ကျိုးပဲ့ကွယ်ပျောက်သွားတယ်။ မင်းဒင်က နောက်တစ်ချက် ထပ်ထိုးတယ်။ ဒင်္ဂါးမ မလှုပ်တော့ဘူး။ မင်းဒင်က သေချာအောင် ခြေထောက်နဲ့ ခပ်ပြင်းပြင်းဆောင့်ကန်ပြန်တယ်။ သူမ အံ့ကြိတ်ရင်း အသက်အောင့်ထားလိုက်တော့တယ်။

* *

ဒင်္ဂါးမကို နောင်နောင်တို့ ချမ်းမြေ့အသင်းက ကားနဲ့ပဲ သွားတင်ခဲ့ပြီး ဆေးရုံပို့ပေးရတာပါ။ သူမရဲ့ ဘော်ဒါတွေအားလုံး ဝိုင်းဝိုင်းလည်အောင် အားပေးပြုစုလိုက်ရပါတယ်။ ဒါပေမဲ့ ဆေးရုံပေါ်မှာ ဒင်္ဂါးမ နှစ်ရက်လောက်တော့ နေလိုက်ရပြီး အမိုက်ဇာတ်တွေ သိမ်းသွားရှာတယ်။ ပြစ်မှုကျူးလွန်တဲ့ ဂျစ်ကားအဖွဲ့ အားလုံးကို ပိုင်ပိုင်နိုင်နိုင် ဖမ်းလိုက်နိုင်တယ်။ မြင်းလှည်းပေါ်က ဒင်္ဂါးမသူငယ်ချင်းအပါအဝင် သုံးယောက်ပွဲချင်းပြီးဆိုတော့ မာစတာကီးတို့လည်း အဲဒီ သွေးကြွေးတွေကို ဆပ်လိုက်ကြပေဦး။

ဒင်္ဂါးမ ဘယ်အရပ်သူလဲ။

ဘာကြောင့် ထွက်လာခဲ့တာလဲ။

ဘယ်အချိန်က ထွက်လာခဲ့တာလဲ။

ဗီဇကောင်းလေး မျိုးစေ့ချပြီး မွေးပေးလိုက်တဲ့ သူမရဲ့ မိဘတွေဟာ သူတော်ကောင်းတွေ ဖြစ်ကြမှာပါ။ သူတို့သမီးကို မျှော်နေတုန်းလား။ လွမ်းနေတုန်း လား။ ဒါမှမဟုတ် ရင်ထုမနာဖြစ်နေတုန်းပဲလား။

ဘာပဲဖြစ်ဖြစ် ဒင်္ဂါးမ အိမ်ပြန်သွားပါပြီ။

[ပေဖူးလွှာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၄]

mgyoe.com

mgyoe.com

# စားကျက်မြေ

သင်းမြစ်နှိ

ဒီနေ့ စောစောကတည်းက မိုးအိုဟောင်တစ်ယောက် တောထဲသို့ရောက်နေသည်။ တောထဲကို သူတစ်ယောက်တည်းသာ စောစောရောက်လေ့ရှိသည်။ ကျန်သည့်အိမ်သားများက အိပ်ရာထနေမြင့်သူများဖြစ်နေကြသည်။ မိုးအိုက အိပ်ရာစောစော မထကြတဲ့မြေးများ၊ တူများကို တဗျစ်ဗျစ်တောက်တောက်နှင့်ပြောလေ့ရှိသည်။

"နင်တို့တောပြားထဲကို စောစောမသွားရင် အလုပ်ဘယ်မှာပြီးမှာလဲ၊ နေမြင့်ရင်လည်း နေပူလို့ မလုပ်နိုင်လို့ညည်းကြ၊ ညနေကျတော့လည်း ကလေးကျောင်းဆင်းရင် အိမ်ပြန်ချင်ကြတာနဲ့ ဘယ်မှာအလုပ်ပြီးမှာလဲ"

ဒီတော့ မြေးတွေ၊ တူတွေက မိုးအိုဟောင်ကို ပူညံပူညံနဲ့ အဘွားအိုဟု ကွယ်ရာမှာ တီးတိုးပြောကြပြန်သည်။ မိုးအိုဟောင်ကတော့ သူတို့ပြောသံကို ကြားပေမင့် မကြားချင်ယောင်ဆောင်ကာ ဘာမျှပြန်မပြော။ သိပ်ကို ခက်တဲ့ ကလေးတွေပဲလို့ တွေးမိသည်။ မိုးအိုကတော့ နံနက်စောစောထ၊ ရေနွေးအိုးတည်၊ အခါးရည်ပူပူနဲ့ ထမင်းပူပူကို သူတို့အတွက် နံနက်တိုင်းလိုလိုချက်ပေးလုပ်ပေးနေကျ။ သူတို့တောထဲသွားခါနီးအစားအသောက်အဆင်ပြေစေရန် နံနက်စာကိုအသင့်ပြင်ဆင်ပေးမြဲပင်။

မြေးအကြီးဖြစ်သူ မောင်ပေက ကျွဲနွားကိစ္စကိုတာဝန်ယူပေလို့ တော်သေးရဲ့။ မောင်ပေက တောထဲအလုပ်ကိုင်ကောင်း၊ နွားနဲ့ ကျွဲနှင့် လုပ်ရသော ထယ်ထိုး၊ ကျွဲကိုင်၊ မြေပြင်ခြင်းစသည်တို့ကို တာဝန်ယူလို့တော်သေးရဲ့။ ဒီကလေးကတော့ တကယ့်ကို ခြံထဲယာထဲမှာ အလုပ်ကို မပူပန်ရအောင် ကြိုးစားလုပ်သူဖြစ်သည်။ မိုးလေး တမလောက်ရွာပြီဆိုတာနှင့် သူ၏ယာခင်းကို ထယ်ထိုးဖို့၊ မြေပြင်ဖို့၊ ကျွဲတွေနွားတွေနှင့်အလုပ်ရှုပ်နေတော့သည်။

တကယ်ကတော့ ရှမ်းမြေကြီးက အမာသား၊ တော်ရုံမိုးရေလောက်နှင့် မြေမနူးတတ်။ မိုးသဲသဲမဲမဲ ဆက်တိုက် တစ်ပတ်၊ ဆယ်ရက်လောက် ရွာမှသာ မြေနူးတတ်သည်။ မြေပြင်ရတယ်ဆိုတာက အောက်အရပ်ကလို မြေကြီးကို အခုပြင်၊ အခုစိုက်လို့မရ။ နောင်နှစ်အတွက်ကို ဒီနှစ်ကတည်းက ထွန်ထားမှ မြေအနေအထားက ကောင်းသည်။ ဒီနှစ်စိုက်ဖို့ ဒီနှစ်ထွန်၍မရ။ မြေကအမာသား။ မြေကြီးကို အလပ်ထားရသည်။ မြေနုလျှင် ချင်း၊ အာလူးတို့ စိုက်၍မရ။ စိုက်လျှင်လည်း အသီးအနှံက သိပ်မဖြစ်ထွန်းတော့ အကျိုးမရှိ။ ဒီတော့ မြေကြီးကို အလပ်ထားရသည်မှာ ၂နှစ်၊ ၃နှစ်ကြာသည်။ ဒါကြောင့် စိုက်ရတဲ့မြေသားက ရှားလာရသည်။ မြေအလပ်ထားရသည့်အခါ စိုက်ရသည့်မြေကွက်က ရှား

လာသည်။ ရှမ်းမြေအလပ်ထားရသည့် အကြောင်းရင်း ကြောင့်လားမသိ၊ ရှမ်းမြေလပ်ဟုခေါ်ခြင်းလည်းဖြစ်နိုင်သည်။

မောင်ပေက ကျွဲကောက်၊ နွားကောက် သွားပြီး အမြဲတမ်း အလုပ်လုပ်နေကျ။ ယာထဲ၊ တောထဲကို နံနက်စောစောသွားပြီး မြေလပ်ထားသည့် အကွက်များကြားတွင် ကျွဲနွားများကို လွှတ်ထားလေ့ရှိသည်။ လွှတ်ထားပေမင့် ကျွဲနွားများကို အမြဲကြည့်နေရသည်။ မြေလပ်မှာ အစားရှာတာက ကိစ္စမရှိ။ ဘေးနားက စပါးခင်း၊ မုန်လာခင်း၊ မြေပဲခင်းတွေကို သွားစားမှာစိုး၍ လွှတ်ထား၍မရ။ ဒီတော့ နွားစာ၊ ကျွဲစာရှားပါးရသည့် အကြောင်းကို မိုးအိုဟောင်နှင့်ပြောဖြစ်ကြသည်။

"တို့မိုးရေ၊ ကျွဲ၊ နွားကျောင်းရတာလည်း စားကျက်ရှားနေပြီမိုး။ ဟိုတစ်နေ့က တမောင်တို့အခင်းကို မိုးပြောင်ကျွဲတွေ ဝင်စားလို့ အလျော်ပေးလိုက်ရတယ်မိုး"

"ဟင်၊ ဟုတ်လား၊ နင်တို့ကလေးတွေက ကျွဲနွားကို ကောင်းကောင်းကြည့်မှပေါ့မောင်"

"ကြည့်တာပေါ့ မိုးရဲ့၊ မိုးပြောင်က နွားစားကျက်ဆိုပြီးလွှတ်ထားလိုက်တာ၊ မိုးပြောင်က အရင်တုန်းက လွှတ်နေကျမိုးရဲ့"

"ဒါကို ဘာလို့လဲ"

"ဒီလို မိုးရဲ့၊ အခု နွားစားကျက်ကို တမောင်တို့အဖေက ဝယ်လိုက်တယ်တဲ့"

"ဟဲ့ ... နွားစားကျက်ကို ဘယ်သူက ရောင်းစားတာလဲ၊ ဘယ်သူကဝယ်တာလဲ၊ မိုးအိုလည်း မကြားမိပါဘူး"

"ဟာ မိုးအိုကလည်း တမောင်တို့အဖေက ရွာလူကြီးလေ"

"ဟဲ့ လူကြီးဖြစ်ဖြစ် ဘာဖြစ်ဖြစ်၊ နွားစားကျက်က နွားစားကျက်မြေပဲ၊ ဒါက ငါတို့ ရွာသားတွေရဲ့ နွားစားကျက်ပဲ၊ သူ့ အပိုင်လုပ်လို့မရဘူးလေ မောင်"

'မိုးအိုကလည်း ခက်တာပါပဲ၊ တမောင်တို့အဖေက လူကြီးလေ မိုး၊ သူက မြို့ကဆရာနဲ့ပိုင်တယ် မိုးရ"

"ဟဲ့ ... မြို့က ဆရာက ဘယ်သူလဲ မောင်"

"မိုးကလည်း ခက်နေပါပြီ၊ ဟိုမြို့က ဆရာလေ၊ ငါတို့ခြံကိုလာတိုင်းပေးတဲ့ မြေတိုင်းဆရာလေ"

"ဟဲ့ ... မြေတိုင်းစာရေးလေ၊ မြေတိုင်း စာရေးကြီး ဦးဘိုးသာရဲ့သား မြေတိုင်းစာရေး သာဝင်းလား"

"ဟုတ်ဘူး မိုး၊ ဒါက ကလေသမှာနေတာတဲ့"

"ဟဲ့ ... ဒါကို သူတို့က သိမှာ မဟုတ်ဘူး၊ စာရေးကြီး ဦးဘိုးသာက ဘယ်အကွက်ဘယ်သူပိုင်တယ်၊ ဘယ်ခြံက ဘယ်သူပိုင်တယ်ဆိုတာ မိုးအိုတို့ကွင်းမှာ သူ အသိဆုံးပဲ။ ဟိုး အင်္ဂလိပ်မင်းလက်ထက်ကတည်းက မိုးအိုတို့ အမေလက်ထက်ကတည်းက သိလာတဲ့သူ၊ နွားစားကျက်ဆိုတာကလည်း သူတို့တိုင်းထားပေးတဲ့အကွက်ပဲ"

"ဟုတ်လား မိုး"

"ဟုတ်တယ်လေ၊ ဟိုးအစိုးရမင်းတွေ လက်ထက်ကတည်းက ရွာပိုင်၊ နွားစားကျက်ကွင်းဆိုတာ ချထားပေး၊ သတ်မှတ်ထားပေးတယ်။ ဒါမှ မိုးအိုတို့ နွားရော အခြားရွာကလူတွေ ကျွဲနွားတွေရော လွှတ်ကျောင်းလားရတာပေါ့။ ဒါက အများပိုင်ကွင်းပဲ၊ တစ်ယောက်တည်းပိုင် လုပ်ထားရင် ရွာကနွားတွေ ဘယ်မှာသွားစားကြရမှာလဲ"

"ဟုတ်လား မိုးရဲ့"

"ဟုတ်တာပေါ့။ မိုးအိုက မိုးအိုတို့အမေတွေ ပြောထားတာ မှတ်မိနေတယ်။ ဒါပေမဲ့ ဟိုဘက်ရွာနဲ့ ဒီဘက်ရွာကွင်းက စပ်နေတာ၊ ရှေးကလူတွေက သိနေတာပဲ"

"အခုက ကြက်ဆူပင်တွေ စိုက်ထားတဲ့နေရာက နွားစားကျက်ကွင်းမဟုတ်ဘူးဆို"

"အို ဟုတ်တာပေါ့၊ ဒီနွားစားကျက်ကွင်းမှာပဲ ဟိုလွန်ခဲ့တဲ့နှစ်တွေက စီမံချက်ဆိုပြီး ကြက်ဆူပင်လာ စိုက်တာ၊ မင်းတို့အမေတွေ လုပ်အားစိုက်ပေးရတဲ့အပင်တွေလည်း အဲဒါ ဘယ်သူမှ ပိုင်တာမဟုတ်ဘူး။ ရွာက အများပိုင်နွားစားကျက်ကွင်းပဲ"

"အင်း ... အဲဒါကို တမောင်တို့အဖေက မြေတိုင်းစာရေးအသစ်နဲ့ပေါင်းပြီး ရောင်းစားတာ၊ သူတို့အဖေက တစ်ကွက်ရတာတဲ့"

"ဟဲ့ ... ကောင်လေး ပေါက်ကရတွေမပြောနဲ့။ ဒါ အများပိုင်မြေ၊ ရောင်းစားလို့ မရဘူးမှတ်ထား၊ မယုံရင် ငါ မြေတိုင်းစာရေးကြီး ဦးဘိုးသာကို သွားမေး ကြည့်မှာ"

mgyoe.com

mgyoe.com

"မိုးအိုကလည်း အရင်ကစာရေးကြီးက စာရေးအိုကြီးလေ"

"စာရေးအိုလည်း စာရေးအိုပေါ့၊ သူက မှန်မှန်ကန်ကန်နဲ့ အရမ်းသိတတ်တာဟဲ့၊ ရွာမှာ မြေအရှုပ်အရှင်းရှိရင်တောင် ဘယ်သူ့ဘက်ကမှ ပိုတိုင်းပေးတာ မရှိဘူး။ သူပြောတာ မိုးအို မှတ်မိနေသေးတယ်။ မ ဟောင်၊ တို့က အရေးကြီးပေမင့် ဘယ်သူ့ကိုသာစေ၊ ဘယ်သူ့ကို နာစေ စိတ်မရှိဘူး၊ သာစေ၊ နာစေဆိုတဲ့ စိတ်နဲ့တိုင်းမိရင် မြေတစ်လက်မဆိုတာ ဘာမှမဟုတ်ပေမဲ့ ဟိုအောက်အနက် အဝီစိရောက်တဲ့ အမှုန်အမွှားလေးတွေ၊ ဘယ်လောက်များ ခံရမလဲတွေးကြည့်၊ မြေခိုးတာ၊ သူများမြေကို မတရားယူတာ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ" ဆိုပြီး ပြောပြတာ။

"ဟုတ်လား မိုး"

"ဟုတ်တယ်လေ၊ သူများမြေခိုးတာ၊ မတရားယူတာက ဘယ်လောက်အပြစ်ကြီးတယ်မှတ်လဲ။ တို့အမေတို့ပြောတာ၊ မှတ်ထားတာ၊ မြေကို လက်တစ်ဆုပ်ယူကြည့်၊ ပြီးရင်မြေမှုန်တစ်မှုန်စီရေကြည့်၊ ဘယ်လောက်လဲဆိုတာ"

"အင်း ... ဟုတ်တာပေါ့နော် မိုး"

* *

(၂)

"စာရေးကြီး၊ စာရေးကြီး၊ ငါတို့ရွာနားက နွားစားကျက်ကွင်းက အကျယ်ကြီးဆိုတာ ဟုတ်လား၊ စာရေးကြီး"

"ဟုတ်တယ်လေ၊ မင်းတို့လေသာရွာနဲ့ ရွှေပြေရွာဆိုတာရဲ့ကြားက ကားလမ်းဘေးက အကွက်ကြီးပေါ့"

"ဒါက နွားစားကျက်မြေဆို"

"မင်းကလည်း ရွာလူကြီးလုပ်နေပြီး မသိဘူးလားကွ။ ဟိုးအရင်ကတော့ ဟုတ်တာပေါ့ကွာ။ အခုတော့ ခေတ်ပြောင်းသွားပြီ"

"အရင်လူကြီးလက်ထက်တုန်းက နွားစားကျက်ဘေးမှာ ကြက်ဆူပင် မစိုက်မနေရဆိုပြီး စိုက်ခဲ့တာလေ"

"အေးလေ ဘာဖြစ်လဲ၊ ဒီမှာ ငါမြေပုံထဲမှာပါတယ်၊ စားကျက်မြေပဲ၊ အခုတော့ တန်ဖိုးတွေလည်း တက်လာပြီ၊ ကားလမ်းဘေးဆိုတော့ သိန်းရာချီနေပြီ။ နေဦး လူကြီးမင်းက ရွာသားတွေကို ဘာမှပြောမနေနဲ့ ငါ့အကွက်ချပြီးပြီ၊ ပြီးရင် မြေပုံထုတ်ပေးမယ်။ မင်း တစ်ကွက်၊ ကျန်တာ ငါ့လူကြီးတွေနာမည်နဲ့ ပြောင်းယူလိုက်တယ်၊ အဆင်ချောတယ်ကွ"

ရွာလူကြီးအသစ် တမောင်က သူရမယ့်အကွက်ကို မျက်စိထဲမြင်ယောင်ပြီး ဘာမျှပြန်မပြော။ မြေတိုင်းစာရေးကို ကြည့်လိုက်တော့ သူ့အတော်အထင်ကြီးသွားသည်။ မြေတိုင်းစာရေးဝတ်ထားတဲ့ ရွှေလက်စွပ်က ရွှေကွင်းပြောင်ကြီးတွေက နည်းတာမှမဟုတ်တာ၊ ရွှေလက်ပတ်နာရီ၊ နေကာမျက်မှန်နဲ့ထွက်နေသော ဝမ်းဗိုက်ကြောင့် ခါးကတုတ်နေသလိုလို၊ ခါးပတ်ထဲမှာ ဟမ်းဖုန်းချိတ်ထားသည်။ ဒီမြေတိုင်းစာရေးဆရာက ကျောင်းအုပ်ဆရာကြီးထက် သားနားနေသလိုလို။ မန္တလေးကတ္တီပါဖိနပ်နဲ့ရော၊ ကားက အပုံစားကြီးနဲ့။ အိမ်က အမျိုးသမီးက သူတို့ကလေးတွေကို ကျောင်းအပ်ဖို့သွားတာက ရွာက ကျောင်းအုပ်ဆရာကြီးလို ပညာတွေတတ်ဖို့တဲ့၊ တော်တော်အမြင်မကျယ်တဲ့ မိန်းမ၊ ဒီတစ်ခါ မြေတိုင်းစာရေးကြီးလာရင် ကလေးတွေကို ခေါ်ပြရဦးမယ်၊ မင်းတို့ကြီးလာလို့ ပညာတတ်လာရင် ဒီမြေတိုင်းဆရာကြီးလိုလုပ်လို့ သင်ပေးရမယ်။

ကိုယ့်ကိုယ်တောင် ရွာလူကြီးဖြစ်သေးတာ၊ ကိုယ့်ကလေးတွေ ပညာတတ်ရင် မြေတိုင်းစာရေးကြီး ဘာလို့မဖြစ်ရမှာလဲ။ ရွာက ကျောင်းဆရာဆိုတာ သူလိုပြောင်ပြောင်ရောင်ရောင်ရှိတာ မဟုတ်ဘူး။ ဆရာက စာသင်ကောင်းတာပဲရှိတာ။ သူတပည့်က အခုလိုမြေတိုင်းစာရေးဖြစ်တာမြင်ရင် ဘယ်လောက်ဂုဏ်ယူမလဲဆိုပြီး ရွာလူကြီးတမောင်က တောင်တွေး၊ မြောက်တွေး တွေးနေသည်။

ကလင်၊ ကလင် ဟော ရွာလူကြီးအိတ်ကပ်ထဲမှ ဖုန်းကမြည်လာသည်။ ကမန်းကတန်း လက်ကိုင်ဖုန်းကိုထုတ်ပြီး ဖုန်းတွင်ပေါ်သောအကွက်လေးကို နှိပ်လိုက်သည်။ အသံပျောက်သွားသည်။ နားနားပြန်ကပ်ပြီး နားထောင်လိုက်သည်။ လုံးဝအသံမထွက်၊ သေချာမှတ်ထားသော ခလုတ်ကို မနှိပ်မိဘဲ နီးရာခလုတ်ကို နှိပ်မိ၍ အသံပျောက်သွားသည်။

mgyoe.com

mgyoe.com

"ဟာ ဒီဖုန်းက အသစ်ကြီးပဲ"

ကလင်၊ ကလင်ထပ်မြည်မှ ရွာဦးကျောင်းက ဦးပဥ္စင်းသင်ပေးသော ခလုတ်ကိုပြန်နှိပ်မိသည်။

"ဟုတ်တယ်၊ စာရေးကြီး၊ ဟုတ်တယ်၊ ရွာလူကြီးပါ၊ စာရေးကြီးပြောထားတဲ့အတိုင်း အခုဝယ်သူရဲ့ စာချုပ်မှာ ကျွန်တော်လက်မှတ်ထိုးပေးပါမယ်၊ အသိသက်သေအကွက်နော်၊ အေးပါ၊ လက်မှတ်ထိုးပေးမှာပါ၊ စိတ်ချ၊ စိတ်ချ"

တယ်လီဖုန်းအသံပျောက်သွားပြီးမှ သီချင်းတစ်ပုဒ်အသံကူးပြောင်းသွားသည်။ ဒီတော့ ရွာလူကြီး တမောင်၏စိတ်ထဲက ပေါ့ပါးသွားပြီး အိမ်ထဲကို ခြေလှမ်းပြင်းပြင်းဖြင့် လှမ်းဝင်လိုက်သည်။ ရွာလူကြီးကတော်က ကလေးတွေကျောင်းသွားလျှင် ယူသွားဖို့ ထမင်းချိုင့် ပြင်ပေးနေသည်။

ထမင်းချိုင့်ထဲမှာ ဆန်နီထမင်းပူပူနွေးနွေး၊ မြေပဲစေ့ကြော်၊ စပ်သီးလုံးကြော်ဖြင့်ထည့် ပေးနေသည်။ ရွာလူကြီးက လှမ်းကြည့်လိုက်သည်။ ကလေးတွေ ထမင်းချိုင့်ကို ဒီတစ်ခါအလုပ်ဖြစ်ရင် အမဲသားဟင်းကြော် လုပ်ပေးဦးမယ်ဟု စိတ်ထဲက တွေးနေသည်။ ကလေးတွေက ဝုန်းဝုန်းနဲ့ ခုန်ပေါက်ထွက်လာကြသည်။

"ဟေ့ ... ငါတို့သည်နေ့ ကျောင်းလွှတ်ရင် တောထဲမှာ ပြောင်းဖူးရိုး ခိုးစားကြမယ်နော်"

"အေးအေး ... ငါလည်းလိုက်မယ်နော်၊ ပြောင်းဖူးက ချိုတယ်ကွ"ဟု အဖော်များနှင့် ပြောရင်းဆိုရင်း ပြေးလွှားကာ ကျောင်းဘက်သို့ ထွက်ပြေးသွားကြသည်။ ငိုသူ ငို၊ စသူစနှင့် တဝုန်းဝုန်းအိမ်မှထွက်သွားတာကို ရွာလူကြီးကတော် လှမ်းမြင်လိုက်ရသည်။ အတော် အပူအပင်မရှိတဲ့ကလေးတွေပဲ။ ကောင်းပါတယ်လေ။ ကလေးသဘာဝက လွတ်လပ်ပျော်ပါး အားကျတဲ့စိတ်နဲ့ ပျော်ရွှင်ကြတာကောင်းတာပေါ့။

* *

## (၃)

ရွာမှ နွားတစ်အုပ်မှာ ဟိုပြေးဒီပြေးနှင့် လွတ်လပ်စွာ သွားနေကြသည်။ နွားကျောင်းသား ဖိုးပြောင်က သူ့အခစားယူပြီး ကျောင်းပေးသော နွားအကောင်တစ်ဆယ်ကျော်ကို လိုက်ထိန်းနေရသည်။ နွားများမှာ မြက်နုများကို စားရသဖြင့် ဝဖီးနေကြသည်။ အထူးသဖြင့် ရှမ်းနွားများမှာ ဗိုက်ဖောင်းဖောင်းကားကားနှင့် ဝဖီးနေကြသည်။ သူတို့ဒေသတွင်ပေါက်သော နွားစာမြက် အမျိုးမျိုးကို ဝဝလင်လင်စားရသည်။ ထို့အပြင် ရေထွက်နေရာများကိုပါ သိနေသဖြင့် ရေထွက်များမှ ရေကို ကြည်ကြည်လင်လင်နှင့် ဝအောင်သောက်ရသည်။ နွားပိုင်ရှင်များကလည်း မြက်များကို တကူးတကရိတ်ပြီး ကျွေးကြ၊ ရှာကျွေးကြနှင့် အင်မတန်မှ ခန္ဓာကိုယ်ထွားကျိုင်းကြသည်။ ရှမ်းနွားပုလေးများဆိုလျှင် မြက်ရိတ်ကျွေးစရာမလိုအောင် ရှာဖွေစားသောက်တတ်သည်။

သူတို့လို အကောင်လေးတွေက ဘယ်မှလည်း ခပ်ဝေးဝေး မသွားတတ်၊ သူတို့စားကျက်ကို မှတ်မိတတ်သည်။ ခုတလော စားကျက်ထဲ ဝင်လိုက်တာနဲ့လူတွေက မောင်းထုတ်၊ တုတ်တွေနှင့်ပစ်ကြနဲ့၊ ဘယ်လိုအန္တရာယ်များပါလိမ့်၊ နောက်လမ်းဘေးမှာ အမှိုက်တွေပစ်ကြတော့ မြက်စားရင်း ပလတ်စတစ်တွေပါတော့ ကိုယ့်လိုမျိုးနွယ်တူ နွားတွေ သေလိုက်ကြတာ မကြာခဏပါပဲ။

ယခင်တုန်းကလို သစ်ရွက်တွေမဟုတ်ဘဲ သစ်ရွက်တွေနဲ့ ပလတ်စတစ်တွေရောထွေးနေတာ တွေ့ရတော့ စားရတာခပ်လန့်လန့်ပဲ။ ဟိုနားက မြက်ခင်းစိမ်းစိမ်းဆိုပြီး သွားရင်လည်း မျိုးကြတတ်တဲ့ အပင်ပေါက်အခင်းတွေ ခပ်များများဖြစ်နေတယ်။ အခုတော့ စားကျက်မြေက ပိုပြီးကျဉ်းလာခဲ့သည်။ လူတွေ အစားအသောက်ပြဿနာမျိုးသာ မဟုတ်တော့ဘဲ အခုတိရစ္ဆာန်ကမ္ဘာအထိပါ စားကျက်ကျဉ်းလာခဲ့သည်။

လူတွေရဲ့ ဒေါသတွေ၊ မောဟတွေက လူလူချင်းသာမက တိရစ္ဆာန်ကမ္ဘာကိုပါ ထိပါးလာလေရဲ့။ ကိုယ့်စားကျက်နဲ့ကိုယ် ကျင်လည်နေတာကို ဘာကြောင့်များ သူများစားကျက်ကို ဝင်လုရတာပါလိမ့်။ တိရစ္ဆာန်ဆိုတာ လူတွေကကြင်နာသနားပါမှ ဝဝလင်လင်စားရတာ။ အခုတော့ သူတို့အတွက် ကိုယ့်စားကျက်အလုခံရတာဆိုတော့ တိရစ္ဆာန်တွေရဲ့အခွင့်အရေးတွေ ထိပါးလာတာ စိတ်မကောင်းစရာပဲ။

တိရစ္ဆာန်တွေထဲမှာ နွားတွေ၊ ကျွဲတွေက လူဆိုတဲ့

mgyoe.com


အမျိုးမြင့်မြတ်တဲ့ အနွယ်ဖွားတွေအတွက် အထောက်အကူအများကြီးပေးတဲ့ သတ္တဝါတွေပါ။ ဟိုးရှေးရှေးတုန်းကဆိုရင် လယ်သမားတွေ၊ ကိုင်းသမားတွေက နွားတွေ၊ ကျွဲတွေကို သိပ်ပြီးတန်ဖိုးထားကြတာ။ သူတို့ တန်ဖိုးထားတာကို သိလို့ အရင်အုပ်ချုပ်သူမင်းတွေက အလိုက်တသိ ကျွဲစားကျက်၊ နွားစားကျက်ဆိုပြီး သတ်သတ်မှတ်မှတ် လယ်သမားတွေနဲ့အတူ တန်ဖိုးထားပြီး မြေသတ်မှတ်ပေးထားတာ တစ်တိုင်းပြည်လုံးအသိ။

အခုတော့ လောဘသားတွေက မြေယာနှင့်ဆိုင်တဲ့လူတွေနဲ့ ပူးပေါင်းပြီး စားကျက်ချဲ့ထွင်ကြတာ ကြောက်ခမန်းလိလိပါပဲ။ တိရစ္ဆာန်ကမ္ဘာကို ထိပါးလာတာက အတော်စိုးရိမ်ဖွယ်ရာ အဖြစ်အပျက်များဆိုတာကို လူသားတွေသတိမပြုမိကြဘူးနဲ့ တူပါတယ်လေ။ ဩော် ပြောင်းလဲနေတတ်တဲ့ သဘာဝပါပေလား။

[ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၄]

■

mgyoe.com

mgyoe.com

# ကျေးလက်နှလုံးသားများ

မောင်ညိုပြာ

အဒေါ်ကြီးသည် အလွန်အေးဆေးသည်။ နှုတ်နည်းသည်။ အိမ်နီးနားချင်းများနှင့် ရန်ဖြစ်သည်ကို တစ်ခါမှ မတွေ့ဖူးပါ။ သူ့မိသားစုထဲက အိမ်သားတစ်ယောက်ယောက်နှင့် တစ်ယောက်တစ်ခွန်း အော်ကျယ်ဟစ်ကျယ် ပြောနေသည်ကိုလည်း တစ်ခါမှ မတွေ့ဖူးပါ။ သည်မြင်ကွင်းတွေနှင့် အဒေါ်ကြီးကို တွဲလျက်မတွေ့ဖူးခဲ့။ နံနက်ခင်းမှာ ဈေးသွားပုံ၊ ဟင်းလျာတွေခြင်းတောင်းထဲထည့်၍ ပြန်လာပုံ၊ ဘုန်းတော်ကြီးတွေကို ဆွမ်းထွက်လောင်းပုံ၊ ဥပုသ်နေ့တွေမှာ ဘုန်းတော်ကြီးကျောင်းသို့သွား၍ သီလယူပုံတို့ကိုသာ အကျွမ်းတဝင်ရှိသည်။ ထိုနောက်ပိုင်းတွင် တစ်နေကုန်၊ တစ်နေခန်း အိမ်မှာပဲအောင်းကာ ချက်ပြုတ်ကြော်လှော် အဝတ်လျှော်နေတတ်သည်။ ဘာမှ လုပ်စရာမရှိလျှင် ကြမ်းခင်းကို တိုက်နေတတ်သည်။ သူ့ကို မြင်တွေ့ရသည်မှာ ငြိမ်းချမ်းရေးကို တွေ့နေရသလို ခံစားရသည်။ အေးဆေးလွန်းသောကြောင့် တချို့က သူ့နာမည်ကို မသိကြ။

အဒေါ်ကြီးသည် ရုတ်တရက် ကွယ်လွန်သွားသည်။ သည်အခါ ပတ်ဝန်းကျင်ကရော၊ သူ့အိမ်သားများကပါ အလွန်တုန်လှုပ်သွားသည်။ သေမင်းသည် သူ့ကို မေ့မေ့လျော့လျော့ ရှိနေကြသည်ကို ဒေါသတကြီးလာရောက် သတိပေးသွားသလို ခံစားရသည်။ သေမင်းနှင့် ပတ်သက်လာလျှင် ဘာမျှ မတတ်နိုင်သော အယူအဆကို အသစ်တစ်ဖန် ခံစားရသည်။

တစ်ခါတုန်းက ခရစ်ယာန်တစ်ယောက်က သေမင်းကိုနိုင်သူပုဂ္ဂိုလ်အကြောင်း ပြောပြဖူးသည်။ သေမင်းယစ်မူးစံပယ်နေသော အိမ်တံခါးကို တစ်စုံတစ်ယောက်က တဝုန်းဝုန်း ထုနေသည်။ သေမင်းက တံခါးဖွင့်ပေးလိုက်တော့ အသက်ရှုမှားအောင် မောနေသော သူ့တပည့်ဖြစ်နေသည်။

"ဘယ်လိုဖြစ်တာလဲကွ"

"ကျွန်တော်တို့ကို အန်တု အနိုင်ယူမယ့် ပုဂ္ဂိုလ်တစ်ယောက် ပေါ်နေပြီ" တဲ့။

"ငါတို့ ကမ္ဘာဦးအစကတည်းက အမြဲတမ်းနိုင်လာတာ။ သူက ဘာမို့လို့လဲ။ ဟို လက်သမားသားလား။ သူ့ကို ဘုရင်က သတ်ပြီး အုတ်ကျောက်တွေနဲ့ အထပ်ထပ် ဖို့ထားတာ။ အပြင်မှာလည်း ဘုရင့်စစ်သည်တော်တွေ စောင့်ကြပ်နေခဲ့တာ"

ထိုသို့ ပြောနေစဉ် အလွန်စူးပြီး ကြောက်စရာကောင်းသော အလင်းတန်းတစ်ခု အခန်းထဲ တဝေါဝေါနှင့် ဝင်လာပြီးလျှင် သေမင်းသည် လဲကျသေဆုံးသွားတော့သည်... တဲ့။ ယေရှုခရစ်အကြောင်းကို ခရစ်ယာန်ဘာသာဝင် မိတ်ဆွေက ပြောပြဖူးသည်။

လူသားတွေအဖို့တော့၊ တစ်ကွေ့ကွေ့၊ တစ်ချိန်ချိန်မှာ မခင်မင်ပါဘဲ မိတ်ဆွေမဖွဲ့ချင်ပါဘဲ၊ အသေချာဆုံး

ပေါင်းသင်းရမည့် မကောင်းဆိုးဝါးက သေမင်း။ အကြီး မားဆုံး အပေါင်းအသင်းမှားကြပေဦးမည်။ အဒေါ်ကြီး ရုတ်တရက် ကွယ်လွန်သွားသောအခါကျမှ အဒေါ်ကြီး ၏ နာမည် ဒေါ်တင်လှမှန်း သိရသည့်လူတွေထဲတွင် ကျွန်တော်ပါသည်။ အိမ်နီးချင်းဆိုပေမဲ့ နာမည်တွေကို မသိကြပါ။ သူတို့ကလည်း ကျွန်တော့်နာမည် မသိ။ ရန်ကုန်မြို့တော်၏ စရိုက်ဖြစ်သည်။

အဒေါ်ကြီးသည် သူ့သားသမီးတွေထဲ အောင် အောင် ဆိုသော သားကို အချစ်ဆုံးဖြစ်သည်။ 'အောင် အောင်ရေ' 'အောင်အောင်ရေ' ဆိုသော အဒေါ်ကြီး၏ ခေါ်သံကို အောင်အောင်လည်း မကြားနိုင်တော့။ အောင် အောင်က ၄ ရက်စောပြီး ကွယ်လွန်သွားခဲ့သည်။ 'အောင် အောင်ရေ' ခေါ်သံသည် ကျွန်တော့်နားထဲမှာ အဒေါ်ကြီး ဆုံးသွားပြီးနောက် တဖြည်းဖြည်း တိမ်ဝင်သွားပြီး နောက် ဆုံးတွင် နစ်မြုပ်ပျောက်ကွယ် လွင့်ပါးသွားသည်။

အောင်အောင်က လူပျိုပေါက်အရွယ်။ အငယ်ဆုံး လည်း အငယ်ဆုံး။ အချောဆုံးလည်း အချောဆုံး။ သူ့ အမေကို မလိမ့်တပတ် သိပ်လုပ်သည်။ တစ်ဝက်တစ် ပျက် ပေါ်နေသော လိမ်ညာခြင်းမျိုးကို သူ့အမေက ချစ်မိ နေခြင်းသာ ဖြစ်၏။ လိမ်ဆင်ကို ချစ်မိနေသည်။

ထိုလိမ်သည့် အထဲတွင် အေအိုင်ဒီအက်စ် ရောဂါ ပါလာသည်။ ဂိုထောင်ပျက်ကြီး တစ်လုံးတွင် ဆေးထိုး၊ အပ်တစ်ချောင်းတည်းဖြင့် နံပါတ်ဖိုး ထိုးခဲ့ကြသည့် သူငယ်ချင်း ၆ ယောက်အနက် အောင်အောင်တစ် ယောက်သာ ကျန်တော့သည်။ အားလုံးဆုံးကုန်ကြပြီ။ လွန်ခဲ့သော ၇ နှစ်က မိုက်ခဲ့ကြသော အဖြစ်။

အောင်အောင်လည်း ကွယ်လွန်တော့မည်။

အဒေါ်ကြီးက သူ့သားအတွက် လောင်မြိုက်နေချိန် မှာ ဖခင်က ရိုးသားသူဖြစ်သည့်အလျောက် သားကို အပြစ်တင်သည်။ ကရုဏာ ဒေါသတွေက မပီပြင်တော့ ကြမ်းရှုလွန်းသည်။

"မင်းသေတော့ကော ဘာနမျောစရာရှိလဲ။ လူမိုက်။ ခွေးထက်မိုက်တဲ့အကောင်"

အဒေါ်ကြီးသည် သူ့ယောကျ်ားကို စိတ်တွေကွက် သွားပြီး အရွဲ့တိုက် ပြောချသည်။

"သား လူလေး... မင်းဝေဒနာ ခံစားနေရချိန်မှာ မင်းအဖေကတောင် ကြိမ်းမောင်းနေတယ်။ ငါ့သား ဝေဒ နာခံစားရတာတောင် အေးအေးဆေးဆေး မခံစားရဘူး။ မျက်နှာသိပ်ငယ်တာပဲ။ စိတ်ချပါသားရယ်။ သားနောက် ကို အမေလိုက်ခဲ့မှာပါ။ ငါ့သားကို အမေစိတ်မချဘူး။ တမလွန်ဘဝမှာ ငါ့သားအခုလို လူပေါင်းမှားမှာ အမေ စိတ်မချဘူး"

သူ့စကားတွေကို သူ့သား မကြားနိုင်တော့။

သူ့သား ကွယ်လွန်သွားခဲ့သည်ကို မသိသေးဘဲ အဒေါ်ကြီး လွှမ်းလွှမ်းဆွေးဆွေး ပြောနေခြင်းသာ ဖြစ် သည်။ မကြာမီ မိသားစုဆရာဝန် ရောက်လာသည်။ လူသားတစ်ယောက် ကမ္ဘာ့လူဦးရေစာရင်းထဲမှ လျော့ ပါးသွားသည်ကို မဖွဲ့မနွဲ့ဘဲ ပြောချလိုက်ပြီး ထွက်သွား သည်။

"ဆုံးပြီ"

သူက တိုတိုကလေး မှတ်ချက်ချပေမဲ့ ခံစားရသူတွေ က ကမ္ဘာ့အကြီးဆုံး အလွမ်းစာအုပ်လို ခံစားသွားရသည်။ ကျောင်းသားဘဝ တစ်ပိုင်းတန်းလန်း။ ချစ်သူ ရည်းစား တောင် မရှိလိုက်ရသေးတဲ့ အရွယ်။ မေတ္တာစိတ်စီးနေ သည့် 'အောင်အောင်ရေ' လို့ ခေါ်၍မရတော့။ ခေါ်စရာ မရှိတော့။ အားလုံးကို ရက်စက်သူ၊ နာမည်တောင် မခေါ် ဝံ့သူတစ်ဦးက ရုပ်သိမ်းသွားခဲ့ပြီ။ သူ့နာမည်ကိုခေါ်လျှင် သူကမကြိုက်၊ အငြိုးအတေး ထားဦးမည်။ လူသားများ အကြား ကြေကွဲမှုများကို တရစပ် ထုတ်လွှတ်ပေးနေ သော စာနာမှု အခေါင်းပါးဆုံး မကောင်းဆိုးဝါး။ သို့ မဟုတ် သေမင်း။ အားနည်းချက်တွေနှင့် ပြုလုပ်ထား သော လူသားဘဝ။ သေမင်းလဲသေသော ဒုတိယနေ့ တစ်နေ့အတွက် ဆုတောင်းရပေဦးမည်။

"သားလေးအောင်အောင် အမေကတိတည်ပါ တယ်။ အမေသားနဲ့ တစ်ခါတည်း လိုက်ခဲ့မှာပါ။ အောင်အောင်ရေ... သား အမေ့ကို မပေါ့တပေါ်လေး လိမ်ပါဦးလား။ အမေ အဲဒါကို ချစ်မိနေတာပါ"

ပါးပြင်များပေါ် အလျင်စလို စီးဆင်းလာသော မျက်ရည်စီးကြောင်းများက အဒေါ်ကြီး၏ ဝိညာဉ်ကို နှုတ်ရန် လာခဲ့ကြပြီ။

"ဟဲ့... လုပ်ကြပါဦး"

ပထမတစ်ကြိမ် ပေါက်ကွဲသံ။

mgyoe.com

"ဟဲ့… လုပ်ကြပါဦး"

ဒုတိယအကြိမ် ပေါက်ကွဲသံ။

ပထမတစ်ကြိမ် ပေါက်ကွဲသံသည် အောင်အောင် ဆုံးသွားသောကြောင့် ဖြစ်သည်။ ဒုတိယတစ်ကြိမ် ပေါက်ကွဲသံသည် အဒေါ်ကြီးဒေါ်တင်လှ လဲကျသွားသောကြောင့် ဖြစ်သည်။ ဦးနှောက်သွေးကြော ပြတ်သွားခြင်းဖြစ်သဖြင့် မျှော်လင့်ချက် လုံးဝမရှိတော့။ လဲကျသော အချိန်ကပင် သေဆုံးသွားသည့်သဘောဖြစ်သည်။ ရန်ကုန် ဆေးရုံသို့ တင်လိုက်သည်။ အဒေါ်ကြီး၏ ယောကျ်ားဦးထွန်းရီမှာ မျက်စိမျက်နှာပျက်နေသည်။ သူသည် သူ့ဇနီးဒေါ်တင်လှကို အသေအလဲ ချစ်သည်။ အေးဆေး၍လည်း ချစ်သည်။ ငယ်ပေါင်း ဖြစ်၍လည်း ချစ်သည်။ အိမ်ထောင် သက် ၅၀ ရှိပြီ။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် စကားမပြောစဖူး။ တစ်ယောက်အပေါ် တစ်ယောက် သစ္စာမဖောက်စဖူး။ အဒေါ်ကြီးက ရှက်ကိုးရှက်ကန်း။ ထိုဟာသည်ပင် တစ်မျိုးရင်ခုန်စရာ ကောင်းနေသည်။ စကားအလွန်နည်းသော မိန်းကလေးတစ်ဦး၏ 'ချစ်တယ်' ဆိုသော စကားသည် တန်ဖိုးကြီးသလို စကားနည်းသော ဒေါ်တင်လှ၏ စကားများကိုလည်း ဦးထွန်းရီက နှစ်ခြိုက်မိသည်။

သူတို့အိမ်နားကို အရေးကြီး ဖုန်းတစ်ခု ဝင်လာသည်။ ဖုန်းကိုင်သူသည် ဦးထွန်းရီထံ ပြေးလာသည်။

"အဒေါ်ကြီးဆုံးပြီ"

"ဟဲ့… လုပ်ကြပါဦး"

တတိယအကြိမ်ပေါက်ကွဲသံ။

ဦးထွန်းရီ လဲကျသွားခြင်း ဖြစ်သည်။ ဦးနှောက်သွေးကြော ပြတ်သွားခြင်း မဟုတ်။ မူးလဲသွားခြင်း ဖြစ်၏။ ဆေးရုံတင်လိုက်ရသည်။ ကျွန်တော် လိုက်သွားသည်။

အနီးအနားတွင် ဆေးရုံဝန်ထမ်းတစ်ဦးဖြစ်သော ကျွန်တော်ရှိလျက်သားနှင့် လူသုံးယောက်သေလျှင် ကျွန်တော်မကောင်းတော့။

"ဦးလေးရယ် မလုပ်လိုက်ပါနှင့်ဦး။ ဒီပတ်ဝန်းကျင်မှာ ဦးလေးဟာ အသက်အကြီးဆုံးပါ။ ကျွန်တော့်မှာ မိဘတွေ မရှိတော့ပြီမို့ ဦးလေးကို မိဘလိုပဲ သဘောထားတာပါ"

နှလုံးသားရှိသည့် နေရာမှာ ထိုးအောင့်သည်ဟု ပြောသည်။ သူ့ကို အိပ်ဆေးတွေ ပေးထားသည်။ ကျွန်တော် သွားကြည့်တိုင်း အိပ်လို့ ချည်းနေသည်။

အဒေါ်ကြီးကို အသုဘ မချမီ တစ်ရက်အလိုတွင် ပြန်ဆင်းလာသည်။ သူသည် လုပ်စရာ တစ်ခုခု ကျန်နေသေး၍ အားတင်းပြီး ဆင်းလာပုံ ပေါက်နေသည်။

"အသုဘ လိုက်မပို့နဲ့နော်"

ကျွန်တော်က အကြံပေးသည်။

"အသုဘ လိုက်မပို့ပါဘူး။ ဒီနေ့ အလောင်းပြင်တာ သွားနှုတ်ဆက်ချင်တယ်။ နောက်ဆုံးပဲ မဟုတ်လား"

သူအလောင်းပြင်တာ သွားကြည့်သည်။ သူထိန်ပင်သချိုင်းမှာ ဘာတွေ ဆက်ဖြစ်လဲ ကျွန်တော်မသိ။ မျက်ရည်ကျသေးလား မကျဘူးလား မသိ။ သူ သူ့ဇနီးကို အသံထွက် နှုတ်ဆက်နေမည်ကတော့ သေချာသည်။ ၁၆ နှစ်သမီးအရွယ်ကပင် စတင်ပေါင်းသင်းလာပြီး အနှစ် ၅၀ တိတိ ပေါင်းသင်းလာခဲ့သော သံယောဇဉ်သည်၊ မေတ္တာတရားများ၊ ကျေနပ်မှုများ၊ ချစ်ကျွမ်းဝင်မှုများ၊ ကာမ ရမ္မက်များ၊ အနစ်နာခံမှုများ၏ ပုံရိပ်နိမိတ်များဖြင့် အသေအချာ ကျစ်ထားကာ အခိုင်ဆုံးကြိုးတစ်ချောင်းပမာ ဖြစ်နေပေမည်။

အောင်အောင်နှင့် ဒေါ်တင်လှတို့ ကွယ်လွန်သွားပြီးနောက် ဦးထွန်းရီတို့ မိသားစုသည် အရိပ်တစ်ခုအောက်ရောက်သွားသည်။ တုန်လှုပ် ကြေကွဲဝမ်းနည်းနေသော အရိပ်။ ထိုအရိပ်ကို ဖယ်ရှားရန် အနည်းဆုံး အနှစ်နှစ်ဆယ်လောက် အချိန်ယူရပေမည်။

"ဦးလေးရယ်။ အဒေါ့်မှာ သွေးတိုးရှိတယ်ဆိုရင် အောင်အောင် ဆုံးခါနီးမှာ အဒေါ့်ကို သွေးကျဆေးနဲ့ အိပ်ဆေးတိုက်ထားလိုက်ရင် ဒီလိုအဖြစ်မျိုး ဖြစ်မှာမဟုတ်ဘူး"

ကျွန်တော့်ကို ဦးလေးက ဘာမှ ပြန်မပြောတော့ပါ။

သူသည် သူ့မိန်းမလို နှုတ်နည်းသွားတော့သည်။ သူတို့အိမ်က ကားဝပ်ရှော့။ အခါတိုင်း ကားပြင်လျှင် အော်ဟစ်ကြိမ်းမောင်းနေသော သူ့အသံသည် "အောင်အောင်ရေ" ဆိုသော ဒေါ်တင်လှ၏ အသံနှင့်အတူ

ပျောက်ကွယ်သွားတော့၏။ အမှိုင်ဇာတ်ခင်းနေသော ဇာတ်ဆောင်တစ်ယောက်နှင့်တူသွားသည်။ သူတို့ ခြံထောင့်မှ ဆောင်တော်ကူးပန်းတွေ ပွင့်လျှင် လိုက်ခူးကာ သူ့ဇနီးလုပ်သည့်အတိုင်း ဘုရားစင်မှာ ပန်းကန်ပြားနှင့် တင်ပြီး ပူဇော်လျက် အကြာကြီး ဘုရားရှိခိုးနေတတ်သည်။ သူသည် သေမင်းကို နိုင်သည့် နေရာသို့ရောက်ရန် ဆုတောင်းနေပေမည်။ ထိုနေရာသည် သေမင်းလဲ သေသော နေရာဖြစ်လိမ့်မည် ထင်ပါသည်။

* *

ဦးထွန်းရီ နေထိုင်မကောင်းဖြစ်နေသည်။ ဆေးခန်းသွားသွားပြနေရသည်ဟု သတင်းကြားရသဖြင့် ကျွန်တော် လူနာသတင်းသွားမေးသည်။

"ဘယ်လိုဖြစ်တာလဲ၊ ဦးလေးရယ်"

"ရင်ဘတ်က သိပ်အောင့်နေလို့ ဆေးရုံမှာ သွားပြတော့ နှလုံးရောဂါတစ်မျိုးတဲ့။ ဘယ်ဘက်ခြေထောက်ကို ဖြတ်ပစ်ရမယ်တဲ့"

"အို... ဘုရား ဘုရား မဖြတ်လို့ မရဘူးလား"

"မဖြတ်ရင် အသက်အန္တရာယ် ရှိတယ်တဲ့။ အဲဒါ သားသမီးတွေနဲ့ တိုင်ပင်နေတုန်းပါပဲ။ ကားပြင်တဲ့ အလုပ်ကိုတော့ သားကြီးကပဲ လုပ်ကိုင်ပြီး ရှာကျွေးနေတာပဲလေ"

"ဒေါ်တင်လှ ဆုံးတုန်းက စဖြစ်တာနော်။ ကျွန်တော် မှတ်မိတယ်"

"သူဆုံးလို့ ဖြစ်တာတော့ မဟုတ်ဘူး။ အစကတည်းက ဖြစ်နေတာနဲ့ တူပါတယ်"

"အဒေါ် အသုဘမချခင် တစ်ရက်ကြိုပြီး အဒေါ်ကို ဦးလေး သွားနှုတ်ဆက်သေးတယ်နော်"

ကျွန်တော် စာရေးဆရာတစ်ယောက် ဖြစ်သည်ကို ဦးလေးသိထားသည်။ ယခု သူတို့အကြောင်း ဝတ္ထုရေးတော့မည်ဆိုသည်ကိုလည်း သူရိပ်မိနေပုံရသည်။ သို့သော် သူသည် ဇာတ်နာအောင် ဖွဲ့နွဲ့လုပ်ကြံပြောမည့် လူစားမျိုးမဟုတ်။ သူတို့လင်မယားသည် တွံတေး တလုတ္တော် ကျေးရွာမှ အလွန်ရိုးသားသော လူသားများဖြစ်သည်။ ယခု သူတို့အိမ်သည် ကျွန်တော့်အိမ်နှင့် မျက်နှာချင်းဆိုင်ဖြစ်ပြီး လမ်းသွယ်တစ်ခုသာ ခြားသည်။ အစတုန်းက သူတို့အိမ်ရှိသော အပိုင်းကို ကျူးကျော်အိမ်များဆိုပြီး မူလပိုင်ရှင်ဖြစ်သူက စာခဏခဏ တင်သည်။ မအောင်မြင်ခဲ့။ ထိုစဉ်က တချို့မြေကွက်များသည် အိမ်မဆောက်ဘဲ ထားသည်။ ကျွန်တော့်ကို မြေကွက်တစ်ကွက်ဝယ်ရန် လာစပ်သေးသည်။ သုံးထောင်ကျပ်ဖြင့် လာစပ်သည်။ ယခု ၂၀၁၃ ခုနှစ်တွင် ထိုမြေကွက်ကို သိန်း ၃၂၀ ဖြင့် ဈေးတည့်သွားကာ အလုပ်ဖြစ်သွားပြီဟု ကြားရသည်။ ကျွန်တော် မဝယ်လိုက်မိသည့် နောင်တ မကြာခဏ ရနေမိသည်။ ကျူးကျော်အုပ်စု ၂၅ အိမ်မျှရှိသည်ဟု ကြားရသော်လည်း ယခု ငြိမ်သွားပါပြီ။ မကြာခဏ စာတင်သည့် အဘိုးကြီးလည်း ဆုံးပြီ။ တစ်ထပ်တိုက် နှစ်ထပ်တိုက်၊ နှစ်ထပ်ခွဲတိုက်တွေလည်း ဆောက်လုပ်နေထိုင်နေကြကာ အသားကျနေလေပြီ။

"ဦးလေးတို့ ဒီအိမ်မှာ အစက ငှားနေတာနော်"

"ဟုတ်တယ်။ အိမ်ရှင်က ငွေလေးထောင်ပဲ ပေးပါ။ ဒီအိမ်ယူလိုက်တော့၊ ဝယ်လိုက်ပါလို့ လာပြောတယ်။ ပိုက်ဆံမပြည့်ဘူး။ တော်တော်လိုနေတာပါ။ မဝယ်ဘူးလို့ မတတ်နိုင်ဘူးလို့ ပြောလိုက်တဲ့ အချိန်မှာ အလှက နေဦး ကျွန်မတို့ ဝယ်မယ်။ ကျွန်မ စုထားတဲ့ ပိုက်ဆံရှိတယ်။ မပြည့်သေးရင် ကျွန်မ နားကပ်ရှိတယ်တဲ့။ အားလုံး အံ့အားသင့်ရတာပေ့ါ။ သူ ဈေးဖိုးထဲက အနှစ် ၂၀ စုထားတာတဲ့။ အလှဟာ မုန့်ဝယ်မစားတတ်ဘူး။ ထမင်းကြမ်းပဲ စားတာ၊ နေ့လယ်ကျရင် ထန်းလျက်ခဲနဲ့ ရေနွေးကြမ်းပဲ သောက်တယ်။ ဒီအိမ်ဟာ မင်းအဒေါ် ဒေါ်တင်လှ ဝယ်တဲ့အိမ်ပါ"

မြေအကျယ်ပေ ၄၅ ပတ်လည်လောက် ရှိပြီး သစ်သား နှစ်ထပ်အိမ်ကို ယခုအခါ သိန်း ၄၀၀ ဖြင့် လာဝယ်နေသည်ဟု ကြားရသည်။ သတင်းစာတွေထဲ ဂျာနယ်တွေထဲမှာ မြန်မာပြည် ရန်ကုန်မြေဈေးက အမေရိကန်မြို့ကြီးများ၏ မြေဈေးထက် ကျော်လွန်နေပြီဟု ရေးသားထားသည်ကို ဖတ်ရသည်။

"ဦးလေးရယ်၊ အဒေါ်မှာ သွေးတိုးရှိတယ်ဆိုရင် အောင်အောင်မဆုံးခင်မှာ သွေးကျဆေးတို့ ဒိုင်ယာမီပန် အိပ်ဆေးတွေ တိုက်ထားလိုက်ရမှာ..."

"မဟုတ်ဘူး။ သူ့မှာ သွေးတိုးရောဂါ မရှိဘူး။ ဘယ်လို ဖြစ်သွားလဲ မသိဘူး။ သူက သူ့သား အောင်

mgyoe.com

အောင်ကို သိပ်ချစ်တာ။ ကောင်လေးကလည်း သူ့အမေကို သိပ်ချစ်တယ်။ ၁၂ နှစ်သား ရောက်တဲ့အထိ သူ့အမေနို့ကို အကျီဖယ်ပြီး စို့နေတုန်းပဲ။ သူ့အမေက စာကျက်ခိုင်းရင် အသံထွက်ပြီး ဟန်ဆောင်ကျက်တယ်။ အိမ်ရှေ့ကနေ သူ့ကစားဖော် သူငယ်ချင်းတစ်ယောက်ယောက် ဖြတ်သွားရင် ဆင်းလိုက်သွားရော၊ စာကျက်သံလည်း တိတ်သွားရော၊ အဲ့ဒီမှာ မင်းအဒေါ်က 'အောင်အောင်ရေ' 'အောင်အောင်ရေ' လို့ ခေါ်သံကြားရတော့တာပဲ။ ဦးတို့က အိမ်ရှေ့မှာ လာအပ်ထားတဲ့ စက်ပျက်နေတဲ့ ကားတွေကို ပြင်နေတာလေ။ တစ်ခါတစ်လေ ဦးက စိတ်မရှည်လို့ အောင်အောင်ကို ရိုက်ရင် "အို မလုပ်ပါနဲ့၊ ကလေး အရိုးတွေ ဘာတွေ ကျိုးကုန်ပါ့မယ်နဲ့၊ ကလေးငိုတော့ သူပါငိုတယ်။ ကလေးပျက်စီးတာ သူ့ကြောင့် အများကြီး ပါတယ်"

"သူ ၁၆ နှစ် သမီးမှာ ဦးနဲ့ လက်ထပ်တာနော်။ ဦးအသက်က အဲဒီတုန်းက ဘယ်အရွယ်လဲ"

"ဦးက ၂၅ နှစ် ရှိပြီ။ အလှဟာ သိပ်ရက်တတ်တာ။ ပိုက်ဆံနဲ့ ပတ်သက်ရင် စည်းကမ်းရှိတယ်။ အဝတ်အစား သုံးလေးငါးစုံလောက်ပဲ ရှိတယ်။ ဝယ်ပေးမယ်ဆိုလည်း မလိုဘူးတဲ့။ သူက အိမ်ထဲမှာပဲနေတာ၊ ဘယ်မှ သွားတာမှ မဟုတ်ဘဲတဲ့။ ကလေးကလား စကားပြောရဦးမယ်။ သူ့ကိုချစ်တယ်လို့ ပြောခိုင်းတာ၊ ဆုံးသွားတဲ့အထိ မပြောဘူး။ 'ချစ်ရဲ့လား' လို့မေးမှ ခေါင်းညိတ်တယ်"

ထိုသို့ ဦးလေးက ပြောနေစဉ်၊ ကျွန်တော်သည် ဒေါ်တင်လှ ရုပ်ရည်ကို မြင်ယောင်နေမိသည်။ သူ့ရုပ်ရည်က ရွက်ကြမ်းရေကျိုပဲ ဖြစ်သည်။ ဥပမာအားဖြင့် ဥပမိရုပ်အလှအပ အင်အားကို အနိမ့်ဆုံးနှင့် အမြင့်ဆုံးကို သချာဖြင့် ဖော်ပြရလျှင် ၂၀၀ မှ ၅၀၀ အထိ ရှိသည် ဆိုပါစို့။ ဒေါ်တင်လှ၏ ရုပ်ရည်သည် ၃၀၀ လောက်လောက်ပဲ ရှိလိမ့်မည်။

"ဦးအနေနဲ့ အဒေါ် အသုဘမချမီ တစ်ရက်အလိုမှာ သုသာန်မှာ သွားနှုတ်ဆက်သေးတယ်နော်။ မျက်နှာတော်တော် ကျသွားသလား"

"မကျဘူး။ အရင်အတိုင်းပဲ။ သူ့နှုတ်ခမ်းက သူ့သား အောင်အောင်ရေလို့ ခေါ်နေတဲ့ ပုံပါပဲ။ ဦးရင်ထဲမှာ ဘယ်လိုဖြစ်နေလဲ မသိဘူး။ တစ်ခါမှ ဒီလိုမျိုး ကြေကွဲစရာ မခံစားရဘူး။ သူ့ကို စေ့စေ့ကြည့်ပြီး မင်း ငါ့ကို ထားရစ်ခဲ့ပြီ၊ ရက်စက်လိုက်တာလို့ ရုတ်တရက် အသံထွက် ပြောလိုက်မိခဲ့..."

သူ့စကားမဆုံး။ ဦးငိုလိုက်သေးလားလို့ ကျွန်တော် မမေးမိ။ မေးစရာလည်း မလိုတော့။ သိနေပြီပဲ။

အခု သူ မျက်ရည်ကျနေပြီပဲလေ။

[ကလျာမဂ္ဂဇင်း။ ဇန်နဝါရီ၊ ၂၀၁၄]

■

mgyoe.com

mgyoe.com

# စံအိမ်တော်မှ အပြန်

စမ်းစမ်းနွဲ့ (သာယာဝတီ)

‘ဒါ ထန်းသုံးပင်ရွာ ဟုတ်ပါတယ်နော်”

“မြို့လို့ မသတ်မှတ်မှတော့ ရွာပေါ့ စက်စက်ဝင်းရဲ့”

လမ်းဘေးဝဲယာကို ကြည့်ရင်း ကားဘီးလိမ့်ရုံမျှ မောင်းလာသော တပည့်မလေး၏ စိတ်လှုပ်ရှားမှုကို ဒေါ်ခင်အေးမှန် ကောင်းစွာ နားလည်နေသည်။

“ဒီနေရာမှာ ဒီလောက် ခမ်းနားကြီးကျယ် နေလိမ့်မယ်လို့ မထင်မိပါဘူး အန်တီရယ်”

“မင်း အမှုသည်တွေက ဒီနားမှာပဲ မဟုတ်လား”

“ဟုတ်၊ ဒါပေမဲ့ ကျွန်မတို့ ဖြတ်လာတဲ့ နတ်စင်နဲ့ ညောင်ပင်ကြီးဘေးက မြေလမ်းကလေးလေ။ အဲဒီက တစ်မိုင်လောက် သွားရသေးတယ်။ အိမ်ခြေ လေးငါးဆယ်လောက်ရှိတဲ့ ရွာအုပ်စုကလေးပေါ့”

စက်စက်ဝင်းက မြွေဖမ်းချင်သူပဲ။ သည်အမှုကို လက်ခံပြီး အချက်အလက်များ စုဆောင်းနေကတည်းက ဒေါ်ခင်အေးမှန် သတိတော့ ပေးဖြစ်သည်။ စိုက်ပျိုးမြေ ပြန်လည်ရယူလိုသည့် ကိစ္စများမှာ ခေတ်ပေါ် ရေပန်းစားနေပြီး မှန်းချက်နှင့် နှမ်းထွက် မကိုက်လှ။ သူ့အမှုသည်များမှာလည်း မြေငှား စာချုပ်သာရှိသည်။ မြေငှားစာချုပ်သက်တမ်း မကုန်မီ မြေသိမ်းခံရခြင်း ထောက်ကွက်တစ်ခုတည်းဖြင့် မလုံလောက်နိုင်ပါ။

ရန်ကုန် ဆင်ခြေဖုံး ရပ်ကွက်အသီးသီးမှ ရွှေ့ပြောင်းလာကြသည်မှာ ဆယ်စုနှစ်နီးပါးရှိပြီမို့ ရွာဦးကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာဒါနကျောင်းနှင့် အသားကျစပြုချိန်မှာ စိုက်ပျိုးမြေတွေ အသိမ်းခံရတော့ လူမှုဘဝတွေ ဖရိုဖရဲ ဖြစ်ကုန်သည်။ ပစ္စည်းလေးပါး ပြည့်စုံရုံမက တီဗွီနှင့်၊ စလောင်းနှင့်၊ ရေသန့်စက်နှင့် ပန်ကာတစီစီနှင့် သီတင်းသုံးနိုင်သော ကျောင်းတော် ဝိဟာတို့ကို စွန့်လွှတ်ကာ လျှပ်စစ်မီးမရှိသော ရွာငယ်ဇနပုဒ်မှာ ကျောင်းနေရွယ်များ၏ ပညာရေး၊ ယဉ်ကျေးလိမ္မာ ကိစ္စအဖြာဖြာတို့ကို သာသနာ့ဝန်နှင့်အတူ ပူးတွဲဖြည့်စွက်ထမ်းရွက်တော်မူကြသည့် ရဟန်းတော် သုံးပါးမှာလည်း စိတ်မသက်မသာ ဖြစ်ရပြီ။ ရွာအမှု ဘုန်းကြီးမပတ်ဘဲ နေနိုင်ပါမတဲ့လား။

စက်စက်ဝင်းလို ထက်သန်တက်ကြွသော ရှေ့နေပျိုလေးအဖို့ သူ့စားပွဲရှေ့ရောက်လာသော သည်အမှုကို လက်ခံ ခေါင်းညိတ်လွယ်သည်မှာ မဆန်းပါ။

ပိုက်ဆံမရဖို့ကလည်း သေချာ၊ လွဲချော်သွားလျှင် ရှေ့နေပါ ထောင်လုံးလုံးကျနိုင်သည့် ကိစ္စ။

“စက်စက်ဝင်းရေ... မြွေဖမ်းမယ်ဆိုရင် အမြီးဖျားတို့၊ ခါးလယ်တို့ကတော့ မကိုင်မိစေနဲ့နော်။ လည်မျိုကို မိမိရရဆုပ်၊ ဒါပဲပြောလိုက်ပါပေရဲ့”

ဒေါ်ခင်အေးမှန်ကတော့ ဒါ့ထက်ပိုပြီး အကူအညီ မပေးနိုင်ပါ။ သူ့ရှေ့နေသက်တမ်းမှာ နိုထရီမှတ်ပုံတင် အလုပ်က အဓိကဖြစ်ပြီး တရားမမှုလောက်သာ လက်ခံ

mgyoe.com

လေ့ရှိခဲ့သည်။ တပည့်လက်ထောက်ရှေ့နေ လေးငါးယောက်နှင့် ဘားလမ်းမှာ ရုံးခန်းဖွင့်ပြီး လာသမျှ အမှုသည်တို့၏ စကားကို စိတ်ဝင်တစား နားထောင်ရင်း အသက်ရှည်ကျန်းမာကာ ခုလိုခုနစ်ဆယ့်ငါးနှစ်အရွယ်တိုင် ရုံးမှန်မှန်တက်ဆဲ။

အသက်ခြောက်ဆယ် ပြည့်ပြီးစကတည်းက ကားကို ကိုယ်တိုင်မမောင်းတော့ဘဲ ဒရိုင်ဘာခေါ်လိုက်သည်။ တနင်္ဂနွေလို ပိတ်ရက်မျိုးမှာတော့ ဒရိုင်ဘာလည်း နားရက် ဖြစ်လေရာ သွားစရာရှိလျှင် တပည့်တွေကို တစ်လှည့်စီ အကူအညီ တောင်းရသည်။ ခုတော့ စက်စက်ဝင်းက စိတ်ပါလက်ပါ မောင်းပို့ပေးရှာသည်။

"ကျွန်မအမှုသည်တွေကလည်း ထန်းသုံးပင်ကပဲ အန်တီ။ အဲဒီဘက်ကို ကျွန်မ သိတယ်"

သို့သော် သူသွားနေကျ လမ်းခွဲကို လွန်အောင် မောင်းရတော့ အနည်းငယ် စမ်းတဝါးဝါး။ ကတ္တရာလမ်း တစ်ဖက်တစ်ချက်က ကုက္ကိုပင်နှင့် ပိတောက်ပင်တွေ ပို၍ စိပ်လာသည်ကို သတိထားမိသည်။ လာမိတော့ ဖြုန်းခနဲ မြင်လိုက်ရသည့် မြင်ကွင်းကို ဒေါ်ခင်အေးမှန် ကိုယ်တိုင်ပင် အနည်းငယ် အံ့အားသင့်သွားရ၏။

အုတ်တံတိုင်းမြင့်မြင့်ပေါ်မှာ သံဆူးကြိုးတွေ ရစ်ခွေထားသော ခြံဝင်းကျယ်ကြီးများ။ တစ်ခြံနှင့်တစ်ခြံ ပျပျသာ မြင်နိုင်သော ထိုအရပ်ကို ရွာဟု ခေါ်လေသည်။

"ခြံနံပါတ် ဘယ်လောက်လဲ အန်တီ"

"နံပါတ် မကြည့်နဲ့၊ ကြယ်ပွင့်ပြထားသတဲ့၊ ကြယ်ပွင့်ကိုရှာ"

"ကြယ်ပွင့်တဲ့လား၊ ဟောဟိုမှာ တွေ့ပြီ အန်တီ။ အဖြူရောင်.... အဲ... ငွေရောင်ကြယ်ပွင့်... ဟုတ်တယ်နော်"

တစ်တောင့်ထွာခန့် မြင့်သော ကွန်ကရစ်တိုင်ထိပ်မှာ ငွေမင်သုတ်ထားဟန် တူသော ကြယ်ပွင့်ကြီးက ထင်သာ မြင်သာ။ ကြယ်၏ ရောင်ခြည်လက်တစ်ခုက မြားဦးချွန်လို လမ်းညွှန်ပြနေသည်။ ကွန်ကရစ်လမ်းသွယ်ကလေးသို့ ချိုးဝင်ခဲ့ဖို့ပါပဲ။

"သူ့ခြံကြီးက အတော့်ကို ကျယ်တာပဲ အန်တီ။ ဂိတ်တံခါးက ဟိုးမှာ..."

ဒေါ်ခင်အေးမှန်က လက်ကိုင်ဖုန်းကို နှိပ်စပြုသည်။

"လှိုင်လား၊ တို့ရောက်နေပြီ"

* *

သံမဏိတံခါးနှစ်ချပ်မှာ ဖောင်းကြွဖော်ထားသော ခြင်္သေ့ကြီးနှစ်ကောင်က ဝင်လာမည့်သူကို ခုန်အုပ်တော့မလို မာန်ဖီဟိန်းထနေသည်။ ဂိတ်တံခါး၏ ညာဘက်ခြမ်းမှာ အုတ်တိုင်ကို ထွင်းထုထားသော စာတန်းကလေးက မျက်စိထဲ ခုန်ဝင်လာသလို ခံစားလိုက်ရ၏။

'လှိုင်နံ့သာ စံအိမ်'

"စံအိမ်ဆိုပါလား အန်တီ၊ ဘယ်လိုကြီးလဲ၊ အန်တီပြောတော့ အိမ်ကလေးဆို"

"ပွစိ ပွစိ လုပ်မနေနဲ့ စက်စက်ဝင်းရေ၊ ဟိုမှာ မြင်လား... စီစီတီဗွီ ကင်မရာ"

"အမယ်လေးနော်၊ မှားပါတယ်၊ ဘာတွေ ဘယ်လိုများ တွေ့နေမြင်နေရပါလိမ့်၊ ဒါ ရွာတဲ့လား၊ ဒါ တောအိမ်တဲ့လား၊ ကိုယ့်အိမ်ကို ကိုယ့်ဘာသာများ မှည့်ခေါ်ရဲလိုက်တာ၊ စံအိမ်.... တဲ့..."

"မင်းပါးစပ် ပိတ်ထားတော့ စက်စက်ဝင်း၊ မြင်ရင်မြင်တယ်မှတ်။ လူတွေဟာ အမြင့်ဆုံးရောက်ပြီလို့ ထင်ရင် ဒီလိုပဲ စိတ်ရူးပေါက်တတ်ကြတယ်"

လူငယ်ကို တားမြစ်ရင်း လူကြီးက ပွင့်ထွက်လာသည်ကို သတိထားမိချိန်မှာ နှုတ်လွန်ခဲ့ပြီ။

"ဟိုက်ဒရောလစ်တံခါးပဲ"

အဝေးထိန်းခလုတ်ဖြင့် ဖြည်းဖြည်းချင်း ပွင့်ဟသွားသော တံခါးနှစ်ချပ်သည် ကား ဝင်ပြီးပြီးချင်း ပြန်ပိတ်သွားသည်ကို နောက်ကြည့်မှန်မှ တစ်ဆင့် မြင်နေရ၏။

"ထွက်ချင်ရင်တောင် ကိုယ့်ဘာသာ ပြန်ထွက်လို့မရတဲ့ နေရာနော် အန်တီ။ စံအိမ်ထဲလာရတာ ထောင်ထဲဝင်ရသလိုပဲ..."

ဒေါ်ခင်အေးမှန်က ဧည့်ထောက်မခံ၊ ခွန်းတုံ့မပြန်ဘဲ ဝဲဘက်က နှင်းဆီခင်းနှင့် သစ်ခွခြံတွေကို ငေးနေလိုက်သည်။

ဆောင်းဦးမပေါက်ခင်က လှိုင်လှိုင်ကြီး ပွင့်နေသော သဇင်ပန်းတွေမှာ အုံလိုက်ကျင်းလိုက်။ နှင်းဆီနံ့ မွှေးသလိုလို၊ သဇင်သင်းရနံ့ မွှေးသလိုလို ခံစားမိတော့မှ စက်စက်ဝင်းက ကားမှန်တွေ ချလိုက်သည်ကို သတိ

 mgyoe.com 

ထားမိသည်။ ညာဘက်မှာတော့ ရှည်မျောမျော ရေကန်ငယ် တစ်ခုမှာ ခရမ်းပြာနှင့် နီညိုရောင် ကြာပန်းတွေ ပွင့် လျက်။ ကန်ပတ်လည်မှာ မြက်ခင်းစိမ်းစိမ်းသည် နုလိုက် ရင့်လိုက် လှိုင်းရိပ်ထနေ၏။ ခြံဝမှသည် အိမ်ကြီးဆီသို့ မီတာ တစ်ရာကျော်လိမ့်မည် ထင်သည်။

စက်စက်ဝင်းက ဘာမှ မေးမနေတော့ဘဲ ဆင်ဝင်အောက်မှာ ကားရပ်လိုက်သည်။ ဘယ်က ပေါ်လာမှန်းမသိသော လူငယ်တစ်ယောက်က ကားတံခါးကို ဆီးကြိုဖွင့်ပေးရင်း...

"မင်္ဂလာပါခင်ဗျာ၊ ကျေးဇူးပြုပြီး ကားသော့လေး တစ်ဆိတ်"

စက်စက်ဝင်းက ဒေါ်ခင်အေးမှန်ကို မျက်လုံးတစ်ဖွေ့ ကြည့်ရုံမျှကြည့်ကာ ကားသော့ ပေးလိုက်သည်။ အဖြူရောင် ဘောင်းဘီရှည်နှင့် ရှပ်လက်တိုအဖြူကို သက်သောင့်သက်သာ ဝတ်ထားသော အသက်အစိတ်ဝန်းကျင် လူငယ်ကလေးမှာ ပြုံးရုံမျှပြုံးတတ်သူပေလား။ အရပ်ကတော့ ငါးပေဆယ်လက်မ အနည်းဆုံးပဲ။ ရှပ်လက်တို ဝတ်ထား၍ ကျစ်လျစ်သော လက်မောင်းကြွက်သားများကို တွေ့နေရသည်။ ခြံစောင့်လား၊ ဒရိုင်ဘာလား၊ ကိုယ်ရံတော်လား။ သေချာတာကတော့ လှိုင်ရဲ့ ဝန်ထမ်းတစ်ယောက်၊ ပုံစံပြည့် လေ့ကျင့်သင်ကြားထားသော ဝန်ထမ်းတစ်ယောက်။ သူက ကားကို ဖြည်းဖြည်းချင်း မောင်းယူပြီး ကားဂိုဒေါင် သို့မဟုတ် တစ်နေရာရာမှာ ထားပေးပေလိမ့်မည်။

ဆင်ဝင်ဆောင် သစ်လုံးတိုင်ကြီးတွေ လူတစ်ဖက်စာမျှကို သတိထားမိပြန်သည်။ ရှားပါး ကျွန်းသစ်တွေ၊ ဘယ်ခေတ်က ဝယ်ခွင့်ရခဲ့လေသလဲ။ သည်အတွေးကို ချက်ချင်းဖြတ်လိုက်ရသည်။ ပေါ်လစ်ရောင် ပြောင်လက်နေသော သစ်သားလှေကား ငါးထစ်ကို တက်ပြီး အိမ်တံခါးဝမှာ ရပ်မိကြတော့ ခြသေ့်ရုပ်ထွင်း သစ်သားတံခါးနှစ်ချပ် ပွင့်သွားပြီး လူရိပ်စန မမြင်ရသော အခန်းလွတ်တစ်ခုထဲ ဝင်မိကြသည်။

ဖိနပ်တွေ ချွတ်ပြီး အသင့်ချထားပေးသော အိမ်တွင်းစီး ဖိနပ်များနှင့် လဲလှယ်ကာ မှန်တံခါးတစ်ချပ်ရှေ့မှာ ရပ်ရပြန်၏။ မှန်တံခါး ပွင့်သွားတော့မှ ပေါ်လစ်ရောင် ဖိတ်ဖိတ်တောက်နေသော ဧည့်ခန်းမကျယ်ကြီးထဲ ရောက်သည်။

"စံအိမ် သခင်မလည်း မတွေ့ရသေးပါလား"

စက်စက်ဝင်းက လေသံဖြင့် တိုးတိုးပြောဆဲ အဖြူရောင်ဝတ်စုံဝတ် မိန်းကလေးငယ်တစ်ယောက် ဝင်လာလေသည်။

"မင်္ဂလာပါရှင်၊ မမကြီး စောင့်နေပါတယ်၊ ဒီဘက် ကြွပါ"

ဧည့်ခန်းထဲရောက်တာတောင် မထိုင်ရသေးပါလား။ မိန်းကလေးခေါ်ရာနောက်သို့လိုက်ရင်း အလိုအလျောက် ပွင့် မှန်တံခါးတွေကို တစ်ချပ်ပြီးတစ်ချပ်၊ တစ်ခန်းပြီး တစ်ခန်း ကျော်ဖြတ်ခဲ့ရသည်။

"အခန်းတွေ အတော်များတာပဲ"

"ဒါက စကြံလမ်းပါရှင့်၊ ညာဘက်မှာ အိပ်ခန်းတွေရှိပါတယ်။ တံခါးဝတိုင်းမှာ အခန်းနာမည် ကမ္ပည်းစာတန်းလေးတွေ ရှိပါတယ်"

"ဟုတ်လား"ဟု ဒေါ်ခင်အေးမှန်က အံ့အားသင့်နေသလောက် စက်စက်ဝင်းက တည်ငြိမ်စွာ –

"ကျွန်မတွေ့ခဲ့တယ်"

* *

"မဟော်ဂနီဆောင်"

တံခါးချပ်များ ပွင့်သွားပြီးနောက် မိန်းကလေးက ခြေစုံရပ်ပြီး ညာလက်ကို ဝှေ့ကာ ...

"ဝင်သွားပါ အန်တီ"

"မင်္ဂလာပါအန်တီ မှန်၊ လာပေးလို့ ကျေးဇူးတင်ပါတယ်၊ ပင်ပန်းသွားကြပြီ"

"ရပါတယ်၊ လှိုင်ရော နေကောင်းရဲ့လား"

နုံ့သာရောင် ဖျော့ဖျော့ ဂါဝန်ရှည်နှင့် မိမိ၏ အမှုသည် ဒေါ်မိုးထက်လှိုင်ကို အလိုက်သင့် တုံ့ပြန်နှုတ်ဆက်ရင်း နီးရာထိုင်ခုံတစ်လုံးမှာ ထိုင်ချလိုက်ရသည်။ မိမိ အသက်အရွယ်နှင့် ပင်ပန်းတာတော့ အမှန်ပင်။ ဘာကြောင့်မှန်းမသိ မလွတ်မလပ် မွန်းမွန်းကျပ်ကျပ် ခံစားနေရကာ ခေါ်လာမိသော တပည့်မလေး စက်စက်ဝင်းကို အားနာစပြုသည်။

လင်းပျပျ မီးရောင်အောက်မှာ မဟော်ဂနီပရိဘောဂတွေက ဖိတ်ဖိတ်တောက်နေသည်။ စက်စက်ဝင်းရဲ့

mgyoe.com

ဖျပ်ဖျပ်လက်နေသော မျက်လုံးအရောင်တွေက ပိုတောက်နေသလိုပါပဲ။

"အလုပ်ကိစ္စ ဆွေးနွေးရအောင် လှိုင်၊ ကဲ... ဆိုစမ်းပါဦး"

"လှိုင်တို့ အန်တီမှန်ကတော့ တည့်တိုးအိုးပေါက်ပဲ၊ လှိုင်ကလည်း သိုင်းဝိုင်း မပြောတတ်တာနဲ့ အံကိုက်ပဲ။ ညီမလေးက လက်ဖက်ရည်သောက်ရင်း အမောဖြေပါနော်"

"ကျေးဇူးတင်ပါတယ်" ဟု စက်စက်ဝင်းက တုံ့ပြန်ဖော်ရ၍ တော်ပါသေးရဲ့ဟု အောက်မေ့ကာ လှည့်ကြည့်လိုက်တော့၊ သူ့လက်ကိုင်အိတ်ကြီးထဲက သောက်ရေသန့်ဘူးငယ်ကို ထုတ်ပြီး မော့နေပါပကောလား။

မိစက်တို့ကတော့ ရွဲ့ပြီ။

မသိကျိုးကျွန်ပြုရင်း မိမိရှေ့ အသင့်ချထားပေးသော စာရွက်စာတမ်း အချို့ကို ကောက်ယူကြည့်ဖို့ ပြင်သည်။

"ဆင်းရဲသားတွေက အနှောင့်အယှက်ပေးတော့ လှိုင့်မှာ စိတ်မသက်မသာ ဖြစ်ရလို့ပါ"

"ခြံသမားတွေကို ပြောတာပါလား" ဟု စက်စက်ဝင်းက ချက်ချင်းကောက်မေးလိုက်သည်။

"ဟုတ်တယ်၊ ဒီအနီးအနားက ပျံကျတွေလေ"

ထိပ်တိုက်တွေ့တော့မည့်ဆဲဆဲမို့ "မင်းက နားပဲထောင်နေပါ" ဟု တပည့်ကျော်ကို ထိန်းလိုက်ရ၏။

စက်စက်ဝင်းကလည်း နားထောင်နေခြင်းက သူ့အတွက် ပိုပြီးအကျိုးရှိမည်ကို သဘောပေါက်ကာ သူ့နှလုံးသားကို သူ့ဦးနှောက်က ကြိုးစားထိန်းချုပ်လိုက်နိုင်သည်။

"နာမည်ပေါက်ဂရန် မထွက်သေးဘူးလား"

မြေငှားစာချုပ်တွေ နိုထရီလုပ်ဖို့ အပ်နေခြင်း ဖြစ်သည်။

"ဂရန်ထုတ်ပေးမယ့်ဆဲဆဲ အနှောင့်အယှက်တွေ ကြုံလာလို့ပါ" ဟု လှိုင်က ဖြေသည်။

ဘာလုပ်သင့်သလဲ၊ ဘာလုပ်ရင် ကောင်းမလဲဟု လှိုင်က မဆွေးနွေးပါ။ ရှေ့နေထက်ပိုပြီး အားကိုးရသော နောက်ခံတွေ ရှိပြီးသားကို ဒေါ်ခင်အေးမှန် သိသည်။ တရားဥပဒေလမ်းကြောင်းဖြင့် ရင်ဆိုင်ဖြေရှင်းရန် ရှေ့နေ၊ သို့မဟုတ် ဥပဒေပညာရှင်များကို အားမကိုးသာမှန်းလှိုင်သိပြီး ဖြစ်နေသည်။

ရှေ့နေလုပ်ပေးနိုင်တာလောက်ကိုပဲ လှိုင်က ရှေ့နေကို အသုံးပြုသည်။ နိုထရီလုပ်ပေးဖို့တဲ့။

စာချုပ်စာတမ်းကို အင်္ဂလိပ်ဘာသာပြန်ပြီး နိုထရီတံဆိပ်ရိုက်နှိပ် လက်မှတ်ထိုးဖို့များတော့ ဒေါ်ခင်အေးမှန်၏ လုပ်ရိုးလုပ်စဉ်။

စာရွက်စာတမ်းတွေကို စစ်ကြည့်လိုက်တော့ သုံးဧက တစ်ရွက်။ နှစ်ဧက တစ်ရွက်။ နေ့စွဲကွာခြားချက်က တစ်နှစ်ကျော်။ 'လှိုင်နဲ့သာစံအိမ်' အကျယ်အဝန်းက ငါးဧက ရှိပါကလား။ တစ်ဧကကို သုံးသိန်းမှ ငါးသိန်း အလကားရသလောက် ပေါပေါပဲ ရှိလိုက်တာ။

"ခြံမြေပေါက်ဈေးက ကြားဖူးသမျှ ဈေးအပေါဆုံးပဲ"

ဒေါ်ခင်အေးမှန်က ခပ်တိုးတိုး ပြောမိသည်။

"ဝယ်တုန်းက ခြံမြေဆိုပေမဲ့ ဖုန်းဆိုးမြေရိုင်းပါ၊ ပျံကျတွေ ရောက်လာတော့မှ ဟင်းသီးဟင်းရွက်ကလေး ဘာလေးစိုက်ပြီး ခြံမြေဖြစ်ကုန်တာပါ"

စက်စက်ဝင်းထံမှ မချင့်မရဲ သက်ပြင်းရှိုက်သံထွက်လာသည်။

"သစ်သားနဲ့ သင်းလိုက်တာနော်" ဟု ဒေါ်ခင်အေးမှန်ကပါ အသက်ပြင်းပြင်း ရှိုက်ရင်း အခြေအနေကို ဖုံး ဖုံးဖိဖိ လုပ်လိုက်ရ၏။

မေးစရာ မေးခွန်းလည်း သိပ်မရှိလှ။ မြေငှားစာချုပ်မှန်ကန်ကြောင်း စစ်ဆေးပြီးပြီ။

"ကဲ... ဒါဖြင့် ကိုယ်တို့ ပြန်ဦးမယ်၊ ပြီးရင် ဖုန်းဆက်လိုက်မယ်"

စက်စက်ဝင်းက ထိုင်ရာမှထလျက် ပြန်ဖို့အသင့်။

"မဟုတ်တာ အန်တီမှန်ရယ်။ နေ့လယ်စာစားဖို့ အသင့်ရှိပါတယ်။ တောဟင်း၊ တောထမင်းနဲ့ အသီးအရွက်တွေ အန်တီမှန်အကြိုက် လုပ်ထားတာ၊ စားသွားကြပါဦး...."

လှိုင်က ပါးလျားနွဲ့နှောင်းသော ခန္ဓာကိုယ်လေးကို ဖျပ်ဖျပ်ယိမ်းပြီး ခေါင်းယမ်းလက်ခါ မပြန်ပါနဲ့ဦးဟု တဖွဖွ တားနေသည်။

"ကျုပ်က အသက်အရွယ်အရ ဓာတ်စာစားနေရတယ် လှိုင်၊ ကျေးဇူးတင်ပါတယ်။ ဟောဒီ ကျုပ်တပည့်

mgyoe.com

mgyoe.com

ကလည်း ချိန်းထားတာရှိရက်နဲ့ လိုက်မောင်းပို့ရတာ အားနာလို့ပါ။ နောက်မှ တွေ့ကြတာပေါ့"

"ရောက်လာပြီးမှတော့ နေပါဦးလား အန်တီမှန်ရယ်။ လှိုင့် တောအိမ်ကလေးကို သေချာနဲ့အောင်တောင် မပြရသေးဘူး။ အန်တီမှန့်ကို လာအနားယူဖို့လည်း ဖိတ်ချင်နေတာ။ ဒီအိမ်ထဲမှာ ခုနစ်ဆောင်ရှိတယ်။ ခုလို ဧည့်ခန်းကျဉ်းကလေးတွဲရက်နဲ့ အိပ်ခန်းဆောင်တွေလေ။ လှိုင်က အနံ့မခံနိုင်လို့ ဒီ 'မဟော်ဂနီဆောင်' မှာ နေတာ။ မဟော်ဂနီသစ်သားနဲ့ အခန်းဖွဲ့ပြီး မဟော်ဂနီပရိဘောဂတွေ သုံးထားတာပါ။ ကရမက်ဆောင်၊ တောင်တန်ကြီးဆောင်တွေက အမွှေးနံ့ရှိတယ်။ အန်တီမှန် ကြိုက်မလားမသိဘူး။ ပိတောက်သားနဲ့ ဖွဲ့စည်းပြီး ပိတောက်သားပရိဘောဂတွေထည့်ထားတဲ့ ပိတောက်ဆောင်ကတော့ အနံ့မရှိပါဘူး။ အင်ကြင်းဆောင်လည်း ဒီလိုပါပဲ။ ကျွန်းဆောင်၊ ပျဉ်းကတိုးဆောင်နဲ့ စန္ဒကူးဆောင်က ဧည့်ခန်းကြီးရဲ့ ဟိုဘက်မှာ၊ နံ့သာဖြူဆောင် ထားချင်တာ၊ နံ့သာဖြူက ရှားလွန်းလို့ ဘုရားဆောင်ပဲ ရတယ်။ ဘုရားဆောင်က ကျဉ်းပေမဲ့ ကျွန်းဆောင်ထဲမှာဆိုတော့ တစ်ဆောင်လုံး အနံ့ပြင်းလိုက်တာမှလေ၊ ဘုရားဝတ်တက်ရင် တံခါးအားလုံး ဖွင့်ထားရတယ်။ အန်တီမှန် လျှောက်ကြည့်ဦးမလား"

အခန်းထဲမှ ထွက်လာပြီး စင်္ကြံလမ်းကို တစ်ခန်းပြီး တစ်ခန်း ဖြတ်သန်းဆဲ လှိုင်က တရစပ် ပြောလိုက်လာသည်။

"အံ့သြစရာပဲ၊ ဒီလောက်ကောင်းတဲ့ ရှားပါးသစ်တွေ လှိုင့်လောက် ဘယ်သူမှ ရှာနိုင်မယ် မထင်ဘူး"

လှိုင်က ကျေကျေနပ်နပ် ပြုံးလေသည်။

"ယောက္ခမတွေ ခေတ်အဆက်ဆက် စုဆောင်းထားခဲ့တာတဲ့။ လှိုင့်အမျိုးသားက ဆောက်ပေးတာပါ။ စိတ်ကူးကောင်းတယ်နော် အန်တီမှန်။

"သူက ခု ဘယ်ရောက်နေလဲ"

"ဒူဘိုင်းမှာ အပန်းဖြေအိမ်တစ်လုံး ဆောက်နေတယ်လေ"

* *

ဧည့်ခန်းမကျယ်ကြီးထဲမှာ မိုးထက်လှိုင် နှုတ်ဆက်ကျန်ရစ်သည်။ ဖိနပ်ချွတ်ခန်းမှာ ကိုယ့်ဖိနပ် ကိုယ်လဲပြီး တံခါးနှစ်ထပ်ကို စိတ်မရှည်စွာ ဖြတ်ကာ အိမ်ပြင်ဆင်ဝင်သို့ ရောက်လာ၏။

ကားအသင့်ရောက်နေပြီ။ အဖြူရောင် ကောင်လေးက ကားသော့ကို တရိုတသေ လှမ်းပေးရင်း ...

"ခြံထဲ ပတ်ကြည့်ချင်ပါသေးလား ခင်ဗျာ"

"လမ်းလျှောက်သွားရမှာလား"

"ကားနဲ့ ပတ်လို့ရပါတယ်။ ရေကူးကန်ကို ပတ်မောင်းသွားရင် တောအုပ်ကလေးလုပ်ထားတာ တွေ့ပါ့မယ်ခင်ဗျာ၊ ယုန်လေးတွေ၊ ရှဉ့်လေးတွေနဲ့ ငှက်ရောင်စုံတွေ သဘာဝအတိုင်း လွှတ်ထားတာ တကယ့် တောအုပ်ကလေးလိုပါပဲ"

"ဟုတ်လား၊ အိမ်ရှင်က ကြည့်ခွင့်ပေးလို့လား"

"ဖုန်းဆက်ပြောထားလို့ပါ ခင်ဗျာ"

"သြော်... အေး၊ ကျေးဇူးပါပဲကွယ်၊ အချိန်မရတော့လို့ နောက်မှပဲ... သွားပြီနော်"

ဒေါ်ခင်အေးမှန်က ကားတံခါးကို ပိတ်လိုက်သည်။

စက်စက်ဝင်းက အားပါးတရပြုံးပြီး ခေါင်းဆတ်နှုတ်ဆက်ဟန် မြင်ရတော့မှ ဒေါ်ခင်အေးမှန် အသက်ရှူချောင်စပြုလေသည်။ ကားကို ဖြည်းလိမ့်မောင်းလာ၍ ဝဲယာကို စေ့စေ့စပ်စပ် ကြည့်ဖြစ်သည်။ အဝင်တုန်းက မျက်စိလျှမ်းလာသော ရေကူးကန်ကို ခပ်ဝေးဝေးမှာ မြင်လိုက်ရ၏။ ကွန်ကရစ်လမ်းမကွေ့ တစ်ဝိုက်မှာ အိမ်ကြီးဆီ လှမ်းကြည့်ဖြစ်သည်။ အနီရောင် အမိုးချွန်တွေမှာ တစ်ဆက်တစ်စပ်တည်း မဟုတ်။ အဆောင်လိုက် မိုးထားသည်ဖြစ်ရာ ခေါင်မိုးချွန် အထပ်ထပ်ကို မြင့်လိုက်၊ နိမ့်လိုက် မြင်နေရ၏။

ပွင့်သွားသော ဂိတ်တံခါးမှ ထွက်လာခဲ့ပြီးနောက်တော့ လည်ပြန်လှည့်မကြည့် ဖြစ်ကြတော့ပါ။ ကွန်ကရစ် လမ်းသွယ်မှာ အရှိန်မြှင့်လာပြီး ငွေကြယ်ပွင့်ကို ရိပ်ခနဲ ဖြတ်ခဲ့သည်။

"ကျွန်း၊ ပျဉ်းကတိုးနဲ့ ပိတောက်၊ အင်ကြင်းသားတို့ဆိုတာ ရှားပါးသစ်ပေမဲ့ အရှိန်အဝါ ငွေကြေးနဲ့ ရှာဖွေဆောက်လို့ ရပါတယ်။ မဟော်ဂနီလည်း ထားပါ။ ကရမက်တို့၊ တောင်တန်ကြီးတို့၊ စန္ဒကူးတို့ဆိုတာ ဘုရင့်နန်းတော်တွေတောင် ဆောက်ခဲ့တယ်လို့ မကြားဖူးဘူး

mgyoe.com

mgyoe.com

အန်တီရဲ့။ မကြံကောင်း မစည်ကောင်း..."

ဒေါ်ခင်အေးမှန်က ထိုင်ခုံနောက်မှီကို လျှော့ချလိုက်ပြီး မျက်လုံးများကို မှိတ်ထားလိုက်သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်လောက်က တနင်္သာရီတိုင်းဘက် အကြာကြီးနေဖူးတယ်။ ဘုတ်ပြင်းမှာ ပျင်းအောင် နေခဲ့ဖူးတာပေါ့။ အဲဒီဘက်မှာ တောင်တန်ကြီးတို့၊ ကရမက်တို့ ပေါမှပေါ။ တောထဲက ခုတ်ချင်တိုင်းခုတ်၊ တချို့ရွာတွေများ ကရမက်တုံးကြီးတွေ လူတစ်ဖက်စာလောက်ကို လှေကားခုံတို့၊ ခြေနင်းခုံတို့လို အတုံးလိုက်ချပြီး သုံးကြတာ။ အဲဒီတုန်းက ကျုပ်လည်း မင်းလို စိတ်ကသိကအောက် ဖြစ်ခဲ့ဖူးတယ်"

"ဟုတ်လား၊ တကယ်လားဟင်"

"စန္ဒကူးပင်ဆိုတာလည်း ခု တချို့နေရာတွေမှာ စိုက်ပျိုးရေး လုပ်နေကြပြီ။ ဘုန်းကြီးကျောင်းတွေမှာလည်း စိုက်တယ်။ တောတိုင်းမှာ စန္ဒကူးမရှိဆိုတဲ့ ရှေးစကားကို စဉ်းစဉ်းစားစား ပြောရတော့မယ်။ စန္ဒကူးပျိုးပင်တွေ သိပ်မရှားလှတော့ဘူးကွယ်"

မျက်စိမှိတ်ထားရင်း စကားတွေ အရှည်အလျား ပြောနေမိသည်။ အတွေ့အကြုံ ဖြတ်သန်းမှု ကွာသလိုရင်ခုန်သံချင်းလည်း စည်းချက် မညီနိုင်တော့ပါ။ မိမိအမှုသည် ထက်မိုးလှိုင်အကြောင်းကိုလည်း စက်စက်ဝင်းအား ရှင်းမပြချင်တော့။ ဘယ်မျိုးရိုး၊ ဘယ်သူ့သမီး ဘယ်သူ့ဇနီးဆိုတာ သည်ခေတ်အခါမှာ သူသိချင်စိတ်ရှိလျှင်၊ သိဖို့ လိုအပ်လာလျှင် သူ့ဘာသာ အလွယ်တကူ သိအောင်လုပ်နိုင်မည် ဖြစ်သည်။

ဒေါ်ခင်အေးမှန်က စည်းစောင့်ပြီး အလုပ်လုပ်တတ်သူဖြစ်သည်။ ကိုယ့်အမှုသည်အကြောင်း ပါးစပ်ဖွာလှော့ရှိသူများကိုလည်း အဆက်အဆံနည်းသည်။ သို့သော် သူဘာလုပ်နေသည်၊ ဘာလုပ်ရမည်ကိုတော့ အသက်ခုနစ်ဆယ့်ငါးနှစ်အရွယ် အဘွားကြီးက နာနာကျင်ကျင်ဆုံးဖြတ်နေရလေသည်။

နတ်စင်ကြီး ဟည်းထနေသော ညောင်ညိုပင်အောက်မှာ ကားကို ခေတ္တ ရပ်နိုင်းလိုက်သည်။

"ကြည့်စမ်း စက်စက်ဝင်း၊ အတော်အသက်ရှည်တဲ့ ညောင်ပင်၊ ကျုပ်ထက်တောင် အသက်ကြီးမလားပဲ။ နာဂစ်တုန်းကတောင် မထိခိုက်ခဲ့တာ။ ညောင်မြစ်ကြီးတွေက ပါးပျဉ်းထအောင် မြေကြီးကို ကုတ်တွယ်ထားတာ။ အိုတော့ အိုလှပြီ..။

ရောက်တတ်ရာရာ ပြောရင်း လိုရင်းကို ဘယ်လိုစရမည်လဲဟု ဒေါ်ခင်အေးမှန် ပင်ပန်းစွာ စဉ်းစားနေရသည်။ မြေလမ်းဖုံဖုံကလေးကို ငေးမောရင်း ဟိုအဝေးပျပျဆီက ရွာအုပ်စုကလေးကို အကြည့်ရောက်သွားသည်။

"ဟိုးက ရွာကလေးမှာ မင်းအမှုသည်တွေ ရှိတာလား"

စက်စက်ဝင်းက ကားကို လမ်းဘေးကျကျ ရွှေ့ရပ်လိုက်ပြီး ကားမှန်ကို ချရင်း 'ဟုတ်' ဟု တစ်ခွန်းဖြေလေသည်။

"မင်းကို ထက်မိုးလှိုင်နဲ့ မိတ်မဆက်ပေးခဲ့တာ နားလည်တယ် မဟုတ်လား။ မင်း နာမည်က တစ်ခါကြားရင် မှတ်မိလွယ်တဲ့ နာမည်မျိုးလေ။ ရှေ့မှာ အလုပ်လုပ်ရတာ အဆင်ပြေအောင် ထက်မိုးလှိုင်ကို မတွေ့ခဲ့ဘူးလို့ သဘောထားလိုက်။ လှိုင်နဲ့သာစံအိမ်ကိုလည်း မေ့လိုက်။ ပြီးတော့ ကျုပ်ဆီကလည်း ထွက်လိုက်တော့..."

စက်စက်ဝင်း အံ့သြသွားပုံမရပါ။ အတူတွဲလုပ်လာသည့် နှစ်တွေ မနည်းလှတော့၊ တစ်ယောက်စရိုက်ကို တစ်ယောက် နားလည်ပြီး ဖြစ်လေသည်။

"ကျွန်မလည်း အဲသလို စဉ်းစားမိပါတယ် အန်တီ၊ စိတ်မကောင်းလည်း ဖြစ်တယ်၊ အားလည်းနာတယ် အန်တီ့ကို"

"ဘာဖြစ်စရာလိုသလဲကွယ်။ ဒါပေမဲ့ ဒီအမှုတွေကို မင်းတစ်ယောက်တည်း မကိုင်နဲ့။ မရမ်းကုန်းက ဒေါ်စန်းစန်းမြင့်ကို သိတယ် မဟုတ်လား။ သူ့ဆီသွား၊ သူ့အဖွဲ့နဲ့ ပေါင်းလုပ်၊ ကျုပ်ဖုန်းဆက်ပေးဖို့ လိုအပ်ရင်ပြော။ ပြီးတော့ ကျုပ်ရုံးခန်းလည်း ပိတ်တော့မယ်။ ကျုပ်အဖွဲ့တွေ မင်းနဲ့ တွဲချင်မှာပဲ၊ ခေါ်သွားလိုက်။ ကျုပ်လည်း နားချင်ပြီလေ။ အိမ်ရောက်လာတဲ့ နိုထရီလောက်ပဲ လက်ခံတော့မယ်။ ကဲ... သွားကြရအောင်"

"ကျွန်မ အန်တီ့ကို မကြာခဏ လာတွေ့မှာပါ"

သည့်နောက် ခွန်းတုံ့ အပြန်အလှန် မရှိတော့ဘဲ နှစ်ယောက်သား အတွေးကိုယ်စီနှင့် တိတ်ဆိတ်သွားကြသည်။ စက်စက်ဝင်းက မှန်တွေတင်ပြီး လေအေးပေး

စက်ဖွင့်သည်။

လူရော ကားပါ အသွားအလာ နည်းပါးလှသည့် ကတ္တရာလမ်းပေါ်မှာ ကားကလေးက တရိပ်ရိပ်ပြေးနေ၏။

ဒေါ်ခင်အေးမှန်က ထက်မိုးလှိုင်၏ မိဘများလက်ထက်ကတည်းက မိသားစု ရှေ့နေလုပ်လာခဲ့သည်ကို စက်စက်ဝင်း သိထားသည်။ သံလွင်လမ်း၊ အင်းလျားမြိုင်လမ်းနှင့် ဓမ္မစေတီလမ်းပေါ်က ခြံဝင်းကျယ် နှစ်ထပ်တိုက်တွေကို နိုင်ငံခြားသံဝန်ထမ်းနှင့် တရုတ်လုပ်ငန်းရှင်များကို ငှားရမ်းတုန်းကလည်း စက်စက်ဝင်းက မိမိကို ကူညီဆောင်ရွက်ပေးခဲ့ဖူးပါသည်။ ရွှေတောင်ကြား အိမ်ကို မွန်းကျပ်လှချည်ရဲ့ဆိုပြီး ထန်းသုံးပင်ရွာသစ်မှာ တောအိမ်ဆောက်နေတာလည်း တစ်ရုံးခန်းတည်းမှာ စားပွဲချင်း ကပ်နေသူမို့ အကြမ်းဖျင်းလောက်တော့ သိမှာ မုချပါပဲ။

စာရွက်စာတမ်းကို ကြည့်ပြီး အလုပ်လုပ်လာခဲ့သောဒေါ်ခင်အေးမှန်က ဘဝကိုကြည့်ပြီး အလုပ်လုပ်ချင်သောတပည့်မလေးကို ဖျောင်းဖျဖို့ စကားလုံးတွေ ရှာမတွေ့နိုင်။

"စာချုပ်စာတမ်းတွေမှာ အားနည်းချက်ရှိတတ်တယ်။ မင်းတွေ့အောင် ရှာနိုင်ရင် ပိုကောင်းမယ်။ အမှုသည်တွေရဲ့ ပြောစကားကိုလည်း သေချာလေ့လာဖို့လိုတယ်။ ချို့ယွင်းချက်ရှိတဲ့ အမှန်တရားတွေဟာ သိပ်အသုံးမတည့်လှဘူးကွဲ့။ ဘာမဆို တရားရုံးမရောက်ခင် ညှိနှိုင်းဖို့ ကြိုးစားကြည့်ပါလား။ တရားမမှုတွေမှာ အချိန်ဆွဲလေ ရှေ့နေ ပိုက်ဆံရလေဆိုပေမဲ့ စက်စက်ဝင်းက ပိုက်ဆံကို မကြည့်တဲ့ ရှေ့နေဆိုတော့လေ။ ညှိကြည့်ပါ၊ ထက်မိုးလှိုင် တစ်ယောက်တည်း မဟုတ်ဘူး။ အဲဒီ ထန်းသုံးပင်ရွာသစ်က အိမ်ကြီးရှင် အတော်များများနဲ့ ညှိရမှာဆိုတော့ ကျုပ်လည်း ဒီဘက်က ကြိုးစားမယ်။ ဥပမာ သုံးသိန်းကို သိန်းသုံးဆယ်၊ သိန်းသုံးရာဖြစ်လာနိုင်အောင်ပေါ့"

စက်စက်ဝင်းက ရှေ့တူရူကိုကြည့်ကာ ကားကို မှန်မှန်မောင်းမြဲ။

"ဌာနဆိုင်ရာ အချို့ရဲ့ အဂတိလိုက်စားမှုတွေကလည်း အထင်အရှား ရှိနေတာ အန်တီ။ တရားဝင် သုံးသိန်းမှာ မရားမဝင် အိတ်ထဲထည့်ပေးလိုက်တဲ့ သိန်းသုံးဆယ်၊ သိန်းသုံးရာက ကိုယ်ပျောက်နေတာ။ ဒီဘက်ကို လျော်ကြေးပေးဖို့ ခက်လိမ့်မယ်"

"လုပ်ကြည့်ပါဦး စက်စက်ဝင်းရယ်၊ သူဌေး လေ့မမှောက်ခင် မင်းအမှုသည်တွေက လောလောဆယ် ခွက်အဲ... ခြံမြေပျောက်နေပြီ မဟုတ်လား။ အေးလေ... မင်းအဖွဲ့တွေနဲ့ တိုင်ပင်ကြည့်ပါဦး။ ကျုပ်တော့ ဒီဘက်က ကြိုးစားနေမှာပဲ၊ သင့်တင့်တဲ့ လျော်ကြေးနဲ့ ဖြတ်ဖို့ကို..."

ကားက ခုမှ မင်္ဂလာဒုံသို့ ဝင်လာသည်။ အဝေးပြေးလမ်းပေါ်မှာ အနည်းဆုံး တစ်နာရီခန့် မောင်းရလိမ့်ဦးမည်။ တိတ်ဆိတ်နေသော စက်စက်ဝင်းကို မျက်လုံးထောင့်များမှ အကဲခတ်ရင်း စဉ်းစဉ်းစားစား အချိန်ယူနိုင်ပါစေဟု ဆုတောင်းရုံမှ တစ်ပါး ဒေါ်ခင်အေးမှန်ကူညီနိုင်မည့် နည်းလမ်းမရှိတော့။

အတူသွားပြီး အတူပြန်ခဲ့သည့် လမ်းမှာပင် လူနှစ်ယောက် ညှိနှိုင်းဖို့ခက်လှသည်။ ဘာတွေ ဆက်ဖြစ်နေဦးမှာလဲ...။

[ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၄]

■

mgyoe.com

mgyoe.com

# မြောက်ဖျားက ဆောင်းရာသီ

စံပယ်ဖြူနု

တစ်နေ့တာလုံး နေရောင်ခြည်ကောင်းစွာ ရရှိလေသော အခန်းလေးတွင် ကျွန်မနေပါသည်။ အခန်းသည် အစဉ်လိုပင် နွေးထွေးနေတတ်၏။ နွေအခါတွင် ပူပြင်းကာ ဆောင်းတွင်တော့ ပြင်ပက အေးမြခြင်းကိုပင် မသိတတ်နိုင်အောင် ခပ်နွေးနွေးပင် ရှိသည်။

ညနေခင်း ရုံးကပြန်ရောက်ချိန်၌ ဖြစ်စေ၊ ညဉ့်နက်လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် နံနက်ခင်း အိပ်ရာကနိုးထလျှင် ဖြစ်စေ ကျွန်မသည် ဆောင်း၏ အငွေ့အသက်ကို နည်းနည်းမျှပင် မခံစားရပါ။ အေးမြလှသော ဒေသတွင် မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်သလို ဆောင်းသိပ်မပီပြင်သည့် မြို့၏ အတွင်းပိုင်းလို နေရာတွင် နေရတာကြောင့်လားမသိ။ ရန်ကုန်ဆောင်းသည် ကျွန်မကို မပြုစားနိုင်ချေ။

သိပ်အေးတာပဲဟု ပြောတတ်သော မိတ်ဆွေများကို ရယ်ပွဲဖွဲ့လျှင် သူတို့၏ မျက်စောင်းများနှင့် ရင်ဆိုင်ရလေ့ရှိပါသည်။

“အေးလေ နင်ကတော့ ဘယ်အေးပါ့မလဲ”

ဟု အနွေးထည်အလှကို ရာသီဥတု နည်းနည်းအေးသည်နှင့် ထုတ်ဝတ်ချင်သော သူငယ်ချင်းက ပြောတတ်သည်။

သည်လိုဆိုလျှင်တော့ ‘ငါတို့ဆီမှာလေ’ ဟု အစချီကာ မြောက်ဖျားက ဆောင်းရာသီ အေးမြပုံအကြောင်း ကျွန်မ စိတ်လိုလက်ရ ပြောပြချင်လာပါသည်။ ပြောပြချင်နေသည့် အချိန်နှင့် တိုက်ဆိုင်လာလျှင်တော့ စကားစလာသူမှာ ကျွန်မပြောသမျှ နားထောင်ပေတော့။

“တို့ဆီမှာ အေးတာက မီးတောင်လှုံရတာကိုး။ ညညဆို ခြံထဲမှာ မီးဖိုကြီးမှ အကြီးကြီးပဲ ဖိုတာ။ ထင်းတုံးတွေဆိုင်ပြီး ညမိုးချုပ်ရင် မီးဖိုတော့တာပဲ။ မီးလှုံရင်း ခေါ်ပုတ်လေး ကင်စားရတဲ့ အရသာများ ဘာနဲ့မှ မလဲနိုင်ဘူး”

သူတစ်ပါးကို အားကျစေလိုစိတ်နှင့် ပြောမိသော ကျွန်မမှာ နောက်ဆုံးတော့လည်း ကိုယ်တိုင်ပင် ပြန်လွမ်းရပါတော့သည်။ သူငယ်ချင်းက တစ်ခဏမျှသာ သည်အကြောင်းများ စိတ်ဝင်စားဖော်ရပြီး တစ်ဖန် အာရုံပြောင်းချိန်တွင်တော့ ကျွန်မတစ်ယောက်သာ အလွမ်းများ တစ်ပွေ့တစ်ပိုက်နှင့် ကျန်ရတတ်သည်။

ဇာတိမြေ ကချင်ပြည်နယ်က ဆောင်းရာသီကို လွမ်းတသော ကျွန်မသည် တကယ့်တကယ်တော့ ထိုမြေကဆောင်းနှင့် ဝေးခဲ့သည်မှာ နှစ်များစွာ ကြာခဲ့ပါပြီ။ အလုပ်ခွင် ဝင်ပါပြီ ဆိုကတည်းက သကြၤန်ပိတ်ရက်သာ အိမ်

mgyoe.com

ပြန်ဖြစ်လေရာ ဆောင်းကို မကြုံရပြီ။ သင်္ကြန်ကာလတွင် နံနက်ခင်းအစောပိုင်းများ၌ အေးမြမြအထိအတွေ့ကို ခံစားရသေးသည်။ ကျေနပ်ရပါသေးသည်။ သို့သော် ကျွန်မ လွမ်းတသော ဆောင်းကိုတော့ မမီပြီ။

"အေးနေပြီလားဟင်"

ဟု အိမ်နှင့် ဖုန်းပြောရတိုင်း ကျွန်မ သတိတရ မေးတတ်ကာ စိတ်ကူး၌လည်း အိမ်သို့ အပြေးပြန်တတ်ပါသည်။ စိတ်ကူးနှင့်ပင် ဆောင်းကိုမြင်သည်။ မီးဖိုမှာ မီးလှုံရသည်။ ခေါပုတ်ကင်နံ့ပင် တသင်းသင်းရသည် ထင်မှတ်လာ၏။ စိတ်နှင့်လူ တစ်ဖန်ကပ်သော် ရန်ကုန်မြေ၌ ခြေမြဲမြဲလျက်။ အာရုံတိမ်းပွေချိန်တိုင်းတော့ စိတ်က တိမ်စိုင်လို ပျောလွင့်မြဲ။

ကျွန်မတို့ ငယ်ရွယ်စဉ်ကတော့ ဆောင်းကို ကျောင်းတက်ရက် နံနက်ခင်းများနှင့်တွဲလျက် မှတ်မိစရာ ဖြစ်ရပါသည်။ ထိုစဉ်က ကျွန်မသည် မြို့တွင် ကျောင်းတက်စဉ် အဘွားအိမ်၌ နေထိုင်ရသည်။ အဘွားသည် အခြားသော အချိန်များ၌ ချစ်ဖွယ်ကောင်းတတ်သော်လည်း နံနက်ခင်းအလင်း ရောက်သည်နှင့် အိပ်ရာက အတင်းနိုးတတ်ဘာတစ်ခုကိုတော့ ကျွန်မ မကြိုက်ခဲ့ပါပေ။

ဆောင်းက အေးလှသည်မို့ ဂွမ်းစောင်ပုံထဲက ထွက်ဖို့ဆိုသည်မှာ စိန်ခေါ်မှု သဖွယ်တည်း။ ဂွမ်းစောင်ထူအိအိကြီးများသဲ ပုစွန်တုပ်များလို ကွေးကွေးလေး အိပ်စက်ရသည်မှ ဘယ်လောက် ဇိမ်ရှိပါသနည်း။ သည်လိုသာ မထတမ်း အိပ်ချင်သည်ဟု ငယ်စဉ်က အကြိမ်ကြိမ် တွေးဖူးသည်။ ကျောင်း မတက်ရလည်း ကောင်းသားပဲ။ သို့သော်လည်း အချိန်တန်လျှင်တော့ အဘွားသည် စောင်များကို ဆွဲခွာကာ အိပ်ရာက နိုးတက်သည်။

"ထတော့ ဒီကလေးဟာ နေမြင့်တဲ့အထိ အိပ်ချင်တယ်။ ကျောင်းသွားရမယ့်ဟာ စာလေးဘာလေးလည်း ကျက်ဦး၊ ထ၊ ထ"

အဘွားသည် သည်မျှသာ ဆော်သြနိုင်ကာ ဈေးသို့ ဆွဲခြင်းကလေး ဆွဲပြီး ထွက်သည်။ အသက်ကြီးသော်ငြား နံနက်တိုင်း ဈေးသွားမြဲ။ ဟင်းလျာစီမံမြဲ။

ခြံဝင်းထဲမှ အဘွားထွက်သွားသည်ကို သေချာအောင် ချောင်းကြည့်ပြီးသော် စောင်ပုံထဲ တစ်ကျော့ပြန် ခွေပါသည်။ အပြင်တွင် အေးလှသည် မဟုတ်လား။ ကြမ်းပြင်ကလည်း အေးစက်နေသည်။ လေကလည်း အေးစက်နေသည်။ သည့်ထက် ရေအေးအေးနှင့် မျက်နှာသစ်ရမည်ဆိုသည်ကို အထိတ်လန့်ဆုံးတည်း။ ရေချိုးဖို့ဆိုသည်မှာတော့ အိပ်မက်ပင် မက်ကောင်းသည် မဟုတ်။

အိပ်ရာနွေးနွေးကို ဘယ်သို့ပင် ခင်တွယ်သော်လည်း အဘွားပြန်မလာမီတော့ အပြေးထရသည်။ မျက်နှာသစ်၊ သနပ်ခါးလိမ်းကာ အဝတ်အစားလဲထားရသည်။ ပြန်လာလို့မှ အိပ်ရာထဲ တွေ့နေသေးလျှင်တော့ အဘွား၏ ပါးစပ်ကို ကြောက်ရမည် မဟုတ်လား။

သို့နှင့် အချိန်တန်လျှင် နံနက်စာစား လွယ်အိတ်ကလေးလွယ်ကာ ပတ်ဝန်းကျင်မှ အိမ်နီးနားချင်း အစ်ကို၊ အစ်မတစ်သိုက်နှင့် ကျောင်းသွားပါတော့သည်။ ကျောင်းမှာ ဆယ့်ငါးမိနစ်မျှ လျှောက်လျှင် ရောက်သည်။ ကျောင်းသို့သွားရာလမ်းကတော့ ဆောင်းနံနက်ခင်းများ၌ အထူးလှသည်။ အထူးလှသည်ဟုသာ ကျွန်မထင်ပါသည်။

လမ်းသည် ကွေ့ကောက်ကာ ကျောင်းဘက်သို့ ဦးတည်သွားသည်။ သည်လမ်းပေါ်၌ ကျွန်မတို့လိုပင် ကလေးတစ်သိုက်တို့သည် ဟိုတစ်စု သည်တစ်စုဖြင့် ခြေကျင်သွားနေကြသည်။ နှင်းမကွဲသေး။ အဖြူအစိမ်း တူညီဝတ်စုံတို့သည် နှင်းမကွဲသေးသော မြူဆိုင်းသည့် ငွေဖြူ။ ဝန်းကျင်က သစ်ပင်တို့၏ အစိမ်းတို့ရောသော သဘာဝအလှနှင့် အတော်ပင် လိုက်ဖက်သည်ကို သတိရသည်။

ကျွန်မတို့သည် ဆောင်းနံနက်ခင်း စောစောများတွင် ကိုယ့်ရှေ့ဝန်းကျင် မလှမ်းမကမ်းမျှသာ မြင်ကြရပါသည်။ အဝေးကို လှမ်းကြည့်သော် မသဲကွဲ။ မြူနှင်းများဆိုင်းဆဲ။ လေမှာ အေးစိမ့်၍ နေသည်။ အနွေးဦးထုပ်ဆောင်းထား၍ ခေါင်းမစို။ မျက်နှာကတော့ ရေငွေ့ရိုက်စပြုကာ အေးစက်နေတတ်သည်။ မျက်တောင်ဖျား၌ နှင်းငွေ့များ ခိုတွဲနေတတ်သည်ကိုတော့ ကျွန်မအလွန် သဘောကျပါသည်။ မျက်တောင်ကိုပင် ခဏခဏ ခတ်တတ်သေးသည်။ ရေစက်ပေါက်ကလေးများ မျက်နှာပေါ်ကျသည်ကိုလည်း နှစ်သက်တတ်သေးသည်။

စာသင်ခန်းထဲရောက်စဉ် လက်ချောင်းကလေးများ

mgyoe.com

ကျင်ခဲနေသလို စာရေးရန် ခက်လှသည်။ ဘောလ်ပင်၊ ခဲတံတို့ကို မကိုင်တွယ်နိုင်။ လက်ချောင်းများ အချင်းချင်း ဆုပ်နယ်လိုက်၊ ပါးစပ်က လေနှင့် နွေးထွေးစေလိုက် ပြုကာ စာရေးဖို့ ကြိုးစားရသည်။ အတန်ကြာလျှင်တော့ အသားကျပေပြီ။ သည်သို့သာ ကျောင်းသူဘဝ၏ ဆောင်းနံနက်ခင်းများစွာကို အစီအစဉ်တကျ ဖြတ်ကျော်ခဲ့ရသည်။

ငယ်စဉ်က ကျွန်မတွင် အနွေးအကျီအလှများ မရှိပါ။ ကတ္တီပါပြောင် နီညိုရောင် တစ်ထည်၊ ဆွယ်တာ မီးခိုးရောင် တစ်ထည်ပဲ ရှိခဲ့သည်လားမသိ။ သို့သော် မြို့ဇွန်၌ တည်ရှိသော ကျွန်မတို့ကျောင်းတွင် မျက်နှာငယ်စရာ စိုးစဉ်းမျှ ရှာမတွေ့။ ဘဝတူတွေရှိသားပဲ။ တတ်နိုင်သည့်သူက အနွေးအကျီအလှများ ဝတ်ထားသော် အားကျငေးမောမည်။ သို့သော် မိဘကို ပူဆာရန်ကား တစ်ကြိမ်မှ စိတ်ကူး မရှိခဲ့စဖူး။ မပြည့်စုံလှသော ငယ်ဘဝတွင် ကျွန်မသည် ဆောင်းရာသီကိုတော့ မုန်းစိတ်မဝင်။

နံနက်ခင်းစောစော၌ ချမ်းရအေးရသည့်ကြားထဲ ကျောင်းသွားရန် ထရခြင်းတစ်ခုကိုတော့ ကျွန်မ ငြူစူချင်သည်။ ကျွန်မက အအိပ်မက်သူ။ အိပ်ရာစောစော ထရသည့် ဆောင်းနံနက်ခင်းများကို မကြိုက်လှသော်လည်း ဆောင်းနေဝင်ပြီး နောက် လေအေးများကြီးစိုးလာသည့် နေစောင်းချိန်များကိုတော့ ကျွန်မ အလွန်နှစ်သက်ပါသည်။

ဦးလေးသည် မှောင်စပျိုးသည်နှင့် ခြံထဲမှာ မီးဖိုပါတော့သည်။ မီးဖိုနေကျနေရာမှာပင် လောင်ကျွမ်းပြီးသား ထင်းတုံးဟောင်းကို မီးပြန်မွေးသည်။ သစ်ကိုင်းခြောက်နည်းနည်းထပ်ထည့်သည်။ မီးညွန့်ကလေး တက်လာလျှင် လှုံနိုင်ပေပြီ။

ခြံချင်းနီးသော ဝမ်းကွဲအစ်မနှင့် ကျွန်မသည် အဘွားအိမ်ပေါ်တွင် အိမ်စာအတူ လုပ်ပြီးသော် မီးဖိုနားသို့ အပြေးကပ်ကြတော့သည်။ အိမ်သည် ထရံကာမို့ လေက တိုးဝင်လျက်ရှိရာ အေးလှသည် မဟုတ်လား။

ကျွန်မတို့သည် မီးဖိုအနီး ဝိုင်းထိုင်နေကြသည့် လူကြီးများအကြား တိုးဝှေ့ထိုင်ကြသည်။ ခြေ၊ လက်တို့ကို ပူနွေးအောင် မီးလှုံကြသည်။ မီးဖိုဘေးတွင် ခေါပုတ် သို့မဟုတ် ပေါင်းတင်းကျည် (ကောက်ညှင်းကျည်တောက်) စသည်ဖြင့် လူကြီးများက တစ်ခုခု ကင်နေ၊ နွေးနေသည်ကို ငေးမျှော်ကာ စောင့်ကာ စားကြသည်။ အဘွားပြောပြတတ်သည့် ရှေးစကားများကို မျက်လုံးကလေး အဝိုင်းသားနှင့် နားထောင်တတ်ကြသည်။ အိပ်ချိန်တန်လျှင်တော့ ဂွမ်းစောင်ပုံများကြားထဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ရခြင်းကို ဘယ်တော့မှ မမေ့။

ဆောင်းရာသီ၌ပင် ကြုံရသော ကျောင်းပိတ်ရက်ရှည်များတွင်တော့ ရွာသို့ပြန်လျှင် ကျွန်မနှစ်သက်သော ဟင်းလျာများအတွက် အသီးအရွက် အညွန့်အဖူးတို့စုံလင်ပေပြီ။ မုန်ညင်းဖူးနုနုများရမည်။ ပဲရွက်နုများရမည်။ ပဲသီးနုများရမည်။ အားလုံးသည် စိမ်းစိမ်းစိုစို လတ်လတ်ဆတ်ဆတ်။ အချို့ကိုတော့ ခြံထဲတွင်ပင် ရနိုင်သည်။ အမေကိုယ်တိုင် စိုက်ပျိုးထားပေသည်။

အမေသည် ကျွန်မ အလွန်နှစ်သက်သော မုန်ညင်းစော (မုန်ညင်းချဉ်ရည်ဟင်း) ကို ချက်ကျွေးတတ်သည်။ ဟင်းလျော်ပေါင်းလုပ်ကျွေးတတ်သည်။ မုန်ညင်းပေါင်းလုပ်ကျွေးတတ်သည်။ ငါးပေါင်း လုပ်ကျွေးတတ်သည်။

ရွာက အိမ်ကလေးသည် ချောင်းနံဘေးတွင် တည်ရှိလေရာ ဆောင်းရာသီ နံနက်စောစောများ၌ ရေပြင်ကို မြူနှင်းများအကြား မသဲမကွဲ မြင်ရသည့် မြင်ကွင်းကိုလည်း ကျွန်မ သတိရနေသည်။ အမေ လုပ်ပေးတတ်သော နံနက်စာ ထမင်းကြော်၊ ကော်ဖီပူပူတို့ကိုလည်း ဆောင်းနံနက်ခင်းများနှင့် တွဲဖက်ကာ မှတ်မိနေဆဲပင်။

ရွာတွင်တော့ ကောက်နံ့တို့လည်း ပေါ်ပြီဖြစ်ရာ ခေါပုတ် လှိုင်လှိုင်ထောင်းကြဆဲ။

တစ်အိမ်အိမ်က ခေါပုတ်ထောင်းလျှင် နီးစပ်ရာက အမျိုးသမီးများ ဝိုင်းကူကြသည်။ မောင်းတံပေါ် ခြေသုံးဖက်၊ လေးဖက်မျှ အချက်ညီညီ နင်းကြသည်။ မောင်းဆုံနားတွင် နေသူက ကျည်ပွေ့တွင် ကပ်နေသည့် ထောင်းလက်စ ကောက်ညှင်းစေးပျစ်ပျစ်ကို ခွာလိုက် ဆုံထဲ တစ်ဖန်ထည့်လိုက် ကျင်လည်စွာ လုပ်ပေးရသည်။ ဘက်လှည့်ပေးရသည်။ သည်မြင်ကွင်းကို ပြန်တွေးတိုင်း ကျွန်မသည် မောင်းဆုံရှေ့ စောင့်တတ်သည့် ကြီးကြီး၏ လက်ယဉ်ပုံ၊ ကျွမ်းကျင်ပုံကို မမေ့။

မောင်းထောင်းနေသည့် အနီးတစ်ဝိုက် ကျွန်မတို့

ကလေးတစ်သိုက်က ကျင်လည်သော် ကြီးကြီးသည် ထောင်းလက်စထဲက အဆုပ်အဆုပ်ခွဲကာ လှမ်းပေးတတ်သည်။ မီးဖိုအနီးသို့ အပြေးသွားကာ သီတံထိပ်တပ်လျက် ကင်စားရသည့် အရသာမှာ အမေကင်ပေးတတ်သည့် ခေါပုတ်ထက်ပင် စားကောင်းသလို ထင်တတ်ခဲ့သည်။ ခေါပုတ်များကို ပိုင်းကူကြသူများကိုလည်း ပေးရသည်။ အိမ်နီးနားချင်းများထံ ပို့ရသည်။ ဆွေမျိုးများကိုလည်း ခွဲပေးသေးသည်။

မိမိအိမ်က တစ်ကြိမ်တစ်ခါထောင်းလျှင် အများကို ပေးဝေသလို ပတ်ဝန်းကျင်က ထောင်းလျှင်လည်း အိမ်ကို အပို့ရောက်သည်သာ။ သည်တော့ အိမ်တွင် ခေါပုတ်မပြတ်။ စားစရာလည်းမပြတ်။ ကျောင်းပိတ်ရက်လွန်၍ မြို့သို့ပြန်သော် စားစရာများ သယ်ကာ ပြန်ရသည်။ မြို့တွင်တော့ ကျွန်မကျောင်းတက်ခဲ့သည့် ချမ်းချမ်းစီးစီး နံနက်များက စောင့်ကြိုမြဲ။ သို့သော်လည်း မီးဖိုနံဘေး နွေးထွေးနေပျော်သော ညကာလများလည်း ရှိသေးသည်မို့ ဆောင်းကို ကြာရှည် စိတ်မကုန်ပြန်ချေ။

ငယ်ရွယ်စဉ်နှင့် ဆယ်ကျော်သက်ရွယ်တုန်းကပဲ ဘဝကို ပျော်စရာဟု ပိုမြင်တတ်ခဲ့လေသလား မသိ။ ပြန်စဉ်းစားလျှင် အရာရာသည် လွမ်းစဖွယ်တည်း။ တစ်နှစ်တော့ ဆောင်းရာသီ ပြန်ဖြစ်အောင် ပြန်ပါမည်ဟု ယခုတိုင် တွေးဆဲ။ ပြီးခဲ့သည့် တစ်ရက်က အမေနှင့် ဖုန်းပြောရသော် ဆောင်းရာသီတွင် ကျွန်မတစ်ကြိမ်မှ မပြန်ဖြစ်တော့သည်ကို အမေက သတိတရ ပြောလိုပြန်သည်။

"တစ်ခါတော့ ဆောင်းတွင်းပြန်လာဦးလေ။ စားစရာ ပေါတယ်ကော။ သမီးပြန်လာတဲ့ နွေရာသီဟာ လုပ်ကျွေးချင်ရင်တောင် ဘာမှ သိပ်မစုံတော့ဘူး။ ခေါပုတ်လည်း အဲဒီအချိန်လောက်ဆို ကုန်ပြီ"

အမေ့စကားသံသည် ဖုန်းချပြီးသော်လည်း နား၌ စွဲမြဲဆဲပင်။ သို့သော် အမေ့သမီးမှာတော့ ဆောင်းရာသီ အိမ်ပြန်ရေးဆိုသည်မှာ စေ့စေ့တွေးရန်မလိုဘဲ ထင်းထင်းပေါ်မြဲ အဖြေရှိပြီးသားပင်။ အသွားအပြန် လေးရက်မျှကြာသော ရွာကလေးသို့ ဘယ်မှာလျှင် ပိတ်ရက်ရှည်မရဘဲ ပြန်နိုင်ပါမည်နည်း။ ကြာတော့လည်း အလွမ်းနှင့် အသားကျကာ မလွမ်းရတော့ဘူးဆိုလျှင်ပင် မနေတတ်တော့ဘူးထင်လာသည်။ လွမ်းရတာကိုပင် စည်းစိမ်တစ်မျိုးလို ထင်မှတ်ကာ လွမ်းတတ်လာသည်။

ခုတစ်လောတော့ မြောက်ဖျားပိုင်းကို ပိုလွမ်းရသည်။ ရာသီဥတု အေးနေမည်ဆိုသည်ကို တွေးမိလျှင် တိုး၍ လွမ်းရသည်။ သည်တစ်ကြိမ် လွမ်းရသည်ကတော့ အစားအသောက်များကိုလည်း မဟုတ်။ နွေးထွေး လုံခြုံရာတွင် ရှိနေမည့် ကျွန်မ၏ မိသားစုကို စိတ်အေးရသော်လည်း မတတ်နိုင် လက်မှိုင်ချကာ အိမ်အပြန်လမ်း ငေးမျှော်နေရရှာသော စစ်ဘေးသင့်သူများကိုတော့ လွမ်းရပါပေသည်။

"အနွေးထည်လည်း မလောက်ဘူး။ တို့ဆီမှာ ဒီလောက်အေးတာ နင်သိတဲ့အတိုင်း၊ အိမ်ထဲမှာတောင် ဒီလောက်အေးတာ။ ငါလည်း ဘာလုပ်ပေးရမှန်း မသိတော့ဘူး"

တစ်နယ်တည်း၊ တစ်ခရိုင်တည်း ကြီးပြင်းခဲ့ကြသော်လည်း ရန်ကုန်တွင်မှ ကံကြုံဖန်ဖန် တွေ့ကြုံခင်မင်ရသော အစ်မသည် တစ်ရက်၌ ခရီးမစမီ ကျွန်မကို တိုင်တည်သည်။ မကြာခင် သူ ခရီးစမည်။ ကျွန်မတို့၏ ဇာတိမြောက်ဖျားဆီ။ သူသည် အခါများစွာကလို အိမ်ကို အလည်ပြန်သည် မဟုတ်။ ဒုက္ခသည်စခန်းများ၌ ရှိနေဆဲသူများထံ စေတနာရှင်များဆီက ရတတ်သမျှ အကူအညီများ သယ်ပိုး၍ သွားရန်ပြင်ခြင်း။

ကျွန်မက သူ့ကို တိတ်တဆိတ် ပူပင်ဆဲ။ သူကတော့ သူ့ကိုယ်သူထက် အိမ်မပြန်နိုင်သေးသည့် ကလေးများ၊ မိခင်များ၊ အဘိုးအဘွားများအတွက် ပူပင်နေသည်။ ကျွန်မတွင်တော့ အပူသည် ရံဖန်ရံခါတော့ များပြားသည့်ဘဝ တာဝန်များကြား ပေါ်လိုက်ပျောက်လိုက်ပင်။

တစ်ခါတစ်လေတော့ ရွာကို မိသားစုကို အလွန်အမင်း ပူပန်နေတတ်သည်။ အပြေးသွားချင်သည်။ မိတ်ဆွေများရှေ့ မျက်ရည်ကျမိသည့် အချိန်လည်း ရှိခဲ့သည်။ သို့သော်လည်း မိဘများအသံကို ဖုန်းထဲက ကြားရုံနှင့် သက်ပြင်းချကာ စိတ်အေးတတ်သည့် အချိန်မျိုးလည်း ရှိပြန်သည်။

တကယ်တော့ သေနတ်သံ၊ ဗုံးသံများသည် ကျွန်မတို့နှင့် စိမ်းသည်မဟုတ်။ နှစ်အတော်ကြာ ကြားဖူး

mgyoe.com

mgyoe.com

နား၀ ရှိခဲ့သည်။ ထို့နောက် တစ်ဖန် ငြိမ်းအေးသွားပြန်သည်။ ဆယ်စုနှစ်ကို ကျော်လွန်ငြိမ်းချမ်းဆဲ လွန်ခဲ့သော နှစ်နှစ်ကျော်ကတော့ မိုးစက်များနှင့်အတူ ကျွန်မတို့မြေသို့ မငြိမ်းချမ်းခြင်းသည် တစ်ကျော့ပြန် နိုးထခဲ့ပြီ။

ဇွန်၊ ဇူလိုင်လတို့သည် ကျွန်မအတွက် ခက်ခဲစွာ ဖြတ်ကျော်ရသည့် ကာလများ။ အဲသည်အချိန်က မိသားစုကို ပူပန်စိတ်နှင့် တစ်ဖက်တွင် မြို့ပြကို စွန့်ခွာရန် ခက်ခဲနေဆဲ အနေအထားများအကြား ကျွန်မ ပြိုလဲမတတ်ဖြစ်ခဲ့ရသည်။ သို့သော် ရွာကလေးသည် ကာလရှည်ကြာ ဘေးကင်းဆဲ။ သည်တော့ မိသားစုထံက ပူပင်စိတ်သည် အိမ်ကို စွန့်ခွာပြေးလွှားရသူတို့ထံ ကူးပြောင်းပြန်သည်။

အဲသည်နှစ်ကလည်း အစ်မသည် နယ်ပြန်ခဲ့သေးသည်။ သူ့အပြန်တွင် ဓာတ်ပုံများစွာ ပါလာသည်။ ကျွန်မသည် ထိုဓာတ်ပုံများကိုကြည့်ကာ သူ့ရှေ့တွင်ပင် မျက်ရည်ကျရသည်။

အဝတ်အထည် နွမ်းနွမ်းကလေးများနှင့် ကလေးတို့သည် ကင်မရာကို အပြစ်ကင်းစင်သော မျက်လုံးကလေးများနှင့် ငေးနေကြသည်။ ငိုနေသော ကလေးလေးကိုလည်းတွေ့ရသည်။ ပဲပြုတ်တစ်ခွက်နှင့် ထမင်းစားနေကြသော ကလေးတို့ကို မြင်သည်။ ဒုက္ခသည်စခန်းက ကြမ်းပြင်ပေါ် စာကုန်းရေးနေကြသည့် ကလေးတို့ကို ရင်နာစဖွယ် တွေ့မြင်ရသည်။ မစခန်းတို့သည် အမိုးအကာ လုံလုံခြုံ ခြုံလည်း မဟုတ်။ ဓာတ်ပုံတို့ကိုတွေ့ရသော အချိန်သည်လည်း ဆောင်းကာလသာ ဖြစ်သည်။ သူတို့ ဘယ်လောက်များ အေးနေကြမလဲ။

ကျွန်မမျက်ရည်တွေတွေ ကျနေသည်ကို အစ်မက ငေးနေသည်။

"ငို၊ ငို၊ ငိုချင်သလောက်သာ ငိုပေတော့။ ငါ့မှာတော့ ငိုစရာ မျက်ရည်တောင် မရှိတော့ဘူးဟ။ ငိုလည်း မငိုနိုင်တော့ဘူး။ ငါမြင်ရတဲ့ မြင်ကွင်းတွေ နင်အပြင်မှာ မြင်ရရင် နင်လည်း ငါ့လိုပဲ မျက်ရည်ကျန်တော့မှာ မဟုတ်ဘူး"

သူ လှမ်းပေးသည့် စာအုပ်ကလေးတစ်အုပ်ကို ကိုင်ထားသော ကျွန်မလက်များကလည်း တုန်ယင်ချင် နေသည်။ မညီမညာ ရေးထားသော လက်ရေးလေးများကို မျက်ရည်များအကြားက ဝိုးတဝါး မြင်ရသည်။

'သမီး အိမ်ပြန်ချင်တယ်'

'စစ်ပြီးရင် သားကျောင်းပြန်နေမယ်၊ စာလည်း ကြိုးစားမယ်'

'ကျွန်တော် အသားဟင်း စားချင်ပါသည်'

အဲသည် တစ်ညနေက အားရအောင် ငိုချလိုက်ပြီး နောက်ရက်များတွင်တော့ အကြိမ်ကြိမ် မျက်ရည်ဝဲရသေးသော်လည်း ထိုတစ်ညနေကလောက် ရှိုက်ကြီးတငင် မငိုတတ်တော့ပါပြီ။

ခုလို အေးမြသည့် ကာလရောက်တော့ ထိုညနေကို သတိရသည်။ တွေ့မြင်ဖူးသော ပုံကလေးများကို သတိရသည်။ သူတို့သည် ဆောင်းရာသီ နှစ်နှစ်ဆက်တိုက် လုံခြုံနွေးထွေးသော နေအိမ်များနှင့် အဝေးမှာ ရှင်သန်ခဲ့ကြပြီးပြီ။ ခုလည်း ဆောင်းက တစ်ကျော့ဆိုက်ရောက်လာပြန်ပြီ။ အခက်အခဲများကို ရင်ဆိုင်ဖို့ရန် စိတ်နှလုံးခက်မာခြင်း၊ မျက်ရည်ကြားက ရယ်တတ်ပြုံးတတ်သော နှုတ်ခမ်းများ ရှိကြခြင်းအတွက်တော့ လောကကို ကျေးဇူးတင်ပါသည်။

"နောင်နှစ်နွေ ကျွန်မပြန်ရင် စခန်းမှာသွားနေဦးမယ်" ဟု ရန်ကုန်တွင် နှုတ်ဆက်ရသည့် ညနေက အစ်မကို ပြောခဲ့မိသည်။

"နင်ကလည်း အဲဒီလို မပြောစမ်းပါနဲ့ဟယ်။ တော်ပြီ၊ နွေမရောက်ဘူး၊ စစ်ပြီးပြီလို့ပြော၊ အားလုံး အိမ်ပြန်ပြီလို့ပြော။ ဒီဆောင်းတွင်း တစ်ခုပဲ တော်ပြီ"

စကားပြော ပြတ်တောင်းသော၊ သို့သော် စိတ်နှလုံးရိုးစင်းနူးညံ့ကာ ကြင်နာတတ်သော အစ်မကို ခုတစ်လော သတိရနေသည်။ သူသည် မြောက်ဖျားမှာ။ အလွန်အေးသော ကျွန်မတို့ ဇာတိမြောက်ဖျားမှာ။ သူ ပြန်မလာသေးသည့်အတွက် ကျွန်မသည် သတင်းစကားများ အထူးတလည် သိရသည် မရှိပါ။

သည်ကြားထဲ သံလွင်ခက်နှင့် ချိုးဖြူတစ်ကောင် လက်တစ်ကမ်းကိုပင် ရောက်လာတော့မလိုလို သတင်းများ ထွက်ပေါ်လာလျှင်တော့ ဝမ်းသာစပြုလာပြန်သည်။ ဒါနှင့်ပင် မျှော်လင့်ချက် ထားလိုသည်။ အလင်းတစ်စ မြင်ရသလို ဆုပ်ကိုင်ချင်သည်။ ထိုအလင်း မကွယ်ပျောက်ပါစေနှင့်။ မကြာမကြာ ပေါ်လိုက်ပျောက်လိုက်

mgyoe.com

 mgyoe.com


ဖြစ်သလို ထပ်၍ မကွယ်ပျောက်ပါစေနှင့်။

ပြီးခဲ့သည့် တစ်ရက်ကတော့ ကျွန်မသည် အမေနှင့် ဖုန်းပြောစဉ်

"အခု အေးနေပြီ မဟုတ်လား" ဟု အဆန်းလုပ် မေးဖြစ်ပါသည်။ "အေးတာပ၊ ညဘက်တော့ တော်တော် အေးတာ" ဟု အမေက ဖြေရိုးဖြေစဉ်အတိုင်း ဖြေသည်။

ကျွန်မ၏ စိတ်အလျဉ်ကတော့ မြောက်ဖျားပိုင်းဆီ အပြေးရောက်သွားသည်။ တောင်တန်းများကို ဖြတ်သည်။ တောအုပ်များကို ကျော်သည်။ သစ်ပင်ငယ် အစုစုကို ဖြတ်သည်။ တဲတန်းရှည်များအနီးတွင် ရပ်သည်။ ဖြူစင်သော မျက်လုံးလေးများစွာကို မြင်သည်။ သည်အခိုက် လေကြမ်းက စိတ်ကူး၌ပင် သုတ်ခနဲ နှင်လာသည်။

သူတို့လေးတွေ အေးနေရှာရော့မည်။

[ကလျာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၁၄]

■

mgyoe.com

mgyoe.com

# ဘမျိုးဘိုးတူ ချိုကလေးနဲ့

ကျော်ပြေစိုး

သူ့ကိုတစ်ရပ်ကွက်လုံးက 'ဖာဂူစီ' လို့ခေါ်ကြတာ ကလေး၊ လူကြီးအကုန်နှုတ်ကျိုးနေကြတော့တာပဲ။ ပရီမီယာလိဂ်ဘောလုံးအသင်းတွေက မန်ချက်စတာ ယူနိုက်တက်အသင်းကြီးရဲ့ ဂုဏ်ထူးဆောင်နည်းပြကြီး ဆာအဲလက်စ်ဖာဂူဆန်ကို စံနမူနာထားပြီး ခေါ်တာဆို ပြီး သူကသဘောကျနေတာလေ။ အင်မတန်စကားထစ် လှပါတယ်ဆိုတဲ့ 'ရွှေအ' ကလည်း သူ့ကို ဖာဂူစီလို့ ပဲခေါ်တာလေ။ တခြားသူတွေခေါ်တာက သူ့အတွက် ပြဿနာမရှိဘူး။ ရွှေအခေါ်တဲ့အခါကျတော့ သူ့နာမည် ဆုံးအောင်မရောက်ဘူး။ "ဖာ ... ဖာ ... ဖာ" နဲ့ ထစ် နေတာက အမြဲတမ်းလိုလိုဆိုတော့ ဖာဂူစီက အရှမ်း ရှက်တာပေါ့။

"ဟေ့ကောင် ရွှေအ တခြားသူတွေခေါ်တာတော့ ခေါ်ပါစေပေါ့ကွာ၊ မင်းကတော့ ငါ့နာမည်အရင်း ဘစိ လို့ပဲ ခေါ်စမ်းပါ။ မင်း ငါ့နာမည်ခေါ်သံကြားရင် ငါ့ ကျောချမ်းလွန်းလို့ပါ" လို့ ပြောပြီးတော့တောင် ယူရ တယ်။ အဲဒီအခါကျတော့ ရွှေအက သူ့နာမည်အရင်းကို ခေါ်တယ်။ အဲဒီလိုကျတော့လည်း ရွှေအက မထစ်ပြန် တော့ဘူး။ အမှန်တော့ 'ဘစိ' ကလည်း သူ့နာမည် အရင်းတော့ မဟုတ်ဘူး။ သူ့နာမည်အရင်းက 'သိန်း နိုင်' တဲ့။ ဒါပေမဲ့ သူ့အဖေဦးတင်ကြိုင်ကိုယ်တိုင်က...

"ဒီကောင်လေး ငယ်ငယ်လေးတည်းက ဗိဇ မကောင်းဘူး" လို့ လူထုရင် မကြာမကြာ ပြောတတ် တယ်။ သိန်းနိုင်အမေ ဒေါ်မယ်ရီက ...

"ကိုတင်ကြိုင် ရှင်မွေးထားတဲ့ကလေးကို ဗိဇမ ကောင်းဘူးလို့ မပြောပါနဲ့၊ ဗိဇမကောင်းဘူးဆိုရင် ရှင်တို့ဘက်က အမျိုးတွေကိုတူပြီး ဗိဇမကောင်းတာပဲ ဖြစ်ရမယ်၊ ဘယ်နှယ့်တော် ကိုယ်မွေးထားတဲ့ ကလေး ဗိဇမကောင်းဘူးလို့ ရှင်မို့ပြောထွက်တယ်" ဆိုပြီး ဗျစ် တောက်ဗျစ်တောက်ပြောတော့တာပဲ။ အဲဒီအခါမျိုးကျ ရင် ဦးတင်ကြိုင်က မခံနိုင်ဘူး။ အမျိုးထိ မချိအောင် နာတတ်တဲ့သူဆိုတော့ သူ့ကိုယ်မှာရှိတာတွေနဲ့ တိုင်း ထွာပြီး ဆဲတော့တာပဲ။ ဒေါ်မယ်ရီကတော့ သိပ်အသံ မထွက်ဘူး။ အနားမှာရှိတဲ့ ထင်းချောင်း၊ သစ်သား ရေတက်ကျည်ပွေ့တွေနဲ့ ကောက်ပေါက်ပြီး ပတ်ကြမ်း တိုက်လိုက်တော့မှ ဦးတင်ကြိုင်က ပတ်မကြီး လက် ဖနောင့်နဲ့ ဖိတီးလိုက်သလို 'ဂျိ'ဆို ငြိမ်ကျသွားတော့ တာလေ။ ဒေါ်မယ်ရီကတော့ လူပုစိတ်တိုမဟုတ်လား။

အဲဒီလိုမိဘတွေက နောင်ဂျိန်ချနေရင် မျက်လုံး ကလယ်ကလယ်နဲ့ကြည့်နေတဲ့ သိန်းနိုင်က အနားမှာ ရှိနေတဲ့ သူငယ်ချင်းကို "ဟေ့ကောင် ငါ့အဖေနဲ့အမေ ရန်ဖြစ်နေတာ ဘယ်သူကစပြီး အသံတိတ်မလဲဆိုတာ လောင်းမလား။ ဇီးပြားဝယ်ကျွေးကြေးလေ" ဆိုပြီး လောင်းကြေးခေါ်တတ်တယ်။ သူက သူ့အဖေအမေ တွေရဲ့အကြောင်းကို သိပြီသားဆိုတော့ အရင်အသံတိတ် မှာ သူ့အဖေဆိုပြီးလောင်းတယ်။ ဒီလောက် ဆူပူတိုင်း ထွာ ဆဲရေးနေတဲ့ ဦးတင်ကြိုင်က အရင်အသံတိတ် မယ်ဆိုတာ ဘယ်သူက ယုံမှာလဲ။ ဒီတော့ သူငယ်ချင်း

တွေက သူ့အမေဘက်က လောင်းတာပေါ့။ ဒီလူကြီး စိတ်မထင်ရင် ဒေါ်မယ်ရီကို ကောက်တွယ်လိုက်တာနဲ့ ဒေါ်မယ်ရီ တိတ်သွားမယ်ထင်တာကိုး။ ဒါပေမဲ့ အထင်ကအထင် အမြင်က အမြင်မဟုတ်လား။ ဒေါ်မယ်ရီက ဒီလောက်ဆဲနေတဲ့လင်ကြီးကို တွယ်ရအောင် နီးစပ်ရာ ထင်းစဖြစ်ဖြစ် ဓားမဖြစ်ဖြစ် ကောက်ကိုင်လိုက်တာနဲ့ ဦးတင်ကြိုင် ဆဲဆိုနေရာက "ပတ်တောပိတ် ဂိုတ်" တော့တာပဲ။ ဒီအချိန်မျိုးဆိုရင် သိန်းနိုင်က လောင်းကြေးနိုင်တဲ့ ဇီးပြားလေးကို တပွတ်ပွတ်နဲ့စားရင်း "မြိန်လိုက်တာ … မြိန်လိုက်တာ" လုပ်နေတတ်တာမျိုး။

သူ့အဖေက သိန်းနိုင်ကို အဲဒီလောင်းကြေးစားကြေးလုပ်တတ်တာကို မကြိုက်တာ။ သိန်းနိုင်ကလည်း သိန်းနိုင်ပဲ။ ဘာလေးလုပ်လုပ် လောင်းကြေးလေးထည့်လိုက်ရမှ စားဝင်အိပ်ပျော်ရှိတဲ့ကောင်မျိုး။ ကစားတာတောင် လောင်းကြေးမပါတဲ့ ကစားနည်းမျိုးဆိုရင် မကစားဘူး။ ကျောက်ဒိုးရိုက်လည်း လောင်းကြေးနဲ့။ အရုပ်ကားထပ်ရင်လည်း လောင်းကြေးနဲ့။ များများစားစားလောင်းတာမျိုးတော့လည်း မဟုတ်ဘူး။ ငါးပြားကြေး ဆယ်ပြားကြေး၊ မုန့်ဝယ်ကြွေးကြေးလောက်လောင်းတာလေ။ သူ့အဖေက အဲဒီလိုလောင်းကစားတာ မကြိုက်တော့ "ဗီဇမကောင်းဘူး၊ ဗီဇမကောင်းဘူး"လို့ ပြောတာပေါ့။ ပြောဖန်များလွန်းတော့ နားရည်ဝနေတဲ့အိမ်နီးချင်းတွေက သိန်းနိုင်ကို ဗီဇ … ဘဇီ၊ ဗီဇ … ဘဇီလို့ နောက်ပြောင်ကြရင်း သိန်းနိုင်နာမည်ကပျောက်ပြီး ဘဇီဖြစ်သွားတော့တာပေါ့။ နောက်ကျတော့ ကာလရွေ့လျောတာလား။ အာစရွေ့လျောတာလားတော့ မသိဘူး။ ဘစီ … ဘစီဆိုပြီး ဖြစ်ကုန်တော့တာပဲ။ အခုဆိုရင် သူ့နာမည်က သိန်းနိုင်ဆိုတာ ဘယ်သူကမှ မသိကြတော့ဘူး။ အကုန်လုံး ဘစီပဲ သိတော့တယ်။

အခုကြီးလာတော့ ဘောလုံးပွဲတွေ အထူးသဖြင့် ပရီမီယာလိဂ်ဘောလုံးအသင်းတွေကို ကြည့်ပြီး လောင်းတော့တာပဲ။ "ဝါသနာဘာဂီ ဆက်တိုင်းမီ" ဆိုတာ သူ့အတွက်ထားခဲ့သလားတောင် အောက်မေ့ရတယ်။ နိုင်ငံခြားဘောလုံးအသင်းတွေမှာ ဘယ်သူက ဘယ်လိုဆိုတာ အကုန်သိတယ်။ ဘယ်လောက်တောင်သိလဲဆိုရင် ဘယ်ပွဲမှာ ဘယ်သူကနာထားလို့ ဘယ်ပွဲကျမှ ဝင်ပါနိုင်တော့မယ်။ ဘယ်ဝါကဖြင့် နှစ်ဝါတစ်ခုထိထားတာမို့ ဘယ်ပွဲမှာ ဝင်မကစားနိုင်ဘူးဆိုတာ ပထမပွဲထွက်စာရင်းကအစ သူအကုန်သိတယ်။ နည်းပြတွေကိုတောင် ဖာဂူဆန်၊ အာဆင်ဝင်းဂါး၊ မော်ရင်ဟိုဘယ်လိုတွေကစားမယ်ဆိုတာ သူအကုန်ပြောနိုင်တယ်။ အဲဒါကြောင့်မို့လို့ သူ့သူငယ်ချင်းတွေက သူ့ကို နောက်ပြီး ဖာဂူဆန်အစား ဖာဂူစီလို့ခေါ်ကြတာပေါ့။ ဒါပေမဲ့ စောစောကပြောသလို ဘစီကလောင်းကြေးသာထပ်တာ များများစားစား လောင်းကစားတတ်တာမျိုးလည်း မဟုတ်ပြန်ဘူး။ သူ့အပြောအတိုင်း ပြောရရင်

"ဟော့ကောင်တွေ ငါက ငွေကြေးအတွက် လောင်းကစားတာ မဟုတ်ဘူးကွ၊ ဂုဏ်သိက္ခာအတွက်လောင်းကစားတာ။ ငါက ဉာဏ်ကို အရင်းပြုပြီးလောင်းတာ။ ဂုဏ်သိက္ခာအတွက်ကွ၊ မှန်းချက်နဲ့နှမ်းထွက်ကိုက်အောင် ချိန်ဆပြီး အဆိုတင်သွင်းတာကို မယုံကြည်တဲ့သူတွေရှိလာလို့ လောင်းကြေးဆိုတာ ရှိလာတာမဟုတ်လား။ ငါက ဘယ်အသင်းနိုင်မယ်လို့ ပြောတာကို လက်မခံတဲ့သူရှိလာလို့ လောင်းကြေးဆိုတာ ပေါ်လာတာလေ။ ငါပြောတာကို လက်ခံလို့ အတိုက်အခံမရှိရင် ဘယ်မှာလောင်းကြေးဆိုတာ ရှိလာမှာလဲ"လို့ ပြောတတ်တယ်။ သူပြောတာလည်း ဟုတ်နေတာကိုး။ သူပြောတာကို မယုံလို့ လောင်းကြေးထပ်ကြတာမဟုတ်လား။ ဘစိက လောင်းကစားသမား မဟုတ်တာကတော့ သေချာတယ်။ သူက တကယ့်ကို ငွေရေးကြေးရေးအတွက်ကို လောင်းတာမဟုတ်ဘူး။

ပြောရင် ယုံချင်မှယုံကြမှာတော့ သေချာတယ်။ ဘစိက ဟိုးအရင်ကဆို ဘောလုံးပွဲအကြောင်း ဘာမှသိတဲ့သူမဟုတ်ဘူး။ သူက မျိုးချစ်စိတ်ကြောင့် ဘောလုံးပွဲကို မမိုတ်မသုန်ကြည့်ပြီး လောင်းကြေးမဲ့လောင်းကစားသမား ဖြစ်လာတာလေ။ လောင်းကြေးမဲ့ဆိုတာက သူပြောသလို ဂုဏ်သိက္ခာနဲ့လောင်းတာ။ တစ်နည်းပြောရရင် မျိုးချစ်စိတ်နဲ့လောင်းတာဆိုတော့ လောင်းကြေးဆိုတာ မပါခဲ့သေးဘူး။ သူ ဒီလိုလောင်းတတ်လာ

mgyoe.com

တာ သူ့သူငယ်ချင်း ထိန်လင်းကြောင့်ဆိုရင် မမှားဘူး။ ထိန်လင်းဆိုတဲ့ကောင်က ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောတတ်တဲ့ကောင်၊ မဟုတ်တာဆို အရမ်းပြောတယ်။

"ဟေ့ကောင် ဘစီ ... မန်ချက်စတာယူနိုက်တက် အသင်းမှာ ကန်နေတဲ့ စီရော်နယ်ဒိုကိုသိလား"လို့ တစ်ရက်မှာ ထိန်လင်းက မေးလိုက်တယ်။ ဘစီက

"ငါ့အမျိုးမှမဟုတ်တာ၊ ဘယ်လိုလုပ်သိမှာလဲ။ ဘာလဲ ဒီကောင်က မင်းနဲ့သိလို့လား" လို့ ပြန်မေးလိုက်တယ်။ ဘစီက အငေါ်တူးပြီး ပြန်မေးလိုက်ပေမဲ့ ထိန်လင်းက ပြုံးပြုံးပဲ။

"အဲဒီကောင် ဘယ်နိုင်ငံကလဲဆိုတာ မင်းသိလား" လို့ ထပ်မေးလိုက်တယ်။ ဘစီက နဂိုကတည်းက ဘောလုံးဆို စိတ်မဝင်စားတဲ့ကောင် မဟုတ်လား။

"ထိန်လင်း မင်းပြောစရာရှိတာပြောစမ်းပါကွာ၊ မင်းပြောတဲ့ကောင်က ဘယ်နိုင်ငံက ဘာကောင်ဆိုတာ ငါစိတ်မဝင်စားဘူး။ မင်းဘာပြောချင်တယ်ဆိုတာသာ ပြော" လို့ စိတ်တိုတိုနဲ့ ပြောချလိုက်တယ်။ ထိန်လင်းက ခပ်တည်တည်နဲ့ ...

"မင်းက အဲဒါခက်တာပေါ့။ မင်းမျိုးချစ်စိတ်ရှိတယ်ပြောတာ ဘာမျိုးချစ်စိတ်လဲ၊ ဒီလောက်နာမည်ကြီးတဲ့ကောင် ဘယ်အမျိုးအနွယ်ဆိုတာ မသိတာတော့ တုံးပ့ါ" လို့ ပြောလိုက်တယ်။ ထိန်လင်းက သူ့ကို ခပ်နှိမ်နှိမ်ပြောလိုက်တော့ ဘစီက မခံချင်ဘူး။ "မင်း ဘောလုံးသမားနဲ့ မျိုးချစ်စိတ် ဘာဆိုင်လို့လဲ" လို့ ပြောပြီး ထိန်လင်းကို ဘုကြည့်ကြည့်တယ်။

"ဟ အဲဒီစီရော်နယ်ဒိုဆိုတာက ပေါ်တူဂီနိုင်ငံသားကွ၊ ပေါ်တူဂီဆိုတာ ဒို့နိုင်ငံကို နယ်ချဲ့သွားတဲ့ကောင်တွေလေ။ သံလျင်မြို့စားလုပ်သွားတဲ့ ဇေင်ကာက ပေါ်တူဂီနိုင်ငံသားကွ။ သူ့နာမည်ရင်း ဒီဘရစ္စတိုလို့ခေါ်တယ်။ အခု ငါပြောနေတဲ့ စီရော်နယ်ဒိုဆိုတာ ဇေင်ကာလို့ခေါ်တဲ့ ဒီဘရစ္စတိုရဲ့မြစ်တော်တယ်။ နာမည်ကို ကြည့်လိုက်ပါလား။ ဒိုနဲ့တို အဆုံးသတ်အမည် ဘာကွာလို့လဲ။ ဒို့ဆီက လူတွေက ဒိုလေး ဒိုလေးနဲ့ အမျိုးတွေ့တာကျနေတာပဲ။ ငါ အဲဒါကိုမခံချင်လို့ မင်းကို ပြောပြတာ"လို့ ထိန်လင်းက ပြောတော့ ဘစီက ဝေဝေဝါးဝါးနဲ့။

"မင်းက ဟုတ်ကောဟုတ်လို့လားကွာ။ ငါတော့ မကြားမိပါဘူး။ မင်းဘယ်သူကပြောလဲ"လို့ မေးတယ်။

"ဟုတ်ပါတယ်ကွ၊ စီရော်နယ်ဒိုရဲ့အကြောင်း အကုန်ဖတ်ပြီးသားကွ၊ ငါပြောမယ်၊ စီဆိုတာ ခရစ္စတိယာနိုရဲ့အတိုကောက်စာလုံးလေ။ ဇေင်ကာကလည်း ဒီဘရစ်တို ခရစ္စနဲ့ဘရစ်၊ ကဲ ဘယ်လောက်ကွာလို့လဲ။ သူတို့က မျိုးရိုးအမည် အလေးထားတာလေ။ အခု မင်းကိုပြောတဲ့အတိုင်း အမည်တောင် မကွာတာကိုကြည့်ပေတော့"လို့ ပြောလိုက်တော့ ဘစီက ပြန်မငြင်းနိုင်တော့ဘူး။ ထိန်လင်းက အထောက်အထား မျိုးနဲ့ရိုးနဲ့ ပြောပြနေတာကိုး။ ဟုတ်တော့ဟုတ်တယ်။ သူသာ ဘောလုံးပွဲတွေကို သေသေချာချာမကြည့်ဖြစ်တာ။ ဘောလုံးပွဲကြိုက်တဲ့ ကလေးလူကြီး ဘောလုံးပရိသတ်တွေ နှုတ်ဖျားမှာတော့ "ဒိုလေး ... ဒိုလေး" ဆိုတာ အမြဲလိုလိုကြားနေရတာမဟုတ်လား။

"ဟုတ်တယ်။ ဇေင်ကာဆိုတာ လူယုတ်မာကွ။ ဒို့ ဓမ္မစေတီခေါင်းလောင်းကြီး သယ်သွားတာ ဒင်းပဲ။ အခုထိ ပုစွန်တောင်မြစ်ဝကနေ ဆယ်လို့မရသေးတာ မင်းအသိပဲ။ အခု ဒီအယုတ်တမာကောင်ရဲ့ မြေးမြစ်တီကျွတ်ကို အားပေးနေတာ ဘာမှအဓိပ္ပာယ်မရှိဘူး။ အားပေးမယ့်အားပေးရင် စစ်သူကြီး မဟာဗန္ဓုလအမျိုးတွေကို အားပေးရမှာမဟုတ်လား" လို့ ထိန်လင်းက ပြောတော့ ဘစီက ယောင်တောင်ပေါင်တောင်နဲ့ ခေါင်းညိတ်လိုက်တယ်။

"ဟုတ်တာပေါ့ကွ" လို့တောင် ပါးစပ်က ထောက်ခံချက်ပေးလိုက်သေးတယ်။ ပြီးတော့မှ ...

"ဟေ့ကောင် နေ ... နေပါဦး စစ်သူကြီး မဟာဗန္ဓုလအမျိုးတွေ ဘောလုံးကန်တယ်ဆိုတာ ငါတော့ တစ်ခါမှ မကြားဖူးသေးပါဘူး။ ဘယ်သူတွေလဲ ပြောစမ်းပါဦး" ဆိုတော့မှ ထိန်လင်းက တဟားဟားရယ်ပြီးတော့ ...

"မျိုးရိုးလေကွာ မျိုးရိုးလိုက်ပြီး အစနာမည်၊ အဆုံးနာမည်တွေခေါ်တယ်ဆိုတာ မင်းလည်းသိရက်သားနဲ့။ ဒီမှာ ဗန်နစ္စတယ်ရွိုင်းတို့၊ ဗန်ပါစီတို့ဆိုတာ ဗန္ဓုလအမျိုးကလွဲလို့ တခြားသူဖြစ်နိုင်ပါဦးမလား။ မင်း အင်မတန်ကြိုက်ပါတယ်ဆိုတဲ့ အက်ရှင်ကားတွေက

mgyoe.com

ဗန်ဒိန်းတောင် စစ်သူကြီးမဟာဗန္ဓုလအမျိုးပဲဖြစ်မှာ" လို့ ပြောတော့မှ ဘစီက သူ့ကို ထိန်လင်း ပေါက်ကရတွေ ပြောနေတယ်ဆိုတာ သဘောပေါက်တော့တယ်။

ဘာပဲဖြစ်ဖြစ် အဲဒီကစပြီး ဘစီက ဘောလုံးပွဲတွေ ဝါသနာပါသွားတာတော့ အမှန်ပဲ။ ဒါကလည်း သူ ငယ်ငယ်က ဗီဇလို့အပြောခံရတဲ့ဝါသနာ ပြန်ခေါင်းထောင်ထတာလည်း ပါမှာပေါ့။ ထူးထူးခြားခြား ဘစီ စိတ်ဝင်စားတာက ဘောလုံးသမားတွေကို မဟုတ်ဘူး။ ဘောလုံးနည်းပြတွေကို သဘောကျတာ။ နည်းပြတွေရဲ့ ဘောလုံးသမားလူထုတ်ပုံ အခင်းအကျင်းကို သူ စိတ်ဝင်စားတာ။ အထူးသဖြင့်တော့ မန်ချက်စတာ ယူနိုက်တက်အသင်းက နည်းပြကြီးဖာဂူဆန်ကို သူအရမ်း သဘောကျတာလေ။ ဖာဂူဆန်က ပီကေတွေ အဆက်မပြတ်ဝါးပြီး ကွင်းဘေးကနေညွှန်ကြားပြီး အနိုင်ယူသွားတဲ့ပွဲတွေကို သဘောကျတာပေါ့။ ချယ်လ်ဆီးအသင်းက မော်ရင်ဟို၊ အာဆင်နယ်အသင်းက အာစင်ဝင်းဂါးတို့ကိုကျော်ပြီး အနိုင်ရတဲ့နေ့များဆိုရင် မန်ချက်စတာယူနိုက်တက်အသင်းက ပထမပွဲထွက်စာရင်းက သူထုတ်ထားတဲ့အတိုင်း ပြောလို့ကို မဆုံးနိုင်ဘူး။ ကြာတော့ သူ့သူငယ်ချင်းတွေက သူ့ကို 'ဖာဂူစီ'လို့ ခေါ်လာကြတာသာ ကြည့်ပေတော့။

နည်းပြတွေကို စိတ်ဝင်စားလွန်းအားကြီးလို့ ဘစီရဲ့အဖမ်းခံရတော့မလိုဖြစ်သေးတယ်။ ကံကောင်းလို့ အဖမ်းမခံရတာ။ ဖြစ်ပုံက တစ်ရက်ကျတော့ ဘစီက လမ်းထိပ်က ကွမ်းယာဆိုင်တန်းလျားမှာ ထိုင်ရင်း စာရွက်တစ်ရွက် ဘောပင်တစ်ချောင်းနဲ့ အလုပ်ရှုပ်နေတယ်။

သူ့စာရွက်ထဲမှာ လေး သုံး သုံးတွေ၊ ငါးသုံးနှစ်တွေ၊ နှစ်သုံးငါးတွေ၊ သုံးလေးသုံးတွေ စုံနေတာပဲ။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ဘာတွေရွတ်နေမှန်း မသိဘူး။ တစ်ယောက်တည်း အလုပ်ကိုရှုပ်နေတာ။ အနားကပ်ပြီး နားစိုက်ထောင်ရင်တော့ ဘောလုံးသမားတွေ အမည်ဆိုတာ သိနိုင်တာပေါ့။ ဒါပေမဲ့ မြန်မာဘောလုံးသမားအမည်တော့ တစ်ယောက်မှမပါဘူး။

မကြာပါဘူး။ ကွမ်းယာဆိုင်ဘေးက လက်ဖက်ရည်ဆိုင်မှာ ချဲသမားတွေဝင်ဖမ်းတယ်။ ချဲသမားတွေတောင်ပြေးမြောက်ပြေး ပြေးကြတော့ ရဲတွေက ကွမ်းယာဆိုင်ဘက် ရောက်လာပြီး စာရွက်တစ်ရွက်နဲ့ အလုပ်ရှုပ်နေတဲ့ ဘစီကိုတွေ့သွားတာပေါ့။ ရဲတွေက သူ့လက်ထဲက စာရွက်ကိုကြည့်လိုက်တော့ စောစောက သူရေးထားတဲ့ ဂဏန်းတွေကိုတွေ့တယ်။ သေချာပြီ။ ချဲသမားပဲပေါ့။ ဘစီက ဘာပြန်ပြောရမှန်းမသိဘူး။ သူရေးထားတာကလည်း သုံးလုံးဂဏန်းတွေလို ဖြစ်နေတာကိုး။ သူ့ကိုယ်မှာ ရှာကြည့်တော့လည်း ပိုက်ဆံတစ်ပြားတောင် မတွေ့ဘူး။ ချဲဘောက်ချာလည်း မတွေ့ဘူး။ မတွေ့ဆို၊ သူမှ ချဲမထိုးတာ။ လက်ထိတ်ခတ်ခါနီးမှာ ကွမ်းယာဆိုင်ရှင် ဦးရဲမြင့်က ဝင်ရှင်းပြရတယ်။ ဂဏန်းတွေက ဘောလုံးသမားတွေ ကစားမယ့် ကစားကွက်တွေကို ရေးထားတာဖြစ်ကြောင်း၊ ဘစီ ချဲသမားမဟုတ်ကြောင်း ပြောပြတယ်။ ဒါတောင် ရဲကြီးတွေက မယုံဘူး။ လေးသုံးသုံးဆိုတာ ဘယ်လိုအခင်းအကျင်းလဲလို့ မေးလည်းမေးလိုက်ရော ဘစီက ရှေ့တန်းလေးယောက်က ဘယ်သူတွေ၊ အလယ်တန်းသုံးယောက်က ဘယ်သူတွေ၊ နောက်ဆုံးသုံးယောက်က ဘယ်သူတွေဆိုတာ ဒေါက်ဒေါက် ဒေါက်ဒေါက်နဲ့ ရွတ်ပြသွားတယ်။ ငါးနှစ်သုံးဆိုရင်လည်း အဲဒီအတိုင်းပဲ။ အခင်းအကျင်းချထားပုံကို ရွတ်ပြလိုက်တာ ဖာဂူဆန်တောင် သူ့လောက် ဂျောင်းဂျောင်းပြေး ပြောနိုင်မယ် မထင်ရဘူး။ ဖမ်းမယ်ဆီးမယ်လုပ်တဲ့ ရဲကြီးတွေတောင် ပါးစပ်အဟောင်းသားတွေဖြစ်လို့။ ပြီးတော့ ...

"အရမ်း အရမ်းကိုလေးစားတယ်ဗျာ"လို့ ပြောပြီး ပြန်သွားရတယ်။ အဲဒီနောက်ပိုင်း ဘစီက 'ဖာဂူစီ'ဆိုပြီး နာမည်ကြီးတော့တာပဲ။ ရဲကတောင် လေးစားရတယ်ဆိုကိုး။

ဘစီ အိမ်ထောင်ကျတာတောင် အလောင်းအစားလေးနဲ့ ကျလာတာကိုသာကြည့်တော့။ သူ့အရပ်ထဲမှာ ဒေါ်ပုဆိုတဲ့ မိန်းမကြီးတစ်ယောက်ရှိတယ်။ အဲဒီမိန်းမကြီးက ဝဝကြီး၊ သူက ဝသလောက် သူ့သမီးပိန်ပိန်သေးသေး တစ်ယောက်ရှိတယ်။ ကောင်မလေးနာမည်က အေးအေးမော်တဲ့။ အေးအေးမော်က ဘစီနဲ့ရွယ်တူတန်းတူပဲ။ ကောင်မလေးက သဘောမနော မဆိုးလှဘူး။ ဒါပေမဲ့ သူ့အမေဒေါ်ပုရဲ့ အာစလျှာစကို ကြောက်

mgyoe.com

 .com 

တာကြောင့် ဘယ်ကာလသားမှ မချဉ်းကပ်ရဲဘူး။ မသိလို့သွားကပ်မိလို့ သူ့အမေကြီးမသိရင်တော့ ထားတော့။ သိသွားလို့ကတော့ ဘယ်လောက်ဝေးဝေး ရောက်အောင်သွားပြီး အိမ်ရှေ့ကနေ ကလော်တုတ်တုတ်တော့ ဘယ်ကာလသားကမှ မစရဲဘူး။

ဘစီအဖေ ဦးတင်ကြိုင်က ဆဲတဲ့နေရာမှာ ဗိုလ်မထားတတ်တဲ့သူဆိုတော့ကာ သူ့ထက်အာစောင်း လျှာစောင်းထက်ပါတယ်ဆိုတဲ့ ဒေါ်ပုကို ကြည့်လို့မရဘူး။ ဒေါ်ပုကလည်း နေရာတကာ စပ်စပ်စပ်စပ် ဝင်ပါတတ်ပြီး ပြဿနာရှာတတ်တဲ့ ဦးတင်ကြိုင်ကို မျက်စိစပါးမွေးစူးတာမှ အရမ်းပဲ။ နှစ်ယောက်က တစောင်းစေးနဲ့ မျက်ချေးဆိုတာထက်တောင် ပိုဦးမယ်။ တစ်ရက်ကျတော့ ဒေါ်ပုက အိမ်မှာ နတ်ကိုးရအောင် နတ်မြင်းရုပ်တစ်ရုပ်ဝယ်လာတယ်။ သူက ဝယ်လာတဲ့နတ်မြင်းကို တရိုတသေကိုင်မြှောက်ပြီး ယူလာတာလေ။ မြင်းခြေထောက်တောင် မလှုပ်ရအောင် ရင်ခွင်ထဲမှာပိုက်ပြီး သယ်လာတာ။ တိုက်တိုက်ဆိုင်ဆိုင် ဦးတင်ကြိုင်သမီးအကြီးရဲ့ကလေးက ငှက်ပျောရွက်ကို ဖက်တွေသပ်ပြီး အရိုးကို မြင်းလုပ်စီးနေကြတယ်။ ကလေးတွေက သူ့သဘာဝပေါ့။

"ရွှေဘိုမြင်းရယ်လေ လျှာသံ ခွာသံ ပြင်းတယ်လေး လေ့၊ ရွှေဘိုမြင်းရယ်လေ လျှာသံခွာသံ ပြင်းတယ်လေး လေ့" ဆိုပြီး ငှက်ပျောလက်ခွပြီး ပြေးကြ လွှားကြဆိုနေကြတာပေါ့။ အဲဒီအထိက ပြဿနာမဟုတ်သေးဘူး။ ကလေးတွေက "ငါးပိ ငါးချဉ် ငါးလူး ငါးလဲ၊ ငါးပိ ငါးချဉ် ငါးလူး ငါးလဲ" ဆိုပြီး ဆက်ဆိုကြတယ်။ အဲဒီတော့မှ ပြဿနာက စတက်တာလေ။ ဦးတင်ကြိုင်မြေး သီချင်းဆိုရင်း မြင်းစီးနေတာကို ဘေးနားက ကလေးတစ်ယောက်က ...

"ဟေ့ကောင် ငါးပိ ငါးချဉ် ငါးလူး ငါးလဲကြားထဲမှာ တောက်ခေါက်သံပါတယ်ကွ" လို့ ပြောတယ်။ ဦးတင်ကြိုင်မြေးက တောက်ခေါက်သံမပါဘူးလို့ ပြောရင်း ငြင်းကြတာပေါ့။ ငြင်းနေတဲ့ ကလေးနှစ်ယောက်က သူတို့စီးနေတဲ့ ငှက်ပျောပလပ်မြင်းတွေနဲ့ တစ်ယောက်ကို တစ်ယောက် ရိုက်ကြရန်ဖြစ်ကြတာပေါ့။ ကလေးတွေ ကစားနေတာကိုကြည့်ပြီး မျက်စိရှုပ်နေတဲ့ ဦးတင်ကြိုင်က သူ့ဝါသနာအတိုင်း ထတုတ်တော့တာပေါ့။

"နွားလေးတွေ ဒီသောက်မြင်းတွေ သယ်သယ်မလာပါနဲ့လို့ ပြောထားတာ။ ပြောလို့ကိုမရဘူး။ အခုဒီသောက်မြင်းတွေကြောင့် ရန်ဖြစ်ကြပြန်ပြီ။ သွား မင်းတို့ မြင်းတွေ နောက်ဘက်က အိမ်သာကျင်းထဲ သွားပစ်ခဲ့ကြ"လို့ ပြောလိုက်တယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီအချိန်မှာ မြင်းရုပ်သယ်လာတဲ့ ဒေါ်ပုက အိမ်ရှေ့ကိုရောက်နေပြီ။ ဦးတင်ကြိုင် အာကျယ်အာကျယ်နဲ့ ဆဲဆိုနေတဲ့အသံကြားရတော့ ဒါသူ့ကိုစောင်းပြီး ပြောတာဆဲတာလို့ ထင်သွားတာပေါ့။

"ဟဲ့အကောင် နင်က ဘာစကားပြောတာလဲ၊ ငါ့နတ်မြင်း ငါသယ်လာတာ နင်ယောက်ျားကြီးတန်မဲ့စောင်းမြောင်းပြောစရာအကြောင်း မရှိဘူး။ ပြောစရာရှိရင် တည့်တည့်ပြော၊ ငါ့မြင်းက နင့်ကိုဘာလုပ်လို့လဲ" ဆိုပြီး အိမ်ရှေ့က ဆဲပါလေရော။ ဦးတင်ကြိုင်ကလည်း သူ ဘာမှပြောတာမဟုတ်တော့ ...

"ဟဲ့ကောင်မ ... ငါက နင့်ကို ဘာပြောလို့လဲ။ ကလေးတွေကို ပြောနေတာ။ နင့်လင်တွေမို့လို့ နင်ကနာနေတာလား။ နင့်လိုဟာမကို ငါက အဖက်လုပ်ပြီး ပြောစရာမရှိဘူး။ နင့်ဟာ နတ်မြင်းကိုးရုံမကလို့ ယူပဲထားထား၊ ငါက ဘာဂရုစိုက်ရမှာလဲ" ဆိုပြီး အယုတ္တအနတ္တတွေပါကုန်ပါရော။ တကယ်လည်း ဦးတင်ကြိုင်က ဒီတစ်ခါတော့ မမှားဘူး။ သူ့မြေးတွေကို ဆူတယ်ညံတယ်ဆိုပြီး ရိုးရိုးသားသားပြောတာ။ ဒေါ်ပုက လက်မခံဘူး။ သူ့ကိုပြောတယ်ဆိုပြီး ဆဲကြ ဆိုကြ ရန်ဖြစ်လိုက်ကြတာ။ လမ်းထဲက ထွက်ကြည့်တဲ့သူတွေဆိုတာ မျက်လှည့်ပွဲ လူဝိုင်းတဲ့အတိုင်းပဲ။ ဦးတင်ကြိုင်မိန်းမ ဒေါ်မယ်ရီက ဒါမျိုးကျတော့မရဘူး။ သူ့ယောက်ျားကို ထိပြီဆိုတော့ လူပုစိတ်တိုဆိုတဲ့အတိုင်း ထင်းခွဲခြမ်းဆွဲပြီး ထွက်လာတာပေါ့။ ဒေါ်ပုက ဒေါ်မယ်ရီ ထွက်လာတာလည်းမြင်ရော ဆက်ပြီးမဆဲတော့ဘူး။ လစ်ရအောင် ခြေလှမ်းပြင်တာပေါ့။ သူက ဒေါ်မယ်ရီအကြောင်းတော့ ကောင်းကောင်းသိတယ်။ ဒေါ်မယ်ရီက စိတ်တိုရင် စကားပြောတာမဟုတ်ဘူး။ တွေ့တာနဲ့ ကောက်တွယ်တတ်တယ်ဆိုတာကို။ အဲဒါနဲ့ မြင်းရုပ်

ကလေး ရင်မှာပိုက်ပြီး ခပ်သုတ်သုတ် အိမ်ရှေ့က ခွာတာပေါ့။ ဒေါ်မယ်ရီက ထွက်မပြေးခင် မီလိုမီငြား ထင်းခြမ်းခွဲနဲ့ အိမ်ထဲက လှမ်းပေါက်တယ်။ ဒေါ်ပုက ဒေါ်မယ်ရီ ခြံပြင်မထွက်ခင်ပြေးတာပေါ့။ ဒေါ်မယ်ရီကလည်း ဆွဲထားတဲ့သူတွေကြားထဲက ပြေးထွက်တယ်။ ထွက်ပြေးတဲ့ ဒေါ်ပုက အိမ်ရှေ့နားမှာတင် မှောက်ရက်လဲတယ်လေ။ သူမှောက်ရက်လဲတာက အကြောင်းမဟုတ်ဘူး။ သူ့ရင်ခွင်ပိုက်မြင်းရုပ်က ကိုင်ရိုက်သလိုဖြစ်ပြီး ကျိုးပဲ့ကုန်တယ်။ ညနေကျတော့ ဒေါ်ပုက ရပ်ကွက်အုပ်ချုပ်ရေးမှူးကို သွားတိုင်တယ်။ သူ့ကို ဝိုင်းရိုက်ဖို့လုပ်လို့ သူ့မြင်းရုပ်ကျိုးသွားပါတယ် ဖြစ်ရော။

နောက်ဆုံးတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ဦးတင်ကြိုင်၊ ဒေါ်မယ်ရီတို့လင်မယားကို ဒေါ်ပုမြင်းရုပ်ကျိုးသွားတဲ့အတွက် ပိုက်ဆံသုံးထောင်ပေးခိုင်းတယ်။ ဦးတင်ကြိုင်က သူ့ဘာသာသူ မှောက်ရက်လဲလို့ မြင်းရုပ်ကျိုးသွားတာလို့ပြောတာပဲ။ ဒေါ်ပုကလည်း မလျှော့ဘူး။ သူ့ကို ဝိုင်းရိုက်ဖို့လုပ်လို့ သူထွက်ပြေးရတာပါ။ ထွက်ပြေးရလို့ ချော်လဲပြီး မြင်းရုပ်ကျိုးရတာပါဆိုပြီး ပြောတာပေါ့။ အုပ်ချုပ်ရေးမှူးက တော်ကြာ အကျယ်အကျယ်တွေ ဖြစ်ကုန်ပါဦးမယ်။ မြင်းရုပ်ဖိုးနှစ်ထောင်တော့ သူမနာ ကိုယ်မနာ ယူလိုက် ပေးလိုက်ကြဆိုပြီး အဆုံးသတ်ပေးလိုက်တယ်။ ဦးတင်ကြိုင်က မကျေနပ်ပေမဲ့ လူကြီး ဆုံးဖြတ်တာဆိုတော့ ပေးလိုက်ရတော့တာပေါ့။ စိတ်ထဲကတော့ နည်းနည်းမှ မကျေနပ်ဘူး။

"ဟေ့ကောင် ဘစီ၊ ဒီ ဒေါ်ပုဆိုတဲ့ကောင်မကို ငါ နည်းနည်းလေးမှ မကျေနပ်ဘူး။ အဓိပ္ပာယ်မရှိကွာ ဘာမှမဆိုင်ဘဲ ပြဿနာလာလုပ်သွားတာ၊ တောက်" ဆိုပြီး မကျေမချမ်းဖြစ်နေတော့တာပေါ့။ နဂိုတည်းက ဒေါ်ပုကို ကြည့်လို့မရတဲ့အထဲ အခုလိုဖြစ်သွားတော့ ဦးတင်ကြိုင်က ပိုဆိုးတော့တာပဲ။ ဒေါ်ပု ဒုက္ခရောက်ဖို့ဆိုရင် ဘာပဲလုပ်ရလုပ်ရလေဆိုတဲ့ သီချင်းထဲကအတိုင်းကို ဖြစ်နေတော့တယ်။

အဲဒီမှာတင် နေရာတကာ အလောင်းအစား အင်မတန် ဝါသနာကြီးလှတဲ့ဘစီက အားရပါးရ တစ်ထောင့်တစ်နေရာက ဝင်ပါလာတော့တာပေါ့။ "အဖေ ဒီမိန်းမကြီး မကြာခင်မှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကို ဖြစ်ရမယ် အဖေနဲ့ကျွန်တော်နဲ့ လောင်းမလား"တဲ့။

"ဒီကောင် ငါစိတ်တိုနေရတဲ့အထဲ မင်းက တစ်မှောင့်၊ ဘာလုပ်လုပ် လောင်းကစားလေးက ပါလိုက်ချင်တယ် ငါမပြောလိုက်ချင်ဘူး" ဆိုပြီး ဦးတင်ကြိုင်ဆဲတော့ ဘစီက ...

"အဖေ့ကိုကြောသွားတဲ့ မိန်းမကြီးကို ကျွန်တော်ပြန်ပြီး ဒုက္ခရောက်အောင် လုပ်ပြမလို့ပါဆို။ အဖေက မယုံဘူးလား။ သားအဖချင်းပေမဲ့ အလကားတော့ မရဘူးနော်"လို့ ပြောလိုက်တယ်။ ဘစီက စိတ်ရောကိုယ်ပါ ပြောနေတာဆိုတော့ ဦးတင်ကြိုင်က "ဟေ့ကောင် ... မင်း မဟုတ်က ဟုတ်ကတွေတော့ သွားမလုပ်လိုက်နဲ့ဦးနော်။ တော်တော်ကြာ သူက ဒုက္ခမရောက်ဘဲ မင်း အချုပ်ထဲရောက်နေဦးမယ်" လို့ ပြောလိုက်တာပေါ့။ ဘစီက ဒီလောက်တော့ ပိုင်ပါတယ်ဆိုတဲ့ ပုံစံနဲ့ ...

"ကဲပါ အဖေ ဒီမိန်းမကြီး စိတ်ဆင်းရဲတာ မြင်ချင်တယ် မဟုတ်လား။ အဖေဖြစ်စေချင်သလို မြင်ရရင် အဖေ ဘာပေးမလဲ ပြော" လို့ မေးလိုက်တယ်။ ဦးတင်ကြိုင်က မလုပ်ရင်အလျင်း လုပ်ရင်တစ်လွဲဖြစ်တတ်တဲ့ ဘစီအကြောင်း ကောင်းကောင်းသိတာပေါ့။

"ဒီလောက်ဖြစ်လှတဲ့ကောင် မင်းပြောသလို ဒီကောင်မ စိတ်ဆင်းရဲတယ်ဆိုရင် မင်းလုပ်ချင်တာပြော ငါ မဖြစ် ဖြစ်အောင် လုပ်ပေးမယ်" လို့ ပြောလိုက်တော့ ဘစီက သူ့အဖေကို "အဖေ ကတိနော်"တဲ့။ သူ့အဖေကလည်း "အေး ကတိ ကတိ" လို့ ပြောလိုက်တယ်။ သူတို့ သားအဖနှစ်ယောက်ပြောတာကို ကြည့်နေတဲ့ ဒေါ်မယ်ရီကတောင် ...

"ဟဲ့ ကောင် နင်ပေါက်ကရလေးဆယ်တွေ လျှောက်လုပ်မနေနဲ့နော်၊ တော်ကြာ ရုံးရောက် ဂတ်ရောက်ဖြစ်ကုန်ရင် ရှက်စရာကြီး" လို့ သတိပေးလိုက်တယ်။ ဘစီက "အမေ ဘာမှစိတ်ပူမနေနဲ့ အဖေ့ကိုသာ ကတိတည်ပလေ့စေ" လို့ ပြောလိုက်တယ်။

အဲဒီနောက်ပိုင်း ဘစီက ထိန်လင်းနဲ့ တီးတိုးတီးတိုး သဖန်းပိုးလုပ်နေကြတာ အကြိမ်ကြိမ်ပဲ။ ဦးတင်ကြိုင်က ဒီနှစ်ကောင် တစ်ခုခုကြံစည်နေတာကိုတော့

 mgyee.com


သိတယ်။ ဘာအကြောင်းကိုသာ မသိတာ။ သူအနား ရောက်သွားရင် ကောင်နှစ်ကောင်က တခြားအကြောင်းတွေ တောင်ပြောမြောက်ပြော ပြောပစ်လိုက်ကြတယ်။ ဦးတင်ကြိုင်ကတောင် တစ်ခါတလေ ဘစီကို နောက်သလို ပြောင်သလိုနဲ့ ...

"ဟော့ကောင် ဟိုကောင်မကြီး စိတ်ဆင်းရဲဖို့ နီးစပ်ပြီလား"လို့ ရယ်ရယ်မောမောပြောတတ်သေးတယ်။ ဘစီက "မပြီးခင် ဗမာမမြင်စေနဲ့တဲ့အဖေရ၊ တဖြည်းဖြည်းတော့ နီးစပ်လာပါပြီ၊ ဒေါ်ပု စိတ်ဆင်းရဲရင်သာ အဖေ့ကတိ အဖေမမေ့ပါနဲ့"တဲ့။ ဦးတင်ကြိုင်က ပြောမယ့်သာပြောနေတာ။ သူ့စိတ်ထဲ ဒေါ်ပုအကြောင်း ဘာမှ သိပ်ရှိတော့တာမဟုတ်ဘူး။ သူဆဲ ကိုယ်ဆဲ တစ်ရပ်တည်းသားတွေ မဟုတ်လား။ ဒေါ်မယ်ရီက ထင်းခွဲခြမ်းနဲ့ လှမ်းပေါက်လို့ ဒေါ်ပုထွက်ပြေးရတာလည်း အမှန်ပဲလေ။ ဒေါ်မယ်ရီလက်သံကိုကြောက်လို့သာ ဒေါ်ပုက ထွက်ပြေးတာ။ ဦးတင်ကြိုင်ရဲ့ သကြန်အမြောက်ပါးစပ်လောက်တော့များတော့ ဒေါ်ပုက ပျင်းတောင်ပျင်းသေး။ ဒေါ်မယ်ရီကိုတော့ ဦးတင်ကြိုင်ကိုယ်တိုင် ကြောက်ရတာလေ။ အဲဒီနေ့က ဒေါ်ပုကို ဒေါ်မယ်ရီသာ မိသွားရင် မလွယ်ဘူး။ လူပုစိတ်တို ဒေါ်မယ်ရီက အရေတောင်ဆွဲဆုတ်လိုက်မလား အောက်မေ့ရတယ်။ ဦးတင်ကြိုင်က သူ့အမှားလည်း ပါတာပေါ့ဆိုပြီး မေ့မေ့ပျောက်ပျောက်တောင် ဖြစ်နေပြီ။ သူ့သား ဂုဏ်သိက္ခာအလောင်းအစားသမားကြီးကို စချင်နောက်ချင်လို့သာ ပြောပြောနေတာပါ။

တစ်ရက်ကျတော့ ရပ်ကွက်ထဲမှာ ဒေါ်ပုတစ်ယောက် မျက်စိမျက်နှာမကောင်းဘဲ ဟိုလျှောက် ဒီလျှောက် ဖြစ်နေတာ တွေ့ရတယ်။ ဘယ်သူ့ကိုမှလည်း ဘာအကြောင်းမှမပြောဘူး။ သူ့ဘာသာသူတစ်ယောက်တည်း ညနေစောင်းကတည်းက သုတ်သီးသုတ်ပျာ ဗျာကရာဖြစ်နေတာပေါ့။ မိုးနည်းနည်းချုပ်လာတော့ သူတစ်ယောက်တည်းမဟုတ်တော့ဘူး။ သူတို့အိမ်နားက မိန်းမကြီးတွေပါ ပါလာပြီ။ ဒေါ်ပုကလည်း မျက်ရည်လည်ရွှဲဖြစ်နေပြီလေ။ အစပိုင်းတော့ ဦးတင်ကြိုင်က မသိသေးဘူး။ နောက်ကျတော့ ဒေါ်မယ်ရီက စုံစမ်းရင်း သိလာတယ်။

"ကိုတင်ကြိုင် ဒေါ်ပုသမီး အေးအေးမော် အိမ်က ပျောက်သွားလို့တဲ့။ ကလေးမလေးက ယောကျ်ားနောက်များ လိုက်သွားသလားမသိဘူး။ အလုပ်ဆင်းချိန်တန်လို့ ပြန်မလာတော့ ဒေါ်ပု ဟိုဟိုသည်သည် လိုက်မေးနေတာ။ အခု မိုးချုပ်နေပြီဆိုတော့ ယောကျ်ားနောက်လိုက်ဖို့များသွားပြီ" လို့ ပြောတယ်။

ဦးတင်ကြိုင်ကတောင် "ဒီကောင်မလေးက ရိုးရိုးအေးအေးလေး။ သူ့အမေနဲ့ ဘာမှမဆိုင်ဘူး။ သူ့အမေနဲ့ဒီအတိုင်းသာနေရင် ယောကျ်ားရဖို့တောင် မလွယ်ဘူး။ သူ့အမေနှုတ်စအာစကိုကြောက်ကြလို့ လူကောင်းသူကောင်းလေးရပါစေ" ဆုတောင်းပေးလိုက်သေးတယ်။ အိမ်ထဲမှာ နားထောင်နေတဲ့ ဘစီက ...

"အဖေ ဒေါ်ပုကြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေပြီ၊ မြင်တယ်မဟုတ်လား၊ အဖေ့ကတိ တည်ပလေ့စေနော်၊ အဖေနဲ့ ကျွန်တော် လောင်းထားတာ မှတ်မိတယ်မဟုတ်လား" လို့ ဝင်ပြောလိုက်တယ်။ ဦးတင်ကြိုင်က သူ့သားကိုကြည့်ပြီး ...

"ဟော့ကောင် ဘာတွေလာပြောနေတာလဲ။ ဒေါ်ပု သူ့သမီးလင်နောက်လိုက်လို့ စိတ်ဆင်းရဲတာ၊ မင်းနဲ့ ဘာဆိုင်လို့လဲ၊ သူများတွေစိတ်ဆင်းရဲနေတဲ့အထဲ မင်းကလည်း တစ်မျောင့်ပဲ" လို့ ပြောလိုက်တာပေါ့။ ဘစီက သူ့အဖေကိုကြည့်ပြီး ...

"အဖေပဲ ပြောခဲ့တာလေ။ ဒီမိန်းမကြီးစိတ်ဆင်းရဲတာ မြင်ချင်တယ်ဆိုတာကို၊ အခုသူစိတ်ဆင်းရဲတာ မြင်ရပြီမဟုတ်လား။ အဖေပြောတဲ့အတိုင်း မဖြစ် ဖြစ်အောင် လုပ်ပေးတော့" ဆိုပြီးပြောတယ်။ ဦးတင်ကြိုင်က...

"ဟော့ကောင် တော်စမ်းပါကွာ" လို့ ပြောနေတုန်းမှာပဲ ထိန်လင်းက ရောက်လာတော့ ဦးတင်ကြိုင်တို့ သားအဖ ပြောနေတဲ့စကားကိုရပ်လိုက်ရတာပေါ့။ ထိန်လင်းက ...

"ဘစီ လာ ဟော့ကောင် မင်းက အေးအေးဆေးဆေး လုပ်နေတယ်" လို့ ပြောပြီး ဦးတင်ကြိုင်ကို လှမ်းကြည့်လိုက်သေးတယ်။ ဦးတင်ကြိုင်က စိတ်မထင်ရင် ဆဲတတ်တာမဟုတ်လား။ ဦးတင်ကြိုင်က ဒီကောင်နှစ်ကောင် လက်ဖက်ရည်ဆိုင်သွားရအောင် ထုံးစံအတိုင်း လာခေါ်တယ်ထင်လို့ ...

mgyee.com

"ဟော့ကောင်တွေ ညဉ့်နက်သန်းခေါင်ထိ ထိုင်မနေနဲ့ဦးနော်" လို့ လှမ်းမှာလိုက်ရင်း သူ့စိတ်ထဲမှာ ဒေါ်ပုတစ်ယောက် သူ့သမီးလေး ရှာတွေ့ပြီလားလို့ တောင် မဆီမဆိုင် တွေးလိုက်သေးတယ်။

အဲဒီညက ဘစီ အိမ်ပြန်မအိပ်တော့ဘူး။ ဦးတင်ကြိုင်ရော ဒေါ်မယ်ရီပါ သူ့သား ပြန်လာနိုး ပြန်လာနိုးနဲ့ ညကစောင့်ရင်းနဲ့ အိပ်မပျော်ကြဘူး။ ဒေါ်မယ်ရီက တောင် "ခေတ်ကာလသားသမီးများ ပြောလို့ဆိုလို့ မကောင်းဘူး"လို့ ပြောလိုက်သေးတယ်။ မနက်မိုးလင်းတော့ စိတ်ပူရတာ ဦးတင်ကြိုင်၊ ဒေါ်မယ်ရီတို့ အလှည့်ပေါ့။ ဦးတင်ကြိုင်က ဘစီကို ညကလာခေါ်တဲ့ ထိန်လင်း အိမ်ရောက်တော့ ထိန်လင်းက အိပ်ရာကတောင် မနိုးသေးဘူး။ ဦးတင်ကြိုင်က ...

"ထိန်လင်း မင်းသူငယ်ချင်း ညက အိမ်ပြန်မလာဘူးကွ၊ မင်းလာခေါ်သွားပြီး ဘယ်သွားကြသေးလဲ" လို့ မေးလိုက်တော့ ထိန်လင်းက အဖြေခက်နေတဲ့ပုံနဲ့ ဖင်ကုတ် ခေါင်းကုတ် လုပ်နေလိုက်သေးတယ်။ ချက်ချင်း မဖြေသေးဘူး။ ဦးတင်ကြိုင်က အကဲမရတဲ့ ထိန်လင်းကို ကြည့်ပြီးတော့ ...

"မောင်ထိန်လင်းရာ ပြောစရာရှိတာသာ ပြောပါ၊ ဒီကောင် ဘာတွေလုပ်နေသလဲ" လို့ မေးလိုက်တယ်။ ဒီတော့မှ "ဦးလေး ... ဘစီက မိန်းမခိုးသွားတာခင်ဗျ။ မနေ့က ညနေစောင်းကတည်းက စက်ရုံကနေ ခိုးလာပြီး သူငယ်ချင်းတစ်ယောက်အိမ် ပို့ထားတာ။ သူက အိမ်ပြန်ပြီး ပိုက်ဆံနဲ့ အဝတ်အစားနည်းနည်း ပြန်ယူတာ၊ ဒီကောင်ပြန်မလာရင် ကောင်မလေးပြဿနာဖြစ်မှာစိုးလို့ ညတုန်းက ကျွန်တော်ကိုယ်တိုင် ဘစီကိုလာခေါ်တာပေါ့။ သူတို့နှစ်ယောက်က ဦးလေးတို့ မြင်းရုပ်ပြဿနာမတက်ခင်ကတည်းက ကြိုက်နေကြတာ" လို့ ပြောလိုက်တော့မှပဲ ရှင်းသွားတော့တာပဲ။

နောက်ကျတော့ ဦးတင်ကြိုင် ဒေါ်မယ်ရီတို့က ဘစီတို့လင်မယားကိုခေါ်ပြီး မိသားဘသားပီပီ ဒေါ်ပုဆီမှာ သွားတောင်းပေးကြပါတယ်။ ဒေါ်ပုကလည်း လွန်နေပြီဆိုတော့ကာ ဘာမှမပြောတော့ပါဘူး။ ပြောတာက ဘစီပဲ ...

"အဖေ အဖေပေးထားတဲ့ကတိအတိုင်း ကျွန်တော်ဖြစ်ချင်သလို လုပ်ပေးပေတော့" ဆိုပြီး တောင်းဆိုတော့တာပဲ။ သားအဖချင်းလုပ်ထားတဲ့ အလောင်းအစားဆိုတော့ ဦးတင်ကြိုင်က ဘာမှမပြောသာဘူး။ ဒါတောင် မင်္ဂလာကိစ္စမှာ ဘစီက သူလုပ်ချင်တာတွေ ပြောတော့ ဦးတင်ကြိုင်က အင်တင်တင်လုပ်တယ်။ ဘစီက လေသံလေးနဲ့ ...

"အဖေ အဖေ ဒေါ်ပုစိတ်ဆင်းရဲသွားတာ အဖေ မြင်ပြီးပြီနော်။ အဖေနဲ့ကျွန်တော် အလောင်းအစား လုပ်ထားတာ အဖေကတိမပျက်နဲ့၊ သားတို့က ဂုဏ်သိက္ခာအတွက် လောင်းတာ၊ အဖေကတိပျက်ရင် ဂုဏ်သိက္ခာမဲ့နေဦးမယ်" လို့ တခြားသူတွေမကြားအောင် သူ့အဖေနားကပ်ပြီး ပြောလိုက်သေးတယ်။

သူ့အဖေက သူ့ကို အသံထွက်ပြီးဆဲတော့ သူက စပ်ဖြဲဖြဲနဲ့ ရယ်နေလိုက်သေးတယ်။ နောက်ကျတော့ ဦးတင်ကြိုင်က သူ့ကတိအတိုင်း သူ့သားဂုဏ်မငယ်ရအောင် မင်္ဂလာပွဲကို ခမ်းခမ်းနားနား လုပ်ပေးလိုက်တယ်။

ဒေါ်ပုကလည်း ဘာပဲပြောပြော ဦးတင်ကြိုင် ဒေါ်မယ်ရီတို့ဘက်ကနေ မိသားဘသားပီပီ လုပ်ကိုင်ပေးတော့ ဝမ်းသာတာပေါ့။ အရင်က အဖြစ်ဟောင်းတွေ တောင် ရယ်ရယ်မောမောနဲ့ ဝန်ချတောင်းပန်ကြလို့ ခမည်းခမက်တွေ အဆင်ပြေကုန်ကြတယ်။ အဲဒီအထိတော့ အကုန်အဆင်ပြေနေကြသေးတယ်။ နောက်အဆင်မပြေတာက မင်္ဂလာဆောင်ပြီး တစ်လလောက်လည်းကြာရော ..

"ကိုစီ ရှင် ကျွန်မအမေ စိတ်ဆင်းရဲတာမြင်ချင်လို့ ကျွန်မကို ရအောင်ယူခဲ့တာဆိုတာ ဟုတ်လား" လို့ သူ့မိန်းမ အေးအေးမော်က မေးတော့တာပဲ။ ဘစီက ပါးစပ်အဟောင်းသားနဲ့ ...

"တောက်တီးတောက်တဲ့ကွာ ... မဟုတ်တာ၊ အေးနဲ့ ကိုယ်နဲ့က တစ်ယောက်ကိုတစ်ယောက် ကြိုက်ကြလို့ လူကြီးတွေသဘောမတူမှာစိုးလို့ ခိုးတောင်ယူခဲ့ကြတာလေ" လို့ ရှင်းပြတယ်။ အေးအေးမော်က လက်မခံဘူး။ ဘစီအမြှုပ်ထွက်အောင် တောင်းပန်ပြီးရှင်းပြမှမယုံ့ တငိုတည်းငိုနေတော့တာပဲ။ ဘစီက ဒီအကြောင်း ဘယ်သူကများ ပြောလိုက်ပါလိမ့်ဆိုပြီး စဉ်းစားတာ

mgyoe.com

ပေါ့။ ဒီအကြောင်း ဟုတ်၏မဟုတ်၏ သိတာဆိုလို့ သူ့အဖေ ဦးတင်ကြိုင်နဲ့ သူ့သူငယ်ချင်း ထိန်လင်းတို့ နှစ်ယောက်ပဲရှိတာ။

သူ့အဖေ ဦးတင်ကြိုင်ကတော့ သားလုပ်တဲ့သူ ပြဿနာဖြစ်အောင် ချွေးမကိုတော့ ချွန်တွန်းမလုပ်လောက်ဘူး။ ချွန်တွန်းလုပ်တတ်တာဆိုလို့ ဟိုကောင် ထိန်လင်းပဲဖြစ်မယ်လို့ အတပ်တွေးတာပေါ့။ ဒီတော့ ထိန်လင်းကို သူလိုက်ရှာပြီးတော့ ...

"ဟေ့ကောင် မင်းကတော့ ပေါက်ကရပြောပြီး နောက်လိုက်တာ။ ငါ့မိန်းမက အခု အိမ်က ဆင်းမယ် တောင်ဖြစ်နေပြီ။ မင်းလိုက်ပြောပေးဦး" လို့ ပြောတယ်။ ထိန်လင်းကတော့ ရယ်နေတာပေါ့။ ရယ်နေတာမှ အားရပါးရကို ရယ်နေတာလေ။ ဘစီက ထိန်လင်းကိုကြည့်ပြီး "အေး ရယ် ... ရယ် သေအောင်ရယ်" ဆိုပြီး ဆဲလိုက်တယ်။ ထိန်လင်းက ...

"ဟုတ်တယ်လေ မင်းပဲ မင်းအဖေနဲ့အလောင်းအစားလုပ်ပြီး မင်းယောက္ခမဒေါ်ပု စိတ်ဆင်းရဲအောင် လုပ်ခဲ့တာမဟုတ်လား"လို့ ပြောလိုက်တော့ ...

"ငါ့မိန်းမက အဲဒါကို အဟုတ်မှတ်နေတာကွ။ သူနဲ့ငါနဲ့ကြိုက်တာက အဖေနဲ့ဒေါ်ပု ရန်မဖြစ်ခင်၊ ရပ်ကွက်ရုံးမရောက်ခင်ကတည်းက ကြိုက်နေတာလို့ ပြောတာလည်း လက်မခံဘူး။ တငိုငို တရယ်ရယ်နဲ့ လုပ်နေတာ ဒုက္ခပဲ" စိတ်ပျက်လက်ပျက် ညည်းနေတယ်။ ထိန်လင်းက စဉ်းစားပြီးတော့ ...

"သူငယ်ချင်း အလောင်းအစားကိစ္စကို အလောင်းအစားနဲ့ ပြန်ချေဖျက်မှရမှာ။ ဒီလိုလုပ်" ဆိုပြီး ဘစီကို တိုးတိုးလေးပြောပြတယ်။ ထိန်လင်းပြောပြတဲ့ အကြောင်းကို နားထောင်ရင်း မျက်နှာကြီးက ပြုံးဖြီးဖြီး ဖြစ်လာတယ်။ နောက်တစ်နေ့ကျတော့ ဘစီက သူ့မိန်းမ အေးအေးမော်ကို "အေး ..." လို့ ခေါ်လိုက်တော့ အေးအေးမော်က မထူးဘူး။ နောက်တစ်ကြိမ်ထပ်ခေါ်တော့မှ "ဘာလဲ" လို့ ဆောင့်ကြီးအောင့်ကြီး ပြန်ထူးတယ်။ ဘစီက

"အေး မင်းနဲ့ကိုစီနဲ့ အလောင်းအစားတစ်ခုလောက် လုပ်လိုက်ရအောင်" လို့ ပြောတော့ အေးအေးမော်က

"ရှင် ဘာတွေမဟုတ်ကဟုတ်ကတွေ လုပ်ဦးမှာလဲ။ ရှင် ကျွန်မကိုရအောင်ယူပြီး ကျွန်မအမေ စိတ်ဆင်းရဲအောင် လုပ်ပြီးတာတောင် အားမရသေးဘူး။ အခု ဘာအလောင်းအစားလုပ်ချင်သေးတာလဲ။ မလုပ်ဘူး။ ကျွန်မ ဒီညနေပဲ အမေ့အိမ်ကိုပြန်တော့မလို့ ဆုံးဖြတ်ပြီးနေပြီ။ ရှင့်ဘာသာရှင် တစ်ယောက်တည်းနေခဲ့တော့" လို့ ပြောလိုက်တယ်။

"အေးကလည်း ခက်တော့တာပဲ။ အခု အဲဒီကိစ္စ အလောင်းအစားလုပ်ချင်တာ၊ အေး ဒီညနေတော့ အမေ့အိမ်မပြန်နဲ့ဦး။ မနက်ဖြန်ကျမှပြန်၊ အိမ်ပြန်ရောက်ရင် အေးအမေကို မေးကြည့်၊ အေး ကိုစီ့ကိုယူခဲ့လို့ အမေ စိတ်ဆင်းရဲခဲ့ရတယ်ပြောရင် အေး ကြိုက်သလိုဆုံးဖြတ်၊ သူစိတ်ဆင်းရဲခဲ့တာ မဟုတ်ဘူးဆိုရင် နောက်ဘယ်တော့မှ အဲဒီစကားမျိုးမပြောနဲ့တော့" လို့ ပြောချလိုက်တယ်။ ဘစီက ခပ်တည်တည်ပြောချလိုက်တော့ အေးအေးမော်တောင်မှ ဇဝေဇဝါဖြစ်သွားတယ်။ သူ့ကို ထိန်လင်းပြောပြတာက အသေအချာမဟုတ်လား။ တကယ်တော့ ဘစီက ပါးစပ်ထဲရှိတာသာ ပြောချလိုက်တာ။ သူ့ဘက်က ဘာမှသေချာသေးတာမဟုတ်ဘူး။ သူ့မိန်းမ အိမ်ကအခုမဆင်းရင်ပြီးရောဆိုပြီး ပြောလိုက်တာလေ။ သူအကြံထုတ်ရအောင် အိမ်ရှေ့ထွက်လာတုန်းမှာပဲ အေးအေးမော်က နောက်ဖေးဘက်ရေစင်ကို ပြေးသွားပြီး အန်ချလိုက်တယ်။ ဘစီက နောက်ကနေလိုက်သွားပြီး သူ့မိန်းမပခုံးကို နှိပ်ပေးတော့ အေးအေးမော်က "သွား ဘာမှမဖြစ်ဘူး။ အစာမကြေလို့ အန်တာ" တဲ့။

ဘစီက ချက်ချင်း သူ့အမေနဲ့ သူ့ညီအစ်ကိုမောင်နှမတွေအကြောင်း သွားစဉ်းစားမိတယ်။ သူ့ညီအစ်ကိုမောင်နှမတွေကြားထဲမှာ သူက ပဉ္စမမြောက်သားလေ။ သူ့အောက်မှာ နှစ်ယောက်ရှိသေးတယ်။ ဒါတောင် သူ့အထက်တစ်ယောက်က ဆုံးသွားလို့ဆိုတာ သူ့အမေက နည်းနည်းအရွယ်ရောက်လာတော့ ပြောပြလို့ သိရတာ။ သူ့အဖေဘက်က ဘကြီးတင်အောင်က ပြောပြလို့ ... သူမေ့လို့ မရဘူး။ "မင်းအဖေက နွားသိုးမျိုးကွ၊ တစ်နှစ်တစ်သားမှန်နေတာပဲ"တဲ့။ ပြောလို့သာပြောတာ ဘကြီးတင်အောင်ရဲ့သား ဦးတင်ကြိုင်ရဲ့ညီအစ်ကိုမောင်နှမ

mgyoe.com

အရင်းတွေက ဟသာ်ာတမြို့မှာ ခြောက်ယောက်တောင် သက်ရှိထင်ရှား ရှိနေသေးတယ်။ သူ့ဘကြီးက သူ့ကို တောင် ငယ်ငယ်က ချစ်စနိုးနဲ့ စတတ်နောက်တတ် သေးတယ်။ "ဘမျိုးဘိုးတူ ချိုကလေးနဲ့"တဲ့။ အဲဒါသွား စဉ်းစားမိတော့ ဘစီက လက်ခမောင်းခတ်တာပေါ့။

ညနေကျတော့ ဘစီက သူ့ယောက္ခမဒေါ်ပုဆီကို အပြေးသွားတယ်။ သူသွားတာ အလကားတော့ မဟုတ်ဘူး။ ဒေါ်ပုအကြိုက်တတ်တဲ့ နတ်မြင်းရုပ်ကြီး တစ်ရုပ်ပါ တယုတယသယ်သွားတယ်။ ပြီးတော့ "အမေ ကျွန်တော့်အဖေကပြောတယ်။ သားသမီး ရတနာရတော့မယ်ဆိုတာသိရင် အိမ်တွင်းက အုန်း ငှက်ပျောတွေ၊ နတ်မြင်းတွေ အသစ်ကိုးရတယ်ပြောပြီး အမေ့အတွက် နတ်မြင်းဆက်ရအောင် ဝယ်ပေးလိုက် တယ်"လို့ ပြောတော့ ဒေါ်ပုက ကိုရိုးယားရုပ်ရှင်ကား ဘာသာပြန်သလို "ဒါ ဘာအဓိပ္ပာယ်လဲ"လို့ မေးလိုက် တယ်။

"အမေ့သမီးမှာ ကိုယ်ဝန်ရှိနေပြီတဲ့။ သူကတော့ ရှက်လို့နဲ့တူတယ်။ အမေ့ကို မပြောပါနဲ့လို့ မှာလိုက် သေးတယ်။ အမေဝမ်းမသာဘူးလား" လို့ ဘစီက ပြော လိုက်တော့ "ဟဲ့ ဘယ်နှယ့်ဝမ်းမသာဘဲနေပါ့မလဲ" လို့ ဒေါ်ပုက ပြန်ပြောတာပေါ့။ ဘစီက "အမေဝမ်းသာ တယ်ဆိုရင် အမေ့သမီး ဘာမေးမေး ကျွန်တော်နဲ့ယူ တာ စိတ်ချမ်းသာတယ်လို့ ပြောရမယ်နော်" လို့ ပြော လိုက်တယ်။ ဒေါ်ပုက "အေးပါဟဲ့ ဒီကောင်လေး ကလေးတောင် မရသေးဘူး။ သားဦးအရှုးဆိုတာ ကလေးကိုပြောတာမဟုတ်ဘူး။ မိဘတွေကိုပြောတယ် ဆိုတာ အမှန်ပဲ"လို့ ပြောပြီး ရယ်နေတယ်။ ဘစီက တော့ "ဟေး" ဆိုအော်ပြီး ပြန်ပြေးလာခဲ့တာပေါ့။

နောက်တစ်နေ့ နေ့လယ်ဘက် ဘစီနဲ့အေးအေး မော်က ဒေါ်ပုအိမ်ကို သွားတယ်။ ဒေါ်ပုက အုန်း ငှက်ပျောတွေလဲရအောင် ပြင်ဆင်နေတာကို တွေ့ရ ဘယ်။ အေးအေးမော်က "အမေ သမီးကူရဦးမလား" လို့ ပြောလိုက်တော့ ဒေါ်ပုက "နေ နေ သမီး အမေလုပ် နိုင်တယ်" တဲ့။ ဒေါ်ပုက အုန်းငှက်ပျောပွဲတွေကို နံ့သာဖြူ၊ ကရမက် အမွှေးရည်တွေနဲ့ပက်ပြီးတော့ မော လို့လား မသိဘူး။ ထိုင်လိုက်တယ်။ သူ့အမေ ထိုင်နေ တုန်းမှာ အေးအေးမော်က ...

"အမေ ကိုဘစီနဲ့သမီး လိုက်ပြေးတုန်းက အမေ အရမ်းစိတ်ဆင်းရဲမှာပဲနော်" လို့ မရဲတရဲမေးလိုက်တော့ ဒေါ်ပုက သူ့သမီးကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ရယ်လိုက်တယ်။ အေးအေးမော်က ပါးစပ်အဟောင်း သားဖြစ်လို့။ ဒေါ်ပုက အားရအောင်ရယ်ပြီးတော့ "ငါ့ သမီး မရှုးမကောင်းဟယ်။ နင် ဘစီနဲ့လိုက်ပြေးတယ် လည်းဆိုရော အဲဒီတော့မှ အလုံးကြီးကျတာ၊ ငါ့သမီး လင်ကောင်း သားကောင်းလေးတော့ ရပြီဆိုပြီး စိတ် ချမ်းသာသွားတာမှ အရမ်းပဲ။ သမီးရှင်မို့လို့သာ ဣန္ဒြေ ဆောင်ထားရတာ။ ထတောင် ကပစ်လိုက်ချင်တာ" ဆို ပြီး ခြေဟန်လက်ဟန်နဲ့ တကယ်ကတော့မယ့်အတိုင်း ပြောလိုက်တယ်။ ဘစီကတော့ ဣန္ဒြေကြီးတစ်ခွဲသား နဲ့ပေါ့။ အေးအေးမော်ကတော့ ဘစီကိုလှည့်ကြည့်ပြီး ပြုံးလို့။ ဒေါ်ပုအိမ်ကနေ လင်မယားနှစ်ယောက် အတူ ပြန်လာကြတော့ ...

"ကိုစီ အေး နောက်ကို ကိုစီ စိတ်အနှောင့်အယှက် ဖြစ်မယ့် စကားမျိုး ဘယ်တော့မှမပြောဘူးနော်"တဲ့။ ဘစီက "ဟော့ကောင် ထိန်လင်း မင်းရှုပ်ထားတဲ့ ပြဿနာကို ငါ့ဘာသာငါ ဖြေရှင်းလိုက်ပြီးပြီ" လို့ ပြော လိုက်တော့ ထိန်လင်းက ဘယ်လိုဖြေရှင်းပြီး လင် မယား အဆင်ပြေသွားတာလဲလို့ စိတ်ဝင်တစားမေး တာပေါ့။ ဘစီက သူ့ကုလားဖန်သူထိုး၊ သူ့ဖဲသူချိုး လိုက်ပုံကို ပြောပြတယ်။ သူ့စကားလည်းဆုံးရော ထိန်လင်းက စိုးရိမ်တကြီးနဲ့ ...

"ဟော့ကောင် မင်းမိန်းမ ကိုယ်ဝန်ရှိတာ သေချာ လို့လားကွ၊ တော်ကြာ ကိုယ်ဝန်မရှိတာကို ရှိတယ် စကားလွန်ပြီး တကယ်မရှိရင် မင်းယောက္ခမဆဲနေဦး မယ်" ဆိုတော့ ဘစီ ခဏတော့ တွေသွားသေးတယ်။ ပြီးတော့မှ သူ့ဘကြီးပြောတဲ့ ဘမျိုးဘိုးတူ ချိုကလေး နဲ့ဆိုတာကို တွေးမိပြီး

"ဟော့ကောင် ထိန်လင်း ငါ့မိန်းမ ကိုယ်ဝန်ရှိ မရှိ မင်းလောင်းဦးမလား"တဲ့။

[ဝိတောက်ပွင့်သစ်မဂ္ဂဇင်း၊ ဖေဖော်ဝါရီ ၂၀၁၄]

■

mgyoe.com

mgyoe.com

# အဆုံးသတ်တစ်ခုရဲ့ အရွေ့များ

ဆွန်း(စက်မှုတက္ကသိုလ်)

နောက်ဆုံးတော့ 'မကြီး' ဆုံးပြီ။

ကာလရှည်ကြာ အိပ်ရာထဲ လဲနေပြီးတဲ့နောက်မှာ 'မကြီး' တစ်ယောက် ကွယ်လွန်တိမ်းပါးသွားခဲ့ပါသည်။ ကွယ်လွယ်ချိန်တွင် 'မကြီး' အနီးအပါးမှာ ဘယ်သူမှမရှိကြ။

လူတစ်ယောက် နောက်ဆုံးထွက်သက်ရှိုက်ထုတ်ချိန်၌ သူ့အနီးအနားမှာ အခြားဘယ်သူမှ ရှိမနေဘူးဆိုတာ အလွန်ပင်ဆိုးရွားလှပါသည်။ အင်မတန်လည်း ကြေကွဲဝမ်းနည်းစရာ ကောင်းလှပါသည်။ သို့ရာတွင် ထိုသို့ဖြစ်ရသည့် ဂဃနဏ သေသေချာချာ သိမည်ဆိုပါက ဘယ်သူ့ဘယ်သူမှ ကဲ့ရဲ့ရှုတ်ချစရာမရှိပြန်ပါ။

သေခြင်းသည် ရံဖန်ရံခါ အလွန်လျင်မြန်၏။ တစ်ခါတလေတော့လည်း မယုံနိုင်စရာ ဖင့်လေးနှေးကွေး၏။

ကျွန်တော်တို့သည် သေခြင်း၏ မြန်ဆန်မှုကို 'ကံဆိုးခြင်း' ဟု သတ်မှတ်ကာ ဝမ်းနည်းစိတ်မကောင်းဖြစ်တတ်ကြသည်။ သေခြင်း၏ ဖင့်နှေးမှုကိုတော့ ကံကောင်းခြင်း' ဟု မှတ်ထင်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်တတ်သည်။

သေခြင်း၏ဖင့်နှေးခြင်းသည် ဝမ်းသာစရာဟု ယေဘုယျဆိုနိုင်သော်လည်း အခါခပ်သိမ်းတော့မဟုတ်ပါ။ အသက်ရှင်နေသူတစ်ယောက် (သို့မဟုတ်) အသက်ရှင်ရန် မျှော်လင့်နိုင်သေးသည့် သေကောင်ပေါင်းလဲဖြစ်နေသူတစ်ယောက်ထံ သေခြင်းသည် ဖြည်းဖြည်းဆေးဆေးသာ လာမည်ဆိုပါက အင်မတန်ဝမ်းသာစရာကောင်းပါမည်။ မထင်မှတ်နိုင်သော အပြောင်းအလဲတစ်ခုက အချိန်မရွေး ဖြစ်ပေါ်လာနိုင်သည်။ ကံကောင်းလျှင် အသက်ဆက်လက်ရှင်သန်ဖို့ အခွင့်အလမ်းပေါ်လာနိုင်သည်။ သို့သော် အသက်ဆက်ရှင်ရန် အနည်းငယ်မျှပင် မျှော်လင့်ချက်မထားနိုင်သူတစ်ယောက်အတွက်တော့ သေခြင်း၏ဖင့်နှေးမှုသည် ဝန်ထုပ်ဝန်ပိုးတစ်ခုသာဖြစ်ပါသည်။ ဝေဒနာကို အရှည်အကြာ ခံစားခိုင်းသလိုဖြစ်နေသည်။

'မကြီး' သည် ဒုတိယအမျိုးအစားမှာပါသည်။

သက်ဆိုင်ရာဆရာဝန်များက 'ပျောက်ကင်းအောင်ကုသလို့မရတော့'... ဟု သတ်မှတ်အပြီးမှာ မကြီးကို စာနာသနားစိတ်များဖြင့် အားလုံးက လိုလေသေးမရှိအောင် ဝိုင်းဝန်းပြုစုစောင့်ရှောက်ကြ၏။ ဆရာဝန် မှတ်ချက်ကို မကြီးမသိအောင် အထူးလျှို့ဝှက်ထားကြသည်။ ဒါပေမဲ့ ကျွန်တော်တို့မျက်နှာများထက်မှာ အစွန်းအစများပေါ်ထွက်နေမည်။ သည်းသည်းလှုပ်ကာ ပျာယာခတ်နေသည့် မူဟန်များက အဖြစ်မှန်ကို ဖော်ပြနေမည်။ အင်မတန်အကင်းပါးသည့် မကြီးက ခပ်လွယ်လွယ်ပဲ ရိပ်စားမိသည်။ ဝေဒနာကို လက်တွေ့

mgyoe.com

ခံစားနေရသူမို့လည်း ပကတိအခြေအနေကို အသိဆုံး ဖြစ်နေပါလိမ့်မည်။ သို့ရာတွင် မကြီးက ဘာမှမသိ ဟန်ဆောင်ကာ နေရှာသည်။ လိုအပ်သည်ထက် ပိုမိုသည့် ပြုစုယုယမှုများ၊ စာနာထောက်ထားမှုများ၊ သနားကြင်နာမှုများကို ယဲ့ယဲ့အပြုံးဖြင့် ငြိမ်သက်စွာခံယူသည်။

'မကြီး' နံဘေးမှာ မောင်နှမသားချင်းများ၊ ဆွေမျိုးမိတ်ဆွေများ၊ သူငယ်ချင်းအပေါင်းအသင်းများ စုံလင်စွာ ဝိုင်းအုံနေကြသည်။ လူတိုင်း၏ အာရုံစိုက်ခြင်းကို ခံယူနေရသည်။ အထူးအခွင့်အရေးများလည်း ရရှိနေသည်။ မကြီး ဘာလုပ်ချင်သလဲ၊ အသင့် ...။ 'မကြီး' ဘာဖြစ်ချင်သလဲ၊ အသင့် ...။ လိုအင်ဟူသမျှကို သူ့ထက်ငါ ဦးအောင်ဖြည့်ဆည်းပေးချင်သူများ ဝိုင်းဝိုင်းလည်နေသည်။ အချို့ဆိုလျှင် မျက်စိနောက်ချင်စရာကောင်းအောင် ပျာပျာသလဲအဖြစ်သည်းနေကြပါသေးသည်။

လူမမာတစ်ယောက်အတွက်တော့ ထိုသို့အာရုံစူးစိုက်ခံရခြင်း၊ အထူးအခွင့်အရေးရရှိခြင်းနှင့် ကြင်နာစွာ ပြုစုစောင့်ရှောက်ခံရခြင်းတို့မှာ တကယ်လိုအပ်ပါသည်။ အထူးသဖြင့် အခိုက်အတန့်မျှသာ အသက်ရှင်တော့မည်ဟု သတ်မှတ်ခံထားရသည့် မကြီးလို 'သေချင်ပက်ကျိ' ဖြစ်နေသူတစ်ယောက်အတွက်ပေါ့ ..။

* *

'မကြီး'အတွက် သေခြင်း၏အရွေ့သည် အလွန်ဖင့်လေးနှေးကွေးသည်။

'မကြီး'၏ သေဆုံးမှုသည် 'မျက်စိတစ်မှိတ် လျှပ်တစ်ပြက်'လည်း မဖြစ်ခဲ့။ 'ဆန့်သောလက် မကွေးမီ၊ ကွေးသောလက် မဆန့်မီ' လည်း မဖြစ်ခဲ့။ 'နေ့မြင်ညပျောက်' လည်း မဖြစ်ခဲ့။ 'ကြာကြာမခံ'... ဟု တွေးထင်ထားကြသော်လည်း 'မကြီး'က လူအများ သြချရလောက်အောင်ပင် အသက်ရှင်နေပြခဲ့သည်။ ရောဂါများ သက်သာပျောက်ကင်းလို့တော့မဟုတ်ပါ။ ရောဂါစုံနာတာရှည် လူမမာဘဝဖြင့် အိပ်ရာထက်မှာ ဝေဒနာကို ကာလရှည်ကြာ ခုခံစစ်ဆင်နွှဲကာ ရှင်သန်ခဲ့ခြင်းသာ ဖြစ်ပါသည်။

သေခြင်း၏ လျှင်မြန်မှုသည် ကြောက်စရာကောင်း၏။ ထိုထက် သာလွန်၍ သေခြင်း၏ဖင့်နှေးမှုက ပိုမိုကြောက်စရာကောင်း၏။

အိပ်ရာထက်က မကြီး၏ခန္ဓာကိုယ်သည် တဖြည်းဖြည်းချင်းသာ ယိုယွင်းဆုတ်ယုတ် ပျက်စီးနေသည်။ ဦးစွာ ခန္ဓာကိုယ်မှအရည်ဓာတ်များ လွင့်ပျံခန်းခြောက်သည်။ ဝင်းဝင်းပပ စိုစိုပြည်ပြည်ရှိခဲ့သော အသားအရေမှာ ကြည့်နေရင်းမှာပင် တစ်စတစ်စ သွေ့ခြောက်လာသည်။ အရောင်အဆင်း မှိန်ဖျော့လာသည်။ ရုပ်ရည်မှာလည်း မျက်စိရှေ့မှာပဲ ကျဆင်း အိုမင်းသွားသည်။ ဘက်ပေါင်းစုံက သိသာစွာ ယိုယွင်းပျက်စီးလာနေသော်လည်း လူက ဟန်ဟန်ပန်ပန် ရှိသေးသည်။ စိတ်ဓာတ်က မာမာထန်ထန်ရှိသေးသည်။ မရဏမင်းကို ခုခံတိုက်ခိုက်ရန် အင်အားတချို့ ကျန်ရှိနေသေးသည်။

သည်အချိန်အထိလည်း မကြီးအနားမှာ လူအများ ဝိုင်းဝိုင်းလည်နေသေးသည်။ မကြီး၏အနိုင်မခံ အရှုံးမပေးသည့် စိတ်ဖွဲ့သတ္တိနှင့် အားမာန်ကို ချီးကျူးသြဘာ ပေးနေကြသေးသည်။ နေ့ရောညပါ မကြီးအနားမှာ သတင်းမေးသူများ စုအုံခဲနေသေးသည်။ လူမမာ သတင်းမေးလာရသည်မှာ ပျော်စရာတစ်မျိုးလိုဖြစ်နေသည်။ ဝေယျာဝစ္စ အသေးအမွှားများကိုလည်း ပေါ့ပေါ့ပါးပါး ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြသည်။

နောက်တော့ မကြီး ခန္ဓာကိုယ်မှ အဆီအသားများ လျော့ပါးလာသည်။ ထို့နောက် ကွယ်ပျောက်သွားသည်။ ခပ်ဖိုင့်ဖိုင့် မကြီးကို 'အခုမှ ကိုယ်ရည်စစ်ပြီး ကြည့်ကောင်းလာတယ်"... ဟု ကျွန်တော် မဆင်မခြင် ပြောမိသည့်အခါ မကြီးက 'သေပန်းပွင့်တာ' ... ဟု ခပ်တိုးတိုးလေး ပြန်ပြောပြီး မချိပြုံး ပြုံးလျက် မျက်ရည်လည်နေရှာသည်။

တံတောင်နှစ်ဖက်ထောက်ကာ၊ ဟိုဆွဲသည်ဆွဲ ပြုလုပ်ကာ အိပ်ရာထက်မှ ထနိုင်၊ ထိုင်နိုင်သော်လည်း နောက်ဖေးနောက်ဖီ သွားချင်သောအခါ လူတွဲဖြင့်သာ သွားနိုင် လာနိုင်တော့သည်။ ကိုယ်လက်သန့်စင်တာ၊ မျက်နှာသစ်တာကအစ တစ်ပါးသူ အကူအညီယူရသည်။ တစ်သက်လုံး စိတ်မြန်လက်မြန်ဖြင့် ကိုယ့်လက် ကိုယ့်ခြေပြုမူလာခဲ့သူတစ်ဦးသည် စိတ်သွား တိုင်း

mgyoe.com

ကိုယ်မပါနိုင်သောအခါ 'နှုတ်ပူလက်ကြမ်း' ဖြစ်လာသည်။ နဂိုအေးဆေးသိမ်မွေ့ခဲ့သော်လည်း ယခုအခါမှာ မာကျောခက်ထန်လာသည်။ တစ်ချိန်လုံး အော်လိုက်၊ ဟစ်လိုက်၊ ဟိန်းလောက်၊ ဟောက်လိုက်နှင့် ပွဲကြမ်းနေတတ်သည်။ ပြုစုစောင့်ရှောက်ပေးနေသူတို့၏ စေတနာများသည် ဝေဒနာဖြစ်ရသည်။

နိစ္စဓူဝ အဆိုအပြောခံရဖန်များလာသောအခါ မကြီးအပါးမှာ ဝိုင်းဝိုင်းလည်နေသူတို့ ကျဲပါးသွားသည်။ မသိမသာ ပျောက်ကွယ်သွားသူများမှာ မိတ်ဆွေအပေါင်းအသင်းအချို့က ပထမ။ ဆွေမျိုးနီးစပ်များက ဒုတိယ။ သွေးသားရင်းချာမဟုတ်သူများက တတိယ၊ မောင်ရင်းနှမများကသာ မကြီးကို ဝတ္တရားမပျက် ဆက်လက်ပြုစုစောင့်ရှောက်နေကြသည်။

ကျွန်တော်တို့သည် အိပ်ရာထက်မှာ မကြီးလဲနေသော်လည်း အသံမာမာ၊ ဒေါမာန်ပါပါဖြင့် အော်နိုင်၊ ဟစ်နိုင်၊ ဆူနိုင်၊ ငေါက်နိုင်သေးတာကို 'ဝမ်းသာစရာ' လို့ ထိုစဉ်က မတွေးမိပါ။ နောင်အခါ မအော်နိုင်၊ မဟစ်နိုင်၊ မဆူနိုင်၊ မငေါက်နိုင်သည့် ရင်နှင့်ကျော ကပ်နေသော 'သက်ရှိအလောင်းကောင်' ဘဝဖြင့် မကြီးကို မြင်တွေ့ရသောအခါမှသာ နောင်တရမိကြသည်။ အခိုက်အတန့်ကာလတိုလေးကို သည်းမခံနိုင်ဘဲ 'နားပူ နားဆာ' လုပ်လွန်းသည်လို့ ထင်မိခဲ့ကြသည်လေ ...။

အခိုက်အတန့်ဆိုတဲ့ ကာလသည် လပေါင်းများစွာ ရှည်ကြာလာခဲ့သည်။

ဝေဒနာက မကြီးကို ထရစပ် ထိုးနှက်တိုက်ခိုက်နေသည်။ ချောင်းတဟွတ်ဟွတ်ဆိုးလာသည်။ နည်းနည်းလေး လှုပ်လိုက်လျှင်ပင် ပြားချပ်နေသည့်ရင်မှာ 'ဖားဖို'လို ဖောင်းလိုက်ပိန်လိုက်ဖြစ်လာ၏။ တရှုံးရှုံးတရှဲရှဲနှင့် ခက်ခက်ခဲခဲ အသက်ရှူကာ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေ၏။ 'တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲသည်' ဟု ဆိုပြီး တစ်ချိန်လုံး နှိပ်ခိုင်း၊ နင်းခိုင်း၏။ နင်းစရာ၊ နှိပ်စရာ အသားကမရှိ၊ အရိုးပေါ်မှာ ကပ်နေသည့် အရေပြားက အကြောပြိုင်းပြိုင်းထနေ၏။ ဆံပင်ကို တိုတိုညှပ်ထားရ၏။ 'အိပ်ရာနာ' များကလည်း ကျောပြင်မှာ လက်မောင်းမှာ၊ တင်ပါးမှာ၊ ပေါင်မှာ၊ ခြေသလုံးမှာ တစ်လုံးပြီးတစ်လုံး စေ့အောင် ပေါက်လာ၏။ ဟက်တက်ပြဲနေသည့် အိုင်းအနာများကို မြင်လျှင်ကျောချမ်းကာ စိတ်မသက်မသာ ...။ အနံ့အသက်များကလည်း အော်ဂလီဆန်ကာ ပျို့ချင်အန်ချင်စရာ ...။

ဝေဒနာသည်းထန်သောအခါ လူးကာလိမ့်ကာဖြင့် သေလုမြောပါး ခံစားရသည်။ ဆီးကင်းလောက်ကြီးသည့် ချွေးသီးချွေးပေါက်များ ဒီးဒီးကျသည်။ တစ်ကိုယ်လုံး ချွေးစေးဖြင့် ရွှဲနစ်သည်။ ဝေဒနာ ကျဲပါးသောအခါ စိတ်အလိုမပြည့်မှုများဖြင့် ပူပြင်းလောင်မြိုက်နေပြန်သည်။ အလိုလိုနေရင်း စိတ်တိုနေသည်။ ဒေါသထွက်နေသည်။ ဘဝင်မကျဖြစ်နေသည်။

မကြီး၏ သည်းညည်းကို ခံနိုင်သူများ အတော်ရှားပါးသွားသည်။ မကြီးကလည်း နည်းနည်းလေးမှ မလျှော့ ...၊ မောလို့ အသက်ထွက်ခါမှ ထွက်စေ။ သူ့ကို ပြုစုနေသူများကို မအော်ဘဲ၊ မဟစ်ဘဲ ခဏလေးမှ ပင် မနေ။ ဟိုဟာဆိုလည်း စိတ်တိုင်းမကျ၊ သည်ဟာဆိုလည်း စိတ်တိုင်းမကျ။ စေတနာဖြင့် လုပ်ပေးကိုင်ပေးသမျှဟာ အပြစ်ဆိုစရာချည်းသာ ဖြစ်လို့နေပါသည်။ အအော်ခံစရာ၊ အငေါက်ခံစရာချည်းသာ ဖြစ်လို့နေပါသည်။

ဝေဒနာကြောင့်သာ အခုလိုဖြစ်နေတာဆိုပြီး ငြိုငြင်စိတ်ကို အတင်းချိုးနှိမ်ရသည်။ စိတ်ထဲက ဘဝင်မကျလှ။ 'မျက်နှာမရ ခြေကျောက်ရ' ခဏခဏဖြစ်လာသောအခါ စေတနာက မကြည်လင်ချင်၊ မောင်နှမများအတွက် သူ့ဘဝကို ရင်းနှီးမြှုပ်နှံကာ လုပ်ကျွေးစောင့်ရှောက်လာခဲ့သည့် မကြီး၏ကျေးဇူးများကို မေ့ပစ်တာမဟုတ်ပါ။ သို့သော် ကျွန်တော်တို့သည် သတိထားနေသည့်ကြားမှ 'မကြည်မဖြူ' ဖြစ်လာသည်။ ထို့နောက် 'ငြိုငြိုငြင်ငြင်' ဖြစ်လာသည်။ မကြီးကို ဝတ်ကြီးဝတ်ငယ် ဖြည့်ဆည်းစောင့်ရှောက် ပြုစုလာခဲ့ရသည့် ကာလမှာ အတော်ကြာမြင့်ခဲ့ပြီ မဟုတ်လား ...။ လူတွေလည်း အလွန်အမင်း ပင်ပန်းလာခဲ့ပြီမဟုတ်လား ...။ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြင့် ဖတ်ဖတ်မောနေရပြီ မဟုတ်လား။

လပေါင်းများစွာ ကိုယ်ဖိရင်ဖိ ပြုစုနေပါသော်လည်း လူနာက တိုးတက်မှုအလျင်းမရှိ၊ အခြေအနေမှာ ပို၍ပို၍သာ ဆိုးရွားနေပါသည်။ ပြုစုစောင့်ရှောက်

နေသူများမှာ စိတ်ဓာတ်ယိုယွင်းပြိုဆင်းလာသည်။

"မကြီး ဝေဒနာခံစားနေရတာ မမြင်ရက်တော့ဘူး။ စိတ်ဆင်းရဲတယ်၊ ဝင့်ကြီးလိုက်တာနော်"

ဝင့်ကြီးတာ မကြီးလား ...၊ ပြုစုနေရတဲ့သူတွေလား ..။ ဝင့်ကျွတ်အောင် ဘာဖြစ်စေချင်ကြတာလဲ။

အလွန်ပင်ပန်းလာသောအခါ တစ်ယောက်ကို တစ်ယောက် တွက်ကတ်လာကြသည်။ တာဝန်များကို သိသိသာသာ ခေါင်းရှောင်လာကြသည်။ အကြောင်းမရှိအကြောင်းရှာပြီး မကြီးနှင့် ဝေးရာမှာ ဟိုလိုလို၊ သည်လိုလိုလုပ်ကာ အချိန်ဖြုန်းနေတတ်ကြသည်။ ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်လာသည့်အခါ 'သူခိုးသေဖော်ညှိ' သည့် စိတ်ထားဖြင့် အခြားသူများကို ငဲ့စောင်းကြည့်ကာ အကဲခတ်မိသည်။ အို ... သူတို့လည်း ကိုယ့်လိုပါပဲလား ...။ ဘယ်သူမှ တက်တက်ကြွကြွ ရွှင်ရွှင်လန်းလန်း မရှိကြတော့ပါလား။ အလွန်ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးကြီးကို မလွှဲသာမရှောင်သာ မနိုင်ရင်ကန် ထမ်းရွက်နေရသည်ဟု သဘောထားနေကြပါလား။ ကြည်ကြည်သာသာမရှိသည့် မှုန်ကုပ်ကုပ် မျက်နှာထိ မျက်နှာထား ကိုယ်စီဖြင့်ပါလား ...။

မျှမျှတတ တွေးမည်ဆိုက မည်သူ့ကိုမှ အပြစ်ဆိုစရာမရှိ။ လူမမာက တစ်ယောက်တည်းဟု ဆိုသော်လည်း ထိုတစ်ယောက်တည်း၏ ဗာဟီရကိစ္စက အလွန်များပြားသည်။ လူငှားလည်း ရှာမရ။ ရတဲ့သူကျတော့လည်း စိတ်တိုင်းမကျ ..။ စိတ်တိုင်းကျပြန်တော့လည်း ငွေက မနိုင် ...။ ချေး သေးကအစ မထိန်းနိုင် မသိမ်းနိုင်ဖြစ်လာသောအခါ ဇယ်စက်သလို လုပ်နေကိုင်နေသည့်ကြားမှပင် 'လူမမာ့ဝတ်' များက မကုန်စင်ချင်။ သည်ကြားထဲ လူမမာကလည်း 'နားပူသံကျယ်' ...။

ချောင်းတဟွတ်ဟွတ်ဖြစ်ကာ နံစော်နေသည့် လူမမာအနားမှာ မည်သူမျှကြာကြာမနေချင်ကြ။ နားမသက်သာ၊ နှာခေါင်းမသက်သာ၊ မျက်စိမသက်သာ၊ ခန္ဓာကိုယ်မသက်သာ။ ပြီးတော့ ... စိတ်လည်းမသက်သာ။

ဘယ်လောက်ပင် သန့်စင်အောင် ကြိုးစားသော်လည်း မကြီးအခန်းမှာ အနံ့ဆိုးများ ခြောင်းခြောင်းထနေ၏။ လေသန့်ပစ္စည်းကိရိယာများလည်း အစွမ်းမပြနိုင်။ အနံ့ပြင်းသည့် ပိုးသတ်ဆေးရည်များ ပက်ဖြန်းရသည်။ ဆေးနံ့၊ အညစ်ကြေးနံ့နှင့် အခြားအနံ့အသက်ပေါင်းစုံကြောင့် မကြီးအခန်းထဲဝင်လျှင် တော်ရုံလူ မူးလဲနိုင်သည်။ အခန်းမှထွက်လာပြန်တော့လည်း အဝတ်အစားမှာ အနံ့အသက်များက စွဲပြီးပါလာသည်။ ထိုအနံ့များကြောင့် အစားအသောက်ပင် ပျက်ရသည်။

မကြီးရဲ့စရိတ်ကလည်း ထောင်းလှပြီ။ တစ်နေ့တစ်ခါ လာကြည့်ပေးသည့် ဆရာဝန်လေးရဲ့ခြေကြွခကပင် မနည်းလှ။ ပြီးတော့ ဆေးဖိုးဝါးခများ ...။ နောက် ဗာဟီရနှင့် အထွေထွေကုန်ကျစရိတ်များ ...။

အစကတော့ သည်စရိတ်လောက်ကို ခေါင်းထဲပင် မထည့်မိကြပါ။ မောင်နှမများက တစ်ယောက် တစ်လက် ခပ်သွက်သွက် ထည့်ဝင်ကာ မကြီး၏စရိတ်စကများကို ပြေလည်စေခဲ့ပါသည်။ မကြီး၏ကျေးဇူးများကို မောင်နှမအားလုံးက အခွင့်ကြုံခိုက်မှာ တုံ့ပြန်ဆပ်ချင်သည်။ စေတနာမှန်လည်း ရှိကြသည်။ သို့ရာတွင် မမာသည့်အချိန်က ရက်မှသည်လသို့ ချဉ်းလာသောအခါ ...၊ လမှသည် နှစ်ပေါက်လုအောင် ရှည်ကြာလာသည့်အခါ စိတ်သဘောထားများ ပြောင်းသွားသည်။

သွက်သောလက်များ နှေးသွားသည်။ နှေးသောလက်များ ပျောက်ကွယ်သွားသည်။

ဘယ်လိုမှ မတတ်သာတော့သည့်အဆုံးမှာ မကြီး၏ ကုန်ကျစရိတ်များအတွက် မောင်နှမများ ခေါင်းချင်းဆိုင် တိုင်ပင်ညှိနှိုင်းရသည်။ ထိုအချိန်မှာ ဝမ်းနည်း စိတ်မကောင်းစရာများ ဖြစ်လာသည်။

* *

"စဉ်းစဉ်းစားစားလည်း ပြောကြပါဟယ်။ တစ်လ တစ်သိန်းတောင် ဆေးဖိုးထည့်ရမယ်ဆိုတာကတော့"

မလတ်က ရင်ဘတ်ကို လက်ဖြင့်ဖိကာ ဘုရားတသည်။

"တစ်ယောက်တစ်သိန်းထည့်မှ တစ်လလေးသိန်း ရမှာလေ။ မကြီး စရိတ်က တစ်လလေးသိန်းမှ မကုတာ"

ကျွန်တော်က အကြမ်းဖျင်းတွက်ပြတော့ မငယ်က သက်ပြင်းချကာ မပွင့်တပွင့်မေးသည်။

mgyoe.com

"ဟဲ့ အဲဒီလောက်တောင်မှ ကုန်သတဲ့လား။ အိမ်မှာနေပြီး ကုတာလေ။ ပြီးတော့ မကြီး အတွင်းပစ္စည်းတွေရော"

"သံသယစကားမပြောနဲ့မငယ်၊ နင်တို့ လာလာကဲ့လို့ မကြီးမှာ ခြုံးတစ်ပြားတောင် ကျန်တော့လို့လား"

အငယ်ဆုံးဖြစ်ပေမဲ့ စိတ်ဆတ်တဲ့ ထွေးထွေးက အစ်မကို ခံပက်သည်။ ဟုတ်တာဆိုတော့ ဆတ်ဆတ်ခါ နာကြသည်။ တစ်လတစ်သိန်းထည့်ခိုင်းသဖြင့် စိတ်တိုနေသော မလတ်က ထွေးထွေးကို မျက်စောင်းခဲကာ ဝင်ပြောသည်။

"မဦးမချွတ်ဟယ်။ မကြီးနဲ့ဘယ်သူကင်းလဲ။ နင်တို့ဆို အခုချိန်ထိ မကြီးရဲ့ထဘီနားကို ခိုနေကြတာလေ"

"တော်ကြစမ်းဟာ၊ လူကြားမကောင်းအောင် ဒီအချိန်၊ ဒီအရွယ်မှ ရန်မဖြစ်ချင်ကြနဲ့"

ကျွန်တော်က ဝင်ဟန့်ရသည်။ အင်မတန်ချစ်ခင်ကြပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိခဲ့သော ကျွန်တော်တို့ မောင်နှမများမှာ တစ်ယောက်ကိုတစ်ယောက် မကြည်မသာဖြစ်စပြုလာပြီ။ အမုန်းတရားက ချင်းနင်းဝင်ရောက်စပြုလာပြီ။ သံသယမျက်လုံးများဖြင့် ကြည့်စမြင်စ ပြုလာပြီ။ မကြာမီ ကွဲပြိုတော့မည့် အရိပ်အယောင်တို့ကို မြင်နေရပြီ။

"အို ... မတော်နိုင်ပါဘူး။ ဝေယျာဝစ္စလည်း မလုပ်ချင်၊ ငွေလည်း မထည့်ချင်ဆိုတော့ မောင်နှမမှ ဟုတ်ရဲ့လား။ နေ့တိုင်း ချေးသေးကအစ ဒိုင်ခံပြုစုနေရပြီး ဆေးဖိုးကျတော့လည်း ကိုယ်ပဲ ဖတ်သီဖတ်သီနဲ့ ရှာရတာမျိုးဆိုရင် အခက်"

တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်မျှပင် နှုတ်လုံမထိုးခဲ့ဖူးသော ညီမထွေးထံမှ နင့်နင့်သီးသီး စကားများကို ကြားရသောအခါ အစ်မနှစ်ယောက် အံ့အားသင့်ကာ ပါးစပ်အဟောင်းသားဖြစ်နေကြသည်။ ဘယ်အချိန်ကတည်းက အောင့်အည်းမျိုသိပ်ထားသည်မသိ။ ရုတ်တရက် ပွင့်အန်ပေါက်ကွဲသည်။ ထွေးထွေး ပေါက်ကွဲမည်ဆိုလည်း ပေါက်ကွဲသင့်သည်။ မကြီး၏ဒုက္ခများကို တစ်အိမ်တည်းအတူနေသည့် ထွေးထွေးကသာ ရင်စည်းပြီး အများဆုံးခံခဲ့ရသည်။

"နင် ဒီလောက်ထိ မဏ္ဍပ်တိုင်တက်ပြမနေနဲ့ ထွေးထွေး။ နင်သက်သာအောင် ငါတို့အချိန်လုပြီး မကြီးကို လာ လာပြုစုပေးနေတာ တစ်ရက်ပျက်ခဲ့ဖူးလို့လား။ ပြောစမ်း၊ တစ်အိမ်တည်းမှာ အတူနေရင်တော့ နည်းနည်းပိုလုပ်ပေးရမှာပေါ့။ ဒီလောက်လေးမှ လုပ်မပေးနိုင်ရင် နင်တို့ သူ့အိမ်မှာ ကပ်ရပ်မနေကြနဲ့"

မလတ်ရဲ့စကားအနှောင့်အသွားက ကျွန်တော့်ကိုပါ ထိပါးသည်။ ကျွန်တော်နှင့် ထွေးထွေးက မကြီးအိမ်မှာ နေကြသည်။ ဟိုတုန်းကမူ 'နင်တို့နေပေးတော့ မကြီး အဖော်ရတာပေါ့။ ကောင်းတယ် ကောင်းတယ်" ဟု ဆိုကာ ကြည်ဖြူခဲ့ကြသည်။

"တစ်လ တစ်သိန်း သတ်သတ်မှတ်မှတ်မဖြစ်မနေ ထည့်ဖို့တော့ ငါလည်း ကတိမပေးနိုင်ဘူး။ အတတ်နိုင်ဆုံး ထည့်မယ်။ မတွက်မကပ်ထည့်မယ်။ အရင်ကလည်း ထည့်ခဲ့တယ်။ ခုလည်းဆက်ထည့်မယ်။ အဲဒါမှ မကျေနပ်ဘူးဆိုရင် နင်တို့ အခုနေ နေတဲ့ မကြီးပိုင်တဲ့ အိမ်ကိုရောင်း"

မငယ်စကားအဆုံးမှာ မလတ်ကပါ ဒေါနှင့်မောနှင့် ဆောင့်အောင့်ကာ အိမ်ပေါ်မှ ဆင်းချသွားကြ၏။

* *

ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးခါမှ ဆေးကြောင့်ပိုလေးခဲ့ရပြီ။

ထိုနေ့က စကားအခြေအတင် ဖြစ်ပြီးသည့်နောက်မှာ မလတ်ရော မငယ်ပါ ကျွန်တော်တို့အိမ်သို့ အဝင်အထွက် အလွန်ပဲကျဲပါးသွားသည်။ သာမန်အားဖြင့် ကြည့်မည်ဆိုလျှင် မောင်နှမတွေကြားမှာ ထိုမျှလောက် စကားအခြေအတင်ဖြစ်တာလောက်ကို စာဖွဲ့စရာပင်လိုမည်မထင်။ သို့ရာတွင် မှတ်မိသည့်အရွယ်မှစ၍ တစ်ယောက်နှင့်တစ်ယောက် 'နင်ပဲငဆ' မပြောဖူးခဲ့သော ကျွန်တော်တို့မောင်နှမများကြားမှာတော့ ထိုအဖြစ်အပျက်သည်အလွန်ပဲစိတ်မချမ်းသာစရာဖြစ်ခဲ့ပါသည်။

မကျေနိုင်မချမ်းနိုင်ဖြစ်နေသောထွေးထွေးက "အိပ်ရာထဲမှာ ရက်ကြာလာတော့ သိပ်မလာချင်ကြတော့ဘူး။ မကောင်းတတ်လို့သာ ဝင်ထွက်နေကြတာ၊ လာတော့လည်း နှမ်းဖြူး။ အခုတော့ ရှောင်လွှဲဖို့အကြောင်း

ပြချက်ရသွားတာပေါ့'..... ဟု ယိုးစွပ်သည်။ ထိုစကား တစ်ဖက်နားပေါက်သွားသည် ထင်သည်။ မလတ်တို့က ကျွန်တော်နှင့်ထွေးထွေးသည် 'ကြွက်သေတစ်ခု အရင်းပြုနေကြသည်'ဟု ရင့်ရင့်သီးသီး နှုတ်တုံ့ပြန်သည်။ အဲသည်စကားကို အရပ်ထဲမှ ထွေးထွေးပြန်ကြားရတော့ ဒေါသူပုန်ထကာ ဆွေ့ဆွေ့ခုန်နေပါတော့သည်။ ကျွန်တော်ကိုယ်တိုင်လည်း လက်သီးကို ကျစ်ကျစ်မာအောင် ဆုပ်မိသည်။

သည်နောက်ပိုင်းမှာတော့ ကျွန်တော်တို့မောင်နှမများသည် အုပ်စုနှစ်စု ကွဲကာ သိသိသာသာ အနေတန်းသွားကြပါသည်။ မကြီးကြောင့်သာ ဝင်ဝင်ထွက်ထွက်၊ သွားသွားလာလာ လုပ်နေကြသော်လည်း တစ်ဘက်နှင့်တစ်ဘက် ခပ်စောင်စောင် ဖြစ်နေကြသည်။ ယခင်က အလွန်လိုက်လှဲနွေးထွေးခဲ့သော မောင်နှမဆက်ဆံရေးမှာ အခုတော့ မာကျောအေးခဲကာ တင်းမာနေပါတော့သည်။ တစ်အူထုံ့ဆင်း မောင်ရင်းနှမများ မခေါ်ချင်၊ မပြောချင်၊ မတွေ့ချင်၊ မမြင်ချင်လောက်အောင် 'ငြိုးသူရန်ဘက်'များပမာ ဖြစ်နေရတာ အလွန်ဝမ်းနည်းစရာကောင်းသည်။

ကျွန်တော် စဉ်းစားမိသည်။ အကယ်၍ သေခြင်းသည် ပုံမှန်အရွေ့ဖြင့်သာ ရွေ့ခဲ့မည်ဆိုပါက ကျွန်တော်တို့ မောင်နှမများကြားမှာ ယခုလို စိတ်ဆင်းရဲစရာ၊ သွေးကွဲစရာများ ဖြစ်လာခဲ့မည် မဟုတ်ပါ။ တစ်ယောက်တစ်လက် တစ်တပ်တစ်အားဖြင့် ဝိုင်းဝန်းဖေးမကူညီကာ တက်ညီလက်ညီ ရှိမြဲရှိနေကြပါမည်။ ညီညီညွတ်ညွတ်ရှိမြဲရှိနေကြပါမည်။ ချစ်ချစ်ခင်ခင်လည်း ရှိမြဲရှိနေကြပါလိမ့်မည်။

အခုတော့ သေခြင်း၏အရွေ့သည် အလွန်ပင် နှေးကွေးလွန်းခဲ့သည်လေ ...။

ထိုအတွေးသည် 'အကုသိုလ်အတွေး' မျိုးဆိုတာ ကျွန်တော်သိပါသည်။ လူတစ်ယောက်၏အသက်ရှင်မှုကို မတွန့်တိုကောင်းမှန်းလည်း ကျွန်တော်သိပါသည်။ သို့သော် ထိုအတွေးကို ကျွန်တော်မတွေးဘဲ မနေနိုင်။

နောက်ပိုင်းမှာ မကြီး၏အခြေအနေ ပိုမိုဆိုးရွားလာသည်။ ယခင်က ဖြည်းဖြည်းချင်းသာ ယိုယွင်းပျက်စီးနေသော ခန္ဓာကိုယ်မှာ ယခုအခါခပ်မြန်မြန်ပဲ ယိုယွင်းပျက်စီးလာသည်။ မကြီးကိုယ်တိုင်ကလည်း စိတ်ကို လျှော့လိုက်ပုံရသည်။ ဆူဆူပူပူမလုပ်တော့ ... အိပ်ရာထက်မှာ မလှုပ်မယှက် တိတ်ဆိတ်ငြိမ်သက်နေ၏။ မျက်နှာကြက်ကိုသာ မျက်လုံးကြောင်များဖြင့် ငေးကြည့်နေ၏။ စကားမေးလည်းမရ၊ အစာကျွေးလည်းမရ။ တစ်နေ့တော့ မကြီးသည် တစ်ခွန်းသောစကားကို ဆိုသည်။

"မခံစားနိုင်တော့ဘူး"

ကာယကံရှင်ကိုယ်တိုင်က သေခြင်းကို တမ်းတလာသောအခါ ကျွန်တော်တို့မှာ မချိတင်ကဲဖြစ်ရသည်။ မတတ်နိုင်ပါ။ သေခြင်းက အလွန်ဖင့်လေးနှေးကွေးသော အရွေ့ဖြင့်သာ ရွေ့မြဲရွေ့နေပါသည်။

ကျွန်တော်တို့လည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ ...။ လူမမာတစ်ယောက်ကို နှစ်ပေါက်လုအောင် နေ့ရောညပါ ပြုစုရသောအခါ ကျွန်တော်တို့ ခန္ဓာကိုယ်မှာ အရိုးနှင့်ပြိုင်းပြိုင်း ဖြစ်လာသည်။ 'မကြီး' ပိန်သလို ကျွန်တော်တို့လည်း ပိန်လာသည်။ 'မကြီး' မျက်ကွင်းဟောက်ပက်ဖြစ်သလို ကျွန်တော်တို့လည်း မျက်ကွင်းဟောက်ပက်ဖြစ်လာသည်။

ဝန်ခံရလျှင် ကျွန်တော်တို့သည် နောက်ပိုင်း၌ 'မကြီး' အပေါ်မှာ တာဝန်များ သိသိသာသာ ပျက်ကွက်ခဲ့သည်။ 'မကြီး' ကို ချေးအလူးလူး သေးအလူးလူးဖြင့် အချိန်အတော်ကြာအောင် ပစ်ထားမိတတ်သည်။ မသိလို့ ပစ်ထားသည်လည်း ရှိသည်။ သိသိကြီးနှင့် ပစ်ထားမိခဲ့သည်လည်း ရှိသည်။ ဝေဒနာသည်းထန်နေသော မကြီးကတော့ ဘာမှမပြောနိုင်ရှာ ...။

နောက်ဆုံးတွင် မကြီး ဆုံးသွားပါသည်။ ကွယ်လွန်ချိန်၌ 'မကြီး' အနီးအပါးမှာ ဘယ်သူမှမရှိကြ။

* *

အိမ်ပေါ်သို့ ဒိုကြီးချက်မဖြင့် ရင်ဘတ်စည်တီးကာ ဦးစွာတက်လာသူမှာ မလတ် ...။ သူ့နောက်မှ ဒိုချင်းကို ခုနစ်သံချီဟစ်ကာ လိုက်ပါလာသူက မငယ် ...။ သူတို့နှစ်ယောက်သည် မကြီး၏အလောင်းစင်နံဘေးမှာ တက်မတတ် ချက်မတတ် လူးလိမ့်ငိုယိုကာ 'အရူးမီးဝိုင်း' ဖြစ်နေကြပါသည်။ စီကာပတ်ကုံး ပြောကာ

ဆိုကာ အော်ဟစ်ငိုယိုနေကြပါသည်။

ကျွန်တော်သည် မကြီးဆုံးပါးစဉ်က 'ဝဋ်ကျွတ်သွားတာပေါ့လေ' ဟု တွေးကာ စိတ်ပေါ့ပါးနေမိသည်။ ပခုံးထက်မှာ ကာလရှည်ကြာထမ်းပိုးထားရသည့် မနိုင်ဝန်ကို ဖယ်ရှားလိုက်ရသလို ဖြစ်နေသည်။ လူသူမသိအောင် တိတ်တခိုးကျိတ်ပြီးပင် ဝမ်းသာနေမိပါသေးသည်။

သို့ရာတွင် မလတ်တို့ရဲ့ ငိုသံများကို ကြားရသောအခါ ကျွန်တော့်ရင်မှာ 'လှိုက်ခနဲ' ဖြစ်ကာ ဝမ်းနည်းကြေကွဲလာသည်။ သောကဗျာပါရများ ဝှန်တက်လာသည်။ စိတ်ကိုထိန်းနေရင်းမှ မျက်ရည်စို့လာသည်။ မလတ်တို့ ဟန်ဆောင်ငိုနေကြတာ မဟုတ်မှန်း ကျွန်တော် သိသည်။ မလတ်တို့ရဲ့ ရင်ထဲ အသည်းထဲမှာ အမှန်တကယ်ပဲ ဆို့နင့်ကြေကွဲနေလို့သာ သည်မျှအူလှိုက် သည်းလှိုက် ငိုကြွေးနေကြခြင်းဖြစ်သည်။

"အောင်မလေး ... မကြီးရဲ့၊ ဝအောင်တောင် မပြုစုလိုက်ရပါလား"

မငယ်ရဲ့ မချိတင်ကဲ တမ်းတငိုမြည်သံကို ကြားသောအခါ ထွေးထွေးကို ကျွန်တော် ငဲ့ကြည့်သည်။ မကြီးဆုံးစဉ်က ထွေးထွေးလည်း ကျွန်တော့်လိုပဲ မငိုကြွေးခဲ့။ စိတ်ကြီးသော ထွေးထွေးသည် သေမှလာအဖြစ်သည်းနေသူတွေကို မဲ့ကာရွဲ့ကာ လှောင်ပြောင်သရော်ရှုတ်ချနေမည်လား ...။

ထွေးထွေးမျက်နှာထက်မှာ လှောင်ပြောင်သရော်ရှုတ်ချလိုသည့်အမူအရာကို တစ်စွန်းတစ်စမျှပင် မတွေ့ရပါ။ မငယ်တို့ကို စာနာ နားလည်စိတ်ဖြင့် ကရုဏာသက်စွာ ငေးကြည့်နေသည်။ ထိုမျှမကပါ။ မငယ်တို့ရင်ထဲမှာ တောက်လောင်နေသည့် အပူမီးများသည် ထွေးထွေးထံသို့ စီးကူးသွားသည်။ ငိုချင်လျက် လက်တို့' ဖြစ်ကာ ငိုဖော်များနှင့်အတူ လိုက်ငိုသည်။

"အသေစောလို့ နမြောလှချည့် မကြီးရဲ့"

[ကလျာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၁၄]

■

mgyoe.com

mgyoe.com

# အယူ

အဲလိုထူး

"ပုထုဇ္ဇနော ... ဥမ္မတ္တကောတဲ့၊ လူတွေက အရူးတွေချည်းပါပဲဗျာ။ ကျုပ်ပြောတာ မဟုတ်ဘူးနော်။ အဲဒါ ဘုရားဟောစစ်စစ်"

"...."

"ဟုတ်တယ် ... ဒီလူပြောတာမှန်တယ်၊ လူတွေက အရူးတွေ ... အရူးတွေ"

"...."

"အာကွာ ... ဒီအရူးကတစ်မျိုး၊ အသာနေစမ်းပါကွာ"

* *

မှန်တာတွေ ပြောလွန်းလို့ ရှာပြင်ထုတ်ထားတာ မဟုတ်ဘူး။ မှန်တာတွေ ပြောချင်လွန်းလို့ တမင်သက်သက် ရှာပြင်ထွက်နေတာဆိုတာမျိုး ...။

ကိုဘတူမှာ သားရှိတယ်၊ မယားရှိတယ်၊ လယ်ရှိတယ်၊ ယာရှိတယ်၊ လှည်းရှိတယ်၊ နွားရှိတယ်။ အိုးပိုင် အိမ်ပိုင်နဲ့ တစ်ခေတ်တစ်ခါကို တည်ထောင်ခဲ့ဖူးသူ တစ်ယောက်။ ဒီလောက်ထိ ဖောက်သွားရတဲ့ အကြောင်းကျတော့ သူကိုယ်တိုင်ပါပဲတဲ့။

"သားကျွေးမှု၊ မယားကျွေးမှုက တန်ရုံလောက်ပဲကောင်းတယ်။ အခြေနဲ့အနေနဲ့ အထိုင်ချပေးပြီးရင် ငါလည်း ငါယုံကြည်ရာလုပ်မှာပဲ။ နင်တို့ကိုယ် နင်တို့ခံရတယ် သဘောထားရင် ဝဋ်ကြွေးပါလို့သာ မှတ်လိုက်"

ဘာပြောစရာလိုမလဲ။ အခုမှ ထထူတဲ့ အိမ်ထောင်သစ်မှ မဟုတ်တာ။ လူပျိုပေါက်သားတစ်ယောက်တောင် လူလားမြောက်နေပြီဆိုမှတော့ ကိုဘတူမိန်းမလည်း သွေးဆုံးခါနီးသက်တမ်းကို လိုလည်း နည်းနည်းပေါ့။

"တော် ... စိတ်ချမ်းသာသလိုနေပါ။ ကျုပ်တို့သားအမိက လုပ်ကိုင်စားစရာလိုတာမှ မဟုတ်တာ၊ ငရဲမကြီးရင် ပြီးတာပါပဲ"

"ငါက အလကားနေရင်း ငရဲရအောင်တော့ လုပ်မလားဟ။ အေး တစ်ခုတော့ ရှိတယ်၊ ငါ့ကိုတော့ ငရဲလာမပေးကြနဲ့"

ဘုန်းကြီးမဝတ်ဘူး၊ တော မထွက်ဘူး။ ယောဂီအညီတွေ၊ အထက်အောက် အဖြူတွေ မဆင်မြန်းဘဲ ဒေဖေးအင်းကြီးရဲ့တစ်ဖက်ကမ်းမှာရှိတဲ့ ကုန်းကမူ စေတီကလေးတစ်ဆူရှိရာကို အသိုက်ပြောင်းသွားတာ။

* *

လူက လူမှုဝန်းကျင်နဲ့ ကင်းလွတ်သွားရင် တဖြည်းဖြည်း လူနဲ့မတူတော့ဘူး။ အဲဒီလိုမှမဲ့ လူတွေနဲ့ ဆက်ဆံရေးမှာလည်း ကသိကအောက်ဖြစ်စရာတွေ

mgyoe.com

mgyoe.com

ကြုံရရော။ အခု ကိုဘတူဖြစ်နေတာဆိုတာလည်း အဲဒါပဲ။ နေရာတကာ သိလွန်းပြန်ရင်လည်း မကောင်းဘူးလို့ ဆိုကြပြန်တယ်။ ဒီကြားထဲမှာမှ အနာပေါ်တုတ်ကျ သူများ မနှစ်သက်တဲ့အရာတွေကိုမှ ရွေးသိနေတယ်ဆိုတဲ့အခါကျတော့ ...။

ကိုဘတူမှာ အဲဒါအပြင် ဘာအဆစ်တိုးနေသလဲဆိုတော့ သူသိထားတာကို အောင့်အည်းမထားနိုင်ဘဲ ချက်ကျလက်ချ ထုတ်ပစ်တတ်တဲ့ဉာဏ်။

ပြောလိုက်မယ် ... ဟောဟော ... ဒိုင်းဒိုင်း၊ မခံနိုင်ရင် လဲသေလိုက်။

"ဘကြီးတင်အောင်နဲ့ သူ့မိန်းမက လင်မယားတော်ရုံတင်မဟုတ်ဘူး။ နောက်တစ်မျိုးတော်သေးတယ်ကွ"

"ဦးလေးဘတူကလည်း မဟုတ်မဟတ် ပြောရော့မယ်။ လင်မယားက လင်မယားပေါ့ဗျ။ ဘာတော်ရဦးမှာလဲ"

နောင်လာနောက်သားတွေက ဒီလိုပြောတယ်။ တခြားမဟုတ်ပါဘူး။ ဘကြီးတင်အောင်က ရွာမှာ ပရိတ်အသင်းဖွဲ့မယ်ဆိုပြီး ကမကထလုပ်တော့ ကိုဘတူ မိန်းမကိုပါ အဖွဲ့ဝင်အဖြစ် ဆွဲသွင်းတယ်။ ဒါကို ကိုဘတူက သူ့မိန်းမကို မထည့်ရကောင်းလားဆိုပြီး ဘကြီးတင်အောင်တို့ဘက်က စကားသံတွေ ထွက်လာလို့ ...။

"ဩော် ... မင်းတို့ကလည်း မယုံရင် ရှေးမီနောက်မီတွေကို မေးကြည့်၊ မင်းတို့ ဘကြီးဦးတင်အောင်က သူ့တူမ ပြန်ယူထားတာ။ သူတို့လင်မယားက လင်မယားတော်သလို တူအရီးလည်းတော်သကွ ... အဟေးဟေး"

လူတိုင်းမှာ သူ့ရာဇဝင်နဲ့သူရှိပါလိမ့်မယ်။ တချို့လည်း ခရေပွင့်အမှတ်အသားပါသလို တချို့လည်း မင်နီကြက်ခြေခတ်တွေနဲ့၊ ဒါတွေဟာ အသစ်ပြန်စလို့ မရတော့တဲ့ နောင်တတရားတွေပါ။

အဲဒါမျိုးမှ ရွေးထုတ်ပြီး သိသာမြင်သာခင်းပြလိုက်တဲ့အခါကျတော့ ...။

"ကိုရာကျော်တို့ လှူတယ်ဆိုတာကွာ ... အကုန်အစင် သန့်ရှင်းတာမှတ်လို့၊ သူတို့အထွက်ကောင်းတယ်ဆိုတဲ့ လယ်တွေက ချစ်တီးတွေ ကုလားပြည်ပြန်ပြေးတော့ ရာကျော်အမေကြီး ရလိုက်တဲ့ဟာတွေပါ။ ငါ့လယ်နဲ့ ကန်သင်းတင်လယ်ဆို အဲဒါ ကိုဖိုးခွေးတို့လယ်၊ ကကြီး ပုတ်လောက်ရေးပြတောင် ဗျိုင်းပျံနေသလားမေးမယ့် ဖိုးခွေးကို နှပ်ပတ်ချသွားတာ၊ ဖိုးခွေးဆို အဲဒီစိတ်နဲ့ သေရတာ"

အဲဒီတော့ ဟိုတစ်ဖက်မှာ ရေစက်ပဲချရမလို၊ အကုန်ပြန်ဝေပေးပြီး သာဓုပဲခေါ်ရတော့မလိုလိုနဲ့ ကိုဘတူကို မျက်စောင်းတခဲခဲလုပ်တော့တာ။ တစ်ရွာလုံးရဲ့ နာလုံးတွေက တစ်စထက် တစ်စ သိပ်သည်းလာတယ်။ ကိုဘတူကတော့ တစ်ပြားသားမှ မလျှော့။ ဘုရားရှိခိုးကို ခုနစ်အိမ်ကြား ရစ်အိမ်ကြား အော်ဟစ်တတ်တဲ့ ကြေးစည်တနောင်နောင် ကိုဘမောင်ကိုလည်း နှိပ်ထည့်လိုက်သေးတယ်။ အမြင်ကတ်လို့တဲ့လေ။

"ကိုဘမောင်ကြီး ဘယ်လဲဗျ"

"ဟကောင် ဘတူရ ... ဒီနေ့ ဥပုသ်နေ့လေ၊ အဖိတ်မှန်း ဥပုသ်မှန်းတောင် မသိတော့ဘူးလား။ သီတင်းသီလဆောက်တည်ရမှာပေါ့ကွ။ သူများ အပြစ်အနာအဆာတွေချည်းပဲ လျှောက်မြင်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ ကိုယ့်ခန္ဓာလည်း ကိုယ်ပြန်ရှုကွ"

တကယ်တော့ ဦးဘမောင်ကလည်း ကြုံတုန်း ကိုဘတူကို သာသာနဲ့နာနာလေး ခွပ်ထည့်လိုက်တာ ထင်ပါတယ်။ ကိုဘတူရဲ့ မူလရည်ရွယ်ချက်က မေးရိုးမေးစဉ် နှုတ်ဆက်တဲ့သဘောပါ။ ဒါပေမဲ့ တစ်ဖက်လေသံက အမွှန်ကို တည့်တည့်ကြီးလာမှန်တဲ့အခါကျတော့ မူလဗီဇက ထောင်းခနဲငေါထွက်လာတယ်။

"သီလ သွားယူမှာပေါ့"

"ဒါပေါ့ကွ"

"သီလ သွားယူရတယ်ဆိုတော့ ခင်ဗျားမှာ သီလမရှိလို့လား"

ဝိပဿနာတွေ၊ ကမ္မဋ္ဌာန်းတွေ၊ ပညတ်တွေ၊ ပရမတ်တွေ ဆွေးနွေးတဲ့ထိအောင် မရောက်လိုက်ပါဘူး။ စိပ်ပုတီးပတ်ထားတဲ့လက်နဲ့ထိုးမယ် ကြိတ်မယ်ဖြစ်ပြီး သီလယူမယ့်ပါးစပ်ကလည်း အယုတ္တအနတ္တတွေထွက်လိုက်တာမှ တကယ့်ကို ပျစ်ပျစ်နှစ်နှစ်တွေချည်းပဲ။

mgyoe.com

mgyoe.com


အဲဒီကျတော့လည်း ကိုဘတူဆိုတဲ့လူက ဟား တိုက် ရယ်နေပြန်ရော၊ ဘယ်လိုလူလဲ မသိဘူး။

* *

ကိုဘတူ စတည်းချနေတဲ့ ဒေဖေးဘုရားကုန်းပေါ်မှာ သက်ရှိလူသားရယ်လို့ အရေအတွက်က လက်ငါးချောင်းစာတောင် မပြည့်ရှာဘူး။ ကိုဘတူရှိမယ်၊ ဦးဇင်းတစ်ပါးနဲ့ ကိုရင်ကြီးတစ်ပါးရှိမယ်၊ နောက် အရှူးစိန်သောင်းရှိမယ်။ ဒါပဲ။

ကိုဘတူတစ်ယောက်ကလွဲပြီး ကျန်တာတွေက ကျောင်းအိပ်ကျောင်းစားပုံစံမျိုး။ ကိုဘတူကတော့ မနက်မိုးလင်းတာနဲ့ ရောက်လာပြီး၊ ညဘက်ကျတော့လည်း ဘုရားဝတ်တက်ပြီးမှ ပြန်တယ်။ ရောက်စတုန်းကတော့ နေ့လယ်စာကို အိမ်ပြန်စားပေမဲ့ အထိုင်ကျလာတော့ ဦးဇင်းကြီးက ကျွေးတယ်။ အရူးစိန်သောင်းရယ်၊ ကိုဘတူရယ်၊ ကျောင်းမှာ မွေးထားတဲ့ခွေး သုံးလေးကောင်ရယ် အတူတူပေါ့။ ပညတ်သွားရာ အလေ့အကျင့်ပါပြီး ကိုဘတူတစ်ယောက် ညစာမစားတာတောင် နှစ်ပေါက်နေပြီ။

အရာရာက သူ့ရာဇဝင်နဲ့သူပါလို့ ပြောခဲ့ပါပကော။ ကိုဘတူလာပြီး အနည်ထိုင်နေတဲ့ ဒေဖေးအင်းကြီးကလည်း တစ်ခေတ်တစ်ခါက ရွှေထီးဆောင်းခဲ့တာကို လက်မထောင်ချင်နေမှာပေါ့။ ရှာနီးချုပ်စပ် ပရိဝုဏ်ကို မြေပုံပေါ်ဆွဲတင်ရမယ်ဆိုရင် အဲဒီနေရာက တိုင်းဇရာဝတီထဲမှာ ပါတယ်။ သူလည်း နာမည်တစ်လုံးနဲ့ အင်းပါပဲ။ ဒေဖေးသိုက်သမိုင်းရယ်လို့ ဖလင်ကော်ပြားပေါ်ထိအောင် တောက်စားခဲ့တာပေါ့။ ကောတဲ့နေရာတွေ ကောသွားပေမဲ့ သူ့ပြယုဂ်က နဂိုရည်မပျက်သေးဘဲ လယ်ကွက်သုံးလေးဆယ်စာလောက် အကျယ်အဝန်း ရှိသေးတယ်။ နက်တဲ့နေရာတွေက ဘာမှအသုံးမဝင်ပေမဲ့ နှုတ်ခမ်းသားစွန်းတွေမှာတော့ မုရင်းစပါးစိုက်ကြလို့။ အင်းရဲ့ဒီဘက်အစပ်က ဥသျှစ်ကုန်း၊ မုရင်းကုန်း၊ ကြပ်ခေါင်းရှာက တစ်ဆက်တည်း ရှာတန်းရှည်။ ဟိုဘက်အစပ်မှာတော့ ကုန်းကမူနဲ့ စေတီတစ်ဆူရှိတယ်။ စေတီရဲ့ဉာဏ်တော်က ဒီလောက်မြင့်မားပြီး၊ ဒီလောက်ကြီးလည်း မခမ်းနားလှပါဘူး။ ရှာဘုရားပဲ ပြောပါတော့။ အဲ ဆန်းတာလေးနည်းနည်းတော့ ရှိတယ်ဆိုရမလားပဲ။ တခြားဘုရားတွေလို မုခ်ဝမှာ ခြင်္သေ့နှစ်ကောင် ဆောင့်ကြောင့်ထိုင်နေတာမျိုး မဟုတ်ဘဲ ဘုရားရင်ပြင်ပေါ်မှာ အင်္ဂတေနဲ့လုပ်ထားတဲ့ အရုပ်နှစ်ရုပ်ရှိတယ်။ တစ်ရုပ်က စမုတ်ခွက်ရွက်ထားတဲ့ မယ်ကုဝဏ် ဘီလူးမရုပ်ဖြစ်ပြီး ကျန်တစ်ရုပ်ကတော့ ဆေးဆရာ ဇီဝက ဆေးပေးနေတဲ့ရုပ်တု ...။

ဘာဆိုင်သလဲတော့ မသိဘူး။ ရွာသားတွေကတော့ အလေ့ကျပေါက်နေတဲ့ ထန်းပင်နှစ်ပင်ကိုတောင် ထန်းညီနောင်ဆိုပြီး ...။

ကိုဘတူဆိုတာကလည်း ပါမောက္ခသာ မဖြစ်တယ်၊ ရာဇဝင်လေ့လာတဲ့နေရာမှာတော့ တကယ့်ကို ဖွဲ့နပဲသန်တဲ့လူ၊ ဒေဖေးအတ္ထုပ္ပတ္တိကို အူမချေးခါးသိခဲ့သူပေါ့ ...။

"ဟုတ်လေသလား၊ ဘာလားတော့ မပြောတတ်ပါဘူး။ ဘုရားပွဲဆိုရင်တော့ ဇာတ်အစုံကြည့်ရတယ်။ စိန်အောင်မင်းလည်း ကြည့်ရတယ်၊ ရွှေမန်းတင်မောင်လည်း မြင်ဖူးလိုက်တယ်။ ရွာထဲကဟာမတွေဆို တကယ့် ကဲကဲသဲသဲတွေ၊ မင်းသားသောက်ဖို့ ပြောင်းဖူးဖက်လိပ်ထဲမှာ ရွှေဒင်္ဂါး ထည့်ပေးတဲ့လူတောင် ရှိသေး၊ ရူးကြတာပြောပါတယ်။ အောင်မောင်းခြေထိုးဆိုတာ တကယ့်စိန်အစစ်ကို ဖိနပ်ဦးမှာ မြုပ်ထားတယ်လို့တောင် ပြောကြတဲ့ဥစ္စာ၊ ဟုတ်လေသလား မသိပါဘူး။ အောက်လင်းဓာတ်မီးရောင်မှာတော့ လက်ခနဲ ... လက်ခနဲပဲ"

ဟုတ်ပါတယ်၊ အဲဒီတုန်းက ဟုန်းဟုန်းတောက်ခဲ့တဲ့ ဒေဖေးအင်းစပ်က ဘုရားလေးမှာ အခုတော့ ကျီးနဲ့ ဖုတ်ဖုတ်၊ လပြည့် လကွယ် ဥပုသ်သီလစောင့်တဲ့ ရှေးရိုးကြီး သုံးယောက် လေးယောက်ကလွဲပြီး ဆွေပြတ်၊ မျိုးပြတ်ဖြစ်သွားလိုက်တာ အခုမှ ကိုဘတူ တိုးလာလို့ အရူးစိန်သောင်းနဲ့ပေါင်းမှ နှစ်ယောက်။

ဒါကိုပဲ ကိုဘတူ ပျော်ပါတယ်။ တံမြက်လှည်းမယ်။ ရေလဲမယ်၊ အမှိုက်ရှင်းမယ်၊ စိတ်ကိုလည်း သန့်ရှင်းအောင် ထောင့်တစ်နေရာမှာ အေးအေးလူလူထိုင်ပြီး ...။ ရွာထဲကလူတွေနဲ့ ဆက်နေရင် သတ်ပွဲပဲဖြစ်မလား၊ ကိုယ်ဥ္စကပဲ သူတို့ရေစီးကြောင်းထဲ ကန့်လန့်

mgyoe.com

mgyoe.com

မျောပါသွားမလား မပြောတတ်ဘူး။

＊＊

အပြောင်းအလဲရှိမှ လောကကြီးက သာယာနာပျော်ဖွယ်ကောင်းမယ်။ သက်ဆိုးရှည်မယ်ဆိုတာ ဟုတ်ပါသလား။

ဒီစကားကြားလို့လား မသိဘူး၊ ရွာကလေးကတော့ အရေခွံသစ်လဲလိုက်ပြီ။

ထော်လာဂျီသံတွေ တဖုန်းဖုန်း၊ လူတွေက တရုန်းရုန်း၊ ပိုက်ဆံတွေဆိုတာလည်း ပလူပျံနေတာပဲ။ ဘယ်မှာလဲဆိုတော့ နေ့ဘက် ကိုဘတူ ငြိမ်းချမ်းနေတဲ့ ဒေဖေးကမူလေးပေါ်မှာ။ အနယ်နယ် အရပ်ရပ်က ပြိုဆင်းလာကြတဲ့လူတွေ ရေကာတာကျိုးကျတဲ့ ရေတွေလို အလုံးအရင်းနဲ့ နီးရာမြို့ကို ရထားနဲ့ လာကြတယ်။ မြို့ကနေ ကိုဘတူတို့ရွာကို ထော်လာဂျီနဲ့လာကြ၊ လှည်းနဲ့လာကြ၊ ဆိုက်ကားနဲ့လာကြ။ ရွာကနေ ဒေဖေးအင်းကို လှေနဲ့ဖြတ်ကူးကြပြီး ဘုရားကုန်းတော် ကျဉ်းကျဉ်းကလေးမှာ ခြေချစရာ နေရာမကျန်။

တစ်ဆင့်စကား တစ်ဆင့်နား၊ ပန်းသတင်း လေညင်းဆောင်။ ဟိုးကမ္ဘောကမ္ဘာကတည်းက မတ်တတ်မေ့နေတဲ့ ဇီဝကရုပ်တုကြီးက ဆေးတော်ရည် စိမ့်ထွက်နေတယ်ဆိုတဲ့သတင်း။

"အလကား မဟုတ်တမ်းတရမ်းတွေကွာ၊ အင်္ဂတေနဲ့ လုပ်ထားတဲ့အရုပ်က ဆေးရည်ထွက်ကျရတယ် ... လို့"

ဒီတစ်ခါတော့ ကိုဘတူ့စကား တိုးမပေါက်တော့ပါဘူး။ ရွှေတွဲလွဲ၊ ငွေတွဲလွဲဖြစ်နေတဲ့ ရွာကလေးက ကမ္ဘာဖလား ကျင်းပခွင့်ရတဲ့ အိမ်ရှင်နိုင်ငံလို ဝင်လာတဲ့ ဧည့်ပရိသတ်ဆိုတာ စစ်ပြေးမီးရထားကြီးတွေ တစ်စီးပြီး တစ်စီး ထိုးဆိုက်လာသလိုမျိုး လူတွေအပြည့်အမောက်နဲ့၊ မတူတာကတော့ လူတိုင်း လက်ဖျားမှာငွေစက္ကူတွေ ဖွားဖွားလွင့်လွင့်။

အနီးစပ်ဆုံးဖြစ်တဲ့ ကိုဘတူတို့ရွာကလေးမှာ ဘယ်အိမ်ကြည့်ကြည့် တည်းခိုသူအပြည့်၊ ဘယ်လောက် ဈေးခေါ်ခေါ် မငြင်းကြဘူး။ အိမ်ရှင်မတွေလည်း ဈေးသည်လုံးလုံးဖြစ်သွားကြပြီ။ တန်တယ်၊ မတန်တယ်ရယ် မဟုတ်တော့ဘူး။ ငါးကျပ်တန်ကို တစ်ဆယ်ရောင်းလည်း ရှိမှမရှိတာ ဝယ်ရတာပေါ့။ အိမ်ထောင်ဦးစီး ယောကျ်ားတွေလည်း ထော်လာဂျီမောင်းတဲ့သူနဲ့၊ လှည်းအငှားလိုက်သူနဲ့၊ လှေထိုးသမားလုပ်တဲ့သူနဲ့ အရာရာက လက်ဖျားငွေသီးနေကြတယ်။

မတောက်တခေါက် ကလေးငယ်တွေတောင် ဆေးတော်ရည်ပွားပြီး ရောင်းတာနဲ့တင် ပိုက်ဆံအထပ်လိုက်ကိုင်ပြီး သုံးနိုင်တဲ့အခါကျတော့ ...၊ ဆေးတော်ရည်တစ်စက်က ဘိန်းဖြူထက် ရှားစပါးစာဖြစ်သွားသလား မသိတော့ပါဘူး။

＊＊

တစ်ရွာလုံး အရှင်အဇ္ဇဂေါဏ မတဲ့ကိန်းဆိုက်ပြီဟဲ့ဆိုပြီး ရှုပိုးထိုးနေကြတဲ့အချိန်မှာ မျက်နှာမရ ခြေထောက်ရဖြစ်ခဲ့ရတာ ကိုဘတူပဲ။ လူဆိုတာ ကိုယ့်စကားအောင်မှ နေသာထိုင်သာရှိမှာ မဟုတ်လား။ အခုကိစ္စမှာတော့ မဟုတ်နိုင်ပါဘူး။ ဘယ့်လောက်ပြောပြော တစ်ရွာလုံးက ဂရုမစိုက်၊ ကိုဘတူဘက်မှာကလည်း အလီဘိုင်ပြစရာ ခြေခြေမြစ်မြစ် ဘာမှမရှိ။ တစ်ရွာလုံးက မိုးရွာတုန်း ရေခံဖို့အတွက် ခြေတံလက်တံတွေကို အစွမ်းကုန် ဆန့်တန်းထားကြတယ်။

နေကြပါဦး၊ ကိုဘတူ ပြောဦးမယ်ဆိုတာတောင် မရဘူး။

ဒီဇီဝကရုပ်တုကြီးက ကိုဘတူတို့မတိုင်ခင် ရှေးပဝေသဏီကတည်းက ရှိနေတာ၊ ပြီးတော့ တစ်ခုတည်းရှိတာမဟုတ်ဘူး။ စမုတ်ခွက်ရွက်ထားတဲ့ မယ်ကုဝဏ်ဘီလူးမကြီးနဲ့အတူရှိနေတာ၊ ဒီဆေးဆရာရုပ်တစ်ခုတည်းက ကွက်ပြီး ဆေးရည်စိမ့်ထွက်ရတယ်လို့။

မယုံဘူး။

ကိုဘတူကတော့ တစ်သက်လုံး မယုံဘူး။

ပြောကြကြေးဆို တစ်ရွာလုံးထက် ဒီဇီဝကရုပ်တုကြီးနဲ့ အထိအတွေ့ ပိုများတာ ကိုဘတူ၊ ညအတူမအိပ်တာက လွဲပြီးတော့ပေါ့။ လပြည့်လကွယ် သီလလာယူတဲ့ တစ်ယောက်နှစ်ယောက်ကလည်း မျက်စောင်းတောင် လှည့်ထိုးကြတာ မဟုတ်ဘူး။ ဒါကို ကိုဘတူ မသိလိုက်ရဘဲ အလိုလို ဆေးရည်စိမ့်ထွက်

လာရတယ်ဆိုတာ မဆန်းပေဘူးလား။

ပြီးတော့ ဘယ်သူစလိုက်တဲ့ ဆေးညွှန်းလဲ၊ ကိုးဆယ့်ခြောက်ပါး အကုန်ပျောက်တယ်ဆိုတာ။

တောက်စားခါစမှာ ကိုဘတူလည်း သေသေချာချာ သွားကြည့်ပါသေးတယ်။ သင်္ကရာဇ်တောင်ပံ့ရာပုံဖြစ်နေတဲ့ ဇီဝကရုပ်ထုက အင်္ဂတေနဲ့လုပ်ထားတဲ့ ရှေးလက်ရာပါ။ ဒီလက်ရာကို လာကြည့်ကြတယ်ဆိုရင်တောင် လက်ခံပေးလို့ရသေးတယ်။ အခုတော့ ရှေ့ကုန်းနေတဲ့ လက်ညှိုးနဲ့လက်မကြား ဆေးလုံးလေးကကျတဲ့ အရည်ကိုများ မက်မက်စက်စက်။

နှာစေးချောင်းဆိုးပျောက်တယ်၊ ဖျားနာတာပျောက်တယ်၊ ခါးနာတာပျောက်တယ်၊ ဒူလာ မီးယပ်သွေးဆုံး၊ လေးဖက်နာ အကုန်ပျောက်တယ်။ မူးတာမော်တာ ပျောက်တယ်။ ပူးတာခွာတာပျောက်တယ်။ ကုန်ကုန်ပြောရရင် လေဖြတ်ထားတဲ့လူတောင် ဆေးတော်ရည်သပ်ချရုံနဲ့ တောက်တောက်၊ တောက်တောက်လမ်းလျှောက်နိုင်တယ်ဆိုပဲ။ အမြစ်တွယ်ပြီး ဓာတ်ကင်မနိုင်တော့တဲ့ ကင်ဆာလိုဟာမျိုးကို အမြစ်ပြတ်ဆိုတဲ့အခါကျတော့ ...။

"မဟုတ်ဘူး ... မဟုတ်ဘူး လုံးဝမဟုတ်ဘူးကွာ" ကိုဘတူ ကုန်းအော်ပစ်လိုက်တယ်။

* *

ဒါနဲ့ပတ်သက်ပြီး ဇီဝကဆေးတော်ရည်ပွဲမှာ ကမကထ လုပ်တဲ့ လူကြီးသူမတွေက ကိုဘတူကိုခေါ်ပြီး ကျိတ်ကျိတ်ကလေး သတိပေးတယ်၊ အမှန်တော့ တားမြစ်တာပါ။

"ဟေ့ကောင် ဘတူ ... သူများတွေ ယုံကြည်လို့ လုပ်နေတာကို တောင်ပြောမြောက်ပြောနဲ့ ကဖျက်ယဖျက် မလုပ်ရဘူးကွ။ အခု ကြည့်စမ်း တို့ရွာကလေး ဘယ်လောက် စည်ပင်ဝပြောနေလဲ။ ရွာသားတွေဆိုလည်း ရပေါက်ရလမ်းကိုယ်စီနဲ့၊ မင်းမယူချင်နေ ဖျက်မြင်းမလုပ်နဲ့။ ကိုယ့်ရွာဘုရားလည်း တန်ခိုးအာနုဘော်ဘယ်လောက်ထွန်းတောက်လာလဲ။ မင်း အေးအေးဆေးဆေးနေ"

မိရွယ်ဘရွယ်တွေကို ကိုဘတူ နင်ပဲငဆမပြောချင်ပါဘူး။ လတ်တလော အနေအထားအထိကလည်း ပြောချင်နေတာသာရှိပြီး အဖြစ်အပျက်ကို ခရေစေ့တွင်းကျ ဓာတ်စုံမခင်းနိုင်။ ဒီတော့ ကိုဘတူခင်မျာ ကိုယ့်ဒေါသကိုယ် ကြိတ်မှိတ်မျိုချရင်း သူ့ခေါင်းသူ လက်သီးဆုပ်နဲ့ တွင်တွင်ထုနေတော့တယ်။

"ဒီဦးနှောက်ကွာ ... ဒီလောက်တောင် ဉာဏ်နည်းရသလား၊ ဒီအဖြေကလေးလောက်ကိုတောင် ပေါ်အောင် ရှင်းအောင် မတွေးနိုင်ဘူးရယ်လို့"

"ကိုဘတူရယ် ရှင့်မလဲ တစ်ဒုက္ခ၊ သူများအပူကို ကူးယူရတယ်လို့၊ ရှာရှာဖွေဖွေ၊ အေးအေးဆေးဆေး မနေနိုင်ဘူး။ ကိုယ်မယုံကြည်လည်း မလုပ်နဲ့ပေါ့။ အခုဟာက ပြောရင်းပြောရင်းနဲ့ ဘုရားပါ ထိခိုက်တော့မယ်။ တော့်ကို ပြောခဲ့ဖူးတယ်နော် ငရဲမကြီးပါစေနဲ့လို့"

အိမ်ထောင်တစ်သက်လုံး နားလည်ပေးခဲ့တဲ့ ဇနီးမယားကတောင် ဝေဝေဝါးဝါးစကားတွေ ပြောလာတဲ့အခါကျတော့ ကိုဘတူကိုယ်၌က ကိုယ့်လူသူ့ဘက်သားလို့ ထင်ရပြီ။

"အေး အမှန်ဆိုတာ ဘယ်တော့မှ ကွယ်ဝှက်မနေဘူး။ တစ်ချိန်တော့ ရှေ့ထွက်လာမှာပဲ၊ ဒီနေ့ ဒီအချိန်ကစပြီး ဒီကိစ္စကို ဘတူအလုပ်လို့ နှလုံးသွင်းလိုက်ပြီ။ အမှန်ကို မရ ရအောင် ဖော်ပြမယ်"

ကြုံးဝါးပစ်ခဲ့တယ်။

ရွာကလူတွေကိုလည်း အကောင်းမမြင်တော့ဘူး။

မဟုတ်တာကို အတင်းအဟုတ်လုပ်ပြီး ရသမျှအခွင့်အရေးကို ကျုံးသွတ်နေကြတဲ့ဟာတွေ၊ ရောက်လာကြတဲ့ ပမာဏကြားမှာလည်း အမှန်ကို ဆင်ခြင်တဲ့သူ တစ်ယောက်မှ မပါကြဘူးလား။ မီးများ မီးနိုင်၊ ရေများ ရေနိုင် ဓလေ့ကို ကိုယ်ဖော့ပြီး အလိုက်သင့်မေးတင်ထားတဲ့လောကကြီး။ အဲဒီရေစီးကြောင်းကို အမိုက်ခံပြီး ပြောင်းပစ်မယ့်လူက လောကကြီးမှာ ဘတူတစ်ယောက်ပဲရှိသလား။

အဲဒီတော့ ရွာသားတွေမျက်နှာလည်း မကြည့်ချင်၊ လာသမျှ ဧည့်ပရိသတ်ကိုလည်း မမြင်ချင်။ ဒါနဲ့ အပေါင်းအသင်းရှိရာ ရွာတစ်ရွာကို ထွက်ခဲ့တယ်၊ ဘယ်သူ့မှ အသိမပေးဘဲနဲ့ အဲဒီအပေါင်းအသင်းဆီမှာ ဒီပွဲလမ်းကြီး မပြီးသေးသရွေ့၊ သေချာတဲ့အဖြေရှာ

mgyoe.com

မတွေ့သရွေ့ ဦးနှောက်ကိုအလုပ်ပေးထားရမယ်။ အနီးကပ်ပြီး ဟုန်နေတာမျိုးဆိုရင် အဝေးကဖြန့်ကြည့်မယ်။ အမှန်တရားက လောကကြီးရဲ့တစ်ထောင့်တစ်နေရာမှာ ရှိကိုရှိနေရမယ်။

* *

ကံအကြောင်းတရားများ မတိုက်ဆိုင်ချင်တော့ တစ်ဖက်ရွာက သူငယ်ချင်းအိမ်ကလည်း သော့တန်းလန်းနဲ့၊ မေးစမ်းကြည့်တော့ ကိုဘတူတို့ရွာက ဆေးတော်ရည်ပွဲကြီးကို သွားကြတယ်တဲ့။ ငါကွာ .... တောက်၊ ဒေါသဖြစ်ဖို့ကောင်းလိုက်တာ။ ရှောင်ပါတယ်ဆိုမှ ခိုစရာနေရာက ကျပ်တည်းနေရတယ်လို့။ ဘေးအိမ်ကလည်း လင်မယားချင်း ကတောက်ကဆဖြစ်ပြီး ရောက်လာတယ်အမှတ်နဲ့ ပြေရာပြေကြောင်းဖြစ်ဖို့ တစ်ညတာဖမ်းထိန်းထားလိုက်တယ်။ ဝဋ်ကြွေးက ဒီ့အတိုင်းပါလာခဲ့ဟန်တူပါရဲ့။

မိုးလင်းလို့နေထွက်ပြီး အဲဒီနေလုံး ခေါင်းပေါ်တည့်တည့်ရောက်တဲ့ထိ သူငယ်ချင်းက ပေါ်မလာဘူး။ အဆင်မပြေတာတွေများပြီး အခြားတစ်ပါးလည်း ဒုက္ခမပေးချင်တာနဲ့ ကိုယ့်ရွာကိုယ်ပြန်လာခဲ့တယ်။

မျက်နှာထိ မျက်နှာထားတွေက ကိုဘတူကို ဟုန်းခနဲလာဟပ်တယ်။ အခြေအနေကလည်း အနည်းငယ်ရုတ်ရုတ်သဲသဲ ဖြစ်နေကြသလားလို့၊ ဘာနဲ့များ ပတ်သက်နေသလဲဆိုတဲ့ အဖြေကျတော့ ကိုဘတူ ကြာကြာမစဉ်းစားလိုက်ရဘူး။ အလုံးစုံက ကိုဘတူအပေါ် ပုံကျသွားတယ်။

ညက ဇီဝကရုပ်တုကြီး လက်ကျိုးသွားတယ်တဲ့။ အဲဒါ ဘာဖြစ်လဲ၊ လူ့ပရိသတ်မလာခင် အတင်းအမြန်ပြန်ဆက်လိုက်ကြပေါ့။ မဟုတ်ဘူး။

မနက်မိုးလင်းလို့ လူမြင်သူမြင်ကျမှ သိကြရတာတဲ့။ ရင်ပြင်တော်ထောင့်က ကျောင်းမှာ သီတင်းသုံးနေတဲ့ ဦးဇင်းကလည်း ပြန်မဆက်ရဘူးလို့ အတိအလင်း မိန့်ကြားတယ်ဆိုပဲ။

ဘာဖြစ်လို့လဲ ...။

ဘယ်လိုဖြစ်ကြတာလဲ ...။

ဘာမှဆက်စပ်လို့မရ။ ရွာသားအများစုရဲ့ မျက်လုံးတွေကတော့ ကိုဘတူကို ချက်ချင်းပဲပြေးရိုက်တော့မယ့်ပုံ။ နှုတ်ကသာ တရားခံလို့ မစွပ်စွဲပေမဲ့ ဒါဟာ ဘတူလက်ချက်လို့ ပြိုင်တူလက်ညှိုးထိုးနေကြသလိုပဲ။ ဘာလဲ ... ဘတူနဲ့ ဘာဆိုင်လို့လဲ၊ ဒီအရုပ်ကြီး သက်တမ်းက နှစ်ဆွေးနေပြီပဲဥစ္စာ။ ကျိုးချင်လည်း ကျိုးမှာပေါ့၊ ဘုရားပြိုသွားတာမှမဟုတ်တာ။

ခက်တာက ရွာကလေးမှာ ဆွဲယူလိုက်သလို ခြောက်ကပ်သွားတာပဲ။

ဧည့်ပရိသတ်အပေါင်းက အလျှိုအလျှိုပြန်ကုန်ကြတယ်။ တောက်ခေါက်သံတွေနဲ့ ရွာကလေးကို ပစ်ပေါက်ပြီး ကျောချမှ စားပြမှန်းသိရတဲ့ အိုက်တင်တွေနဲ့။ တစ်ရက် နှစ်ရက်အတွင်း အာလုံးဟာ နိဋ္ဌိတံသွားတော့မယ့် အရိပ်လက္ခဏာတွေပါ။ အိမ်ပြန်ရောက်တော့လည်း ကိုဘတူမိန်းမက လက်ညှိုးတည့်တည့်ထိုးတယ်။

"ကိုဘတူရယ် မကြံကောင်းမစည်ရာတွေ လျှောက်လုပ်တယ်။ ရှင့်ဘက်က မှန်တယ်ဆိုတာ သက်သေထူချင်တာနဲ့ ဒီလောက်ကြီးလုပ်ပစ်ဖို့မကောင်းပါဘူး။ ရှင်ပဲ ငရဲကြီးမှာနော်။ တစ်ရွာလုံး ဒါကြောင့် ပြောင်ပြောင်ရောင်ရောင်ဖြစ်နေတာ၊ အားလုံးက ရှင့်ကို ကျေနပ်ကြမှာမဟုတ်ဘူးနော်။ ကျုပ်တော့ ရင်လေးပါရဲ့"

"နေပါဦး၊ ဘာတွေဖြစ်လို့ ငါက ဘာတွေလုပ်မိလို့လဲ"

"ရှင် ညက အိမ်ပြန်မအိပ်ဘူးလေ၊ အဲဒါ ဇီဝကရုပ်တုကြီးရဲ့လက်ကို ရိုက်ချိုးလိုက်တာ ရှင်မို့လား"

ကိုဘတူ ပြာဝေသွားတယ်။ အထိန်းအကွပ်မရှိလုပ်ရမယ့်အထဲမှာ ဇနီးမယား မပါကောင်းလို့။

"မင်းကွာ ငါဒီလောက်မိုက်ရိုင်းပါ့မလား၊ ငါ ဟိုဘက်ရွာက တင်မြတို့ဆီသွားတာ။ တင်မြက ဒီရောက်နေလို့ ဘေးအိမ်မှာ ညအိပ်ခဲ့ရတာ။ မယုံရင် အဲဒီအိမ်သားတွေကို သွားမေးကြည့်၊ နေပါဦး အရုပ်ကြီးလက်ကျိုးတာလောက်ကို ဘာတွေ သဲသဲမဲမဲ ဖြစ်နေကြတာလဲ။ ပြန်လုပ် ရတဲ့ဟာကို၊ အလှူငွေတွေ ဒီလောက်အများကြီး ရနေတဲ့ဥစ္စာ"

"အဲဒီအလှူငွေကိစ္စကို ရှင်ထောက်ထောက်ပြီး

mgyoe.com


မပြောနဲ့၊ အရုပ်ကြီး လက်ကျိုးသွားတော့ ဘာထွက်လာတယ်မှတ်လဲ"

"...."

"အရုပ်ကြီးလက်ရဲ့အတွင်းဘက်မှာ ပိုက်တန်းလန်းနဲ့တော်ရေ့၊ ပြီးတော့ အဲဒီပိုက်ကို ဘုရားဘေးက ရေကန်နဲ့ ဆက်ထားတာတဲ့။ တာဝန်ရှိသူတွေက ချက်ချင်းရောက်လာပြီး မြေလှန်ပစ်တော့မှ အားလုံးပေါ်ကုန်တာ။ အဲဒါ အရုပ်ကြီးလက် ရိုက်ချိုးတဲ့သူက ရှင်ပဲလို့ အားလုံးက ပြောနေတာ။ အသံကြောင့် ဖားသေ၊ တော်လျှောက် ... လျှောက်ပြီး ..."

"မဟုတ်ဘူး ... မဟုတ်ဘူး ... ငါမလုပ်ဘူး"

ကိုဘတူ အော်သံကို ရွာသားတွေ ကြားကောင်းကြားလိမ့်မယ်။ ဒါပေမဲ့ နားဝင်ကြမှာမဟုတ်ဘူး။

* *

ဖြစ် ...၊

ပျက် ...၊

ဖြစ်ပြီးရင် ... ပျက်ရမှာ ဓမ္မတာပဲ ...တဲ့။ ဘုရားဟောတာ ...။

ဒီအဖြစ်အပျက် နောက်ပိုင်းမှာတော့ ရွာသားတွေ ဆက်ဆံရေးက ကိုဘတူအပေါ် သိသိသာသာ တင်းမာသွားကြတယ်။ ရမယ်ရှာလို့ မရလို့သာ ပြဿနာ မတက်သေးတာ။ ကိုဘတူကိုယ်၌ကလည်း ဒီအဖြစ် အပျက်ကို ကျေနပ်သလို၊ မကျေနပ်သလို အီလည်လည်ကြီး ဖြစ်နေရတယ်။ ရွာထဲလည်း လျှောက်စရာ နေရာမရှိ။ သမိုင်းတွင်မယ့် ဒေဗေးကုန်းမြေပေါ်လည်း မသွားချင်၊ တစ်ယောက်တည်း ကြောင်တိကြောင်ကန်း ဖြစ်နေချိန်မှာ ရွာသူရွာသားတွေကတော့ သူတို့ပေါင်း စည်းမှုနဲ့သူတို့ ပင်မလမ်းကြောင်းအပေါ် ပြန်ရောက် သွားကြတယ်။

ကိုဘတူခမျာ အစွန်းအထင်းတစ်ခုကို ဘယ်လိုချွတ်ရမလဲ၊ တွေးမရချိန်မှာ အရှုးစိန်သောင်းကတော့ လက်ခမောင်းခတ်နေပါတယ်။

"ဘယ်ရမလဲကွာ ... လူလုပ်ရင် ဘယ်ခံနိုင်မှာလဲ၊ ဘာမဟုတ်တဲ့အရုပ်ကျတော့ ပေးကြကမ်းကြနဲ့ ငါ့ကျတော့ မသထာကြဘူး။ အရူးတွေ ... ငါ့ကိုလာပြိုင်လို့တော့ ဘယ်ရမလဲ။ တစ်ဂူတည်းမှာ ခြင်္သေ့နှစ်ကောင် အောင်းရိုးထုံးစံ မရှိဘူးကွ ... မှတ်ထား"

[ရွှေအမြုတေမဂ္ဂဇင်း။ ဖေဖော်ဝါရီ၊ ၂၀၁၄]

■

mgyoe.com

mgyoe.com

# စာရင်းရှိတဲ့လူ

ညိုရင့်

သာဝင်းဆိုတာ အုန်းတောရွာအတွက် မှတ်မှတ်သားသား ဖြစ်စေတဲ့ လူတစ်ယောက်ပေါ့။ သူ့ရဲ့ အဓိကအလုပ်က ဖဲရိုက်တာလေ။ ဘယ်ရွာမှာ ဘယ်သူ့ အသုဘလဲ၊ သိချင်ရင် သာဝင်းကိုမေး၊ မလွဲစေရဘူး။ အုန်းတောရွာတင်မက (၁၀) မိုင်ပတ်လည်ရွာအားလုံးရဲ့ အသုဘရက်တွေ အကုန်သိတယ်။ သူ့ဝါသနာအတွက် အသုဘရက်တွေ မှတ်ထားတာကိုလည်း လူစုမိရင် ကြီးကြီးကျယ်ကျယ် စကားလုံးတွေသုံးပြီး ပြောတတ်သေးတယ်။

"မင်းတို့ ဘာကို ဝါသနာပါလဲ... အင်း... ကိုယ်ဝါသနာပါတဲ့ အလုပ်ကို လုပ်တော့မယ်ဆိုရင် သေချာစူးစိုက်ပြီး လုပ်နိုင်ဖို့လိုတယ်။ အဲဒီလိုလုပ်နိုင်ဖို့ မှတ်တမ်းမှတ်ရာဆိုတာလည်း မရှိမဖြစ် လိုအပ်တာပဲ... ဟုတ်တယ် မဟုတ်လား"

သာဝင်းက ပြောလက်စ စကားကို အဆုံးမသတ်သေးဘဲ မေးစေ့အောက်က အမွေးငုတ်တိုလေးကို ပွတ်ပြီး အိုက်တင်ခံနေသေးတယ်။ သူ့စကားကို ကြားနေကျမို့ ထူးထူးခြားခြား စိတ်ဝင်စားတဲ့သူ မရှိပါဘူး။ မကောင်းတတ်လို့ နားထောင်နေတဲ့ မျက်နှာပေးတွေနဲ့ ထိုင်နေကြတာပါ။ ဒါကိုလည်း လူကဲခတ်ညံ့တဲ့ သာဝင်းက မရိပ်စားမိပါဘူး။ ပြောလက်စ စကားကို ဆက်ပြောဖို့ အာရုံတစ်ခုပဲ သူ့မှာ ရှိနေတယ်။ နားလေးနေတဲ့ ပေစိတစ်ယောက်တည်း ဘာပြောနေမှန်းမသိလို့ သိသလိုလိုယောင်တောင်တောင်နဲ့ သာဝင်းကို သေချာစိုက်ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ် နားထောင်တဲ့ပုံဖမ်းနေတာ။

"ငါကတော့... ငါ့ဝါသနာအတွက် စာရင်းဇယားအပြည့်အစုံနဲ့ စာအုပ်တစ်အုပ်ကို စနစ်တကျ လုပ်ထားတယ်...။ ကတက်အိုင်ရွာက ဒေါ်စိန်ညွန့်ကြီး ပြာသိုလဆန်း (၅) ရက်နေ့မှာ ရက်လည်သွားပြီ။ ဟိုး.... မြောက်ဘက်ရွာက ဦးကံညွန့်ပိုးထိဆုံးတာ တပို့တွဲလဆုတ် (၇) ရက်နေ့မှာမှ ရက်လည်မယ် စသည်ဖြင့်ပေါ့ကွာ...။ ဘယ်ရွာက ဘယ်ရက်မှာ အသုဘရှိတယ်ဆိုတာ အတိအကျ မှတ်တမ်းတင်ထားတာ။ ဒါမှ ပွဲဆက်ကူးပြီး ဖဲလိုက်ရိုက်ဖို့ အဆင်ပြေမှာပေါ့ကွ...။ ပြီးတော့ ငါပြုစုထားတဲ့ စာအုပ်ထဲမှာ မြားလေးတွေနဲ့ လမ်းညွှန်မြေပုံလေးကို အနီးအဝေးပြပြီးတော့တောင် ဆွဲထားသေးတယ်။ ဟုတ်တယ်လေ။ ဒါမှ ဝေးတဲ့ရွာနဲ့ နီးတဲ့ရွာဘယ်ရွာကို သွားရင် ကောင်းမလဲဆိုတာ စဉ်းစားစရာ မလိုတော့ဘူးပေါ့။ အသုဘအိမ် မြန်မြန်ရောက်တော့ ဖဲရိုက်ချိန်များများရတာပေါ့။ မဟုတ်ဘူးလား။ ဒီလို စာအုပ်မျိုး ကမ္ဘာပေါ်မှာ ရှိမယ်တောင် မထင်ဘူး။ စာအုပ်နာမည်ကို သိချင်သေးလား။ သာဝင်းရဲ့ မသာစာရင်း ...တဲ့.. ဟောကောင် ပေစိ ငါ့ကို ဘာလို့ စိုက်ကြည့်နေတာလဲ။ ဘာလဲ... မင်းနာမည် ငါ့စာအုပ်ထဲ ရေးစေချင်လို့

mgyoe.com

လား။ ငါ့စာအုပ်က စာရင်းသွင်းချင်တိုင်း သွင်းလို့ မရဘူးကွ။ စာရင်းသွင်းချင်ရင် မင်း အရင် သေပြရမယ်။ ဘယ်လိုလဲ... သေပြမလား... အခု သေလိုက်။ ငါ... ချက်ချင်း စာရင်းသွင်းလိုက်မယ် ... ဟား... ဟား... ဟား..."

သူပြောချင်တဲ့ စကားအရှည်ကြီး ဆက်တိုက်ပြောလိုက်လို့ သာဝင်းတစ်ယောက် နေသာထိုင်သာ ရှိသွားပုံရတယ်။ တဟားဟား အော်ရယ်ပြီး ရွာအလယ်ပိုင်းကို ခြေလေးတခွင်ခွင်နဲ့ လျှောက်သွားတယ်။ သာဝင်းစကားပြောရင် သူ့စာရင်းစာအုပ်အကြောင်းက မပါမဖြစ်ပဲ။ တစ်ခါတလေများ သူ့ကို မခံချင်အောင် စမိရင် မင်းတို့နာမည်နဲ့ သေမယ့်ရက်ကို ကြိုတင်ရေးလိုက်မှာ နော်ဆိုပြီး အတည်ပေါက် ပြောတတ်သေးတယ်။ အုန်းတောရွာတစ်ရွာလုံးက မသာစာရင်းစာအုပ် တစ်ကိုင်ကိုင် လုပ်နေတဲ့ သာဝင်းကို ဘေးမဲ့ပေးထားကြတယ်လေ။ ကောင်းကွက်လေးတွေ ရှိနေတာလည်း ပါတာပေါ့။ သာဝင်းရဲ့ ကောင်းကွက်တွေက မညစ်တတ်ဘူး။ ပျော်ပျော်နေတတ်တယ်။ စလို့ နောက်လို့လည်း ဘယ်တော့မှ စိတ်မဆိုးဘူး။ ဖဲနိုင်လို့ သူ့မှာ ငွေယားလေးများ ရွှင်လို့ကတော့ တစ်ရွာလုံး ဘယ်သူ့ကို တွေ့တွေ့ တွေ့တဲ့သူ ဗိုက်ခွေးနမ်းပြီမှတ်။ အဲ့ဒါကြောင့် လေတစ်လုံး မိုးတစ်လုံး ပြောတတ်တဲ့ သာဝင်းကို ရွာက ကာလသားတွေ အမြင်မကပ်ကြပါဘူး။ ရွာရဲ့ သာရေးနာရေးကိစ္စတွေအတွက်ဆိုရင်လည်း သာဝင်းက ရှေ့ဆုံးကပဲ။ ဘာပဲခိုင်းခိုင်း တက်တက်ကြွကြွ လုပ်ပေးနေကျလေ။ သနားဖို့ကောင်းတဲ့ သူ့အကြောင်း သိနေတော့လည်း တစ်ရွာလုံးက ခွင့်လွှတ်ထားကြရတာပေါ့။ ပြောထားသားပဲ။ သာဝင်းဟာ သူလုပ်ချင်ရာကို လုပ်ပြီး အုန်းတောရွာက လူတွေကို မှတ်မှတ်ထင်ထင် ဖြစ်စေတယ်လို့လေ။

ဖဲနိုင်လာတဲ့ရက်တွေဆို သာဝင်း ရွာထိပ်က ဦးညိုကြီးရဲ့ ထန်းတောမှာ တစ်ခွက်တစ်ဖလားဝင်ပြီး သောက်တတ်တယ်။ နဂိုက စကားများတဲ့ သာဝင်းတစ်ယောက် ထန်းရည်မူးလာပြီဆို စကားပေါက်ပေါက် ဖောက်နေတော့တာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သာဝင်းရှိတဲ့နေရာဟာ အုန်းတောရွာအတွက် အမှတ်တရ ဖြစ်စရာ ကျန်ရစ်ခဲ့တာပါပဲ။



"ရန်သူတစ်ယောက်ကို ရန်သူတစ်ယောက်က ပြုနိုင်သည်ထက် လမ်းမှား ညွှန်ကြားခံထားရသော စိတ်သည် ပို၍ ကြီးမားသော ဘေးဒုက္ခသင့်စေနိုင်သည်လို့ ဓမ္မပဒမှာ ဖတ်ခဲ့ဖူးတယ်"

တသုန်သုန် တိုက်ခတ်လာတဲ့ ညနေခင်းလေအေးအေးက ထန်းရည်ရှိန်ကို ပိုတက်အောင် လုပ်ပေးသလို ဖြစ်နေတော့ သာဝင်းက ထန်းရည်လည်းသောက် စကားလည်းဖောက်ပြီပေါ့။ အုန်းတောရွာနဲ့ (၃) မိုင်လောက်ဝေးတဲ့ နတ်ချောင်းရွာကြီးမှာ (၁၀) တန်းအထိ တက်ဖူးပြီး ရွာဦးကျောင်း ဆရာတော်ကျောင်းမှာ အားရင်အားသလို စာတွေ အများကြီး ဖတ်ထားတဲ့ သာဝင်းဆီက အဲ့ဒီလို ဒဿနဆန်တဲ့ စကားတွေလည်း တစ်ခါတစ်ခါ ကြားရတတ်ပြန်တယ်။ ခွက်ထဲက လက်ကျန် ထန်းရည်ခွက်ကို မော့သောက်ပြီး သာဝင်း စကားဆက်ဖို့ အားယူလိုက်တယ်။

"အဲ့ဒီတော့... မင်းတို့လည်း လမ်းမမှားအောင် နေထိုင်တတ်ဖို့ လိုတယ်။ ကောင်းတာနဲ့ မကောင်းတာကို ခွဲခြားမြင်အောင် လုပ်ပြီး ကိုယ့်ဘဝကို ကောင်းတဲ့ဘက်မှာ ရှင်သန်ရပ်တည်နိုင်အောင် ကြိုးစားရမယ်။ ငါက ဖဲရိုက်တာ ဝါသနာပါတယ်။ တကယ်တော့... အဲ့ဒါ... မကောင်းတဲ့ လောင်းကစားခြင်းပဲ။ မကောင်းမှန်းသိတယ်။ ဒါပေမဲ့... သာဝင်းရဲ့ မသာစာရင်း စာအုပ်လေး ရေရှည်တည်တံ့နိုင်ဖို့ ဖဲရိုက်ခြင်းအလုပ်ကို ငါဆက်လုပ်ဖြစ်နေတာ။ မကောင်းမှန်းသိပေမဲ့ အုန်းတောရွာရဲ့ ထူးထူးခြားခြား သမိုင်းဝင်လူသားတစ်ယောက်ဖြစ်အောင်လို့လေ။ ပြီးတော့... ငါ့မှာ ကျွမ်းကျင်တာဆိုလို့ ဒီဖဲရိုက်ခြင်း တစ်မျိုးတည်းရှိတော့ ဒီအလုပ်နဲ့ပဲ ကြိုးစားနေရတာပေါ့... ဟင်း... ဟင်း... ဟင်း... "

သာဝင်းက စကားပြောရင် အဲ့ဒီလိုပဲ ကြီးကြီးကျယ်ကျယ် စကားလုံးတွေ သုံးပြီး နားထောင်တဲ့ တစ်ဖက်သူနားဝင်ကောင်းအောင် ယုတ္တိရှိရှိ၊ မရှိရှိ စိတ်ကူးတည့်ရာကို ပြောတတ်တယ်။ ဖဲနိုင်လို့ရတဲ့ ပိုက်ဆံကို မနှမြောဘဲ လာသမျှလူကို ထန်းရည်တိုက်တဲ့ သာဝင်းရဲ့ဝိုင်းမှာ ရွာကာလသားတွေ တရုန်းရုန်းနဲ့ပေါ့။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ရယ်စရာကောင်းတဲ့ သာဝင်းရဲ့ စကားကို အတို့အထောင်၊ အမြှောက်အပင့်လေးတွေနဲ့ ဆားတီး

mgyoe.com

mgyoe.com

ပေးရင်း ထန်းရည်ဝိုင်းသောက်နေကြတာလေ။ ဖြီးဖြန်း ညာဝါးပြီး သောက်နေကြတာတော့ မဟုတ်ပါဘူး။ အုန်းတောရွာရဲ့ ညနေခင်း အပျင်းပြေ ပျော်စရာအနေနဲ့ စိတ်အပန်းဖြေနေကြတာပါ။

"သာဝင်း နေ့တိုင်း ဖဲနိုင်ပါစေလို့ ငါကတော့ ဆုတောင်းနေမှာပဲ။ ဒါမှ... ငါ့ဆိုင် အရောင်းသွက်မှာ... မင်းလို အပေးအကမ်း ရက်ရောပြီး လှူဒါန်းချင်စိတ်ရှိတဲ့ လူမျိုး တို့ရွာမှာ တစ်ယောက်မှ မရှိဘူး။ ပြီးတော့... မင်းရောက်လာရင် အားလုံး ပျော်ရတယ်။ ပြောတဲ့စကားတွေကို နားထောင်ကြည့်တာနဲ့ မင်းဗဟုသုတ ဘယ်လောက်ရှိသလဲ ဆိုတာ ပြောစရာတောင် မလိုဘူး။ အဲဒါကြောင့် တစ်ရွာလုံးက မင်းကို သံယောဇဉ် ရှိနေကြတာပေါ့... ဟုတ်တယ် မဟုတ်လား"

ထန်းရည်ရောင်းရင်း ခွက်ပုန်းချတတ်တဲ့ ဦးညိုကြီးရဲ့ ချီးကျူးသံ လေပြည်စကားကြောင့် သာဝင်း မျက်နှာမထားတတ်သလို ပုံစံမျိုး ရှက်တက်တက်ဖြစ်ပြီး လက်ထဲက ထန်းရည်ခွက်ကို မော့ထည့်လိုက်တယ်။ ဘေးမှာထိုင်ပြီး ဝိုင်းသောက်နေကြတဲ့ လူတွေအားလုံး ဦးညိုကြီးအမေးစကားလည်း ဆုံးရော ပုတ်သင်ညိုက အဖေခေါ်ရလောက်အောင် ခေါင်းညိတ်လိုက်ကြတာ ထန်းရည်သောက်ထားလို့ ကျိုးနေတဲ့ ဇက်တွေ ခင်းထားတဲ့ ဖျာကြမ်း နဖူးတိုက်မတတ်ပဲ။ ဟန်ဆောင်နေတာ မဟုတ်ကြပါဘူး။ သာဝင်းအပေါ်ထားတဲ့ စိတ်ရင်းအမှန်ကနေ ထွက်လာတဲ့ ခေါင်းညိတ်အမူအယာမျိုးတွေနဲ့ပါ။ ဘယ်ရလိမ့်မလဲ... အဲဒီလို... သူ့ကို သံယောဇဉ်နှယ်တဲ့ စကားသံမျိုးကြားပြီဆိုရင် သာဝင်းကလည်း စေတနာ ရေစီးကမ်းပြိုပြီပေါ့။

"မှာချင်တာရှိရင် ထပ်မှာကြလေ။ ငါ့ကို အားမနာနဲ့... အဝသောက်၊ အဝစား၊ ငါ့ကို အရမ်းချစ်... အရမ်း သံယောဇဉ်ရှိတဲ့ အုန်းတောရွာသားတွေကို စိတ်ကျေနပ်အောင်၊ စိတ်ပျော်အောင် လုပ်ပေးရမှာပေါ့။ အေ့... သူငယ်ချင်းတို့ မှာကြ... သောက်ကြ... စားကြ... အသောက်လွန်ပြီး သေသွားရင်လည်း ဘာမှအားမငယ်နဲ့ သာဝင်းရဲ့ မသာစရင်းထဲ စာရင်းသွင်းခွင့်ရတယ်ဆိုပြီး ဂုဏ်ယူလိုက်ကြပေါ့... ရှီး"

ထန်းရည် အပြည့်ထည့်ထားတဲ့ ခွက်ကို မော့သောက်ပြီး စိတ်ထဲရှိတာ ပြောချလိုက်တဲ့ သာဝင်းစကားဆုံးတာနဲ့ အမြည်းမှာတဲ့ အသံတွေ လက်ပံပင် ဆက်ရက်ကျသလို ဆူညံသွားတော့တာပေါ့။ သူပြောချင်ပြီဆို ဘာကိုမှ မစဉ်းစားဘဲ ပြောတတ်တဲ့ သာဝင်းအကြောင်းကို သိလို့လည်း ဘယ်သူကမှ စိတ်မဆိုးကြပါဘူး။ သေတဲ့သူစာရင်း သွင်းခွင့်အတွက် မသာစာရင်း စာအုပ်မှာ ကိုယ်တိုင် မသေခင် ကြိုပြီး လုပ်ရတယ်ဆိုတာကို သာဝင်းတစ်ယောက် အုန်းတောရွာက ပျောက်သွားချိန်ကျမှ အားလုံးသိလိုက်ကြတာ။ ဘာပဲဖြစ်ဖြစ်... မင်းကို တစ်ရွာလုံးက သံယောဇဉ်ရှိနေကြတာပေါ့ ဆိုတဲ့ ဦးညိုကြီးရဲ့ ကရုဏာစကားဟာ သွေးသားရင်းချာဆိုလို့ တစ်ယောက်မှ မရှိတဲ့ သာဝင်းရဲ့ ရင်ကို ထိစေခဲ့တာပဲ။ ဘယ်လောက်တောင် ထိသလဲတော့ မသိဘူး။ အုန်းတောရွာ ထန်းတောမှာ ထန်းရည်အသောက်လွန်ပြီး အန်လိုက်တာများ သာဝင်းကို မနည်းနှာနှပ်ယူလိုက်ရရော။ အဲဒီလို ပြောစရာလုပ်ရပ်တွေလည်း သာဝင်းက အုန်းတောရွာမှာ ချန်ထားပေးခဲ့တယ်လေ။

* *

သာဝင်းဘဝက သနားဖို့ကောင်းတယ်။ သူ့ကို မွေးတဲ့ မီးတွင်းထဲမှာပဲ သူ့အမေ ကွယ်လွန်သွားခဲ့တယ်။ သူ့အဖေက အုန်းတောနဲ့ နတ်ချောင်းရွာနှစ်ရွာကို ခေါက်ပြန်ပြေးတဲ့ ကားနောက်လိုက်လေ။ သာဝင်း တစ်နှစ်သားလောက်မှာ သူ့အဖေလည်း ကားပေါ်က ပြုတ်ကျပြီး ဆုံးပြန်ရော။ အုန်းတောရွာမှာ သာဝင်းအဖေရော အမေပါ ဆွေမျိုးရင်းချာ တစ်ယောက်မှ မရှိတော့ ရွာဦးကျောင်း ဆရာတော်က သနားပြီး မွေးစားလိုက်ရတာပေါ့လေ။ သာဝင်း စာသင်ရမယ့် အရွယ်ရောက်တော့လည်း ဆရာတော်က ရွာကျောင်းမှာ စာသင်ပေးခဲ့တယ်။ သာဝင်းက စာဖတ်ဝါသနာပါတယ်။ စာစုံလည်း ဖတ်တယ်။ အတွက်အချက် ဝါသနာပါပြီး တော်လည်းတော်တော့ ဆရာတော်က တပြုံးပြုံးနဲ့ပေါ့။ မူလတန်း၊ အလယ်တန်း၊ အတန်းအားလုံးကို ထူးထူးချွန်ချွန်အောင်တော့ အထက်တန်းကျောင်းရှိတဲ့ နတ်ချောင်းရွာကြီးမှာ ဆရာတော်က ဆက်ထားပေးတယ်။ ငယ်ငယ်ကတည်းက သင်္ချာဘာသာ ဝါသနာပါလို့လား မသိဘူး။ အ